
www.burmeseclassic.com



www.burmeseclassic.com

# ရှင်မိထယ်

နှလုံးသားထဲကသွေးသစ္စာ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၃၅၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၅၆၀၇၀၉

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရှင်မိထယ်
နှလုံးသားထဲကသွေးသစ္စာ/ရှင်မိထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) နှလုံးသားထဲကသွေးသစ္စာ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com



# ရင်ငြိတယ်





စီစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com





"ဒါရိုက်တာကြီး ...
နှလုံးသားရဲ့ ခံစားချက်ဆိုတာ
အတုလုပ်ယူလို့ ရပါသလား ...
မှူးကတော့ ...
နှလုံးသားခံစားချက်ကို
အတုလုပ်ယူခံစားလို့ မရဘူးလို့
ယုံကြည်တယ် ...
ရင်ထဲက စစ်မှန်တဲ့ ခံစားချက်တွေနဲ့ပဲ
ခံစားတတ်တယ် ...
မှူးရင်ထဲက ...
တကယ်စစ်မှန်တဲ့ ခံစားချက်တွေက
မှူးနှလုံးသားကို
အမြဲတမ်း နှိပ်စက်အနိုင်ယူနေတယ် ...
မှူး ဒီလို ခံစားနေရတာတွေကို
ဒါရိုက်တာကြီးတို့တွေ
ဝမ်းသာနေကြတယ် မဟုတ်လား"

ရွှေမှုံမံ

www.burmeseclassic.com





“ဒီမှာ ...
ညည်း ... ဒါရိုက်တာဒေသီရက
ဖုန်းတို့ တိုက်ခန်းတို့ ပေးထားလို့
အဟုတ်ကြီးထင်ပြီး မက်မနေနဲ့ ...
အဲဒီ ဒါရိုက်တာဒေသီရက
ငါတို့တင်မြှောက်ထားလို့
နာမည်တစ်လုံးရလာတဲ့သူ ...
ငါတို့လက်ခုပ်ထဲကရေ
ညည်းလို တောကြို့တောင်ကြားကကောင်မကို
ခြေတော်သာတင်သွားမှာ
ဘယ်တော့မှ အတည်ရလိမ့်မယ် မထင်နဲ့
ညည်း ကိုယ့်ဘဝကိုယ်သိပြီး ပြန်ငုံ့ကြည့်”

ဆို

www.burmeseclassic.com






"ကလေး ...
မင်း ကိုယ့်ကို သက်သက် အထင်မှားနေတာ
ကလေးပြောကိုပြောခဲ့တဲ့ ခံစားမှုတွေကို
ကိုယ်က ခံစားပြီးခဲ့ပါပြီကွာ။
ကလေးရယ် ...
မင်းနှလုံးသားနုနုလေးမှာ
ငယ်ငယ်ရွယ်ရွယ်လေးနဲ့
အခုလို ခံစားကြေကွဲရတာတွေနဲ့
အနာရွတ်စွဲထင်မကျန်ရစ်စေချင်ဘူး။
ကိုယ် စိတ်မကောင်း အဖြစ်ရဆုံးကတော့
ကလေး ကိုယ့်အပေါ်
မယုံကြည်တဲ့ ခံစားချက်တွေ ဖြစ်နေခဲ့တာကိုပဲ"

ဒါရိုက်တာအေးသိရ

www.burmeseclassic.com





လောကမှာ

အရာရာ"အချစ်"ကသာ

ဂုဏ်တစ်ခုပဲ ...

အချစ်ရှိရင် ကျွန်တော်

ကျေနပ်တယ်

နေရဲတယ်


နေပျော်တယ်

ဘာပဲလုပ်ရ လုပ်ရ

မတုန်လှုပ်ပါဘူး။

www.burmeseclassic.com







# ၁

ရွှေမှုံးမံ ဆိုရင် ဒီနယ်တစ်ဝိုက်က မသိသူ ခပ်ရှားရှားရယ်ပါ။

အဲဒီလောက်အထိ ရွှေမှုံးမံရဲ့ဂုဏ်သတင်းက ကျော်ဇောထင်ရှားခဲ့တာ။

ထင်ရှားကျော်ကြားလှတဲ့ ရွှေမှုံးမံ ဂုဏ်သတင်းကတော့ ...

ပစ္စည်းဉစ္စာ ချမ်းသာကြွယ်ဝလွန်းလို့တော့မဟုတ်။

သာမန်ရိုးရိုးသားသား နယ်မြို့ရွာကလေး တစ်ရွာမှာနေထိုင်ပြီး ရိုးရိုးသားသား လယ်ယာမြေကို လုပ်ကိုင်ရင်း ဘွားအေဖြစ်သူနှင့် ကြီးပြင်းခဲ့ရသည့် မိန်းမငယ်လေး ဖြစ်ခဲ့ရပေမဲ့ ...

ဒီနယ်မြေ ဒေသနယ်မြို့တွေမှာ မှုံးဆိုသည့် နတ်မိမယ်လေးတစ်မျှ လှပသည့် အချောအလှပဂေး ကောင်မလေးကြောင့် မသိသူရယ်လို့ ခပ်ရှားရှား ဖြစ်ခဲ့ရသည်။

---

www.burmeseclassic.com



အပျိုဖော်ဝင်ပြီး အလှသွေးအကြွယ်ဆုံးအရွယ် ဖြစ်လာကတည်းက အထင်ကရ အလှကြီး လှခဲ့သည့် မှုံးကို အသက်ဆယ့်ခြောက်နှစ်အရွယ် ဆယ်တန်းအောင်ပြီးပြီလို့ သိသွားခဲ့ရသည့် အချိန်တည်းက လှမမယ်ကလေးအရွယ် သာသာကလေးကို အားမနာလျှာမကျိုး လက်ထပ်ချင်လို့ ကမ်းလှမ်းလာသူ သူဌေးယောကျ်ားတွေကဖြင့် မနည်းမနော။

ဆန်စက် ဆီစက် ပိုင်ရှင်တွေ၊ ကုမ္ပဏီနယ်ကိုယ်စားလှယ်တွေ၊ လုပ်ငန်းပိုင်ရှင်တွေ၊ ပွဲရုံပိုင်ရှင်တွေ၊ အို ... ရေတွက်ပြရမယ်ဆိုရင် မှုံး ရက်တောင်ရက်မီသေးပါရဲ့။

တကယ်လည်း ...

အလှမက်သည့် ယောကျ်ားတွေကို မှုံးစိတ်ထဲက မျက်မုန်းကျိုး အချဉ်ပေါက်ခဲ့မိပေမဲ့ ဘွားရဲ့အဆုံးအမ အသွန်အသင်အောက်မှာ ငယ်ငယ်ကလေးဘဝကတည်းက ကျိုးနွံလာရသည့် ကလေးမလေးရဲ့ ဣန္ဒြေနူးညံ့မှုကလေးတွေနှင့် ထိုယောကျ်ားတွေကို ချိုချိုကလေးငြင်းပေးခဲ့ရသည်။

"ဟင့်အင်း ... မှုံး ဒါတွေကို စိတ်မဝင်စားသေးဘူး၊ မှုံးအသက်က ငယ်ငယ်လေး ရှိသေးတယ်၊ လူကောင်ကြီးက ထွားနေခဲ့ပေမဲ့ မှုံးက ကလေးပဲ ရှိသေးတာ"

ပန်လိုသူတွေကို ဘွားသင်ပေးတဲ့အတိုင်း မှုံးက ခေါင်းကလေး ညင်သာစွာ ခါယမ်းခဲ့တာချည်းပါပဲ။





အဟင်း ... မှုံး ရယ်လည်း ရယ်ချင်မိသလို ရှက်လည်းရှက် စိတ်လည်းညစ်ရပါသည်။

ဒါတောင် ဘွားက မော်ဒန်ဘွား ဖြစ်နေလို့။

ခေတ်မျက်စိ ခေတ်အမြင်ကို သိထားသည့် ဘွားက မှုံးရဲ့ ကလေးတစ်ယောက်လို နေတတ်သည့် ရိုးသားဖြူစင်သည့် ပင်ကိုဗီဇကလေးကို သိထားပြီး မှုံးကို ယုံကြည်စိတ်ချ နားလည်ပေးထားခဲ့လေသည်။

ဘယ်လောက်အထိ မှုံးကို နားလည်ပေးထားသလဲဆိုရင် မှုံးက မှုံးကိုယ်မှုံး ကြော်ငြာမင်းသမီးတစ်ဦး ခေတ်စားလာတိုင်း သူတို့တွေနှင့် မှုံးက တူပါတယ်နော် ဘွားလို့ ထောက်ခံမဲလေး ဆွယ်လိုက်တာကို ဘွားက ဘယ်တော့မှ မငြင်းတတ်။

မှတ်မိသေးသည်။

အဲဒီနေ့က အိမ်ရှေ့ဧည့်ခန်းမှာ အိမ်ဖော်ဒေါ်ကြီးနှင့် အတူ ကလေးလေးတွေနှင့် တီဗီဝိုင်းကြည့်နေကြချိန် မှုံးက တီဗီထဲက ကြော်ငြာမင်းသမီး သဇ္ဇာဝင့်ကျော်ကိုကြည့်ပြီး ရင်ထဲမှာ ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိအောင် လုပ်ခနဲ ဝမ်းသာသွားရကာ "ဟေး"ခနဲ ထအော်ပစ်လိုက်သည်အထိ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားခဲ့သည်။

"ဟေး"

"ဟေး"

www.burmeseclassic.com



လက်သီးလက်မောင်းလေးတန်းပြီး တဟေးဟေး ထအော်လိုက်သည့် မှုံးကို ဘွားရော ကလေးတွေနှင့် ဒေါ်ကြီးက ပါ အံ့သြသည့် မျက်လုံးတွေနှင့် ဝိုင်းကြည့်လာကြသည်။

"ဘာဖြစ်တာလဲ မြေးရဲ့"

"ဘွား အဲဒီကြော်ငြာမင်းသမီးကို သိလား"

"သဥ္ဇာဝင့်ကျော် မဟုတ်လား မြေးရဲ့"

"ဟုတ် … သူနဲ့ မှုံး ဘယ်သူက ပိုချောသလဲဟင်"

မှုံးက တီဗီထဲက ကြော်ငြာမင်းသမီး သဥ္ဇာဝင့်ကျော်ကို လက်ညှိုးညွှန်ပြီး ဘွားကို စိတ်ဝင်တစား ဝမ်းသာအယ်လဲ မေးလိုက်မိသည်။

ဘွားက မှုံးမေးလိုက်ကာမှ တီဗီထဲက ကြော်ငြာမင်းသမီးလေး သဥ္ဇာဝင့်ကျော်ကို မျက်မှန်ကြီးဝင့်ပြီး ကြည့်လိုက်၊ မျက်မှန်ကြီး ပြန်ချွတ်ပြီး ကြည့်လိုက်နှင့် အတန်ကြာ သုံးသပ်နေခဲ့သည်။

အင်း … အဟင်း …

ဘွား အကဲဖြတ် သုံးသပ်ပေးလာမဲ့ စကားတွေကို စောင့်ရတာ ချွေးပြန်ပြီး ရင်မောလိုက်ရတာ။

ပြောပါတော့ …

ဘွားရယ် …

ပြောလိုက်စမ်းပါ။

"ငါ့မြေးက ပိုလှတာပေါ့လို့"





ပြောလိုက်ပါတော့လား ဘွားရယ်။

မှုံးရင်ထဲကနေ တီဗီကြော်ငြာမင်းသမီးနဲ့ တက်ပြိုင်ပြီး တိုးတိုးဖွဖွကလေး ဆုတောင်းလိုက်ပါသည်။

"အင်း"

အဲ …

ဘွား ပြောပါတော့မယ်။

ဘွားက မျက်မှန်ကိုင်းနက်ကြီးကို လက်နှစ်ဖက်နှင့် ဝင့်လိုက် ချွတ်လိုက်လုပ်ပြီး မှုံးအသည်းယားအောင် လုပ်နေသေးသည်။

ဟင်း … ဘွားတို့ကတော့ မော်ဒန်ဘွားရယ်လို့ ခပြောရဘူး။

မှုံး အရမ်းသိချင်စိတ် ပြင်းနေမှန်းသိလို့ တမင် အိုက်တင်ပေးနေသေးသည်။

"ပြောပါဦး ဘွားရဲ့"

မှုံးကသာ မနေနိုင်တော့ဘဲ စူတူမူတူ အသံနွဲ့နွဲ့ကလေးနှင့် ဘွားရဲ့လက်မောင်းအိတွဲတွဲကြီးကို အတင်းဆုပ်ကိုင်ခါယမ်းမေးလိုက်သည်။

"အင်း … သူလေးက သိပ်ချောတာပဲ၊ ချစ်စရာလည်း ကောင်းတယ်၊ သူက မင်းသမီးဆိုတော့ မြေးထက်ပိုချောတာပေါ့ မြေးရယ်"

www.burmeseclassic.com



"ဟာ ... ဘွားကလည်း ဘာဆိုင်သလဲ၊ အသေအချာကြည့်စမ်းပါ ဘွားရယ် ... နော်"

"အသေချာကို ကြည့်တာပါပဲ မြေးရယ်၊ ဘွား မျက်စိထဲမှာ သူက ပိုလှသလိုပဲ"

"အာ ... ဘွားကလည်း အသေအချာကြည့်စမ်းပါလို့ဆိုနေ"

မှုံးစိတ်မရှည်တော့တဲ့ အခံရခက်သလိုကြီး ပိတ်အော်ပစ်လိုက်တော့ ဘွားက တစ်ချက်ငြိမ်သွားပြီးမှ ...

"အင်း ... သူလေးက ဝသလိုပဲနော်၊ သမီးလေးက သွယ်တယ်၊ သူလေးက မြန်မာဆန်ပြီး ထင်ပေါ်တယ်၊ မြေးလေးက ကိုရီးယားသူလေးလို သိပ်လှပါတယ်၊ ဒါပါပဲ၊ ဘာမှအထွေအထူး မရှိပါဘူး၊ မြေးလေးလည်း အလှပဂေးပဲ၊ သဇ္ဇာဝင့်ကျော်လေးကလည်း အလှပဂေးပဲ၊ မြေးတို့နှစ်ယောက် အလှချင်းညီပါတယ်"

"တကယ်နော် ဘွား၊ ဘွားစကား အတည်နော်"

"အမှန်ပါတော် ... အမှန်ပါ၊ တကတဲ ငါ့မြေးမတစ်ယောက်ကတော့ ခက်လှချည်ရဲ့၊ မင်းသမီးရူး ရူးနေတာနဲ့တင်သူ့မှာ တစ်နေ့ တစ်နေ့ အခွေကြည့်လိုက်၊ တီဗီကြည့်လိုက်၊ တီဗီထဲက မင်းသမီးနဲ့ ယှဉ်လိုက်နဲ့ မမောနိုင်မပန်းနိုင် ဖြစ်နေတော့တာပဲ"

ဘယ်လောက် တော်လိုက်တဲ့ မှုံးရဲ့ချစ်ဘွားလဲလို့။

ကြည့်စမ်းပါဦး။





မှုံးက မှုံးကို မင်းသမီးလောက် မလှဘူးလို့ ပြောလိုက်တာကို မကျေနပ်လို့ ခပ်ဆောင့်ဆောင့်လေး အော်ပစ်လိုက်တော့ ဘွားက အထာပေါက်စွာဖြင့် ကြော်ငြာမင်းသမီးနဲ့ မှုံးကို သိပ်မကွာလှပါဘူးလို့ စိတ်ချမ်းသာအောင် ပြောလိုက်တာပဲလား။

ဒါမှမဟုတ် ...

တကယ့်ကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချီးကျူးထောပနာပြုလိုက်တာလား မသိ။

ချီးကျူးရမယ် ဆိုရင်လည်း ...

မှုံးမျက်နှာနုနုချောချောလေးက နှာမည်နဲ့လိုက်အောင် မှုံးနေအောင်ကို တကယ် စက်စက်ယို လှတာပါပင်။

မှုံးရဲ့အလှက ဒီနယ်တစ်ဝိုက်၊ ဒီနယ်တစ်ကျောမှာ နာမည်ကြီး။

ဆယ်တန်းကျောင်းသူ ဘဝကတည်းက မှုံးရဲ့အလှကကျောင်းမှာ နာမည်တစ်လုံး ရခဲ့တာ။

ကျောင်းမှာ ကျောင်းသားတွေ အသည်းစွဲဖြစ်ရတဲ့ဘုရင်မလေးတစ်ပါးပင်။

ဘာအဆီပိုမှ မရှိသည့် ကိုယ်လုံးသွယ်သွယ်လေးနှင့်လိုက်ဖက်သည့် အရပ် ငါးပေခုနစ်က မှုံးရဲ့ပင်ကို Fashion Style ဖြစ်ခဲ့သည်။

အရပ်ရှည်ရှည် အသားဖြူဖြူ သမင်မလို ဝိုင်းစက်နက်မှောင်နေသည့် မှုံး မျက်လုံးညိုညိုလေးတွေက လူတစ်ယောက်

www.burmeseclassic.com



က မှုံးကိုတွေ့လိုက်ရပါလျှင် နောက်တစ်ခါပြန်ပြီး လှည့်မကြည့်ရရင် မနေနိုင်လောက်အောင် ဆွဲအားကောင်းစွာ ညို့အားပြင်းတယ်၊ စူးရှနက်ရှိုင်းတယ်ပဲ ပြောရမည်လားမသိ။

ပြီးတော့ လုံးလုံးပြည့်ပြည့် လေးကိုင်းသဏ္ဍာန်နှင်းဆီနှုတ်ခမ်းဖူးဖူးလေးကလည်း နှုတ်ခမ်းနီဆိုးစရာ မလိုလောက်အောင် ပန်းသွေးရောင် ပြေးနေပြီး ရင်ခုန်ရှူးသွပ်စရာကောင်းတာ မှုံးကိုယ်မှုံး အသိဆုံး။

လူတကာ ချီးကျူးထိုက်တဲ့ ရုပ်ရည်ချောချောလေးကို ပိုင်ဆိုင်ထားတဲ့ မှုံးမျက်နှာ သွယ်သွယ်ဖူးဖူးချောချောလေးကို မှုံး တစ်နေ့ တစ်နေ့ မှန်ရှေ့မှာ မရိုးနိုင် မအီနိုင် ကြည့်မဝ ရှုမဝဖြစ်ရင်း ပျော်ရွှင်ကြည်နူးခဲ့ရတာ။

တစ်နေ့ တစ်နေ့ တီဗီတွေ၊ ဒီဗီဒီတွေ ကြည့်ကြည့်ပြီး မှုံး ပိုပြီးရူးသွပ်လာခဲ့သည်။

ကိုယ့်လောက်မထင်ပေါ်သည့် မင်းသမီးတစ်ယောက်ရဲ့ဇာတ်ကားကို ကြည့်လိုက်ရတိုင်း မှုံး ရင်ထဲက ပိုးတွေက ရွကျိရွကျိနှင့် ကလိ ကလိ ရင်ဝကို အလိပ်လိုက် ဆူဝေတက်လာပြီး ဘွားကို ပူဆာခဲ့မိတော့သည်။

မှုံး ဆယ်တန်းအောင်သည့်နေ့က ဘွားက ဘာလိုချင်သလဲ၊ မှုံးဘာဖြစ်ချင်သလဲလို့ မေးလာတဲ့ စကားကြီးကို မှုံးက အပြည့်အဝ အခွင့်ကောင်းယူပြီး မော်ဒယ်လ်သင်တန်းတက်ချင်ကြောင်းကို ဖွင့်ပြောလိုက်တော့သည်။





မှုံး လှိုက်လှဲနွေးထွေးစွာ တောင်းဆိုလိုက်တာလေးကို ဘွားရဲ့ကြည်လင်ကျေနပ်မှုမရှိသည့် မျက်နှာကြီးက မှုံးရင်ထဲမှာ ဘယ်လိုဝမ်းနည်းသွားမှန်း မသိအောင် လှပ်ခနဲ ခံစားလိုက်ရသည်။

“ဘွား .. မှုံး ဆယ်တန်းအောင်သွားပြီနော်၊ မှုံးဆယ်တန်းအောင်ရင် ဘွားပေးထားတဲ့ ကတိအတိုင်းပဲနော်၊ မှုံး မော်ဒယ်လ်သင်တန်း တက်မှာကို ခွင့်ပြုတော့”

ဆက်တီထိုင်ခုံကြီးကို မှီထိုင်နေသည့် ဘွားပခုံးကြီးပေါ် မှုံး ခေါင်းကလေးမှေးတင်ပြီး ချွဲချွဲနွဲ့နွဲ့လေး ပူဆာလိုက်ပါသည်။

ပြီးတော့ ...

ဘွားခါးကြီးကိုဖက်ပြီး ခေါင်းကလေး ငုံ့ချလိုက်တော့ စတက်ဆံပင် အိအိစင်းစင်းလေးက ပခုံးလေးပေါ်သို့ ကပိုကရိုကလေး ဝဲခနဲ အိကျလာခဲ့တာလေးကို မှုံးက ဖတ်ခနဲ ခေါင်းကလေးငဲ့ရင်း မျက်လုံးနက်နက် ဝိုင်းဝိုင်းကြီးတွေနှင့် ဘွားကိုခပ်စွေစွေလေး စိုက်ကြည့်အိုက်တင်ပေးလိုက်သည်။

မှုံးရဲ့ချစ်စရာကောင်းသည့် အမူအရာလေးကို ဘွားက အရင်လို ကျေနပ်သဘောကျသည့် ချစ်ပြုံးတွေနှင့် ချော့မြူမစဦးစားတော့ဘဲ မျက်နှာကြီး အလိုလို တင်းတင်းသွားတာကြီးကို မှုံး အလိုမကျ ဖြစ်သွားရတော့သည်။

မျက်မှောင်ကလေး အလိုလို ကြုတ်ပစ်လိုက်ရင်း နှုတ်ခမ်းလေးကို စူတင်းပစ်လိုက်ရင်းက ...

www.burmeseclassic.com



"ချစ်ဘွား ... မှုံးပြောတာကို ကြားရဲ့လား"

"ကြားပါတယ် မှုံးရယ်"

ဘွားက သူ အလိုမကျတော့ဘူးဆိုရင် မှုံးကို မှုံးလို့ ခေါ်ခဲ့တာမို့ မှုံးမျက်နှာလေး ညှိုမဲ့မဲ့လေး ဖြစ်သွားရသည်။

"ဟွန်း ... ဘာသံကြီးလဲ၊ အသံကြီးက အီလိုက်တာ၊ ဘွားနော် ... ဘွား ကတိပေးထားတာရှိတယ်၊ ဖျက်ဖို့တော့စိတ်မကူးနဲ့၊ လုံးဝမရဘူးဘဲ၊ မှုံးက ဒါဆိုရင်ဒါပဲ"

"ခက်တာပဲ မြေးရယ်၊ အခု မြေးအသက် ဘယ်လောက်ရှိပြီလဲ"

"အင် ... ဆယ့်ခြောက်လေ ဘွားရဲ့၊ ဘွားက မသိဘူးလား"

မှုံးက ဘွားကို အမြင်ကတ်ကတ်ဖြင့် ရွဲ့လိုက်သည်။

"သိတာပေါ့ မြေးရယ်၊ မြေး ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်အောင်လို့ မေးတာပါ၊ မြေးအသက်က အခုမှ လူဖြစ်ရုံရှိသေးတယ်၊ မင်းသမီးတစ်ယောက်ဖြစ်ဖို့ ဘယ်လောက် အနစ်နာခံရတယ်၊ ကိုယ်နဲ့ ဆက်ဆံရတဲ့သူတွေတိုင်းကို အောက်ကျခဲ့ရသလို၊ လူတွေရဲ့အပြောအဆိုဒဏ်ကိုလည်း ခါးစည်းခံနိုင်ရမယ် ဆိုတာ ဘွား ကြားဖူးနားဝရှိပြီသား"

အင်း ...

ခေတ်ဘွားတို့ကတော့ ခေတ်မြေးထက်ကျော်ပြီး တတ်နေပါပြီ။





"ဘွားမြေးကလေးက ရုပ်ကလေး ချောပါတယ်၊ အရုပ်အမောင်းကအစ စံချိန်တောင် ကျော်သေးတယ်၊ ဟုတ်တယ်၊ ဒါပေမဲ့ ဒီလို အစိမ်းသက်သက်တိုးရမဲ့ နေရာဒေသက တက်ရမှာဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ခက်ခဲလှပါတယ်၊ အခုခေတ်မင်းသမီးလေးတွေက အမိနဲ့တက်ရတာ၊ အဒေါ်မင်းသမီး၊ အစ်မမင်းသမီး နောက်ကလိုက်ရတာဆိုတော့ ဘာအခက်အခဲမှ မရှိတော့ဘူးပေါ့ မြေးရယ်၊ ကိုယ်က အစိမ်းသက်သက်ဆိုတော့ ဘယ်လိုမှ တိုးလို့မလွယ်ပါဘူး မြေးရယ်"

"အို ... ဘာဆိုင်လဲ၊ ဒီလို အစိမ်းသက်သက် အရမ်းကြိုးစားရမှ ပိုပြီးမိုက်တာ၊ ပိုပြီး စနိုးကံထတာ ဘွားရဲ့၊ ဘွားက ဘာမှမသိပါဘူး၊ မှုံးသိတယ်၊ မှုံးအားလုံး စုံစမ်းပြီးပြီ၊ မော်ဒယ်သင်တန်းတက်ဖို့ ဖုန်းလည်းဆက်ထားပြီးပြီ၊ သင်တန်းကြေးကလည်း ဘယ်လောက်မှ မပေးရဘူး ဘွားရဲ့"

မှုံး ဘယ်လိုပြောပြော ...

ဘွားကတော့ လုံးဝကို ခေါင်းကြီးခါယမ်းလိုက်ပါပြီ။

အို ...

မှုံးရင်ထဲမှာ တလှိုက်လှိုက် ဆို့တက်လာသည်အထိ ဝမ်းနည်းကြေကွဲသွားရသည်။

"မဖြစ်ဘူး မြေး၊ ကိုယ်နဲ့လုံးဝမအပ်စပ်တဲ့ အသိုင်းအဝိုင်းထဲကို ဆယ့်ခြောက်နှစ်အရွယ်ပဲ ရှိသေးတဲ့ ဘွားရဲ့ချစ်မြေး

www.burmeseclassic.com



ကို ဘွား လက်လွှတ်စပယ်ကြီး မလွှတ်ဘူး၊ ဘယ်တော့မှလဲ ပေးလွှတ်မှာ မဟုတ်ဘူး၊ မြေးတို့အသက်အရွယ်နဲ့ စိတ်ကူးယဉ်တာ ပျော်စရာကောင်းတယ်၊ လွတ်လပ်တယ် ဆိုပေမဲ့ တကယ်တမ်းကျ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဘွားနော် ... မှုံ့ စိတ်ဆိုးလာပြီ သိလား"

မှုံ့မျက်ရည်လေးတွေ ပေါက်ပေါက် ပေါက်ပေါက် ကျနေတာကို ဘွားက အရေးမလုပ်တော့။

အို ... ဘွားက မှုံ့အပေါ် ဒေါ်ဒီလောက်အထိ ပြတ်သားတယ်လား။

ဒါဆို ဘွား အရင်က မှုံ့စိတ်ကြိုက် အလိုလိုက်ပေးနေခဲ့တာတွေက ဘာတွေလဲ။

ဘွား ပရိယာယ်ဆင်ပြီး အကွက်ရိုက်ခဲ့တာပဲ။

မှုံ့ ဆယ်တန်းကို ရှောရှောရှုရှု အောင်မြင်ဖို့အတွက် မှုံ့ ဝါသနာအပါဆုံး အရာကို မြှောက်ထိုးပင့်ကော်ပြောပြီး မစားရဝခမန်း သွားရည်ယိုအောင် မက်လုံးပေးခဲ့တာ။

အခုတော့ ...

မှုံ့ ဘွားခြေသလုံးကြီးကို ပြေးဖက်ပြီး ငိုယိုတောင်းပန်ခဲ့ရပြီဖြစ်သည်။

"ဘွားရယ် ... မှုံ့ လူ့လောကကို စရောက်ကတည်းက ဝါသနာပါလာတဲ့ အလုပ်ကို မှုံ့ကို မဖြစ်မနေတော့ ခွင့်





ပြုပါနော်၊ မှုံ့ ... မှုံ့ တောင်းပန်ပါတယ်၊ ပြီးတော့ မှုံ့က တစ်ယောက်တည်းလည်း ရန်ကုန်ကို မတက်ပါဘူး"

မှုံ့စကားကို ဘွားက စိတ်ဝင်စားသလို မျက်မှန်ကြီးပင့်ကြည့်လာတော့ မှုံ့အားတက်သွားရကာ ...

ဘွားခြေသလုံးကြီးကို ခပ်တင်းတင်းကြီး ဆုပ်ကိုင်ပြီး အားရပါးရ ပြောချလိုက်တော့သည်။

"ချစ်ဘွားကို ခေါ်သွားမှာပေါ့၊ ဟိုမှာ တိုက်ခန်းကျယ်ကျယ်တစ်ခန်းငှားပြီး ချစ်ဘွားနဲ့ မှုံ့ မြေးအဘွားနှစ်ယောက် နေမှာပေါ့လို့၊ မှုံ့နာမည်ကြီးမင်းသမီးကလေး ဖြစ်သွားရင်လေ ချစ်ဘွားက မှုံ့နဲ့အတူ ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ပြီး ကားကား ကားကားနဲ့ လင်ခရူဆာကြီးစီးပြီး ပွဲတက်ရမှာ ဘွားရဲ့"

"ပိုက်ဆံအိတ် ချိုင်းကြားညှပ်တာပဲအေ၊ ဆန်းသလားလို့၊ ဘွားတို့ရွာမှာလည်း အလှူအတန်း မင်္ဂလာဆောင်ရှိရင် ဘွားက ပိုက်ဆံအိတ်ချိုင်းကြားညှပ်နေတာပဲ၊ လင်ခရူဆာကတော့ မစီးချင်ပါဘူး မြေးရယ်၊ ကားစက်ဆီအနံ့ကိုလည်း ဘွား မခံနိုင်ဘူး"

"ဘွားနော် ... မှုံ့ကို ခွမကျနဲ့၊ မှုံ့က ဒါဆိုဒါပဲ၊ မှုံ့စိတ်ဓာတ်ကို ဘွား သိတယ်နော်"

မှုံ့ ဘွားကို ခြေသလုံးဖက်ပြီး မျက်နှာလေးအပ်ကာ တောင်းပန်ခဲ့ပေမဲ့ ဘွားကတော့ ခွင့်မပြု။

www.burmeseclassic.com



မှုံးရင်ထဲမှာ တကယ်ခံစားလိုက်ရပြီဖြစ်သည်။

ဆယ်နှစ်စွန်း အရွယ်ကတည်းက အသည်းနှင့်အောင် ရှုးသွပ်လာခဲ့ရသည့် မင်းသမီးဘဝကို မှုံး ဆယ်တန်းအောင်မြင်ပြီးသည့်အချိန်မှ အချိန်ယူပြီး တောင်းဆိုခဲ့တာတောင် ဘွားက လက်မခံခဲ့ဘူးဆိုတော့ ...။

အို ... မှုံး ဘာလုပ်ရတော့မလဲ။

မှုံး ဘာမှဆက်မလုပ်ချင်။

မှုံးဝါသနာပါတာ မင်းသမီးအလုပ်။

ကြော်ငြာနဲ့အရင်တိုးပြီး နာမည်ကြီး ရုပ်ရှင် ဗီဒီယို မင်းသမီး။

International မင်းသမီးအဆင့်အထိ မှုံး ရည်မှန်းထားသည့် မှုံးရဲ့ရည်မှန်းချက်တွေ။

အို ... ဒီနေ့ ဘွားပြောခဲ့သည့် စကားတွေနဲ့တင် စိတ်ဓာတ်အကျကြီးကျပြီး အနားသတ်ရမဲ့အဖြစ်ကိုတော့ မှုံး လုံးဝ ကျေနပ် လို့မရ။

ဟင့်အင်း ... မှုံး ရင်ထဲက မှုံးအသွေးအသားထဲက ဝါသနာဗီဇကို ဘွားရဲ့ဒီစကားတွေနဲ့တင် အနားမသတ်နိုင်။

မှုံး ရအောင်တောင်းဆိုရမှာပဲ။

အခုလောလောဆယ်တော့ မှုံး စိတ်လျှော့ချလိုက်ရသည်။

ဒါပေမဲ့ ...





မှုံးက ခေါင်းလေးကိုဆောင့်ပြီး ဆတ်ခနဲ မတ်တတ်ရပ်လိုက်ကာ ဘွားမျက်နှာချောချောကြီးကို ခပ်တည်တည်ကြီး စိုက်ကြည့်ရင်း နှဲ့ဆိုး့ဆိုးနေကျ စတိုင်မှုဟန်လေးဖြင့် လက်ညှိုးကလေးထောင်ကာ ...

"ဘွား ... မှုံးရင်ထဲက နှလုံးသားထဲက အသွေးအသားထဲက ဖြစ်တည်လာတဲ့ ဝါသနာနဲ့ဗီဇကိုတော့ ဘယ်တော့မှ အနားသတ်လို့ မရဘူးဘဲ"

"ခက်တော့တာပဲ မှုံးရယ်၊ မှုံးဘဝကို မှုံးပြန်ကြည့်ရမယ်၊ မှုံးဟာ ငယ်ငယ် လူမမယ်တည်းက မိဘတွေ လမ်းခွဲခဲ့ကြလို့ ဘဝမှာ မိတစ်ကွဲ ဘတစ်ကွဲ ကြီးပြင်းလာတယ်။ မိဘတွေက စင်ကာပူမှာ တစ်ယောက်တစ်ကွဲ ကိုယ့်အပျော်ကိုယ် ဖန်တီးနေကြတယ်၊ အခု သမီးလေးကတစ်ခါ မင်းသမီးလောကထဲကို ဝင်ချင်တယ်ဆိုတော့ သိက္ခာကွန်မြနဲ့ယှဉ်ပြီး ပတ်ဝန်းကျင်က ချပြလာရင် ဘွား မျက်နှာအရမ်းငယ်ရမဲ့ဘဝကို မဖန်တီးချင်စမ်းပါနဲ့ ငါ့မြေးရယ်၊ အသက်ခြောက်ဆယ်ကျော် ဘွားကို နားလည်ပေးစမ်းပါ မြေးရယ်"

"အို ... ဘာဆိုင်လဲ၊ ပတ်ဝန်းကျင်ဆိုတာ အနုပညာအလုပ်လုပ်သူတွေအတွက် စပါးလုံးတစ်ထောက်လောက်တောင် ထည့်မတွက်ထားခဲ့မိပါဘူး၊ မင်းသမီး အလုပ်ကလည်း ..."

"တော်ပြီ မှုံး၊ ဘွား ကြာကြာစကားမပြောနိုင်ဘူး၊ ဘွားမောလာပြီ"

www.burmeseclassic.com



လက်ကာဟန့်တားလိုက်ပြီဖြစ်သည့် ဘွားကို မှုံး မကျေမနပ် ဆောင့်အင့်အင့်လေး စိုက်ကြည့်ပြီး ...

ဘွားအရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့မိတော့သည်။ ရင်ထဲမှာ ဝမ်းနည်းလွန်းလို့ ဗလာသက်သက် ဖြစ်နေခဲ့သည်။

ကူရာကယ်ရာမဲ့ ဖြစ်နေသည်။

ဝမ်းနည်းနာကျင်လွန်းလို့ တစ်ဦးတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပြေးဝင်ပြီး ငိုချလိုက်ချင်သည့် ခံစားချက်တွေက ရင်ထဲမှာ တင်းကျပ် ဆို့နင့်နေသည်။

ခံစားရလွန်းလို့ နှုတ်ခမ်းသားနုနုထွေးထွေးကလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်ပြီး မှုံးအိမ်ကြီးပေါ်မှ တဝုန်းဝုန်း တဒုန်းဒုန်း ကဆုန်ပေါက်နင်းချကာ ...

အနောက်ဘက်ခြံကြီးဆီသို့ စွတ်ပြေးသွားလိုက်ပါသည်။

မှုံးဘဝမှာ မိဘနှစ်ပါးကလည်း မှုံး လေးနှစ်သမီးကတည်းက စင်ကာပူမှာ အလုပ်သွားလုပ်ရင်း တစ်ယောက်တစ်တွဲ အပျော်ကြီးယူ ဖန်တီးခဲ့ပြီး မှုံးတို့မြေအဘွားဘဝထဲကို ပြန်မဝင်ခဲ့တော့တာတွေကို မှုံး တွေးရင်းဖြင့် တစိမ့်စိမ့် ရင်နာလာရသည်။

အမေနဲ့အဖေကို ဘယ်လိုခေါ်ရမယ်မှန်းတောင် မသိရသည့် မှုံးဘဝကို ကိုယ့်ဘာသာ အပျော်ဖန်တီးပြီး စိတ်နှစ်ထားခဲ့သည်။





အခုတော့ ...

မှုံးဘဝကို ဘွားက ရိုက်ချိုးပြန်ပြီပေါ့။

"အိုး ... မွန်းကျပ်လွန်းတဲ့ ဒီဘဝကြီးကနေ လွတ်မြောက်အောင် ကယ်တော်မူပါ မိုးနတ်မင်း၊ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတဲ့ ရွှေမှုံးမံရဲ့ဘဝကြီးကို နောင်အသက်တစ်ရာတိုင်အောင် ဒီမွန်းကျပ်တဲ့ဘဝထဲမှာ မကျန်ရစ်ဖို့ ဆွဲထုတ်ခေါ်ဆောင်သွားပါတော့ မိုးနတ်မင်းကြီးရယ်"

ရှုံးသွပ်စွာဖြင့် မှုံး မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး မျက်ရည်တဖြိုင်ဖြိုင်ကျလျက် တိုင်တည်လိုက်ပါသည်။

နတ်သိကြားအပေါင်းတို့ မှုံးကို သနားရင်တော့ ...

မကြာမီအချိန်အတွင်းမှာ ကယ်တင်စောင့်ရှောက်တော့မည်။

မွန်းကျပ်လွန်းတဲ့ ဒီဘဝကြီးထဲကနေ လွတ်မြောက်ရပါတော့မည်။

ဘုရားရှင်တော်မြတ်က ...

ငယ်ငယ်ကလေးဘဝကတည်းက မိဘတွေ ပစ်ပယ်သွားလို့ နှလုံးသားအနာစွတ် ဖြစ်ကျန်ခဲ့ရသည့် ဖြူဖြူစင်စင်သမီးကလေးကို စိတ်အချမ်းသာဆုံး ဖြစ်ရအောင် ကယ်တင်စောင့်ရှောက်မှာပဲဆိုတာကို မှုံး အပီယုံကြည်ထားခဲ့မိပါသည်။

www.burmeseclassic.com



## ၂

“ကိုကို ဘယ်နေ့ နယ်ကိုဆင်းမှာလဲ”

ဟင် ...

လာပြီ ...

ဂျီစတား။

စိတ်ညစ်ရပါ့။

ဒီကောင်မလေး သူ နယ်ကိုကားရိုက်ဆင်းတိုင်း လိုက်ချင်လို့ ဂျီကျခဲ့တာ ဒီတစ်ကြိမ်နဲ့ဆို သုံးကြိမ်တိတိ ရှိခဲ့ပါပြီ။

အခုတစ်ခါလည်း သူ လိမ့်လုံးပတ်လုံး သုံးရပါဦးမည်။

ဒီကောင်မလေးကို သူ ရိုက်ကွင်းထဲ မခေါ်ချင်။

အကြီးစား Producer သမီးပီပီ သူတို့တင်မြှောက်ခဲ့လို့ နာမည်ရခဲ့သည့် ဒါရိုက်တာမို့ သူ့မှာ Producer သမီး ဆို:





နဲ့သမျှကို သည်းခံရင်း အလုပ်ထဲမှာတောင် အနားမနေရဘဲ စိတ်ကသိကအောက် ဖြစ်ခဲ့ရသည်။

ဆွိနဲ့ သူဟာ လူရင်းတွေအဖြစ် ဆွိနှင့်အတူ တွဲလာခဲ့ကြတာ ကြာခဲ့ပြီဖြစ်ပေမဲ့ သူ ဆွိကို ညီမလေးတစ်ယောက်လို ချစ်ခဲ့တယ် ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ဘုရားစူးကျမ်းစူး ကျိန်ရဲပါသည်။

ဒါပေမဲ့ ...

မိဘဆွေမျိုး၊ အသိုင်းအဝိုင်းကတော့ သူနှင့်ဆွိကို ချစ်သူတွေအဖြစ် သမုတ်ထားကြတော့လည်း သူနှင့်ဆွိက ချစ်သူတွေ ဖြစ်လိုက်ရုံပဲပေါ့။

ဘာဆန်းသလဲဗျာ။

လူ့သဘာဝက ဒါပဲမဟုတ်လား။

အင်း ... ခက်တော့လည်း ခက်ပါသည်။

အခုလည်း ...

ညီမလေးတစ်ယောက်လို ချစ်ခဲ့ရသည့် ချစ်သူကလေး နွဲ့ဆိုး,ဆိုးနေတာလေးကို ဒေသိရ ခပ်မင့်မင့်ကြီး စိုက်ကြည့်ရင်း ရင်မောစွာ သက်မမောကြီး ချလိုက်မိသည်။

အမှန်အတိုင်း ပြောလို့မဖြစ်။

ရိုက်ကွင်းမှာ မင်းသမီးလေးတွေနှင် တရင်းတနှီး စကားပြောတာကိုတောင် အမြဲမကြည်ဖြစ်နေခဲ့သည့် ဒီကောင်မလေးကိုတော့ ...

www.burmeseclassic.com



သူ ဘယ်လိုနည်းနဲ့မှ ရိုက်ကွင်းခေါ်လို့ မဖြစ်။

"ကိုကို"

"ဟင်"

မျက်နှာကြည်ကြည်လေးထားပြီး သူ ဆွိကို မျက်စနှင့် ထူးလိုက်ရပါသည်။

မျက်နှာတည်ကြီးနှင့်ကြည့်ရင်း ဆွိက တစ်မျိုးရန်ရှာလာဦးမည်။

"ဘယ်နေ့ နယ်ကို ရိုက်ကွင်းထွက်မှာလဲဆိုတာ နားမကြားဘူးလား"

လုပ်ပြီ ...

ကြည့် ...။

ဟား ... ဒီကောင်မလေး ဆိုးချက်ကလည်းမသေး။

သူ့မှာ ဆို ဆိုးမှန်းသိသိကြီးနှင့် ခေါင်းငုံ့သည်းခံခဲ့ရသည့်ဘဝ။

ညီမလေးတစ်ယောက်လို ချစ်ခဲ့ရသည့် ချစ်သူလေးကို သူ လည်စင်းပြီး ဝင့်ခံနေရသလိုပင်။

"ကြားပါတယ် ညီမရယ်၊ အဟွန်း ... လိုပါသေးတယ်ကွာ၊ နောက်နှစ်ပတ်လောက်မှ၊ ဒီမှာ ဗီဒီယိုတစ်ကားစာလောက် ရိုက်ရဦးမယ်၊ နီးရင် ကိုကို ပြောမှာပေါ့"

"ဒါပဲနော်၊ ဒီတစ်ခါ ဆွိကို နယ်ကိုမခေါ်လို့ကတော့ ဆွိအဆိုးမဆိုနဲ့"





"အင်း ... အင်းပါကွာ"

ဆွိ ဆံပင်အိအိကလေးတွေကို သူ ချစ်စနိုးလေးဆွဲကိုင်ပွတ်သပ် ချော့မော့နှစ်သိမ်းပေးရင်း ပြုံးပြုံးကြီး စိုက်ကြည့်ပြီး ကတိပေးလိုက်တော့မှ ဆွိက ကျေနပ်နှစ်သက်သွားသလိုကလေး မြှုံးလွှလွှလေး ပြုံးလိုက်ပါသည်။

ရုပ်ရှင် producer သမီးကလေး၊ တစ်ဦးတည်းသောသမီးကလေး ဖြစ်ခဲ့ပေမဲ့ ဆွိခမျာ မင်းသမီးတစ်ယောက်ဖြစ်ခွင့်ခရ။

ရုပ်ရည်ကလေးက မျက်နှာလေး ပြားပြားလေးနှင့် တရုတ်စပ်သဖြင့် မျက်ပေါက်ကျဉ်းကာ မျက်အိမ်ကလေးသေးပြီး အပြင်မှာ အပြင်ဘမ်းကြည့်မယ်ဆိုရင် အသားဖြူဖြူ သွယ်သွယ်လှပ်လှပ်ကလေးနှင့် ချစ်စရာကလေး ကောင်းခဲ့ပေမဲ့ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်မင်းသမီးတစ်လက်အဖြစ် ထင်ပေါ်သည့်ရုပ် မရခဲ့သဖြင့် သူမလေးကလည်း အထွေအထူး သိပ်စိတ်မဝင်စားသလို သူမလေးရဲ့မိဘများဖြစ်သည့် အန်ကယ်တို့ကလည်း သူတို့သမီးလေးကို ငွေကြေးအကုန်ခံပြီး တကူးတက မင်းသမီးဖြစ်မြောက်ဖို့အရေး မတင်မြှောက်တော့။

သူမကလည်း ဒီလောက် စိတ်အာရုံနစ်ပြီး အောင်မြင်အောင် ကထိကယ ကြိုးစားလုပ်ရသည့် အလုပ်ကို ချွေးပြန်ခေါင်းခြောက်ခံပြီး မလုပ်။

www.burmeseclassic.com



တစ်ဦးတည်းသော ရုပ်ရှင်ဗီဒီယို Producer ကြီးရဲ့ သမီးပီပီ သူမဘဝမှာ ငွေကို ရေလိုသုံးနိုင်ခဲ့လို့ ဘယ်သူ့ကိုမှ အားကျအထင်ကြီးတယ်လို့လည်း မရှိ။

ဘယ်သူ့မှ အားမကျမိတော့လည်း အောင်မြင်သည့် သူတစ်ယောက် ဖြစ်ဖို့ဆိုတာ စိတ်ကူးတောင် မယဉ်ပါနှင့်။

မောသွားတာပဲ အဖတ်တင်ပါမည်။

အင်း ... ဆွိ ... ဆွိ ...။

နာမည်လေးကတော့ ချိုပါတယ်။

အား ... လူနဲ့နာမည်ကတော့ တခြားစီ။

သူ့ကိုဆို အနိုင်ယူ ဗိုလ်ကျလိုက်တာမပြောနှင့်။

သူမထက် သုံးနှစ်ပဲကြီးသည့် သူ့ကိုများ ဆယ့်သုံးနှစ်လောက် ငယ်သူလို နှဲ့ဆိုး,ဆိုးခဲ့တာ၊ သူ တကယ်စိတ်အညစ်ကြီး ညစ်ခဲ့ရပါသည်။

ဒါပေမဲ့ ဘာပဲပြောပြော သူ ...

အပြင်ဘမ်းမှာတော့ သွားကြီးမစေ့တမ်းရယ်ပြီး သူမလေးကို ပခုံးကြီးမျက်နှာလေးအပ်လျက် ချော့တေးသီရတော့သည်။

"ဆွိလေးက ကိုကို့ကို ကောက်နေတယ်ပေါ့၊ တကယ်ပြောတာ၊ ဒီတစ်ခါ ကိုကို နယ်ထွက်ရင် ဆွိကိုခေါ်မယ်၊ ဒါပေမဲ့ ဆွိ ရိုက်ကွင်းမှာ ကိုကို စိတ်ညစ်ရအောင်တော့ မလုပ်ရဘူးနော်၊ ကိုကိုတို့ အနုပညာမောင်နှမတွေကိုလည်း သဝန်မကြောင်ရဘူးနော်"





"အင်းပါ ... ကိုကိုရဲ့၊ ဘယ်တုန်းက ကိုကိုစိတ်ညစ်ရအောင် ဆွိက လုပ်ဖူးလို့လဲ"

"ကိုကို စိတ်မညစ်ရအောင်လို့ ပြောစမ်းပါ ညီမရယ်"

ဒေသိရ ဆွိမျက်နှာလေးကို နွေးနွေးလေး လက်ညှိုးကလေးနှင့် တို့ထိကစားရင်း ဆွိကိုပြောလိုက်တော့ ဆွိက ပါးချိုင့်ကလေးနှစ်ဖက် ခွက်ဝင်သွားအောင် ချစ်စဖွယ် နှုတ်ခမ်းသိမ်းရင်း လက်ဝါးလေးနှစ်ဖက်ကို အမှုပါပါ ဖြောင်းခနဲရိုက်ပြီး တသိမ့်သိမ့် ရယ်မောလိုက်ပါတော့သည်။

ဆွိ စိတ်လွတ်ကိုယ်လွတ်ကလေး ရယ်နေတာလေးက ချစ်စရာကော်ပတ်ရုပ်ကလေး ဖြစ်ခဲ့ပေမဲ့ သူ ဘာဖြစ်လို့များ မချစ်ခဲ့မိပါလိမ့်။

အင်း ... တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ...

ကိုကို မင်းကိုချစ်လာမှာပါ ဆွိရယ်။

မင်းကတော့ ကိုကို့ရဲ့အကြင်နာတွေကို ချစ်သူတစ်ယောက်လိုပဲသတ်မှတ်ပြီး သာယာကြည်နူး ရင်ခုန်နေမှာ အမှန်ပဲ။

တကယ်တော့ ကိုကို့ရင်ထဲမှာ ဆွိကိုလေ ညီမလေး တစ်ယောက်ထက် ပိုမချစ်ခဲ့တာကို ဝန်ခံချင်ပေမဲ့ တကယ်တမ်း ကိုကို ပြောမထွက်ဘူး။

အန်ကယ်ကလည်း ကိုကို့ကို သမက်လောင်းတစ်ယောက်အဖြစ် မျှော်လင့်ပြီးသားဆိုတော့ ကိုကို မင်းကိုပဲ လက်ထပ်မှာပါ ညီမရယ်။

www.burmeseclassic.com



လက်ထပ်ပြီးမှ ကိုယ့်ဇနီးကို မချစ်တဲ့ယောကျ်ားမရှိပါဘူးလို့ ကိုကို့နှလုံးသားထဲမှာ ခိုင်မာစွာ ယုံကြည်ထားပါတယ်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ...

ချစ်စရာကောင်းတဲ့ အမှုအရာပိုင်ရှင်ကလေး ဆွိကို ချစ်နိုင်အောင် နှလုံးသားကို ခံစားရှူးသွပ်နိုင်းပါတော့မယ်။

ညီမရယ် ...။





## ၃

အင်း ...

သူ ရန်ကုန်ပြန်ရောက်ရင်တော့ ခေါင်းကရှိသမျှ ခေါင်းမွေးတွေ အဖုတ်လိုက် ကျွတ်ရဦးမည်ဖြစ်သည်။

ပြင်ဦးလွင်ကို ရိုက်ကွင်းထွက်ခဲ့တာကို သူမလေးကို လုံးဝအသိမပေးရဲဘဲ သူတို့အဖွဲ့တွေ ထွက်လာခဲ့ကြသည်။

ရုပ်ရှင်မင်းသား မင်းသမီး အဖွဲ့သားတွေနှင့်ကတော့ ဆွိနှင့်မဆိုင်။

ဆိုင်တာက သူ ...

အခုလို ...

သူ တိတ်တိတ်ကလေး ထွက်လာရတာ နားအေးပါးအေး ရှိသလို စိတ်ထဲမှာလည်း လွတ်လပ်နေသည်။

ဟိုင်းဝေးလမ်းမကြီးတစ်လျှောက် သူတို့စီးနင်းလိုက်ပါလာသည့် ကားအပါအဝင် ကားလေးစီးစလုံး တဝိုးဝိုးပြေးနေကြတာကြီးကို သူ ဘာရယ်မဟုတ် ငေးကြည့်ရင်း ရင်ထဲက

www.burmeseclassic.com



အမောတွေကို ကားမှန်ချပြီး ပြတင်းမှာ ပြင်ပလေကို တစ်ဝကြီး ရှိုက်ရှူလျက် သူ မျက်ဝန်းအစုံကို ခပ်တင်းတင်း မှိတ်ချထားလိုက်သည်။

ကားဒရိုင်ဘာကိုလည်း သူ စီးနင်းလိုက်ပါလာသည့် သူ့ရဲ့ Mark II ကားလေးကို ခပ်ဖြည်းဖြည်း အရှိန်လျှော့မောင်းနိုင်းလိုက်သည်။

ကိုယ့်ရင်ထဲမှာ မွန်းကျပ်လွန်းလို့ပါကွာ။

"အံစ်ကို အရှေ့ကကားတွေနဲ့ အတော်လှမ်းကျန်ခဲ့ပြီ"

"ရတယ်၊ ရှေ့ရောက်ရင် နေ့လယ်စာကို Restaurant မှာ စားကြမှာ၊ အဲဒီဆိုင်က သူတို့ စောင့်နေကြလိမ့်မယ်"

သူ ပြန်ရင် ဆွဲ နှိပ်စက်အနိုင်ယူမှာကို တင်ကြိုပြီး ကြောက်ချေးပြန်နေတာလားမသိ။

သူ့ရင်ထဲမှာ တကယ်မောနေရသည်။

အင်း ... ငါ ဘာဖြစ်နေတာပါလိမ့်။

"ဟား"

ပြန်ရင် ဆွဲနှင့် ရန်ဖြစ်ရမဲ့အရေးကို တွေးပြီး ရင်ပူစွာ သက်ပြင်းလေပူကြီး ဟားခနဲ ထုတ်လိုက်တော့ ...

ဒရိုင်ဘာကောင်လေးက သူ့ကို ငဲ့ကြည့်လာလေသည်။

အင်း ... သူ နေမထိ ထိုင်မသာ ဖြစ်လာသလို အိမ်သာတက်ချင်လာသလိုလို ဗိုက်ထဲရစ်နာသလိုလို ဖြစ်လာပြန်သည်။





"ဟား ... ဒုက္ခပါပဲကွာ"

ဒေသိရ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ဆိုညည်းလိုက်တော့ ဒရိုင်ဘာကောင်လေးက တစ်ချက်ငဲ့ကြည့်လာပြန်သည်။

"ဘာဖြစ်လို့လဲ အစ်ကို"

"ငါ လက်ထရိန်သွားချင်လို့ကွာ၊ ဟော ... ဟော ဟိုရှေ့က အိမ်ကြီးရှေ့မှာ ကားရပ်လိုက်ကွာ၊ မသိ့သိသိ တောင်းပန်ပြီး ဝမ်းနာရေးအတွက် ဖြေရှင်းရတော့မှာပဲ"

"အဟား ဟား ... အစ်ကိုကတော့ ပြောရှာမယ်ဗျာ"

ကိုယ့်ထက်ငယ်ရွယ်သူတွေနှင့် ဆက်ဆံရင် ဘယ်တော့မှ အရှိန်တွေ ဘဝင်တွေနှင့် စကားမပြောဘဲ ဟာသနှောနှောပြောတတ်သည့် သူ့ကို တစ်ဝိုင်းတည်း လုပ်ဖော်ကိုင်ဖက်တွေက ချစ်ခင်ရိုသေ လေးစားကြလေသည်။

အင်း ... ကိုယ့်ရဲ့ဒရိုင်ဘာကောင်လေးကလည်း ပွင့်ပွင့်လင်းလင်း ဆက်ဆံတော့ သူ့ကို ရိုသေလေးစားသည်။

"ကျွို"

"ရောက်ပြီ အစ်ကို"

"အေး ... အေး ... ဆယ့်ငါးမိနစ်လေ က်တော့စောင့်၊ ရှေ့ကကားတွေတော့ အခုလောက်ဆို စားခဲ့နေကျ စားသောက်ဆိုင်နား ရောက်လောက်ပါပြီ"

www.burmeseclassic.com



သူက ပြောရင်းဆိုရင်း ကားတံခါးကို ဖျတ်ခနဲဖွင့်ဆင်းကာ ဂျင်းဘောင်းဘီရှည်ကို ပင့်မ,ပြီး ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် အိုက်တင်ကြီးဖြင့် အပြေးတစ်ပိုင်း နှစ်ထပ်သွပ်မိုးအိမ်ကြီးရှိတဲ့ ခြံကျယ်ကြီးထဲ စွတ်စွတ်ပြေးဝင်ခမန်း ခြေလှမ်းမိုင်နှုန်း တင်လိုက်ပါသည်။

အဲဒီအချိန်မှာ ပန်းခြံအစပ် အကွယ်ကနေ ကြားလိုက်ရသည့် မိန်းမငယ်အသံ စာစာလေးက သူ့ကို အဲဒီချုံစပ်ကိုလှည့်မကြည့်ရရင် မနေနိုင်လောက်အောင် အာရုံစိုက်လိုက်မိရလေတော့သည်။

"အဟား ... ဖိုးဆေး၊ အလကားကောင် ဖွန်ကြောင်၊ ငါ့ကိုတောင် နိုင်အောင်အောင် ... အား ... နင်မညစ်နဲ့ ... မခုတ်နဲ့နော် ဖိုးဆေး"

အသံစာစာလေးရှိရာ နေရာဆီသို့ သူ အမှတ်မထင်လှည့်ကြည့်လိုက်မိတော့ မျက်လုံးထဲ တစ်မျိုးကြီး ကန့်လန့် ဖြစ်သွားသလို ရယ်လည်းရယ်ချင် အံ့လည်းအံ့ဩသွားခဲ့ရသည်။

ဟား ... ဘယ်လိုမိန်းမ အမျိုးအစားကလေးလဲ။

ယောကျ်ားလေးနဲ့အပြိုင် ခြင်းခတ်နေလေရဲ့။

ဟိုက် ...

ဟား ... ကျွမ်းကျင်လိုက်တာ။

ဂျင်းဘောင်းဘီအပြာလေးကို ခြေသလုံးပေါ်အောင်လိပ်တင်ထားတာမို့ ခြေသလုံးဝင်းဝင်းကလေးက အထင်းသား။





ခြေထောက်ကလေးက အကွက်ကျကျနှင့် ဟိုတစ်ဘက်က ဝင်လာသည့် ကောင်လေးပေးသည့် ခြင်းလုံးကလေးကို ကားခနဲ ခတ်တင်လိုက်တာလေးကို သူ အံ့ဩလွန်းလို့ မျက်လုံးကြီးအပြူးသားဖြင့် စိုက်ကြည့်နေခဲ့မိသည်။

အားပါးပါး ...

ခြင်းခတ်ကျွမ်းကျင်လိုက်တဲ့ ငနဲမလေး။

ကောင်မလေးရဲ့ကိုယ်အပေါ်အထက်ပိုင်း မျက်နှာကလေးကို သူ အထင်ကြီး အားကျသလိုကြီး လှမ်းအကြည့် ...

"ဟင်"

ကွင်းခနဲ ထင်းထင်းကြီး ပေါ်လွင်လှသည့် ဘဲဥပုံမျက်နှာသွယ်သွယ် ချောချောလေးက ဒါရိုက်တာဒေသီရ မျက်လုံးထဲ တန်းခနဲ အံဝင်ခွင်ကျ တိုးသွားခဲ့ရသလို အံ့ဩလွန်းလို့ ပါးစပ်ကလေး ခပ်ဟဟ ဖြစ်သွားရသေးသည်။

စာစာက ဗိုက်ပြဲသနာလည်း အလိုလို ပျောက်သွားရပြီဖြစ်သည်။

အား ...

လှလိုက်တာလေး ...

ဒီနယ် ဒီဒေသတွေမှာ ဒီလောက် စက်စက်ယိုအောင်လှလွန်းသည့် မိန်းမချောလေး ရှိခဲ့တာ သူ အံ့ဩလွန်းလို့ ရင်တွေတောင် ဖိန့်တိန့်တိန့် ခုန်မြည်လှုပ်ရှားသွားသယောင်ယောင်ကလေး ဖြစ်သွားရသည်။

www.burmeseclassic.com



ဟား ...

ငါ ဘာဖြစ်တာလဲ။

ငါ ဘာဖြစ်သွားတာလဲ။

နေ့ရှိသရွေ့ အချောအလှတွေကို အမြဲတမ်း မြင်နေရသည့် ဒေသိရ ကိုယ့်ကိုယ်ကိုယ်တောင် ဟက်ခနဲ ရယ်ပစ်လိုက်ချင်သေးသည်။

မြင့်မြင့်ချင်း ဒီကောင်မလေးကို စိတ်ဝင်စားတာ။

အင်း ...

မင်းသမီးလေး တင်မြှောက်ချင်စိတ်ကြောင့်လား။

"ဟ ... လူကြီး၊ မေးနေတာ မကြားဘူးလား၊ အမယ်လေး ဗျာ၊ လူကို ကုလားကျောက်ကြည့်ကြီး ကြည့်နေလိုက်တာ၊ ကျွန်မ သိပ်ချောလို့လား"

အဟား ...

အလာကြီးပါလား။

ခြင်းခတ်နေရာကနေ ဘယ်အချိန်က ဘယ်လို သူ့အရှေ့ကို ရောက်လာမှန်းမသိသည့် ငနဲမလေးကို သူ ရှုတည့်တည့် စိုက်ကြည့်ပြီး အိုက်တင်ခံလိုက်သည်။

ဟွန်း ... သူမလေးက သူမကိုယ်သူမ သိပ်ချောတယ် ဆိုပြီး ...

Style အပြည့်နဲ့ မေးကလေးဆတ်ပြီး မင်းသမီး အိုက်တင်နဲ့ မေးနေလိုက်တာ။





မျက်နှာလေးက နုဖပ်နေပေမဲ့ အရပ်ကြီးကတော့ အတော်ရှည်တာပဲ။

အွန်း ...

ကောင်မလေးရဲ့ အသက်က ဆယ့်ငါး ဆယ့်ခြောက်ပေါ့။ သူ့ထက် ဆယ်နှစ်လောက် ငယ်ပုံရမဲ့ မိန်းမချောလေးကို သူ ခပ်တည်တည်ကြီး စိုက်ကြည့်နေခဲ့မိပေမဲ့ ရင်ထဲမှာတော့ ကျေနပ်ကြည်နူးစိတ်တွေဖြင့် တိုးဖွဖွကြီး ကျိတ်ချီးကျူးနေခဲ့မိသည်။

"ဒီလိုနေရာမျိုးမှာ ဒီလောက်ချောတဲ့ သဘာဝချောကလေး ကိုယ် အခုမှပဲ မျက်ဝါးထင်ထင် မြင်တွေ့ဖူးခဲ့တယ် ကလေးရယ်"

လို့ သူ ရင်ထဲက ဆိုညည်းလိုက်မိသည်။

"ဟာ ... ဘာကြီးလဲ၊ လူကို အခုထိ ပြုံးကြည့်နေတုန်း၊ ဘာကိစ္စရှိလို့ ကျွန်မတို့ခြံထဲ ဝင်လာတာလဲလို့ မေးနေတာကိုကွာ၊ မပြောဘူး၊ ကေ့နဲ့ စကားမပြောတတ်တဲ့ ခပ်ဒူဒူ လူနဲ့တူတယ်"

"ဟာ"

အင်း ... ကိုယ်က ညဲ့သည်။

စိတ်မထင်တိုင်း ပြန်ဟောက်ရင်ဖြင့် သူ လက်ထရိန်တက်ခွင့်ရမှာ မဟုတ်တော့။

တော်တော်အပေါက်ဆိုးတဲ့ ဟာမလေး။

www.burmeseclassic.com



ကျွတ် ... ကျွတ် ... အရေးထဲ ဝမ်းနာလာပြန်ပြီ။

ဒေသိရ မျက်စိမျက်နှာ ပျက်သွားရပြီး ကောင်မလေးကို ပြောရမှာ အားနာသလို ရှက်သလိုလိုနှင့် ရှက်ကိုးရှက်ကန်းကြီး ဆံပင်တွေကို ကုတ်ဖွပစ်လိုက်ပြန်သည်။

"ဟာ ... ဘာဖြစ်နေတာလဲ၊ ဟောလူရ ... ခင်ဗျား ကျွန်မတို့ခြံထဲ ဘာအကြံနဲ့ အသံမပေး ဘာမပေး ဝင်လာတာလဲ"

"ဟာ ... ဒုက္ခပဲကွာ၊ လူကိုစွပ်စွဲလာပြန်ပြီ၊ ဟိုမှာ ခြံရှေ့မှာ ရပ်ထားတာ အဲဒါ ကိုယ့်ကား၊ ကိုယ် ... ဟဲ ဟဲ ... လက်ထရိန် ... လက်ထရိန် ဘယ်နားမှာလဲဟင် ကလေး"

"ဟွန်း ... ဘာ"

"ဩော် ... ဟော် ... လက်ထရိန်ကို မသိဘူးလား"

"မသိဘဲနေမလားဗျ၊ လာပြန်ပြီ၊ ခပ်ကြောင်ကြောင်ပဲ"

အင်း ...

ဒုက္ခ ...

ဒေသိရ ကောင်မလေးကို မျက်ခုံးကြီးပင့်ပြီး မခံချိမခံသာ စိုက်ကြည့်လိုက်မိသည်။

"ဘာလဲဟေ့ မှုံး"

မှုံး ဆိုပါလား။

အင်း ... နာမည်လေးနဲ့ လူလေးနဲ့ လိုက်ပါ့။

ဒါပေမဲ့ ပါးစပ်ပေါက်ကလေးကတော့ ချဉ်တူးလန်အောင်ကို စွာလွန်းလှသည်။





မိစ္ဆာတေးလေး။

"ဟေ ... ဘာမှမဟုတ်ဘူး၊ ဒီမှာ Tourist ညည့်သည်၊ ဝမ်းနာ ပန်းနာ ရင်ကျပ်ဖြစ်လို့၊ ဒုက္ခအကျိုးဆောင်ပေးလိုက်ဦးမယ်၊ ပြီးတော့မှ ဆက်ကစားမယ် ဖိုးဆေး၊ ငါ့ကိုခဏစောင့်"

အမယ်လေး ...

တောသူမလေးက စကားကလည်းတတ်သေး။

ဘာပဲဖြစ်ဖြစ် သူ့ကို လက်ထရိန်လိုက်ပို့ပေးသည့်အတွက် ကျေးဇူးတင်ရသေးသည်။

"ကျေးဇူးပဲနော် ကလေး"

"မလိုပါဘူးဗျာ၊ ဒုက္ခသုက္ခရောက်နေတဲ့သူကို ကယ်တင်ရမှာ မြန်မာလူမျိုးတို့ ထုံးစံပဲ"

"ဟင် ... ကလေးက မြန်မာလူမျိုးလား"

"ဟာ ... ဘာကြီးလဲ၊ ခင်ဗျားက လာရစ်တာလား"

"မဟုတ်ဘူး အတည်မေးတာ၊ ကလေးရုပ်ကလေးက ကိုရီးယားသူလေးနဲ့တူလို့ ကိုရီးယားမှာမွေးပြီး မြန်မာပြည်လာနေတာလားလို့"

"သေလိုက်ဗျာ၊ သေလိုက်"

ကောင်မလေးက ရှေ့ကနေ ဆတ်တောက် ဆတ်တောက်နှင့် လက်ထရိန်ရှိရာကို ဦးဆောင်သွားနေလေသည်။

ဒေသိရကတော့ ...

www.burmeseclassic.com



အလွန်ပင် ကြည့်ကောင်းလှသည့် ကိုယ်လုံးသွယ်သွယ် ရှည်ရှည်ကလေးကို စတိုင်မိမိ ဂျင်းဘောင်းဘီရှည်လေးနှင့် စပို့ရှပ်အနီလက်တိုကလေး တွဲဝတ်ထားသည့် ဘိုဆန်လွန်းသည့် ကောင်မလေးကို ပြုံးပြုံးကြီး ကြည့်လိုက်မိသည်။

ဆံပင်ကလေးက အဖြောင့်ဆွဲထားပြီး အိအိကလေး ကုပ်သားလေးပေါ်မှာ ဝဲနေပြီး နီညိုရောင်သမ်းနေလို့ သကြြန်မှာ ဆေးတင်ထားတာပဲဆိုတာ သူ သဘောကျစွာ သုံးသပ်လိုက်မိသေးသည်။

အင်း ... တောသူလို့ မထင်ရက်စရာ။

တကယ့်အလှစစ်ကလေးပဲ။

ဒါလေးက သူ့ကို ဒါရိုက်တာ ဒေသိရမှန်း မသိသေးလို့။

သိများသိရင်ဖြင့် ဘယ်လောက် ပျာပျာသလဲ ဧည့်ခံကြိုဆိုလိုက်မလဲ။

"အဟွန်း ... ရဲ့ ကလေး၊ ကိုယ် လွတ်လွတ်လပ်လပ် သွားချင်လို့ ဒီနားမှာ မနေပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

မျက်နှာပျက်ပျက်နှင့် သူ ပြောလိုက်မိတော့ ကောင်မလေးက သူ့မျက်လုံးတည့်တည့်ကို အကဲခတ် စိုက်ကြည့်နေပြီး ခေါင်းတညိတ်ညိတ် လုပ်လိုက်လေသည်။

သူ့အရှေ့က ကွယ်ရပ်ထားတာလေးကိုတော့ နည်းနည်းမှမရွှေ့။





ဟား ... ဒုက္ခပါပဲ။

အခုမှ လက်ထရိန်တွေ့ကာမှ ဝမ်းထဲက ကျွက်ကျွက်ညံနေရပြီဖြစ်သည်။

ဒေသိရ မျက်နှာကြီးတစ်ပြင်လုံး ရဲရဲနီမြန်းလာကာ ကြက်သီးတွေ တဖြန်းဖြန်း ဖိန့်တက်လာရသည်။

အရှေ့က အခုထိ မဖယ်သေးသည့် ကောင်မလေးကိုလည်း စိတ်တိုသွားရသည်။

"ဟော့ ... အရှေ့က ဖယ်ပေးတော့ဆိုကွာ"

မနည်းချော့ပြီး ပြောလိုက်တာတောင် ကောင်မလေးက သူ့ကို မယုံသင်္ကာ မျက်လုံးညိုကြီးတွေဖြင့် စိုက်ကြည့်ပြီး နှုတ်ခမ်းလေးတစ်ချက် မဲ့ပစ်လိုက်သေးသည်။

"ခင်ဗျား အိမ်သာထဲ မဝင်ခင် ခင်ဗျားတစ်ကိုယ်လုံးကို စစ်ဆေးဦးမယ်၊ မှန်း ... ခင်ဗျားအင်္ကျီပြ၊ အင်္ကျီထဲမှာ ဘာတွေထည့်ထားသလဲဆိုတာ ကြည့်ရမယ်၊ ခုခေတ်က လူတစ်ယောက် ရုပ်ကလေး သနားကမားရှိတာနဲ့ ယုံလို့ရတာ မဟုတ်ဘူး"

"ဟား ... ဒုက္ခတော့ ပတ်ပြီကွာ၊ ဘာမှမရှိဘူး၊ ရော့ ... ရော့ကွာ၊ ငါ အင်္ကျီချွတ်ပေးမယ်၊ သွား ... ဟိုပန်းခြံထိပ်က စောင့်နေ၊ ပြီးတော့မှ မယုံရင် ကိုယ်ထွက်လာတဲ့အိမ်သာထဲကို ဝင်ကြည့်၊ မစင်ရှင်ဆက်ဆေး"

www.burmeseclassic.com



ဒေသီရ ကောင်မလေးကို စိတ်ရှုပ်ရှုပ်နဲ့ သူဝတ်ထားသည့် စပို့ရှပ်အင်္ကျီကြီးကို ချွတ်ပေးရင်း သူကတော့ ခွပ်ကျယ်လက်ပြတ်ကလေးနှင့် ရေအိမ်ထဲကို အပြေးဝင်လိုက်ရတော့သည်။

ဟား ...

ဘယ်လိုဟာမလေးမှန်းလဲ မသိ။

အမယ်လေး ... အခုထိလည်း အိမ်သာရှေ့က မခွာသေး။

ဒုက္ခ ... မဟာဒုက္ခ။

"ဟော့ ... သွားပါတော့ ဒီရှေ့ကနေ အမြန်သွားပါတော့။ မကျေနပ်ရင် ပြီးတော့မှ ဒီကိုလာကြည့်ဆိုကွာ"

ဒေသီရ အိမ်သာထဲကနေ အော်ငေါက်လိုက်တော့မှ ကောင်မလေးက သူ့ဘက်ကို မျက်နှာမူပြီး မျက်စောင်းနက်နက်ကလေးထိုးကာ ချာခနဲ လှည့်ထွက်သွားပါတော့သည်။

ဟား ...

အခုမှပဲ ရင်ထဲက အပူလုံးကြီး ကျသွားတော့တယ်။

အင်း ...

ခရီးသွားရင်း နောက် ဒီဒုက္ခမျိုး မကြုံပါရစေနဲ့တော့။

ဒေသီရ မထင်မှတ်ဘဲ ဒီလို ခပ်ဆိုးဆိုး ခပ်ချောချောကောင်မလေးနှင့် ပတွေ့နတွေ့ တွေ့လိုက်ရတာ ...

သူ ကံဆိုးတာလား။

သူမကလေး ကံကောင်းတာလား မသိ။





ဒေသီရ ရင်ထဲမှာတော့ ဒီကောင်မလေးကို တကယ်ကိုပင် အမှတ်ရသွားခဲ့သလို ရင်ခုန်ယစ်မူးသွားခဲ့ရပြီ ဆိုတာကိုလည်း တစ်ခါတည်းနှင့် ဝန်ခံလိုက်မိပါတော့သည်။

ဘာဖြစ်သလဲ၊ သူ့စိတ်ထဲမှာရှိတဲ့ အရာကို ဆွိသိတာမှတ်လို့။

ဆွိရယ် ... ကိုကို့ကို ခွင့်လွှတ်နားလည်ပေးပါတော့ကွာ။

❖

www.burmeseclassic.com



## ၄

ရန်ကုန်ကို ပြန်ရောက်တော့ ...

ထင်သည့်အတိုင်းပင် ဆွိရဲ့နှိပ်စက်မှုတွေကို သူ တော်တော်ဒဏ်ခံလိုက်ရသည်။

"ကိုကို အဲဒီလို ဆွိကို အလေးမထားတာ ဆွိ သိပ်မုန်းတယ်၊ အဲဒါ ဆွိကိုတန်ဖိုးမထားတာ၊ ဆွိ ... ဆွိ အရမ်း စိတ်နာတယ် သိလား"

ဆွိက ...

ပြောလည်းပြော သူ့ရင်ဘတ်ကြီးကို တဘုန်းဘုန်း ထုလိုက် ရိုက်လိုက်လုပ်ပြီး ငိုနေတာမို့ သူ ဘယ်လိုမှ အသာ လက်ပိုက်ကြည့်ပြီး မနေနိုင်တော့ဘဲ ဆွိ ကိုယ်လုံးလေးကို ရင်ခွင် ထဲဆွဲသွင်းပွေ့ဖက်ကာ ခပ်တိုးတိုးလေး ချော့လိုက်ရပါတော့သည်။

"ညီမကလည်းကွာ၊ ကိုကိုက ညည်း ခရီးပန်းမှာစိုးလို့ ပြီးတော့ ပြင်ဦးလွင် ရာသီဥတုက အေးတယ်၊ အရမ်းအေး



တယ်ဆိုတော့ ညီမ ဖျားမှာနာမှာစိုးလို့ ကိုကို မခေါ်တာပါ ညီမရယ်၊ ဘယ်လိုမှ မထင်နဲ့နော်"

ပြောကာမှ ...

ချော့ကာမှ ...

ငိုချင်ရက်လက်တို့ ဖြစ်သွားပုံရသည့် ဆွိက သူ့ရင် ခွင်ထဲမှာ မျက်နှာလေးအပ်ချပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့ သည်။

အား ...

ဒုက္ခပါပဲကွာ ...

ဒီမှာ ခရီးပန်း စိတ်ပန်း လူပန်း ဖြစ်လာရတဲ့အထဲ။

သူ့ကို အရေးထဲ ချော့ရ မော့ရ မြှူရ ကလူရနှင့်။

ဟား ... မောလိုက်တာကွာ။

ဒေသီရ။

ရင်ထဲမှာ ဘယ်လိုမှ ကြည်လင်နွေးထွေးမှု မရှိတော့။

ရင်ခွင်ထဲက ချစ်သူလေးကိုလည်း နွေးထွေးသည့် ကြင်နာခြင်းတွေ နှစ်လိုခြင်းတွေ မရှိခဲ့။

အခုမှ ခရီးသွားရင်း အမှတ်တရ ဖြစ်ခဲ့ရသည်။

တောသူမလေးနဲ့တွေ့မှ ဒီခံစားချက်မျိုးကို ဒေသီရ ခံစားခဲ့ရတာ မဟုတ်။

ဟိုးအရင်ကတည်းက ...

ဆွိအပေါ် အနှစ်မပါခဲ့တာဖြစ်သည်။

www.burmeseclassic.com



ဆွိကို ညီမလေးတစ်ယောက်လို ကြင်နာခဲ့သည့် ကြင်နာခြင်းတွေကလွဲပြီး သူ ဒီထက်မပိုခဲ့တာ ကိုယ်စောင့်နတ်အသိဆုံး။

"မငိုပါနဲ့တော့ ဆွိရယ်၊ ကိုကိုလည်း ဆွိ ငိုတာမြင်တော့ စိတ်တွေ မွန်းကျပ်လှပြီကွာ၊ ဆွိလေးလည်း ပင်ပန်းတယ်နော်၊ မငိုတော့နဲ့ တိတ် ... တိတ်"

"အဟင်း ... ရပါတယ် ကိုကို၊ နောက်တစ်ခါ ဆွိ မှတ်လောက်သားလောက် အမှတ်ရသွားပါပြီ၊ ကိုကိုသွားတဲ့ ခရီးလမ်းကြောင်းမှန်သမျှ ဘယ်တော့မှ လိုက်ဖို့မပြောတော့ပါဘူး၊ ပြောခဲ့မိတဲ့ ဆွိပါးစပ်ကိုလည်း အပ်နဲ့ထိုးပစ်ချင်တဲ့အထိ နာကြည်းမိတယ်"

ဆွိ ဘယ်လိုပြောပြော ...

ဘာပဲလုပ်လုပ် သူ ခေါင်းငုံ့သည်းခံလိုက်သည်။

မျက်စိကြီးကို စိတ်မောလူမော တအားဖိမှိတ်ပြီး နှုတ်ခမ်းနှစ်မြွာကို တင်းတင်းစေ့ကြိတ်ထားလိုက်သည်။

"ဟား"

မွန်းကျပ်လိုက်တာကွာ။

တကယ်အနစ်မပါဘဲ ချစ်သူတော်ထားခဲ့ရတာ ဘယ်လိုကြည်နူးသာယာ ရင်ခုန်မှန်းလည်းမသိ။

ရင်ထဲမှာ နင်ဆိုဆို့ကြီး ဖြစ်နေသည်။





စိတ်ညစ်လှပါသည် ဆိုကာမှ လွန်ခဲ့တဲ့ တစ်လလောက်က ခရီးသွားရင်း တွေ့ခဲ့ရသည့် ခွကျကျ ကောင်မလေး မျက်နှာလေးက စိတ်အပန်းကြီးစွာ မှိတ်မှိန်းနေသည့် သူ့မျက်ဝန်းအစုံထဲသို့ လင်းခနဲ လက်ခနဲ တိုးဝင်ရောက်လာပြန်သည်။

ခြေသလုံးဝင်းဝင်းကလေးတွေ ပေါ်အောင် ဂျင်းဘောင်းဘီရှည်လေးကို ခေါက်တင်ကာ ယောက်ျားလေးတစ်ယောက်နှင့် ရင်ဘောင်တန်းပြီး ခြင်းခတ်နေခဲ့သည့် တောကလုံမေ လှသွေးကြွယ်ကလေးကိုပဲ သူ တမ်းတမ်းတတကြီး နှလုံးသားက ခံစားရှူသွင်းခဲ့သည်။

စားလည်း မှုံး။

သောက်လည်း မှုံး။

ရေအိမ်တက်ရင်တော့ ပိုပြီးသတိရ အမှတ်ရခဲ့ရပြီပေါ့။

ရေအိမ်တက်တုန်းက အဖြစ်အပျက်ကလေးက သူ့ကို ပိုပြီးအမှတ်ရကာ ရင်ဖိုနွေးထွေးစေခဲ့သည်။

သူ့ကို မယုံသင်္ကာကြည့်သည်။

မိန်းကလေးကို ...

သူ စပို့ရှပ်အင်္ကျီကြီးချွတ်ပြီး ခါပြလိုက်တော့မှ ခပ်ရှန်းရှန်းလေး အကြည့်လွှဲပြီး ဘာပြောရမှန်းမသိ၊ အကြံအိုက်ရှက်အားပိုသွားခဲ့သည့် ကောင်မလေးရဲ့ အမူကလေးကို တစိမ့်စိမ့် မြင်ယောင်ကြည်နူးရင်း သူ အမောဆို့လာရသည်။

www.burmeseclassic.com



ရိုက်ကွင်းမှာ သူ ကောင်မလေးကို တမ်းတမ်းတတ သတိရပြီး ဖုန်းဆက်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့သေးသည်။

သူမလေးဆီက ဖုန်းနံပါတ်ကလေးကို တောင်းခဲ့တာတော့ မဟုတ်။

သူ ကားပေါ်ရောက်ပြီးမှ ကောင်မလေးရဲ့အကြည့်နွေးလေးတွေကို အရမ်းခိုက်သွားရကာ လမ်းအဲထွက်နေရာမှာ ကားအရှေ့ကဖြတ်သွားခဲ့သည့် အသက်လေးဆယ်ကျော် ငါးဆယ်လောက်ရှိသည့် လူကြီးကို ဒီရွာရဲ့ဖုန်းနံပါတ်ကလေးကို တောင်းယူထားခဲ့တာဖြစ်သည်။

ပြီးတော့ မှုံးကိုလည်း နာမည်အရင်းသိအောင် မေးထားခဲ့သည်။

ရွှေမှုံးမံ ...

ဆိုတဲ့ မှုံးရဲ့နာမည်လေးရယ်၊ မှုံးရဲ့အမူအယာကြွယ်ကြွယ် အလှသွေးတွေရယ်၊ ဂျစ်တူးလန်အောင် စွာလွန်းတဲ့ နှုတ်ခမ်းတစ်စုံရယ်ကို အမှတ်ရပြီး သူ နောက်တစ်ကြိမ် ရူးသွပ်စွာ သူမလေးကို တွေ့ပစ်ဖို့ နှလုံးသားက မှုံးတို့ရွာရဲ့ဈေးဆိုင်ဖုန်းနံပါတ်ကလေးကို ယူပြီးတောင်းယူလိုက်မိသည့်အဖြစ်။

အင်း ...

အချစ် ...

အချစ် ...





မြင်မြင်ချင်းလည်း နှလုံးသားက နွေးထွေးရင်ခုန်ခဲ့ရတာပါလားဆိုတာ ကိုယ် အခု လက်တွေ့ယုံလိုက်ပြီ ကလေး။

ဒါပေမဲ့ကွာ ...

အခုလို ချစ်သူလေး သူ့ရင်ခွင်ထဲမှ ခေါင်းကလေးဖက်ပြီး ငိုနေပြန်တော့လည်း မစိမ်းကားရက်ပြန်ဘူး။

ညီမလေးတစ်ယောက် အစ်ကို့ကို ငွဲ့ဆိုး့ဆိုးနေသည့် အမူအရာလေးကို မြင်ယောင်ကြည့်ရင်း ဆွိကို သနားကြင်နာစွာဖြင့် တစိမ့်စိမ့် စီးကျနေသည့် ဆွိမျက်ရည်တွေကို ဖွဖွလေးသုတ်ပေးလိုက်တော့သည်။

"တိတ်ပါကွ- ဆွိကလည်း၊ ကိုကိုက ဆွိကို စိုးရိမ်လို့မခေါ် ..."

"မပြောနဲ့ ... မပြောနဲ့၊ ဒီတစ်ခါ ကိုကို့လုပ်ရပ်တွေကို အမုန်းဆုံးပဲ၊ လုံးဝမုန်းတယ် သိလား"

လုပ်ပြန်ပြီကွာ။

ဒီတစ်ကျော့ကတော့ ...

သူ့နှာထင်မွေးကို ဆွဲနုတ်လိုက်တာပင်။

"အား ... ညီမ မလုပ်နဲ့ကွာ၊ နာတယ် ... ဟ"

"ဟာ ... ဟော့ သမီးဆိုးကလေး၊ ဒေသီကို နှိပ်စက်ပြီလား"

"ဟား ... အန်ကယ်၊ ဆွိက တကယ်ဆိုးတယ်ဗျာ"

ဒေသီရ ...

www.burmeseclassic.com



ရှက်မျက်နှာရဲရဲကြီးနှင့် တဟားဟားရယ်ရင်း ဖခင်ဖြစ်သူရှေ့မှာမို့ သူ တော်တော်မျက်နှာပူခဲ့ရပါသည်။

သူကသာ ...

မျက်နှာပူခဲ့ရပေမဲ့ ...

သားအဖနှစ်ယောက်ကတော့ ဘာမှမဖြစ်ကြသည့်အိုက်တင်တွေနှင့်။

အင်း ...

ဟုတ်တာပေါ့။

သူ့သမီးက သူ့ကို အနိုင်ယူနေခဲ့တာကြီးကိုး။

သဘောကျ ကျေနပ်မှာပေါ့။

ပြုံးတုံ့တုံ့ မျက်နှာကြီးဖြင့် သူ့ကိုစိုက်ကြည့်ပြီး သမီးလုပ်သူ ဆံပင်ကလေးကိုလည်း ပွတ်သပ်ကျီစယ်ရင်း ...

"အဟား ဟား ... ငါ့သမီးလေးကတော့ကွာ၊ ကလေးမဟုတ်သူငယ်မဟုတ်၊ သမီး အသက်မငယ်တော့ဘူးနော်၊ နှစ်ဆယ့်သုံးနှစ်ရှိပြီ၊ သမီးကိုကိုက အလိုလိုက်ပေမဲ့ ဒက်ဒီက ကြည့်ရတာ ခွင်မတွေ့ဘူး"

"ဒက်ဒီလူ လုပ်တာကရော ပုံစံကျလို့လား၊ ဆွိကိုစရီးသွားတိုင်း ခေါ်ခေါ်မသွားတာ ဆွိ အရမ်းအသည်းယားတယ်၊ ဟင်း ဟင်း ... ဘယ်ဟုတ်မလဲ၊ ဟိုမှာ ထင်တိုင်းမကဲရမှာစိုးလို့"

"ဟာ ... ဒုက္ခပဲ"





"မဟုတ်လို့လား၊ ဟင်း ... ကြည့်နေတာကို အကောင်းထင်မနေနဲ့၊ ဒီတစ်ခါတော့ ဆွိက သည်းမခံတော့ဘူး၊ မင်းသမီးသစ်ကလေးတွေနဲ့ ပရောပရီနေနေတာ ဆွိမသိဘူး အောက်မေ့နေလား၊ ဒီတစ်ခါ လက်ပူးလက်ကျပ်မိလို့ကတော့ အသိပဲ"

"ဟာ ... ဒုက္ခတော့ ပတ်ပြီ၊ မဟုတ်တာတွေ လျှောက်ဖွတယ်"

"ဘာလဲ ... ဘာလိမ်ဦးမလို့လဲ"

"ဟာ ... ဒုက္ခပါပဲ၊ အဲဒီလိုတော့ ကိုယ့်သိက္ခာကိုမချပါနဲ့ကွာ၊ Media ထဲ ဒီစကားကြီး ရောက်သွားရင် ဒါရိုက်တာဒေသိရ ဟား ... အရှက်ကွဲ"

"အဲဒီလို အရှက်ကွဲအောင်ကို တစ်နေ့ လုပ်ဦးမှာ"

"ဟာ ... ပြောလေ ဆိုးလေပါလားကွာ"

ဒေသိရ ကိုယ့်နဖူးကိုယ် ဖတ်ခနဲရိုက်ပစ်ရင်း ဆိုဖာကြီးကို ခပ်လျှောလျှောကြီး ပစ်မှီချလိုက်မိသည်။

ဟား ... ဒုက္ခတော့ လှလှတွေ့ပါပြီ။

အခုမှ ဒေသိရ အဖြစ်က ...

ကျော့ကွင်းထဲ ဝင်မိတဲ့ သမင်တစ်ကောင်ဖြစ်ခဲ့ရပါပြီ။

သူ ကောင်းကောင်းကြီး ချွေးပြန်နေတာကို သမီးဖြစ်သူရဲ့အဖေကလည်း ကြည့်မွေ့ကျေနပ်နေလိုက်တာ။

www.burmeseclassic.com



သူ့သမီး ဘာပြောပြော ...

ဟုတ်တာ မဟုတ်တာ အသာထား။

ပြန်မဖြေရှင်းနဲ့ ...

ခေါင်းငုံ့သာခံပေါ့။

ဟား ... ဒုက္ခ ... ဒီဒုက္ခကြီးက ဘယ်တော့မှလွတ်မြောက်ခွင့် ရပါ့မလဲ။

လွတ်မြောက်ချင်ပါတယ်။

ကိုယ်စောင့်နတ်မင်းရယ်။

"ကဲ ... သမီး၊ ညည်း ဒီလောက် ဒေသိအပေါ် စိတ်မချဖြစ်ပြီး သဝန်တိုနေရင် ဒီနှစ်မကုန်ခင် သမီးတို့နှစ်ယောက် လက်ထပ်လိုက်ကြတော့"

ဟင် ...

ကြားလိုက်ရသည့် အန်ကယ့်စကားကြီးက သူ့နှလုံးသား တစ်ခုလုံးကို ဖိန့်ဖိန့်တုန် ကြက်သီးမြမြ ထသွားရလေတော့သည်။

ရင်အုံတစ်ခုလုံးလည်း ...

ထူထူပိန်းပိန်းကြီး ဖြစ်သွားရသည်။

မဖြစ်နိုင်၊ ဘယ်လိုမှ မဖြစ်နိုင်။

သူ ...

ဒီကောင်မလေးကို တစ်သက်လုံး လက်တွဲဖော်လုပ်ဖို့ သူ့နှလုံးသားက မလိုအပ်။





သူ့ဘာသာ ဘယ်လောက်ချမ်းသာ ချမ်းသာ သူ ဆွိကို နှလုံးသားထဲကကို တကယ်မလိုအပ်ခဲ့ပါ။

သူ့နှလုံးသားမှာ လိုအပ်သည့် သူလေးကတော့ ...

မျက်လုံးဝိုင်းဝိုင်းကြီးတွေနှင့် သူ့ကို မယုံသင်္ကာခဲ့သည့် ချာတိတ်မ ချောချောကလေး။

"ဘယ့်နှယ်လဲကွ ဒေသိ၊ အန်ကယ် စီစဉ်လိုက်ရမလား"

"ဟင်"

ဟား ... သူ အကျပ်ရိုက်သွားရပါပြီ။

အန်ကယ်က သူ့ကို အတည်မေးလာပြီ။

သူ ဘာပြောရမလဲ။

ဘယ်လိုငြင်းချက်မျိုး ထုတ်ရပါ့မလဲ။

အကြံအိုက်နေတာတွေကို မျိုသိပ်ခြင်း အတတ်ပညာနှင့် မျိုသိပ်ထိန်းချုပ်ပြီး ဆွိကို ကြည့်လိုက်မိတော့ ဆွိကမျက်လုံးရီရီကလေးဖြင့် သူ့ကို ခပ်စွေစွေကလေး စိုက်ကြည့်နေသဖြင့် သူ ဘာပြောရမှန်းမသိအောင် အမောဖောက်သွားရလေသည်။

ဟား ... ငါ ... ငါ ဘာပြောရမလဲ။

တစ်ခုခု ဖြေရှင်းချက် ပေးလိုက်ပါတော့။

ဆွိကတော့ သူမဒက်ဒီ ဒီလထဲ ကောက်စီစဉ်တောင် သဘောကျ ကျေနပ်သူပင်။

သူ့မှာသာ ...

"ဟင် ... ဒေသိ၊ ဘာတွေ စဉ်းစားနေတာလဲကွ"

www.burmeseclassic.com



သူ့ရွှေးမှုဟန်ကြီးဖြင့် သမက်လောင်း တိတ်ဆိတ်ငြိမ်ကျသွားပုံကို အထာပေါက်သွားသလို အောင့်သည်းအောင့်သက်ကြီး ပိတ်ပေါက်လိုက်တော့ သူက ကိုယ်နေဟန်ကြီးကိုပြင်ရင်း ရင်ထဲက မချိပြုံးကြီး မပေါ်အောင် ပြုံးလိုက်မိပါသည်။

"အဟွန်း"

"ကဲ ... ပြော၊ သမီးကရော ဘယ်ပုံစံကြိုက်သလဲ"

သမီးရဲ့ထောက်ခံမှုကိုလည်း အလိမ္မာဖြင့် ဆွဲယူလိုက်ပြန်သည်။

"ဒက်ဒီသဘောပေါ့"

ဟား ... တတ်လိုက်ကြတဲ့ သားအဖတွေ။

သူ့ကိုများ အရုပ်ကလေးတစ်ရုပ်များ အောက်မေ့နေသလား။

ဒါမှမဟုတ် ...

သူတို့က သူ့ကို ပါသေးပါမွှားကောင်၊ ဘာဂရုစိုက်စရာရှိလဲ၊ ငါနဲ့ ပတ်သက်လို့ ဒီလောက် အရောင်ပြောင်တာဆိုပြီး သူ့ကို အရေးမစိုက်တာလားမသိ။

သူကတော့ ...

ဒီသားအဖ အတ္တကြီးပုံကြီးကို ဆလံပါပဲ။

"ဒေသိ ဒါဆို အန်ကယ်တို့ ဒီနှစ်ကုန်ရင် မင်းတို့မင်္ဂလာပွဲကို စီစဉ်လိုက်တာ ကောင်းမယ်ထင်တယ်၊ မင်းမိဘတွေနဲ့ တိုင်ပင်လိုက်ဦးမယ်၊ ဟုတ်ပြီလား"



"ဟို ... အန်ကယ်၊ ကျွန်တော်က အခုမှ နာမည်ကြီးတာ သုံးနှစ်လောက် ရှိသေးတယ်၊ ဟိုသင်း ... မင်္ဂလာချက်ချင်းကြီးဆောင်လိုက်ရအောင် ..."

"ဟာ ... ဘာဆိုင်လဲကွ၊ မင်းက ဒါရိုက်တာပဲ၊ မင်းသားမှ မဟုတ်တာ၊ နာမည်ကြီးခါစ မိန်းမ မယူရဘူးလို့ ဘယ်သူပြောသလဲ၊ ဘာမှမဖြစ်ဘူး၊ နာမည်ကျဖို့ မင်း မစဉ်းစားနဲ့၊ ငါ့ကုမ္ပဏီနှစ်ခုနဲ့တင် မင်း ဦးနှောက်ပြားအောင် အလုပ်လုပ်ရမယ်"

အပြောတွေကလည်း ပီပါ့ဗျာ။

ကျွန်တော် ဘယ်လို ငြင်းချက် ဖြေရှင်းချက် ထုတ်ရပါ့မလဲ။

ရင်ထဲမှာ မောလျှနာကျင်နေသလို မျက်ဆံနက်နက်ကောင်မလေးကိုလည်း သတိရနေခဲ့မိသည်။

ဒါပေမဲ့ ...

သူက ဟန်မပျက် ပန်မပျက် ပြုံးပြုံးမျက်နှာထားကြီးဖြင့်ပင် ဆွိကို မျက်ခုံးပင့်ကြည့်ပြီး အကြည်ဆိုက်ဟန်ဆောင်လိုက်သေးသည်။

ဒီအမူတွေကို အန်ကယ်လည်း တွေ့မြင်သွားပြီး မျက်နှာကြီး တစ်ဘက်လှည့်ကာ သဘောတော် ကျသွားပါသည်။

ဟား ... အန်ကယ် သူ့ကို အတော့်ကို သမက်တော်ချင်တာပဲ။

www.burmeseclassic.com



သူလို ရှီးသားကြိုးစားပြီး အောင်မြင်မှုရနေသည့် သမက်မျိုးကို ပိုက်ဆံများများစားစားမရှိရင် နေပါစေ။

ငွေလုံးငွေရင်းကြီးကြီးဖြင့် သူ့လုပ်ငန်းကြီးတွေကို ဦးစီးခေါင်းဆောင်လုပ်ဖို့ ရွေးချယ်တင်မြှောက်လိုက်လေပြီဖြစ်သည်။

အင်း ...

ပရိယာယ်တော့ ဆင်ထားမှ ...

တန်ရုံကျလိမ့်မည်။

"အန်ကယ်"

"ဟ ... ကောင်ရ၊ ဘာဖြစ်နေတာလဲကွ၊ မင်း ..."

"မဟုတ်ဘူး၊ ကျွန်တော် ပြောတာက နာမည်ကျတာ မကျတာ ပြောတာမဟုတ်ဘူး၊ ကျွန်တော့်မှာ ပိုက်ဆံပေါပေါများများ မရှိသေးဘူး၊ ရှိတဲ့ပိုက်ဆံလေးကလည်း ကားတစ်စီး ဝယ်လိုက်လို့ လျော့သွားပြီ လက်ထဲမှာ"

"ဟာ ... ပိုက်ဆံများ ထည့်စကားပြောလို့၊ မင်္ဂလာကိစ္စငါတာဝန်ထား"

"ဟို ... အန်ကယ်ရယ်၊ ကျွန်တော် အားနာတယ်ဗျာ"

"အမယ်လေး ... သူရှိလာမဲ့ ပိုက်ဆံကို ထိုင်စောင့်လို့ကတော့ အိုပဲအိုမယ်"

ဟော ...

ရှက်လည်း မရှက်ပါဘူး။





ဒီစကားကြီး ပြောထွက်ရဲသည့် ဆွိကိုလည်း သူဘယ်လိုကြီး ခံစားလိုက်ရမှန်း မသိသည့် မျက်လုံးကြီးတွေနှင့် ခပ်ဆိတ်ဆိတ်ကြီး စိုက်ကြည့်လိုက်မိတော့သည်။

ရင်ထဲမှာတော့ ...

ဘာမှ ဖြေရှင်းစရာ မရှိတော့လို့ ပူလောင်နွေးကျိန်းသွားခဲ့ရပါပြီ။

အခုမှပဲ ကိုယ့်အတတ်နဲ့ကိုယ် စူးရသည့်ဘဝ။

ဆွိကို နယ်ကားရိုက် ခေါ်သွားခဲ့ရင် သူ ဒီလိုဦးနှောက်ပြားအောင် ခေါင်းခြောက်ရမှာမဟုတ်။

အခုတော့ ...

သားအဖနှစ်ယောက်က အတိုင်အဖောက်ညီစွာဖြင့် သူ့ကို သူတို့လက်ခုပ်ထဲကရေလို ကျင့်သုံးလိုက်လေပြီဖြစ်သည်။

"အေး ... အေး ... တိုင်တိုင်ပင်ပင် လုပ်ကြတာပေါ့ကွာ၊ မင်းလည်း မင်းမိဘတွေနဲ့ တိုင်ပင်လိုက်ဦး၊ ဟုတ်ပြီလား ဒေသီ"

"ဟုတ်ကဲ့"

ဒေသီရ ...

ဒါပဲ ပြောနိုင်ပါတော့သည်။

သူတို့အရှေ့မှ ပြောပြောဆိုဆို ထထွက်သွားသည့် အန်ကယ့်နောက်ကျောပြင်ကြီးကို ငေးကြည့်ရင်း သူ့မှာဆွိကို အီလည်လည်ကြီး ပြုံးပြလိုက်ရတော့သည်။

www.burmeseclassic.com



ဆွိကတော့ ...

သူ့ရင်ထဲက ခံစားသက်ဝင်မှုမရှိလှသည့် အပြုံးတွေကို "ငရဲပန်းကို ရွှေပန်း"ထင်ပြီး ပြုံးပျော်ကျေနပ်စွာဖြင့် သူ့ပခုံးကြီးပေါ် ခေါင်းကလေး မှေးတင်ရင်း သူ့ကိုယ်လုံးကြီးကို ခပ်နွေးနွေးလေး သိမ်းဖက်ထားတာလေးကို သူ သနားကြင်နာခဲ့မိပေမဲ့ ဆွိကို တစ်သက်လုံး ချစ်နိုင်ဖို့ဆိုတာ စိတ်ကူးထဲမှာတောင် မျှော်ကြည့်လို့ မရခဲ့သေးပါလေ။

ဘယ်လိုဆုံးဖြတ်ရပါ့မလဲ။

အင်း ... ဒီနှစ်ကုန်ဖို့ လေးလလောက်တောင် လိုပါသေးတယ်။

ဂုလေးရယ် ... ကိုယ်တော့ မင်းကို မြင်မြင်ချင်း စိတ်ဝင်စား နှစ်သက်သွားပြီ ဖြစ်တဲ့အတွက် ဆွိနဲ့လက်ထပ်ရရေးကို ခေါင်းပြားအောင် စဉ်းစားရဦးမယ်။

ကိုယ့်ရင်ထဲမှာ ကလေးရှိတဲ့ အချိန်ကစပြီး ဆွိက ကိုယ့်နှလုံးသားရဲ့ဆုံချက် ဖြစ်လာဖို့ဆိုတာ သိပ်မလွယ်ကူလှတော့ပါဘူး။

ကိုယ့်ကိုလည်း ခွင့်လွှတ်ပါ ဆွိရယ်။

ကိုယ် ဘယ်လိုဆုံးဖြတ်ရမယ်မှန်း မသိရသေးပေမဲ့ ဆွိကို ကိုယ် ညီမလေးတစ်ယောက်ထက် ပိုမချစ်နိုင်ခဲ့တာဟာ ကိုယ်ညံ့ဖျင်းခဲ့တာပါ။

ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ပါတယ်။





ဒေသိရ ဆွိတို့အိမ်ကနေ ပြန်လာပြီး အိမ်ခန်းထဲ တန်းဝင်ကာ စိတ်မော လူမောကြီး ခုတင်ပေါ် ပစ်လှဲချလိုက်တော့သည်။

ဒီညတစ်ညလုံး သူ ဘယ်လိုမှ အိပ်မပျော်တော့။

မှုံးဆိုသည့် ... :

နတ်မိမယ်လေးကိုပဲ တမ်းတနေခဲ့မိသည်။

သူမလေးဆီ တစ်ကျော့ပြန်ဖို့ကိုပဲ အာရုံနှစ်ထားလိုက်သည်။

ဆွိတို့သားအဖ ပြောတာတွေကိုတော့ သူ ဖေဖေတို့ကို လုံးဝဖွင့်မပြောဖြစ်ခဲ့ချေ။

ဖွင့်ပြောလိုက်ရင် သူ့ဦးနှောက် ဒီထက်နောက်ပြီး ပျက်တောင်သွားနိုင်သည်။

သိန်းသောင်းချီ ချမ်းသာလွန်းသည့် ရုပ်ရှင် ဗီဒီယိုကုမ္ပဏီတွေပိုင်သည့် ကုမ္ပဏီပိုင်ရှင်သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီးလေးကို သားဖြစ်သူ ရယူပိုင်ဆိုင် လက်ထပ်ရမှာကိုသာ ဖေဖေနှင့်မေမေသာသိရင် ...

အခုလတွင်းချင်း မင်္ဂလာစကား ပြောတော့မှာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီစကားတွေကို ဖေဖေတို့ သိမထားဆိုက်သေးဘူးလို့ သူ ခံယူပြီး တမင်ဖွင့်မပြောခဲ့တာပဲဖြစ်သည်။

www.burmeseclassic.com



တကယ်တမ်း ရင်ဆိုင်ရမဲ့ ရှေ့ရေးကိုတွေးပြီး သူ့ရင်ထဲမှာ ...

ရင်ကျွမ်းနေခဲ့ရပြီ ဆိုတာကိုတော့ သူ တစ်ယောက်ပဲ ခံစားသိရှိခဲ့ရသည်။





## ၅

"မှူးရေ ... ရန်ကုန်က ဖုန်းလာတယ်"

"ဟင်"

ကြားလိုက်ရသည့် စကားတွေက မှူး ရင်ကလေး သိမ့်သိမ့်ကလေး နွေးမြတုန်ယင်သွားရလေသည်။

ခေါင်းရင်းခြံက လှမ်းအော်လိုက်သည့် အသံကလေးကိုလည်း ဘယ်လိုကျေးဇူးတင်မှန်း မသိအောင် ဝမ်းသာလုံးဆို့တက်သွားရသည်။

ဒါပေမဲ့ သွက်သွက်ကလေးပင် ...

"လာပြီ ... မှူး အခုပဲ လာခဲ့မယ်"

"ဘယ်ကဖုန်းမို့လို့လဲ"

မှူး ပျာပျာသလဲ ဆတ်စလူးခါသွားခဲ့တာကိုကြည့်ပြီး ဘွားက ကုလားထိုင်ကြီးမှာ ပုတီးစိပ်နေရာကနေ မယုံသင်္ကာဖြင့် မေးလာခဲ့လေသည်။

www.burmeseclassic.com



အင်း ...

ဘွားကို အမှန်အတိုင်းပြောလို့ မဖြစ်။

မော်ဒယ်သင်တန်းတက်ဖို့ကို ရန်ကုန်က သူငယ်ချင်း အသိနှင့် တိတ်တဆိတ် မှူး ဆက်သွယ်ခဲ့တာတွေကို ဘွားကိုအသိ ပေးလိုက်ရင်ဖြင့် ဘွား ရင်ဘတ်စည်တီး ဖြစ်ဦးမည်။

ကျောင်းကိစ္စနှင့် ပတ်သက်ပြီး ဘွားကိုပတ်ဖို့ဆုံး ဖြတ်လိုက်သည်။

"ရန်ကုန်မှာ ကျောင်းတက်ဖို့ကိစ္စပါ ဘွား။ သူငယ်ချင်းက မှူးအမှတ်က စီးပွားရေးမီတော့ ရန်ကုန် စီးပွားရေးတက္ကသိုလ် မှာတက်ဖို့ အဲဒါ အကြောင်းကြားတာနေမယ်"

"အေး ... ကောင်းသားပဲ၊ ဘွားလည်း မြေးလေးကို စီးပွား ရေးတက္ကသိုလ်ပဲ တက်စေချင်တာ၊ ကောင်းတယ်၊ ကောင်း တယ်၊ သွား ... အမြန်သွားတော့လေ၊ ဟိုက ဖုန်းစောင့် နေတာ ကြာပြီ"

ချက်ချင်းလက်ငင်းကြီးပင် ...

ဘွားအသံကြီး ကြည်လင်ရွှင်မြူးသွားတာကြီးကို မှူးက ပခုံးကလေး အသာယိုပြီး ရယ်ချင်သည့် နှုတ်ခမ်းသားလေး တွေကို တင်းစေ့စေ့လေးကြိတ်ရင်း ...

"ဟုတ်ကဲ့ ဘွား၊ ဒါဆို မှူး သွားလိုက်ဦးမယ်နော်"

"အေး အေး ... ဆိုင်မှာလည်း အကြာကြီး ထိုင်မနေနဲ့ဦး၊ ဘွားလည်း သိချင်တယ်၊ ပြောပြီးပြီးချင်း ပြန်လာခဲ့ မြေး"





"ဟုတ်"

မှူး စိတ်လွတ်ကိုယ်လွတ်ကလေးဖြင့် ခေါင်းရင်းခြံ ကို ပြေးထွက်လာခဲ့တော့သည်။

ခေါင်းရင်းအိမ်ကိုရောက်တော့ ဆိုင်ထဲတန်းဝင်သွား ပြီး ...

"အစ်မ ဖုန်းလာတယ်ဆို"

"အေး အေး ... သိပ်မကြာခင် သူ ဖုန်းခေါ်လိမ့်မယ်"

"ဟင် ... ဘယ်သူလဲ"

"မသိဘူး၊ အမျိုးသားတစ်ယောက် အသံပဲ"

"အမျိုးသား"

မှူးက မျက်လုံးကလေး အဝိုင်းသားဖြင့် သံယောင် လိုက်လိုက်ပါသည်။

မှူး ဆက်သွယ်ထားတာက သူငယ်ချင်း မိန်းကလေး ရယ်ပါ။

အင်း ...

အခု ဘယ်ကဘယ်လို အမျိုးသား ဖြစ်လာရပါလိမ့်။

ရင်ထဲမှာ ...

ဘယ်လိုမှ စဉ်းစားလို့မရအောင်ကို မှူး မျက်တောင် ရှည်ကလေးတွေခင်းချ ငြိမ်သက်စဉ်းစားလိုက်သည်။

"နာမည်တော့ မပြောဘူး၊ မှူးရဲ့မိတ်ဆွေတဲ့"

"သြော် ... ဟုတ်မယ်၊ အဟင်း ... မှူးအသိပဲ နေမှာပေါ့"

www.burmeseclassic.com



မှုံးက ယောင်နနကလေး ပြုံးလိုက်ရသည်။

ရင်ထဲမှာတော့ ကတုန်ကယင်ကြီး ဖြစ်နေသည်။

ဘယ်ကလူလဲ ...။

တစ်ခါမှ မှုံး ဒီလိုမျိုး မကြုံဖူးခဲ့သလို စိတ်ထဲမှာလည်း ထွေပါးဝေဝါး မဖြစ်ခဲ့ဘူးရျေ။

အင်း ... ဘယ်သူပါလိမ့်။

ဆက်လာရင်တော့ သိရမှာပဲ။

"တူ ... တူ ... တူ"

ဟော ...

ဖုန်းမြည်လာပါပြီ။

ဒါ မှုံးရဲ့ဖုန်းပဲ နေပါမည်။

မှုံး ဖုန်းကလေးကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပြီး နှုတ်ခမ်းကလေးကို စိတ်လှုပ်ရှားသလိုကလေး လျှာဖြင့်သိမ်းရင်း ဘောဘီဝဲယားကို အကဲခတ်လိုက်သည်။

အင်း ... ဘယ်သူမှမရှိ။

သူ့အလုပ်နဲ့သူ အလုပ်ရှုပ်နေကြသည့် နေရာကလေးကို ကျောခိုင်းပြီး မှုံး တစ်ဖက်က ဖုန်းဆက်လာသူ အမျိုးသားကို အသံပြု နှုတ်ဆက်လိုက်ရပါတော့သည်။

"ဟယ်လို ... မှုံး ပြောနေပါတယ်"

"ဟော် ... မှုံး၊ ကလေးလား"

"ဟမ်"





ကလေးလားဆိုတဲ့ စကားလုံး အသုံးကြီးက မှုံးရင်တစ်ခုလုံးကို သိမ့်ခနဲ နိမ့်ခနဲ ထုံကျင်နွေးဖျသွားသည်အထိ မှုံးရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်ကျင်တက်သွားရကာ ဘာပြန်ပြောရမှန်းမသိအောင် စိတ်တွေလှုပ်ရှားသွားရပါတော့သည်။

မြတ်စွာဘုရား ...

ဒီ ... ဒီအသံ ... ဒီအသုံး ... သုံးခဲ့တဲ့ လူကြီးက ...

ဟား ...

လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က မှုံးတို့အိမ်ထဲ ကမန်းကတန်း ပြေးဝင်ပြီး ဒုက္ခသုက္ခရောက်လာခဲ့ရသည့်လူများလား။

ဒီလူတစ်ယောက်ပဲ မှုံးကို ကလေးလို့ခေါ်တာ။

အို ... ဒီလူကြီးကလည်း ဘယ်ကဘယ်လို ဒီဖုန်းနံပါတ်ကို သိသွားပြီး မှုံးကို ချက်ချင်းကြီး ဆက်သွယ်လာခဲ့ရတာလဲ။

အိုး ... မြတ်စွာဘုရား ...

မှုံး ရင်ခုန်လိုက်တာ။

"ကလေး"

လှိုက်ယင်နွေးထွေးသည့် အသံပိုင်ရှင်ဟာ ဩဇာသံလွှမ်းနေသလို ကရုဏာသံကြီးလည်း လွှမ်းမိုးနေသဖြင့် မှုံး ရင်ကလေးတွေ တသိမ့်သိမ့်ခုန်မြည်သွားရကာ အသံကလေးကို အနည်းငယ် တိုးပစ်လိုက်ပြီး ...

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ"

"ကလေး ကိုယ့်ကို မှတ်မိပါတယ်"

"မဟုတ်ဘူး၊ နာမည်ကို မေးနေတာဗျ၊ ဘယ်သူလဲ"

မှုံး စိတ်မရှည်တော့ဘဲ တစ်ဖက်ကလူကို ပိတ်ဟောက်ပစ်လိုက်တော့သည်။

မှုံး ပိတ်ဟောက်လိုက်တော့မှ တစ်ဖက်က အသံက တိတ်ကျသွားပြီး အတန်ကြာမှ ...

"မင်း နောက်တော့ သိရမှာပေါ့ ကလေးရယ်"

"ဒီမှာ မှုံး ဖုန်းချပစ်လိုက်မှာနော်"

"အဲဒီလိုလုပ်ရင် မင်းပဲ စိတ်အနှောင့်အယှက် ဖြစ်မှာပေါ့၊ လုပ်ကြည့်လိုက်လေ၊ ကိုယ် တစ်နေ့လုံး ဖုန်းအခေါ်နဲ့ မခေါ် စောင့်ကြည့်လိုက်"

"ဟာကွာ၊ ဘယ်လိုလူစားနဲ့ လာတိုးရတာလဲ၊ ဒုက္ခတော့ လှလှတွေ့ပြီ"

ရင်ထဲက လူကြီးကို မှုံး ဘာရယ်မဟုတ် ဆိုညည်းလိုက်မိသည်။

"ဒုက္ခဆိုတာ လှတယ်လား ကလေး"

အောင်မယ် ... လူကြီးက အလာကြီး။

အသံအရှိန်ကတော့ လူကြီးလူကောင်းယောင်ယောင် ဘာယောင်ယောင်ရယ်ပါ။





ဘာဖြစ်လို့ နောက်ဆံငင်ပြီး မှုံးတို့ ခေါင်းရင်းအိမ်က ဆိုင်ဖုန်းကိုတောင်းပြီး မှုံးကို ပြန်ဆက်တယ် ဆိုတာကိုပဲ စဉ်းစားမရ ဖြစ်ခဲ့ရတာ။

အဟင်း ... ကုမ္ပဏီသူဌေးမင်းကြီး ထောက ကညာပျို ချောကလေးကို "တော်"ကောက်ချင်ပြီ ထင်ပါရဲ့။

အဟင်း ... ဟင်း။

ဒီအတွေးလေးတွေက မှုံး ပခုံးသားလေးကို စုံပစ် တွန့်လိုက်မိသည်အထိ မှုံး စိတ်လွတ်ကိုယ်လွတ်ကြီး ခံစားလိုက်ရသည်။

"ဟင် ... ကလေး"

ဟာ ...

လာပြီဗျာ။

ဒုက္ခပဲ။

အသံက ကြည်သလို ဩသလို ညုသလိုကြီး ပြောလာခဲ့တာမို့ ဘာအတွေ့အကြုံမှ မရှိသေးသည့် မှုံး ခြေဖျားလက်ဖျားလေးတွေ အေးစက်ကျင်ခဲသွားရသည်အထိ မှုံး တစ်ကိုယ်လုံး ဖိန့်ဖိန့်ကျင်တက်သွားရလေတော့သည်။

မျက်လွှာကလေးကိုလည်း ရင်ခုန်ကြည်မွေ့သွားသလို အလိုလိုကလေး စင်းချလိုက်မိကာ ပါးစပ်ထဲတွေ့ရာတွေ လျှောက်ပြောလိုက်မိတော့သည်။

"ဘာလဲဗျာ၊ ခင်ဗျားကလည်း"

www.burmeseclassic.com



"ဒုက္ခဆိုတာ လှတယ်လားဟင်"

"အင်း ... လှတယ်"

"ဟုတ်တယ်၊ လှတယ်နော်၊ အခု ကိုယ်လည်း ဒုက္ခလှလှကြီး တွေ့နေရလို့ ကိုယ် ဘယ်လိုမှ မခံစားနိုင်လို့ ကလေးကို ဖုန်းဆက် ရင်ဖွင့်လိုက်တာ"

"ဘာဒုက္ခတွေ့နေရလို့လဲ၊ ခင်ဗျားက ဝမ်းနာ ပန်းနာဒုက္ခလား"

ရေအိမ်ပြဿနာကြီးကို တွေးမိပြီး မှူး နွေးမြမြက လေးပြုံးရင်း ထိုလူကြီးကို ဖုန်းထဲကနေ ပိတ်လှောင်ပစ်လိုက်သည်။

အင်း ... လူကြီးရုပ်ကတော့ ရှယ်ပဲ။

မျက်လုံးမျက်ခုံးကောင်းကောင်း လေးထောင့်မကျတကျ ယောကျ်ားပီပီ ချောမောလှသည့် လူကြီးမျက်နှာက လူတော်လူကောင်းတစ်ယောက်ဖြစ်မှန်း မှူး မြင်တာနဲ့ ရိပ်မိပါသည်။

အကဲခတ်လို့ ရခဲ့ပါသည်။

အင်း ... ဘာဖြစ်လို့များ လမ်းသွားလမ်းလာသွားရင်း ဒုက္ခရောက်လို့ ရေအိမ်ဝင်တက်ရသည့်အိမ်က သူ့မဆိုကို တစ်ကျော့ပြန်ချင်ခဲ့ရတယ် ဆိုတာကိုပဲ မှူး မရှင်းမလင်း ဇဝေဇဝါ ဖြစ်ခဲ့ရတာပင်။

မှူး ဘာစကားမှ ဆက်မဆိုမိသလို သူ့ဘက်ကလည်း အသံကြီး တိတ်ဆိတ်သွားခဲ့ရလေသည်။

"ကလေး"





အွန်း ...

ဒီလူကြီး ဘာဖြစ်နေတာပါလိမ့်။

အသံကြီးက အဆွေးလှိုင်းတွေ ရိုက်ခတ်သွားလိုက်တာ။

အင်း ... ဘယ်လိုများ အဆွေးသောကတွေ သူ့နှလုံးသားထဲ ဝင်ရောက်ခိုအောင်းနေရပါလိမ့်။

ဘာပြောချင်သလဲ ကိုလူချောကြီး။

ကျွန်မ အေးအေးဆေးဆေး ရှင့်ကို ညှော်ထောက်ခံနားထောင်နေပါတယ်ဗျာ။

ခင်ဗျားအသံကြီး ကြားရတာကိုက ကျွန်မရင်ထဲမှာ တကယ် သနားမိတာပါဗျာ။

တကယ်ပါ ...

မညာပါဘူး။

ကျွန်မနှလုံးသားက ယောကျ်ားပျို မည်သူတစ်ဦးတစ်ယောက်ကိုမှ နူးညံ့စိတ်ထားမွေးလို့ မရခဲ့ပါဘူး။

"ကလေး ... ကိုယ်ရေအိမ်တက်တုန်းက ပုံလေးတွေ အခုထိ သတိရသေးတယ်လား"

"သြော် ... ဒါကတော့ အာလာပသလ္လာပပေါ့ရှင်"

"ကိုယ် အခု Suffer ဖြစ်နေတယ်"

"ဟင် ... ဘာကြီးလဲဗျာ၊ ဘာကိုခံစားနေတာလဲ"

www.burmeseclassic.com



မှုံး ဘာကြောင့်များ ထိုလူကြီးကို ဖုန်းမချမိသေးဘဲ နောက်ဆံငင်ပြီး စကားကြောအမျှင်မပြတ်နိုင် ဖြစ်နေရတာပါလိမ့်။

သေချာတာကတော့ ...

မှုံး နလုံးသားထဲမှာ ဒီလူချောကြီးကို ယစ်မူးသာယာ ကြည်နူးရင်ဖိုခဲ့ရတာကိုတော့ ဝန်ခံချင်ပါသည်။

"ဒုက္ခကိုလေ"

"အင် ... ခင်ဗျားဟာကလည်း ချာလည်လည် ကိုမောင်ချစ် မှုံးပြီ"

"ဟုတ်တယ်၊ ကိုယ် အခု ခံစားနေရတာတွေကို ကလေး မသိမမြင်နိုင်တော့၊ ဟာ ... ကိုယ် ကလေးကို ငယ်ငယ် လေးတည်းက ရင်းနှီးပြီးသား သူတစ်ယောက်လို ရင်ဖွင့် လိုက်မိပြီ၊ မခံစားနိုင်လို့"

"အဲဒါ ခင်ဗျား ရူးတာပေါ့"

"ဟုတ်တယ်၊ ကိုယ် ရူးနေတာ။ ကလေးနဲ့တွေ့ပြီးတဲ့နေ့ ကတည်းက ရူးသွားခဲ့တာ"

"စိတ်ကျန်းမာရေးဆေးရုံကို သွားဗျာ"

"ဟင့်အင်း ... အဲဒီကိုတော့ မသွားချင်ဘူး၊ ရွှေမှုံးမံ ဆိုတဲ့ ခြင်းခတ်တော်တဲ့ ချာတိတ်မလေးဆီပဲ သွားချင်တယ်"

အို ...

မှုံး ဘာကြောင့်များ သူ့အပြောတွေကို သာယာ ကြည်နူး ရင်ခုန်သွားတယ်မသိ။





ရှက်သွေးပိုစွာ မျက်လွှာကလေး စင်းချပြီး ပြုံးလိုက်မိသည့် ကိုယ့်ကိုယ်ကိုယ် အရှက်သည်းသွားရလေသည်။

ဟွန်း ... ရှက်လိုက်တာ။

တစ်ဖက်က Tourist ညွှဲ့သည် Story ပေးခဲ့တာတွေကို နားထောင်ကောင်းကောင်းနှင့် နားထောင်နေသည့် မှုံးလည်း အရူးပဲ။

တိုးရစ်လိုပဲ မှုံးရူးနေပြီ။

ကိုလူချောကြီးရယ်။

ရှင် ကျွန်မကို အိပ်မက်တွေ ပေးနေခဲ့တာလားဟင်။

"ဘယ့်နှယ်လဲ ချာတိတ်၊ ကိုယ့်ကို ဘာနဲ့ညွှဲ့ခံမလဲ ပြော"

"ဟာ ... မှုံး ဖုန်းချတော့မယ်"

"မချနဲ့ဦးကွာ၊ မင်း ဖုန်းချသွားရင် ကိုယ် အသည်းချင်း ဝေးသွားသလို ခံစားရတယ်"

"ဟာ ... ဒုက္ခပဲကွာ"

"ဒုက္ခက လုလားဟင်"

ဟာ ... ဒီလူတော့ ကြာရင်ရူးသွားမှာ သေချာပြီ။

အင်း ...

ဖုန်းချပစ်လိုက်တာပဲ ကောင်းပါတယ်။

"ဒီမှာ ကျွန်မကို နောက်တစ်ခါ ဖုန်းမဆက်တော့ပါနဲ့ရှင်၊ တောင်းပန်ပါတယ်၊ ဖုန်းချပြီနော်"

www.burmeseclassic.com



သူနှင့် မိနစ်နှစ်ဆယ်လောက် စကားပြောခဲ့ရပြီမို့ မှုံး ဖုန်းကလေးကို မချချင် ချချင်နှင့် ချလိုက်ရတော့သည်။

အင်း ...

စိတ်ချင်းညှို့ရှိလှချည်လား။

ကိုလူချောကြီးရယ် ...။

မှုံး တစ်ဖက်ကနေ ဖုန်းချလိုက်တာလေးကို ဘယ်လို နှလုံးသားမျိုးနှင့် ခံစားပြီး သူလည်း ဖုန်းပိတ်လိုက်ရမည်မသိ။

အင်း ...

ခက်ပြီကွယ်။

ရှင် ဘာဖြစ်လို့များ ကျွန်မကို တဒင်္ဂလေးတွေ့ပြီး ညှို့ယူဖြားယောင်းချင်ရတာလဲဟင်။

ကျွန်မ ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူး။

စဉ်းစားလို့မရသည့် ဇာတ်လမ်းတစ်ခုကို ဖြတ်ပစ်ပြီး မှုံးကို မျှော်လင့်ကြီးစွာ စောင့်မျှော်နေသည့် ဘွားဆီသို့ ပြန်လာခဲ့ရလေသည်။

ဘွားကိုလည်း ...

မှုံး ဟုတ်ရိုးဟုတ်ဆီ ...

ညာပြောရဦးမည်ဖြစ်သည်။

"ဘယ့်နှယ်လဲ မြေး၊ ကျောင်းကိစ္စ အဆင်ပြေလား"

"ဟုတ် ... အားလုံး အဆင်ပြေတယ် ဘွား၊ မှုံးကအမှတ်ကောင်းတော့ ပိုပြီးအဆင်ပြေတာပေါ့ ဘွားရဲ့"





"အေး ... အေး ... အဆင်ပြေရင် ပြီးတာပဲကွယ်"

ဘွားက ဒီလောက်နဲ့ပဲ စကားအဆုံးသတ်တာမို့ မှုံး စိတ်အေးလက်အေး ဖြစ်သွားရတော့သည်။

ဘွားကိုလည်း အပြုံးချိုချိုကလေးနှင့် နှုတ်ဆက်ပြီး မှုံး အိပ်ခန်းထဲကို ခပ်သွက်သွက်ကလေး လှမ်းဝင်လာခဲ့တော့သည်။

ရင်ထဲမှာတော့ ...

ကိုလူချောကြီးကိုပဲ တမ်းတနေခဲ့မိသည်။

"ကလေး"

လို့ ခေါ်လိုက်သည့် တနင့်တနဲ အသံဩကြီးက မှုံးနှလုံးသားထဲက ဘယ်တော့မှ ထွက်သွားတော့မှာ မဟုတ်ဘူး ဆိုတာကိုတော့ မှုံး ရှက်ရှက်နှင့် ဝန်ခံလိုက်ရပါတော့သည်။

www.burmeseclassic.com



## ၆

တောကလုံမေ ပျိုကညာချောကလေးဆီ ဖုန်းဆက် အလွမ်းဖြေပြီးခဲ့တာ တစ်လလောက် ရှိသွားခဲ့ပါပြီ။

အင်း ...

သူ့ရင်ထဲမှာတော့ ...

မရှင်း။

အရင်လို ဘယ်လိုမှ စိတ်သစ် လူသစ် ခံစားချက်သစ်တွေ ခံစားကျေနပ်လို့ မရခဲ့သလို ရိုက်ကွင်းမှာလည်း အလုပ်ထဲမှာ အာရုံမနှစ်နိုင်လို့ လှစ်ဟာခဲ့ရသည်။

လုပ်ဖော်ကိုင်ဖက် မင်းသားကတောင် သူ့စိတ်တွေ နောက်ကျိရှုပ်ထွေးနေခဲ့ရတာကြီးကို အပျော်လွန်ပြီး အလုပ်အာရုံထဲမှာ မနှစ်ထားသလို ကလိသေး ရှိသေးသည်။

အဲဒီနေ့က သူ ဗီဒီယိုတစ်ကားကို အချိန်အတော်ကြာကြာ ရိုက်လိုက်ရတော့ ...





အချိန်ကုန်သွားသည့် မင်းသားက မအီမလည်သံကြီးဖြင့် ...

"အစ်ကို တစ်ယောက်တော့ နှစ်ကုန်ခါနီးလာလေလေ
အသည်းဖို ရင်ဖို ဖြစ်လာလေ ဖြစ်ပြီနော"

ဟင်း ...

ဒီစကားကြီးကို မင်းသား ပြောလာပုံထောက်တော့ သူနှင့် ဆွိ ဒီနှစ်ကုန်ရင် လက်ထပ်ရမယ်ဆိုတာကြီးကို အတိအကျ သိထားလို့ ပြောလာခဲ့တာပင်ဖြစ်သည်။

ဒီစကားကြီးကို ဆွိပဲ ပြောလိုက်တာလား။

ဒါမှမဟုတ် ...

ဟိုင်းမာစတာကြီးပဲ ပြောလိုက်တာလား။

အင်း ... ဒီပုံအတိုင်းဆို သူနှင့် ဆွိ ဒီနှစ်ကုန်ရင် လက်ထပ်ရမဲ့ကိစ္စကို စာနယ်ဇင်းတွေထဲ သတင်းပျံ့ပြီပေါ့။

အခုမှ မဟာဒုက္ခ။

ဒေသီရ မိဘတွေတောင် ဒေသီရက အခုထိဖွင့်မပြောဖြစ်သေး။ အခု ပြင်ပ အသိုင်းအဝိုင်းနားထဲကို ပေါက်သွားပြီဆိုတော့ ...

ဟား ...

ရှုးသွားတာပဲ ကောင်းပါတယ် ကလေးရယ်။

ဒေသီရ ခေါင်းကြီးတစ်ခုလုံး ထူပိန်းကာ ရင်ထဲမှာ ငိုကြွေးလိုက်မိပါသည်။

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို ရင်ထဲက နှစ်နှစ်ကာကာ မချစ်ခဲ့မိပါဘဲ လက်ထပ်ရမဲ့ အဖြစ်ကြီးက အတွေးကြီးနဲ့တင် ရူးချင်သွားရသည်။

မဖြစ်နိုင်ပါဘူး ...

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

ဒေသိရ တစ်ယောက်တည်း ရင်ထဲကနေ အကြိတ်အနယ် ငြင်းဆိုချက်ကြီး ထုတ်ခဲ့မိပေမဲ့ တကယ်တမ်း လက်တွေ့ရင်ဆိုင်ရသည့်ဘဝမှာတော့ "တုံးအောက်ကဖားကြီး" ဖြစ်ခဲ့ရလေတော့သည်။

အဲဒီနေ့က ရိုက်ကွင်းမှာ သူနှင့်ဆွိ တစ်ယောက်တစ်ပြန် စကားများဖြစ်ခဲ့ကြသေးသည်။

"ဆွိ ကိုယ်တို့ ဒီနှစ်ကုန် လက်ထပ်ကြမဲ့သတင်းကို မင်းသားသစ်ကလေးတောင် သိနေပြီ၊ အဲဒါ ဘယ်သူပြောတာလဲ ဆွိလား"

"ဟွန်း ... ဘာဖြစ်လို့လဲ၊ မင်္ဂလာသတင်းပဲ သိတော့ဘာဖြစ်လဲ"

"ဟာ ... အာ ... မဟုတ်ဘူးလေကွာ၊ လိုသေးတာပဲ၊ နှစ်ကုန်ဖို့ လေးလအတိုင်းအတာလောက် လိုသေးတော့ ဒီအသိုင်းအဝိုင်းထဲ ဒီသတင်းတွေ မပေါက်စေချင်ဘူး၊ ကိုယ်တောင် ကိုယ့်မိဘတွေကို အခုထိဖွင့်မပြောသေးဘူး"





"ကိုကို ဖွင့်မပြောသေးပေမဲ့ ဆွိတော့ ကိုကို့မိဘတွေကို ဖွင့်ပြောပြီးပြီ၊ ကိုကို့မိဘတွေက သားတော်မောင် ကိုယ်စား ဂုဏ်ယူကျေနပ်လိုက်ကြတာ ကိုကိုရယ်"

"ဟင်း"

ဒေသိရ တစ်ယောက် ဘာမှဆက်မပြောနိုင်တော့ဘဲ ဆေးဆိုးပန်းရိုက် မျက်နှာနုနုလေးကို မကြည်မဖြူ စိုက်ကြည့်ရင်း ရင်မောသည့် သက်ပြင်းမောကြီးကို ကျိတ်ချလိုက်ရပါတော့သည်။

အင်း ... ဆွိလေးကလည်း အကင်းပါးစွာဖြင့် သူ့မျက်စိမျက်နှာ ပျက်သွားပုံကြီးကို အရသာခံပြီး ခပ်မှေးမှေးလေး စိုက်ကြည့်ရင်း မြို့မြို့လေးပြုံးကာ သူ့ရင်ခွင်ကြီးထဲမှာ ခေါင်းကလေး မှေးတင်လိုက်လေသည်။

ရင်မခုန်ပါဘူးကွာ။

မင်းဘာသာ ငါ့ရင်ခွင်ထဲ ခေါင်းဝင်ရုံမကလို့ ငါ့မေးစေ့အောက်ပဲ ခေါင်းတိုးဝင်ဝင် ငါ ရင်မခုန်ဘူး ဆွိ။

"ဘာလဲ ... ကိုကိုက ဆွိပြောလိုက်လို့ မကျေနပ်ဘူးတဲ့လား"

အသံစွာစွာလေးနှင့် ရန်တွေ့လာသည့် ချစ်သူလေး အသံကို ကြားရပြန်တော့လည်း ဒေသိရမှာ ငိုရခက်ခက် ရယ်ရခက်ခက်ကြီးဖြင့် ချစ်သူလေးကို ချော့မော့နှစ်သိမ့်လိုက်ရပြန်တော့သည်။

www.burmeseclassic.com



ငယ်ငယ်လေးကတည်းက အတူတွဲလာခဲ့သည့် ငယ်သံယောဇဉ်ဖြင့် တွယ်တာခဲ့သည့် ချစ်ညီမလေးကို အစ်ကိုကြီးက ချော့မော့နှစ်သိမ့်သည့် လေသံနွေးနွေးကြီးဖြင့် ဆွိ ကျောပြင်ကလေးကို ခပ်ဖွဖွလေး ပွေ့ဖက်နှစ်သိမ့်လိုက်ရပါတော့သည်။

ဒီတစ်ကြိမ်မှာလည်း ဒါရိုက်တာဒေသိရကြီးတစ်ယောက် ရှုံးခဲ့ရပြန်ပြီပေါ့။

"ကိုကို မကျေနပ်လို့ ပြောနေတာ မဟုတ်ဘူး ညီမ၊ ကိုကိုက ညီမသိက္ခာကိုငဲ့တာ၊ လက်မထပ်ရသေးဘူး နာမည်ကြီးက ထွက်နေတော့ ညီမက မိန်းကလေး၊ ဒီလောကသားတွေက နဂိုတည်းက မှန်ပြောင်းနဲ့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ရှာကြည့်နေတာ၊ မဟုတ်မဟတ်တွေ နာမည်ထွက်မှာစိုးလို့ ကိုကိုက ပြောတာ"

"ဟွန်း ... ဘာဖြစ်လဲ၊ လက်ထပ်ရမဲ့ ချစ်သူတွေပဲ၊ သူတို့ ကိုကို့ကို စိတ်ဝင်စားလို့ ပြောတာပဲ၊ ဘာဖြစ်သလဲ၊ ပြီးတော့ ဆွိဆိုတာကလည်း နာမည်ကြီးမင်းသမီး မဟုတ်ပေမဲ့ Producer သမီး၊ ဒါရိုက်တာဒေသိရရဲ့ချစ်သူဆိုတာ အားလုံးအသိပဲ၊ သူတို့စိတ်ဝင်စားတာ သူတို့ပြောတာ ပြောချင်ရင် ပြောစမ်းပါစေ၊ ဆွိက ဂုဏ်တောင်ယူသေး"

ဟာ ... ပြောခဲ့မိကာမှ ...

မဟာဒုက္ခကြီးပတ်ပြီ။





အင်း ... ဆွိကတော့ ဘာနာမည် ဘယ်လိုထွက်ထွက် သူ့ကို အသေရရ အရှင်ရရ ဖြစ်နေရပြီဖြစ်သည်။

ဒေသိရ တစ်ယောက်မှာဖြင့်သာ တောက မဒီကညာ စကားလုံးသွက်ကလေးတွေပြောပြီး ဘောက်ဆတ်ဆတ် ခွကျလှတဲ့ အသံကလေးနှင့် ဖျော့ဖျော့လေး လှစ်ခနဲ ချွေတာပြုံးကလေးပြုံးပြခဲ့သည့် ရိုးသားဖြူစင်သူကလေးကိုပဲ သူ့နှလုံးသားဟောင်းကြီးက လိုလိုလားလား တောင့်တခဲ့မိတာ။

ရှေ့ဖြစ်လာမဲ့ကံကို စိန်ခေါ်ချင်နေတာလား ဒေသိရ ရယ်လို့ပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင် ကြိမ်းမောင်းလိုက်မိပါတော့သည်။

ဘာပဲဖြစ်ဖြစ် ...

ဒေသိရကတော့ စိတ်ရဲ့လိုအင်ဆန္ဒကြီးကို ကောင်းကောင်းကြီး အသုံးချလိုက်မိရလေပြီဖြစ်သည်။

ကလေးရယ် ...

ကိုယ် မင်းကို ဘယ်လိုမှ မမေ့နိုင်ခဲ့လို့ ကိုယ့်တစ်ဘဝလုံးက ပြဿနာတစ်သောင်းခြောက်ထောင်နဲ့ မင်းဆီကို ကိုယ်အရောက်လာခဲ့ဖို့ ဆုံးဖြတ်လိုက်မိပြီကွာ။

www.burmeseclassic.com



# ၇

"မှုံးရေ အိမ်ရှေ့မှာညှိုသည်"

"ဟင်"

ညှို့သည်ဆိုသည့် အသံကြားတာနဲ့တင် မှုံး ရင်တစ်ခုလုံး ဖိန့်ဖိန့်တုန်သွားရလေပြီ။

မျက်လုံးနက်ကြောင်ကြောင်လေးဖြင့် ဆွမ်းကျွေးသွားခါနီးဆဲဆဲ ဘွားကို စူးစမ်းအကဲခတ်သည့် မျက်ဝန်းကလေးဖြင့် မသိမသာကလေးကြည့်ပြီး ညှို့သည်ကို ကြည့်လိုက်တော့ ...

"အို"

ထင်သည့်အတိုင်းပါလား။

Mark II ကားနက်ကလေးပေါ်မှ စတိုင်အပြည့်ဖြင့် ခပ်သွက်သွက်ကြီး ဆင်းလာခဲ့သည့်၊ မှုံးကို Story ပေးခဲ့သည့် လူသားကို မှုံး အံ့ဩမယုံကြည်နိုင်သည့် မျက်လုံးအဝိုင်းသားဖြင့် အပေါ်ကနေ ကတုန်ကယင်ကြီး လှစ်ခနဲ ခိုးပြီးချောင်းကြည့်နေသည့် အချိန်မှာပဲ ...





"မှုံးရေ ... သမီး၊ ညှို့သည် လာတယ်"

မြေးဖြစ်သူ အလုပကေးမလေး မှုံးဆီကို လာသည့် ညှို့သည်က ကားနဲ့ဘာနဲ့ဆိုတော့ ဘွားအသံကြီးက သိပ်ပြီးအဖုအထစ်မပါဘဲ ကြည်မွေ့နေတာ။ မှုံး လျှာကလေးထုတ်ပြီး ရင်ခုန်သလိုကလေး ဇက်ကလေး ပုလိုက်မိသေးသည်။

"အဟင်း ... ဟင်း"

ဆယ်ကျော်သက်ပီပီ ရှက်ပြုံးတွေကလည်း အရယ်အဖြစ် ဝင်စွက်သွားခဲ့ရသေးသည်။

အိုး ...

ဒီလူချောကြီး လိုက်လာပြီ ဆိုရင်ဖြင့် ...

အား ...

သူ ဘာကိုအလိုရှိလို့ ဒီကို တစ်ကျော့ပြန်ခဲ့ရတာပါလိမ့်။

ခက်လိုက်တာ။

ဘယ်လိုတွေးရမှန်းတောင် မသိ။

မှုံး တစ်ယောက်တည်း ဒီလူချောကြီး ကိုယ်နဲ့ပတ်သက်ပြီး ရောက်လာရသည့်အဖြစ်ကြီးကို ရှက်သွေးပို ရင်ခုန်ကြည်နူးစွာဖြင့် အိမ်ရှေ့ဆီသို့ ခြေတစ်လှမ်းစာတောင် တိုးမသွားရဲခဲ့ဘဲ ခြေဖဝါးသားလေးတွေတောင် တဆတ်ဆတ် တုန်ယင်လာခဲ့သည်။

ရင်တွေခုန်တာကတော့ ပေါက်ထွက်မတတ်ပါဘဲ။

www.burmeseclassic.com



နှလုံးသားနေရာတည့်တည့်ဆီမှ တဆူဆူ တငြိမ့်ငြိမ့် လှုပ်ခတ်နေတာကြီးကို မှုံး တကယ်ရှက်ပါသည်။

“အိမ်ပေါ်မှာ ဘွားမြေးက၊ အင်း ... သားက ဘယ်ကလဲ ကွယ်၊ ဘွား တစ်ခါမှ မမြင်ဘူးလို့ မေးတာနော်”

“ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်က ရန်ကုန်ကပါ၊ မှုံးနဲ့သိတာ သိပ်မကြာသေးပါဘူးဘွား၊ ဘွားက မှုံးရဲ့ဘွားလားဟင်”

“အေး ... အေး၊ ဘွားလည်း ဟိုဘက်လမ်းက ဆွမ်းကျွေး ကလေး သွားစရာရှိလို့ နောက်နှစ်နာရီလောက်မှ ပြန်လာ မယ်၊ မြေးမလေးနဲ့ပဲ အရင်စကားပြောနှင့်ကြပေါ့ကွယ်”

“ဟုတ်ကဲ့ ဘွား၊ မှုံး ရှိတယ်မဟုတ်လား”

“ရှိတယ် ... ရှိတယ် အိမ်ပေါ်မှာ၊ မှုံးရေ ... ဧည့်သည်ကို အိမ်ပေါ်ခေါ်လိုက်ဦးလေ”

အခုထိ အိမ်ရှေ့ကို ပြူတစ်တောင် ထွက်လာဖော် မရသေးသည့် မှုံးကဖြင့် သူ ရောက်လာတာကို ခိုးကြည့်ပေါက် ကလေးကနေ တွေ့နှင့်ပြီးပြီမို့ ရင်တုန်ပန်းတုန် အူတုန်အသည်း တုန် ကြောက်လန့်နေခဲ့ပြီလားမသိ။

“ဟုတ် ... ဘွား၊ လာပါပြီ”

ဆိုသည့် အသံကလေးက အတွေးကလေးတောင် မဆုံးသေး။

အသံကြည်ကြည်ကလေးနှင့် လှေကားပေါ်ကနေ တဒုန်းဒုန်း ဆင်းလာသည့် ခြေသံကလေးကို သူ မော့အကြည့် ...





ရင်ထဲက အမောတွေ လျှော့ခနဲ ပြေကျသွားရပါ တော့သည်။ ဒေသီရရဲ့ အချစ်မျက်ဝန်းညိုကြီးတွေက မှုံးရဲ့နုနု ဖတ်ဖတ် မျက်နှာလှလှကလေးဆီ နွေးခနဲ လှမ်းအကြည့် နှုတ် ခမ်းချိုချိုတစ်စုံကလည်း လှစ်ခနဲ ပြုံးမိရက်သား ဖြစ်သွားရသည်။

“မှုံး ... နေကောင်းတယ်နော်”

“ဟုတ်ကဲ့ ကောင်းပါတယ်၊ မှုံးဆီကို အလည်လာတာလား ဟင်”

“အေး ... လမ်းကြုံလို့ ဝင်ခဲ့တာ”

ဘွားက ဆွမ်းကျွေးသွားရမဲ့ဆဲဆဲကြီးမို့ မှုံးနဲ့ဧည့် သည် ကိုလူချောကြီးကို အကဲခတ်ရှုစမ်းရင်း မှုံးမျက်နှာရိပ်မျက် နှာကဲကို အကဲခတ်နေတာမို့ မှုံးမနေတတ်သလိုကလေး ခေါင်း လေးငုံ့ချပစ်လိုက်မိကာ ...

“ဘွား ... သူက မှုံးရဲ့အသိမိတ်ဆွေပါ၊ **Gentleman** တစ် ယောက်ပါ ဘွား၊ ဘွား ဆွမ်းကျွေးသွားမှာ မဟုတ်လား၊ ပြန်လာတော့မှ စကားပြောကြတာပေါ့၊ ခင်ဗျားလည်းချက် ချင်းကြီး မပြန်သေးဘူး မဟုတ်လား”

“ဟာ ... မပြန်သေးပါဘူး၊ ဘွား ဆွမ်းကျွေးက ပြန်လာ တဲ့အထိ ကျွန်တော် စောင့်နေမယ်နော် ဘွား”

“ဩော် ... အေး ... အေး၊ ဒါဆိုလည်း ဘွား သွားလိုက် ဦးမယ်၊ မြေးရယ် ... ဧည့်သည်ကို ကော်ဖီလေး ဘာလေး တိုက်လိုက်ပါဦး”

www.burmeseclassic.com



အခုမှပဲ အဘွားဖြစ်သူက စိတ်ချလက်ချ မျက်လုံးကြီးတွေဖြင့် သူ့ကို တစ်ချက်ပြုံးပြပြီး သူနှင့် မှူးကို ကျောခိုင်းသွားပါတော့သည်။

အင်း ...

တောကအဘွားကြီးဆိုပြီး ရှိုးစမိုးမကျဘူးလို့ မထင်လိုက်နဲ့။

တကယ့်ကို အမိုက်စား။

ပိုက်ဆံအိတ် ရွှေအိုရောင်ကြီးကို ချိုင်းကြားညှပ်ပြီး လက်မပြားလောက်ရှိသည့် ဆွဲကြိုးကြီးကို ပုလဲသီးကွမ်းသီးလောက် လည်မှာဆွဲလျက် ခပ်အင့်အင့်ကြီး ဆွမ်းကျွေးအလှူသွားပုံကြီးကို ဒေသိရ ဒါရိုက်တာပီပီ သဘောတော်ကျ ပြုံးလိုက်ရင်း မှူးမျက်နှာလေးကိုလည်း ချစ်စနိုးဖြင့် ပြုံးပြုံးကြီး စိုက်ကြည့်ပြီး စကားဆက်လိုက်မိပါတော့သည်။

"ဘွားက အရမ်းစတိုင်ပြည့်တယ်နော် ကလေး"

"အင်း ... အဟင်း"

မှူးကလည်း သူ ပြောလိုက်တာလေးကို အလွန်သဘောကျသွားပုံလေးဖြင့် နှုတ်ခမ်းလေးစေ့ပြီး ရယ်လိုက်လေသည်။

အဲဒီလိုရယ်နေတဲ့ မှူးရဲ့အမူပါပါ ဟန်လေးကို သူ အသည်းခိုက်မတတ် မြတ်နိုးသွားရကာ စိတ်တွေမထိန်းနိုင်တော့ဘဲ မှူးရဲ့နဖူးပြင်ကလေးကို လက်ညှိုးကလေးနှင့် တို့ဆော့ကလူကျီစယ်ရင်း ချစ်ပြုံးကြီး လှစ်ခနဲ ပြုံးပြလိုက်မိသွားတော့သည်။





"အဟွန်း ... ချစ်ဖို့ကောင်းလိုက်တာကွာ၊ အဲဒါတွေကြောင့် ကိုယ် တစ်ကျော့ပြန်ခဲ့ရတာ"

"ဟာ ... ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မက ဘွားရှေ့မှာမို့ ကျွန်မမိတ်ဆွေလို့ ဟန်ဆောင်လိုက်တာ"

"ဟန်ဆောင်တယ်ဆိုတာ ကြာကြာဟန်ဆောင်လို့ မရပါဘူး ကလေးရယ်၊ မင်းရင်ထဲက တကယ့်မေတ္တာစေတနာပါလို့ ကိုယ့်ကို တရင်းတနှီး လက်ခံစကားပြောနိုင်တာပေါ့"

"ထားလိုက်စမ်းပါဗျာ၊ ခင်ဗျားက ရန်ကုန်သား စကားတတ်တယ်၊ ကတ်တယ်၊ ပြိုင်မပြောဘူး"

"အံမယ် ... တောသူမက ပိုတောင်တတ်သေး"

"ခင်ဗျားနော် ... ကျွန်မကို တောသူမလို့ မခေါ်ပါနဲ့"

"ဟောဗျာ ... စိတ်ဆိုးတယ်ပေါ့၊ ဒါဆို တောသူမ မဟုတ်ဘူးပေါ့"

"အဟိ ... ဟုတ်တယ်"

"အရှူး ... ကလေး"

ဒေသိရ မှူး မျက်နှာလေးကို ငွေးငွေးလေး စိုက်ကြည့်ပြီး မျက်စပစ်လိုက်တော့ မှူး မျက်နှာကလေး တည်သွားကာ မျက်လုံးအကြည့်လေးကို လှစ်ခနဲလွှဲပြီး ခြံထဲကို လှမ်းအကဲခတ်လိုက်သေးသည်။

www.burmeseclassic.com



"အဲဒါ ခင်ဗျားနဲ့ပေါင်းလို့ ရူးတာ"

"ဟွန် ... ဘာ"

အတန်ကြာမှ သူနှင့် မှုံး ဆက်တီထိုင်ခုံတွေမှာ ထိုင်မိတော့မှ မှုံး ပြောလာတော့ သူတောင် ကြောင်အမ်းအမ်းကြီး ဖြစ်သွားရသည်။

ကလေးရယ် ... မင်းဟာ တကယ်ရိုးသား ဖြူစင်သူကလေးပါလားကွာ။

မင်းကိုတော့ ကိုယ် မြင်မြင်ချင်း ကရုဏာသက်ပြီး ကိုယ့်ရဲ့ရာသက်ပန် "တော်ဝင်မင်းသမီး"အဖြစ် ကိုယ်ချီးမြှင့်မြှောက်စားတော့မယ်ဆိုတာ မင်းလေးသိရင် ဝမ်းသာကျေနပ်မှာလားဟင်။

ကိုယ့်ကို လက်ကမ်းကြိုဆို (နွေးနွေးလေး ပြုံးပြမှာလား)ဟင်။

"ဘာကြီးလဲ မသိဘူး၊ အခုထိ အိမ်ပေါ်ရောက်ပြီး ခင်ဗျားနာမည်လည်း မသိရသေးဘူး"

"အေး ... ဟုတ်သားပဲ၊ ကိုယ်တို့က တရင်းတနှီးဖြစ်နေတာတောင် နာမည်တောင် မသိရသေးဘူး၊ ကလေးနာမည်ကိုတော့ ကိုယ်က အစောကြီးကတည်းက သိပြီးသားပါကွာ"

"အဲဒါ ခင်ဗျား ကျွန်မနာမည် ဘယ်လိုသိတာလဲ၊ ပြောပါဦး"





"ဟင်း ဟင်း ... ပုလင်းကွဲနဲ့ အတင်းဖြဲပြီး နတ်မျက်စိ လုပ်လိုက်တာ"

"စကားကို အကောင်းပြောနော်၊ ဖုန်းနံပါတ်ကို ဘယ်က ဘယ်လို ရသွားတာလဲ"

"အဟွန်း ... နတ်မျက်စိ"

"ဟော့လူကြီး"

"ဖတ်"ခနဲနေအောင် သူ့ပခုံးကြီးကို လှမ်းပုတ်လိုက်သည့် မှုံး လက်ကလေးကို သူ အရမ်းရင်ခုန်နွေးဖျစွာဖြင့် ခပ်တင်းတင်းကြီး ပိတ်ဆုပ်ထားရင်းက မိန့်မိန့်ကြီး ပြုံးလိုက်မိတော့သည်။

ပြီးတော့ ...

သူ ဆုပ်ကိုင်ထားသည့် လက်ကလေးကို ရှက်ကိုးရှက်ကန်းလေးရုန်းရင်း အိမ်အောက်ဘက်ဆီ လှမ်းကြည့်နေတာလေးကို အသည်းခိုက်မတတ် ချစ်မြတ်နိုးသွားရကာ သူမလေးမျက်ဝန်းအိမ်ကလေးကို ချစ်ပြုံးနွေးနွေးတွေနှင့် ဖွဖွကြီး စိုက်ကြည့်ရင်ခုန် မွေ့ပျော်ခံစားလိုက်တော့သည်။

တကယ်ပါ ကလေးရယ်။

ကိုယ့်တစ်သက်မှာ မင်းဟာ ကိုယ့်ရဲ့ပထမဦးဆုံး "တော်ဝင်အချစ်ဦး"ကလေးပါကွာ။

"အို ... ဟော့လူကြီး၊ လက်ကိုလွှတ်လေ၊ ဘာလို့ကိုင်ထားတာလဲ"

www.burmeseclassic.com



ရင်ခုန်သံနွေးနွေးလေးတွေကို ကျေနပ်မိန့်မူးစွာ ခံစားနေသည့် အချိန်မှာပဲ တုန်ယင်ဖျတတ အသံအေးစက်စက်လေးက သူ့အသိကို နွေးထွေးလိုက်ဖို့ တုန်ယင်လှပ်အေးသွားရတော့သည်။

"ဟော့အေး ... ခဏလေး"

"ဟာ ... ရဲလိုက်တာ၊ ကျွန်မ စိတ်ဆိုးလာပြီနော်၊ ကျွန်မ အိမ်ပေါ်က နှင်ချလိုက်မှာနော်"

အခုလို အသံတုန်တုန်လေးနဲ့ ဆိုလာသည့် တောသူမလေးကို သူ ရင်ခုန်အသည်းယားခဲ့မိပေမဲ့လည်း အခုမှရောက်သည့် ညော့သည်တစ်ယောက်ရဲ့ ရဲတင်းမှုကြီးကိုဖြင့် ဟုတ်သားပဲလို့ မှတ်ထင်ရင်း ဖျတ်ခနဲ ဆုပ်ကိုင်ထားသည့် မှုံးရဲ့လက်အိအိကလေးကို မဖြေ့ချင် ဖြေချင် ဖြေလွှတ်ပေးလိုက်ရလေတော့သည်။

ဟား ... ကြာရင် ...

တောသူမ ပါးများပိတ်အတီးခံမရလားပဲ။

"အင်း ... လွှတ်ပြီ၊ ကိုယ့်ကို ကော်ဖီတိုက်၊ ရန်ကုန်ကလာကတည်းက တွေ့ချင်ဇောနဲ့ တစ်လမ်းလုံး ဘာမှမသောက်မစား ဒုက္ခခံလာတာ၊ အဟွန်း ... ဒီကိုရောက်တော့ တောသူမက ကြိုဆိုပုံမသင်း၊ ဟိုက် ... ကိုယ့်ရင်ကို ဖတ်ဖတ်မောတာပဲကွာ"

"တောသူမလို့ မခေါ်နဲ့ဆို၊ ခင်ဗျားကို ကော်ဖီလုံးဝတိုက်ဘူး"





"မတိုက်လည်း မသောက်ဘူး၊ မျက်နှာလေးမြင်ရင် ကျေနပ်ပြီ"

တကယ် ရင်ထဲက ပြောလိုက်သည့် စကားလေးက အဖိုးတန်လွန်းလှသည်။

မှုံးကို လှပ်ခနဲ ချစ်ပြုံးကလေး ပြုံးပြလိုက်သည့် သူ့ရဲ့ချစ်ပြုံးတွေကို မှုံးက ခေါင်းကလေးငုံ့ နှုတ်ခမ်းလေးမဲ့ပြီး ခပ်ငြိမ်ငြိမ်ကလေး မျက်လွှာကလေး ချသွားခဲ့တာဟာ တကယ့်ကဗျာပါပဲ။

မှုံးရယ် ...

ကလေးရယ် ...

မင်း ကိုယ့်အရှေ့မှာ အဲဒီလို ငြိမ်ငြိမ်သက်သက်ကလေး ဘွားပြန်လာတဲ့အထိ နေပေးရင် ကိုယ် လာရကျိုးနပ်သွားပါပြီကွာ။

ကိုယ့်ရင်ထဲမှာ နှစ်လနီးနီးကြီး ဆန့်ငင် ဆန့်ငင် မက်ခဲ့ရသည့် အိပ်မက်နန်းတော်ကြီး အကောင်အထည်ပေါ်သွားခဲ့ရတာ ကိုယ် တကယ် ကျေနပ်ရင်ခုန်မိပါတယ်။

ကလေး ...

ကိုယ့်အနာဂတ်ကို ဘာမှမစဉ်းစားတော့ဘူး။

မင်းကို ချစ်ခွင့်ရရင် ကိုယ် အရာရာ ရင်ဆိုင်ရဲတယ် သိလား။

www.burmeseclassic.com



၈

"ဘွား ကျွန်တော်လည်း ရောက်တာကြာပြီ၊ မှုံးဆီကို လမ်းကြုံလို့ ဝင်လာခဲ့တာ၊ ကျွန်တော် သွားစရာလေးရှိလို့ ခွင့်ပြုပါဦးခင်ဗျာ"

ဘွား ဆွမ်းကျွေးက ပြန်ရောက်ပြီး နာရီဝက်လောက် သူနှင့်စကားပြောပြီးသွားမှ ဒေသီရ ဘွားကိုနှုတ်ဆက်လိုက်တာ ဖြစ်သည်။

အင်း ... ဧည့်ခန်းမှာ သူ့ကို မှုံးကတော့ ဧည့်သည်နှင့် ထုတ်ပုံများ သင်းပါ။

ဘွား ရောက်လာပြီးကတည်းက သူ့ကို ဘာစကား တစ်ခွန်းမှ မပြောတော့ဘဲ အိမ်ရှေ့ပန်းခြံထဲကို ဆင်းသွားခဲ့တာ။ သူ့မှာ မှုံးရဲ့ကလေးဆန်လွန်းသည့် (ဩော် ... ကလေးဆန်ဆို ကလေးအရွယ်ပဲ ရှိသေးတာပဲ)ဆိုတာကြီးကို ခွင့်လွှတ်သည်းခံပြုံး ကြီးဖြင့် သူ ပြုံးကြည့်ကျေနပ်ခဲ့ရသည်။





"အေးကွယ် ... အေး၊ သားလည်း နောက် လမ်းကြုံရင် ဘွားတို့အိမ်ကို ဝင်နိုင်ထွက်နိုင်ပါတယ်၊ တရင်းတနှီး စားအိမ်သောက်အိမ်လည်း ရတယ်ကွယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဘွား၊ ဒီမှာ ခင်ဗျ၊ ဘွား အတွက် ပန်းသီး၊ ကျွန်တော် ရန်ကုန်က လက်ဆောင်ယူ လာတာပါ"

"အေးကွယ် ... အေး၊ ကျေးဇူးပါပဲကွယ်၊ မြေးက ဘယ် ရောက်သွားပြီလဲ၊ မြေးရေ ... မြေး၊ ဩော် ... ဒုက္ခ၊ ဒီမှာ ဒီက ကောင်လေးကို လက်ဆောင် ငါးရံ့ခြောက်ကလေး ပေး၊ အင်း ... ကြာပါတယ်၊ ဘွားပဲ ယူပေးတော့မယ်၊ ခဏစောင့်နော် သား၊ ဩော် ... သားနာမည်က ဘယ်သူ၊ ဘွား မေ့သွားလို့"

"ဒေသီရပါခင်ဗျ"

"အေး ... အေး၊ အခုခေတ် လူငယ်တွေ နာမည်ကဆန်း လည်းဆန်းတော့ မမှတ်မိဘူးကွယ်"

ပြောပြောဆိုဆို ဘွားက ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီး ဖြင့် ဧည့်ခန်းထဲကနေ ထထွက်သွားလေတော့သည်။

သူ့အတွက် တောလက်ဆောင်ကလေး ပြန်ပေးမည် ပေါ့။

အဟွန်း ...

www.burmeseclassic.com



ဟိုမချောလေးကတော့ သူ့ကို ကော်ဖီတစ်ခွက်တောင် တိုက်ဖော်မရ။

အင်း ... သူကလည်း မသောက်ရလည်း အကြောင်းမထား။

သူမလေး မျက်နှာလေးကို တစိမ့်စိမ့် စိုက်ကြည့်နေရရင် ရင်ထဲက တမ်းတလွမ်းတွေ ကျေပါပြီ။

အင်း ... နောက်တစ်လထိတော့ ...

သူ အောင့်အည်းသည်းခံရဦးမည်။

"မြေးက ဘယ်ရောက်သွားပြီလဲကွယ်၊ ဧည့်သည်ကို အားနာစရာ၊ လူလေး ... ရော့၊ ဒါ ဘွားတို့ရဲ့ တောလက်ဆောင်လေး ငါးရံ့ခြောက် ယူသွားပါကွယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲနော် ဘွား၊ ကျွန်တော့်မှာ အလုပ်ကိစ္စ အရေးကြီးလို့ ပြန်ခွင့်ပြုပါဦးခင်ဗျာ"

"အေး ... အေး"

ဒေသိရ ဘွားကိုဦးညွတ်နှုတ်ဆက်ပြီး ကားသော့တွဲလေးနှင့် ဘွားလက်ဆောင်လေးကိုယူပြီး အောက်ကိုဆင်းလာခဲ့တော့သည်။

ဒီဧည့်သည်ကတော့ မဖိတ်အဲလာတဲ့ ဧည့်သည်ဆိုတော့ ပြန်တော့လည်း အထီးကျန်ဆန်သည်ပဲပေါ့။

အဟွန်း ... ကလေးရယ်၊ မင်းကလည်း ငယ်သေးပေမဲ့ အိုက်တင်ပေးတတ်သား။





အဲဒီ အိုက်တင်လေးကိုက ကိုယ်က အသည်းယားတာ။

ဘွားက သူ့ကို လှေကားထိပ်အထိ စောင့်ကြည့်နေခဲ့ပေမဲ့ မှုံးတို့ကတော့ ခြံထဲက ပန်းခြံကြီးထဲမှာ ယောင်လည်လည်လေး သူယောင်မယ်ပြုသလိုလေး သူ့ကိုမသိမသာ အကဲခတ်ရှုစမ်းနေပုံလေးကို သူ အသည်းတယားယားဖြင့် ခြေလှမ်းကိုသွက်သထက်သွက်အောင် လှမ်းလျှောက်လာခဲ့မိတော့သည်။

ဂါဝန်အဖြူလွလွကလေးနှင့် စတက်ဆံပင်ကလေးကို ကလစ်ညိုကလေးဖြင့် ကပိုကရိုစည်းရင်း ပလက်တီနမ်နားဆွဲရှည်ကြီး ဆွဲထားသည့် မှုံးလို ခေတ်ဆန်ဆန် မိန်းမချောလေးကို ဘယ်သူက တောသူမလေးလို့ ထင်မှာလဲ။

အင်း ... ဒေသိရတောင် ထင်ကြည့်လို့မရ။

ဒါပေမဲ့ အချောအလှပဂေးလေးကဖြင့် ...

တောသူမလေး စစ်စစ်ရယ်ပါ။

"ကလေး"

သူ အနားရောက်လာတာတောင် မသိသလို သိသလို ကလေး လုပ်နေသည့် မှုံးမျက်နှာ နုနုမှုန်မှုန်လေးကို သူ ချစ်မျက်ဝန်းညိုကြီးဖြင့် ဖွဖွကြီး စိုက်ကြည့်ပြုံးပျော် ကျေနပ်ရင်း ရင်ထဲမှာ "ဝါး"ခနဲ ခံစားပစ်လိုက်သည်။

ကလေးရယ် ... မင်းကို ကိုယ် ဘယ်လိုမှ အဆုံးရှုံးခံနိုင်တော့ဘူး။

www.burmeseclassic.com



မင်းကို ...

ကိုယ် အရမ်း Crazy ဖြစ်သွားပြီကွာ။

"ကိုယ် ပြန်တော့မယ်"

မှုံနှင့် ပခုံးချင်းယှဉ်ရပ်လိုက်တော့ သူက နစ်လက်မလောက်ပဲ မြင့်တာမို့ သူ ပခုံးကြီးတွန့်ပြီး ပြုံးလိုက်မိသည်။

ရှည်လည်း ရှည်နိုင်တဲ့အရပ်။

အင်း ...

သူ့ကိုတက်မီရင်ဖြင့် ဒုက္ခ။

"ပြန်သင့်နေတာ ကြာပြီပဲ"

ခေါင်းကလေးမော့ပြီး သူ့ကို ရန်လိုသလိုကလေး စိုက်ကြည့်လာသည့် မှုံ့မျက်နှာလေးကို သူ ရင်ခုန်စွာ ခွေးခွေးလေး စိုက်ကြည့်ပစ်လိုက်သည်။

ဒေသီရရဲ့အချစ်မျက်ဝန်း အီအီတွေကိုဖြင့် ဆယ်ကျော်သက်အလုပဂေးလေး တာရှည်အံ့တု ပြိုင်စံမကြည့်ဝံ့ရာတော့ဘဲ ရှက်သွေးပိုသွားသည့် မျက်နှာရဲရဲလေးဖြင့် မျက်လွှာလေးသိမ်းသွားကာ ရင်ခုန်သွားသည့် အသံကလေးဖြင့် နှုတ်ခမ်းလေးကိုကိုက်ကာ ...

"ပြန်တော့လေ"

"အဲဒီလို မရှိင်းရဘူးလေ"

"ဘာရိုင်းလို့လဲ"





အခုထိ ရင်းနှီးသွားတာတောင် သူ့နာမည်ကို စိတ်ဝင်တစား မေးလာဖော်မရသည့် ကောင်မလေးကို ဒါရိုက်တာ ဒေသီရ ပညာပေးချင်သည်။

အင်း ...

သူသာ ဒေသီရ ဆိုတာ ချာတိတ်မလေး သိသွားရင်ဖြင့် အလုမာန်တင့်နေသည့် ကောင်မလေးတစ်ယောက် သူ့ကို ဘယ်လိုဆက်ဆံမလဲဆိုတာ သူ မြင်ယောင်ကြည့်ချင်သည်။

"ကိုယ့်နာမည်ကို အခုထိ စိတ်မဝင်စားသေးဘူးလား"

"စိတ်ဝင်စားခံချင်ရင် Visiting Card ပေးပေါ့"

"အဟား ... ဟုတ်သား"

ဒေသီရ မှုံ့ပြောပုံလေးကို အရမ်းသဘောကျသွားရာ လေကြီးကို "ဟူး"ခနဲ မှုတ်ကစားသလိုကလေးလုပ်ပြီး မှုံ့မျက်နှာလေးကို လှပ်ခနဲ ပြုံးပြလိုက်မိပြန်သည်။

အင်း ... သူ ဘယ်လိုဖြစ်ရတာပါလိမ့်။

နာမည်ကြီးဒါရိုက်တာတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါရပ်နှင့်လည်း မညီညွတ်။

ကလေးနဲ့ပေါင်းပြီး ကိုယ့်ကိုယ်ကိုယ် ကလေးဆန်နေရသည့်အဖြစ်ကို တွေးရင်းဖြင့် နည်းနည်းရှက်သွားသည်။

"အဟွန်း ... ရော့၊ ကိုယ့်ရဲ့ Visiting Card "

"ခင်ဗျားနာမည်က ဘယ်သူလဲ"

"ဟော့ ... ကိုယ့်ကို ကားနားအထိလိုက်ပို့"

www.burmeseclassic.com



"ဘာလို့ပို့ရမှာလဲ၊ မပို့နိုင်ပါဘူး"

မှုံးက သူ့လိပ်စာကတ်ကလေးကို သူ့အရှေ့မှာ ဟန်လုပ်ပြီး ဖတ်တောင်မကြည့်ဘဲ လက်ဖဝါးကလေးထဲမှာ ဆုပ်ကိုင်ရင်း သူ့နာမည်ကို သိလိုဇောဖြင့် အရင်မေးလိုက်တာကို သူက မသိချင်ယောင်ဆောင်လိုက်သည်။

အင်း ...

ဒီတစ်ခါ မှုရမဲ့အလှည့်က သူ့အလှည့်ပေါ့။

အဟား ...

ကောင်မလေးက သူ ကားအနားလိုက်ပို့ခိုင်းလိုက်တာကို တော်တော်ဒေါကန်သွားပုံဖြင့် မျက်ခုံးလေးတွန့်ရှုံ့ထားပုံလေးကို သူ အသည်းယားစွာ စိုက်ကြည့်ရင်း ...

"ကိုယ့်နာမည်ကို သိချင်တယ်လား၊ လိပ်စာလေး ဖတ်ကြည့်လိုက်တာ ဘာအပန်းကြီးတာမှတ်လို့"

"ပါးစပ်ကပြောတာ ကြားချင်လို့"

"အမယ်လေးဗျာ ... ကြီးကျယ်လိုက်တာ၊ အသက်ငယ်ငယ်လေးနဲ့ အမိန့်တွေကလည်း ပြားလိုက်တာ၊ ကဲ ... ကဲ ... ကျွန်တော်မျိုး ကိုယ့်နာမည်ကိုယ် မိတ်ဆက်ပါတယ်၊ ရွှေမှုံး၏ တောသူမလေးရယ်၊ ကျွန်တော့်နာမည် ဒေသိရ ပါခင်ဗျာ"

"ဟင် ... ဘာ ... ဘာနာမည်"





မျက်ဆံနက်ကလေး ဝိုင်းဝိုင်းလည်သွားသည့်အထိ အံ့ဩသွားသည့် မှုံးရဲ့မျက်နှာလေးကို သူက ချစ်စနိုးနှင့် မျက်စ တစ်ချက်ပစ်ပြလိုက်သည်။

အခုမှ အသည်းတုန် အူတုန် ဖြစ်သွားပြီလား မချော။

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ဒီနာမည်ကို ကြားဖူးသလိုပဲ"

အမယ်လေးဗျာ ...

သွားပါပြီ။

မြန်မာနိုင်ငံရဲ့ Top 10 ဒါရိုက်တာနာမည်ကိုများ ကြားဖူးသလိုလိုပဲ ဆိုပါကလား။

ဒါရိုက်တာဒေသိရ "ဂိန်"ခနဲတောင် အော်ပစ်ဖို့ပဲ ကောင်းသည်။

"အဟွန်း ... ဟုတ်မှာပေါ့"

"ဟေ့လူကြီး ... ဒီမှာ ခင်ဗျား ဘယ်သူလဲ၊ အသေအချာ ပြော"

"ဟာ ... ဒုက္ခပဲကွာ၊ လူကိုပုလိပ်စစ် စစ်ပြီ"

ဒေသိရ တစ်ယောက် မှုံး မခံချင်အောင် တမင် ကလိပြီး ပခုံးကြီးနှစ်ဖက်တွန့်ကာ မှုံးကို နှုတ်ဆက်လိုက်တော့သည်။

"သွားတော့မယ် မှုံး၊ နောက်ကြုံရင် ကိုယ်လာဖြစ်ဦးမှာပါ"

www.burmeseclassic.com



မှုံး မျက်နှာချောချောလေးကို အိတိတိ တစ်ချက် စိုက်ကြည့်ပြီး ဒေသိရ မှုံးအရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့သည်။

အင်း ...

ဒီတစ်ခါတော့ ကိုယ်မူရတဲ့အလှည့်ပေါ့။

အဟား ... ထင်တဲ့အတိုင်းပါပဲ။

ကောင်မလေးတစ်ယောက် ဟန်မဆောင်နိုင်တော့။

သူ့အနောက်ကို တဖုတ်ဖုတ် ပြေးလိုက်လာသည့် အသံကို ကြားလိုက်ရပါသည်။

ဒေသိရ ကိုယ့်လုပ်ရပ်ကိုယ် မိန့်မိန့်ကြီး ကျေနပ်သွားရကာ ကားတံခါးကို "ဝုန်း"ခနဲ ဆွဲဖွင့်ရင်း ဘွားပေးသည့် လက်ဆောင် ငါးရံ့ခြောက်ထုပ်ကို ဒက်ရှ်ဘုတ်ပေါ် လှမ်းတင် လိုက်ပါသည်။

"ဟော့ ... လူကြီး၊ ခဏနေဦး"

"သွားတော့မယ်၊ ကလေး ကိုယ် အချိန်မရတော့ဘူး"

ဒေသိရ ...

တမင်ပင် ဆောင်လိုက်တာဖြစ်သည်။

"ဒါဆိုလည်း သွား၊ နောက်တစ်ခါ အိမ်ကိုလာရင် လက်သင့်လုံးဝမခံဘူး"

"ဟာ ... ရမ်းပြီ၊ ဝါးတုတ်ရမ်းကြီး"

"ဒီမှာ ... ဒီမှာ ... ဟော့လူကြီး၊ ခင်ဗျားက မြန်မာပြည် Top 10 ဒေသိရလားဟင်"





"ဟာကွာ၊ ရိုင်းလိုက်တာ၊ ငါ့ကိုများ ဒေသိရတဲ့၊ ငါက မင်းအဖေလောက် ရှိတယ်နော် ကလေး"

"မဟုတ်ဘူး၊ မေးတာကိုဖြေဗျာ"

မှုံးက သိချင်လွန်းလို့ အသံကလေးတွေ တုန်ယင်နေသလို၊ သူ့ကို မျက်လုံးဝိုင်းလေးတွေဖြင့် အားကိုးဧွေးထွေးစွာ စိုက်ကြည့်လာပုံလေးက ခုနက မူအိုက်တင်ကလေးနဲ့များ တခြားစီ ကွာခြားလွန်းလှသည်။ ဒေသိရ ဒီအမူလေးကို ရယ်ချင်လွန်းလို့ နှုတ်ခမ်းကြီးစေ့ကြိတ် ပြုံးလိုက်ရသည်။

"မေးနေတာကို၊ ဒီမှာ ခင်ဗျားက မြန်မာနိုင်ငံ Top 10 ဒါရိုက်တာ ဒေသိရလားဟင်၊ ပြောစမ်းပါ၊ သိချင်လွန်းလို့"

ကလေးလေးတစ်ယောက် မုန့်စားချင်လို့ ပူဆာနေသလို ပူဆာမေး မေးနေသည့် မှုံးကို သူ လွှလွှလေး စိုက်ကြည့်ပြီးပြုံးရင်း ခေါင်းကြီးကို အသာခါယမ်းလိုက်သည်။

ပြီးတော့ ရင်ခုန်သံနွေးနွေးတွေကို ဣန္ဒြေဆယ်ရင်း တည်ငြိမ်အေးဆေးသည့် အကြည့်ကြီးဖြင့် မှုံး မျက်နှာလေးကို တစ်ချက်ကြည့်ကာ ...

"မဟုတ်ဘူး၊ ကိုရိုးယားဒေသိရ"

"ဗျူး ... တော်ပြီကွာ"

အမှတ်မထင် အနားနားမှ "ဝူး"ခနဲ အော်လိုက်သည့် အသံစူးစူးလေးက သူ့အသည်းနှလုံးကို "ဖိန့်"ခနဲ တုန်ကျသွားသည်အထိ ဖြန်းဖြန်းရိသွားတော့သည်။

www.burmeseclassic.com



"အား ... ဘာဖြစ်တာလဲ ကလေး"

"ဟေး ... ဂူး ... ကော်ပြီကွ၊ သိပြီ ... သိပြီး၊ ခင်ဗျား ဘာကြောင့် မိုးအနောက်ကို ကောက်ကောက် ကောက် ကောက် လိုက်လာတယ်ဆိုတာ သိပြီ၊ ခင်ဗျား လိုအပ်လို့၊ ဟုတ်တယ် မဟုတ်လား ဒါရိုက်တာကြီး"

"ဟမ် ... ဘာ ... ကလေး"

"ဒါရိုက်တာကြီး ကျေးဇူး"

"ကိုယ့်ကို ဘယ်လိုခေါ်တယ်"

"ဒါရိုက်တာကြီးလို့ တစ်သက်လုံး ခေါ်သွားတော့မှာ"

"အောင်မယ် ... အဖားလေး"

"ဟွန်း ... ဒါရိုက်တာကြီးနော်"

စောစောက မူနေသည့် အိုက်တင်လေးနှင့် ဘာမှမဆိုင်တော့ဘဲ သူ့အနားသို့ နွေးနွေးကလေး ရောက်လာသည့် မိုးမျက်နှာလေးကို သူ ရင်ဖိုနွေးမြစွာ စိုက်ကြည့်ရင်း အိမ်အပေါ်ထပ်ဆီ တစ်ချက်မော့ကြည့်လိုက်တော့ ဘွားကိုလည်း မတွေ့ရတော့သဖြင့် သူ့ရင်ထဲက ချစ်ခြင်းတွေ ဘယ်လိုမှ မျိုချလို့မရတော့ဘဲ ကောင်မလေးရဲ့ပါးပြင်အိအိကလေးကို ဖျတ်ခနဲ ခပ်တင်းတင်းကြီး ဆွဲဖျစ်လိုက်မိသည်အထိ စိတ်လွတ်ကိုယ်လွတ် ခံစားလိုက်ရပါတော့သည်။

အား ...

ချစ်တယ် ...





ကလေးရယ် ...

"ဟင် ... ဒါရိုက်တာကြီး ဘာ ... ဘာလုပ်"

"မင်းသမီးဖြစ်ချင်ရင် ရဲမှရတယ်၊ ရှက်ရင် မဖြစ်ဘူး"

"ဘာဆိုင်လဲ ဒါရိုက်တာကြီး"

"ဆိုင်တယ်၊ နောက်ပိုသိလာလိမ့်မယ်၊ ကဲ ... ကိုယ်သွားပြီ ကလေး၊ မင်းလေး အိပ်မက်လှလှ မက်ပါစေကွာ"

"ဒါရိုက်တာကြီး ကျွန်မ ဖုန်းဆက်မယ်နော်"

"အေး ... ကိုယ်လည်း ကလေးကို ဆက်မယ်"

"ဟင့်အင်း ... မဆက်နဲ့၊ လုံးဝမဆက်ရဘူး၊ ကျွန်မသိက္ခာကျတယ်"

"ပြီးရောဗျာ၊ တစ်ပတ်အတွင်း ကိုယ့်ကိုဖုန်းဆက် ကလေး"

"ဟုတ်"

"ကလေး အိပ်မက်လှလှ မက်ပါစေကွာ"

"ဟုတ်"

"ဘိုင့်ဘိုင် ကလေး"

"ဟုတ် ... ဘိုင့်ဘိုင် ဒါရိုက်တာကြီး"

ဟား ...။

ဒီအပြောလေးတွေ ဒီကြည်နူးမှုလေးတွေ သူ အချိန်ဘယ်လောက်ကြာကြာ ခံစားပြီး ရင်ထဲမှာ နွေးမြတုန်ယင်နေမည်မသိ။

တကယ်တော့ ကလေးရယ်။

www.burmeseclassic.com



ကိုယ် မင်းလေးရှေ့မှာ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ကြီး ရှင်မြူးသာယာခဲ့မိပေမဲ့ ...

ကိုယ့်ရင်ထဲမှာ တကယ်တမ်း လွမ်းနေရပါတယ်ကွာ။

ဒီအလွမ်းတွေကို ကိုယ် ကလေးဆီကို သယ်လာခဲ့တာ။

ကလေးလည်း ကံဆိုးတယ်။

ကိုယ်လည်း ကံဆိုးတယ်။

ရှေ့ရင်ဆိုင်ရမဲ့ ပြဿနာကို ကိုယ်ရော ကလေးရော အလူးလူးအလိမ့်လိမ့် ခံစားကြရလိမ့်မယ်။

ကိုယ်ကတော့ ခံနိုင်ရည်ရှိပါတယ်ကွာ။

ကလေးနှလုံးသား နုနုလေးကိုသာ ကိုယ်မထိရက်တာ။

ဒေသိရရဲ့ အပြန်လမ်းတစ်လျှောက်မှာတော့ ကြည်နူးသည့် အသံကြည်ကြည်ကလေး၊ အပြုံးနွေးလေးတွေနှင့်အတူ အဆွေးပြုံးကလေးတွေလည်း ပါဝင်ခဲ့ရပြီဖြစ်သည်။

ရှေ့ဘာပဲဖြစ်ဖြစ် ...

ဒေသိရကတော့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မှာပါပဲ။

❖





## ၉

ရင်ထဲက အပျော်ခံစားမှုလေးတွေကို ဒေသိရ ကြာကြာခံစားခွင့် မရှိခဲ့သလို ထင်ထားသည့် အတိုင်းအတာထက် ကျော်လွန်ပြီး ပိုပြီးပူဆွေးခဲ့ရသည်။

မှုံးဆီက အပျော်ငွေ့တွေက မိဘတွေဆီ ပြန်ရောက်လာသည့် အချိန်ခဏအတွင်းလေးမှာပဲ သူ မွန်းကျပ်သည့်အခက်အခဲတွေနှင့် ရင်ဆိုင်လိုက်ရသည်။

"ဒေသိ ဖေဖေတို့တော့ ဆွိနဲ့လက်ထပ်ဖို့ကိစ္စကို စီစဉ်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ စေ့စပ်ပွဲကို ဆွိက အကြီးအကျယ် စေ့စပ်မယ်တဲ့၊ မနေ့က ဖေဖေတို့နဲ့ တိုင်ပင်လာတယ်"

ဟား ...

ဆိုဖာရှည်ကြီးကိုမှီပြီး ဒေသိရ ရင်ပူစွာ သက်မမောကြီး ချလိုက်မိသည်။

ဒါပေမဲ့ ...

www.burmeseclassic.com



ဖေဖေ မသိအောင် ရင်ထဲက အပူတွေကို ဖုံးဖိလိုက်ရသေးသည်။

ရင်ထဲက မချိပြုံး နွမ်းနွမ်းကြီးဖြင့် ဖေဖေ့မျက်နှာကြီးကို လှပ်ခနဲ မော့ကြည့်ရင်း သူ ရင်မောစွာ ရင်ထဲမှာပဲ သက်ပြင်းလုံးကြီး ကျိတ်ချလိုက်သည်။

"ဟင်း ... နှစ်ကုန်ဖို့က လေးလနီးနီး လိုသေးတာပဲ၊ ဘာလို့ အလောတကြီး စေ့စပ်ဖို့ စီစဉ်ရဦးမှာလဲ၊ နီးတော့မှ စေ့စပ်တာ ကောင်းတယ်၊ အလုပ်ရှုပ်ကရှုပ်နဲ့ဗျာ၊ ဆွိကို ကျွန်တော်ပြောမယ်"

ဒီစကားပဲ ဖေဖေ့ကိုပြောပြီး သူ ဟန်မဆောင်နိုင်တော့ဘဲ ဆိုဖာရှည်ကြီးကနေ ချက်ချင်းကြီးပင် ထထွက်လာခဲ့တော့သည်။

ဖေဖေကတော့ ...

သူ့ကို ဘယ်လိုထင်မည်မသိ။

ဘယ်လိုပဲထင်ထင် သူကတော့ ဘာမှဂရုမစိုက်နိုင်တော့ဘဲ အခန်းထဲကို မျက်စိမျက်နှာပျက်စွာ ဝင်လာခဲ့မိသည်။

တကယ် ငါ့ရင်ထဲမှာ ရင်ပူပါတယ် ကလေးရယ်။

မင်းနဲ့ငါ့ရဲ့ အခြေအနေက ဘာမှဖြစ်မလာသေးခင်မှာပဲ ကိုယ့်နှလုံးသားက စက်စက်ကြေကွဲနေရပြီ။

ဆွိ ...

မင်းကြောင့်တော့ ငါ ဒုက္ခရောက်ရပြီ။





ငါ့နှလုံးသားတွေ ကြွေကုန်ပြီ။

"ဟား ... မင်း တော်တော်ဒုက္ခပေးတဲ့ မိန်းကလေး"

ဒေသိရ ခုတင်ကြီးပေါ် တုံးလုံးကြီး ပစ်လှဲချလိုက်ရင်း ဆွိကို ဘာပြောရမလဲ ဆိုတာကိုပဲ အကြိမ်ကြိမ် စဉ်းစားခဲ့မိသည်။

အင်း ...

ဆွိကို သူ ဆွဲဆောင်သိမ်းသွင်းရမည်။

ပရိယာယ်ပေးရမည်။

ရပါ့မလား ...

အင်း ... သုံးလလောက်ပဲလိုသည့် အချိန်တစ်ခုကို ဒေသိရ ဘယ်လိုစွန့်စားခန်းမျိုး လုပ်ရမလဲ။

စဉ်းစားစမ်း ... စဉ်းစားစမ်းပါ ဒေသိရ။

ဒါရိုက်တာပီပီ ဉာဏ်နီဉာဏ်နက်ကလေး လှာသုံးဖို့ ကြံစည်ရမည်ဖြစ်သည်။

အင်း ... ဆွိကိုပဲ ဖုန်းဆက်ဆွေးနွေးလိုက်တာ ကောင်းပါတယ်လေ။

ဒေသိရ တစ်ယောက်တည်း ကျိတ်ခံစားနေရမဲ့ အတူတူ ဆွိကိုပဲ ချော့ချော့မော့မော့ နှစ်သိမ့်ဖို့ ဆုံးဖြတ်လိုက်မိသည်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ ဖုန်းကလေးကို ဖျတ်ခနဲ လှမ်းကိုင်ရင်း ရင်ထဲမှာ မောဖျစွာ သက်မမောကြီးချလိုက်မိပြန်သည်။

www.burmeseclassic.com



"ဟင်း ... ငါ့နှယ်၊ ဒီဝဋ်ကြွေးကြီးက ဘယ်တော့မှ လွတ်မြောက်ခွင့်ရမှာလဲ ကလေးရယ်၊ ငါ ... ငါရှုးပြီကွာ၊ ငါ့ရင်ထဲမှာ မင်းနဲ့တွေ့ခဲ့တုန်းက အပျော်ရည်တွေ ဘာတစ်ခုမှ မရှိတော့ဘူး၊ မရှိတော့ဘူး"

ရင်ထဲမှာ တိတ်တိတ်ကလေး ဆိုညည်းရင်း ဆွိဆီကို ရင်ပူစွာပင် ဖုန်းဆက်လိုက်ပါသည်။

တစ်ဖက်က ဆွိ ဖုန်းလိုင်းလေးက တန်းဝင်သွားပြီး ...

"ကိုကိုလား"

ဆိုလာသည့် အသံအီအီလေးကို ဒေသိရ မှန်းလွန်းစွာ ခေါင်းကြီးကို တူးတူးခါးခါး ခါယမ်းလိုက်ရင်းက ကြည်လင်ကျေနပ်မှုမရှိသည့် အသံအီအီကြီးဖြင့် "အင်း"ချလိုက်သည်။

"ဘာဖြစ်တာလဲ ကိုကို၊ ကိုကို့အသံကလည်း အီလိုက်တာ"

အရာရာ သူ့မဆန္ဒကိုပဲ ရှေ့တန်းတင်ချင်သည့် ဆွိကို သူ တကယ်စိတ်ပျက်မိသည်။

နဂိုကတည်းက ငယ်သံယောဇဉ်နဲ့ ညီမလေးတစ်ယောက်လို ချစ်ခင်ခဲ့မိသည့် သံယောဇဉ်ကလေးသာ မရှိခဲ့ဘူးဆိုရင် ...

ဒေသိရ ဒီလက်ရှိချစ်သူလေးကို လက်လွတ်စပယ်ကြီးကို စွန့်ပစ်ကျောခိုင်းပြီးပြီ။

အခုတော့ ... အင်း ...





ထောက်ထားရမဲ့ မျက်နှာတွေ ...

ကျေးဇူးတရားတွေ ...

အင်း ... ဒီကျေးဇူးတရားတွေက ...

သူ့နှလုံးသားကို "သွေးစိမ်းရှင်ရှင်"ဖြာကျခဲ့ရသည်။

ရှုးရသည်။

မူးရသည်။

ဦးနှောက်ပြားရသည်။

နှလုံးသား နင်းပြားဖြစ်ခဲ့ရသည်။

"မအီပါဘူး၊ ဆွိ မနေ့က ကိုယ့်မိဘတွေနဲ့ ကိုယ်တို့လက်ထပ်ရမဲ့ကိစ္စကို တိုင်ပင်တယ်ဆို"

"အင်းလေ ... တိုင်ပင်တယ်"

ဆွိအသံလေးက ဘာအပူအပင်မှမရှိ၊ အရာရာကို အောင်မြင်ထည်ဝါကာ အနိုင်ရသည့် အသံကလေးလို လွင်နေတာ သူ ဘယ်လိုမှ ကြိတ်မှိတ်သည်းခံလို့ မရတော့။

"ဟာ ... ဆွိကလည်းကွာ၊ လက်ထပ်မဲ့ကိစ္စက လိုသေးတာပဲ"

"လိုတော့မလား၊ သုံးလလောက်ပဲ လိုတာပဲ၊ နောက်လထဲမှာပဲ Sedona မှာ ဒိတ်ယူရမယ်၊ ဆွိက စေ့စပ်ပွဲကိုလည်း အကြီးအကျယ်လုပ်မယ်၊ မင်္ဂလာပွဲကတော့ ပြောစရာတောင်မလိုအောင် မိုးထိပေါ့ ကိုကို"

www.burmeseclassic.com



"ဟား ... ဆွိ၊ လျှောက်ရမ်းပြောမနေနဲ့၊ ကိုယ် ဘယ်လောက်အထိ အလုပ်ရှုပ်တာလဲ ဆိုတာ ဆွိအသိ၊ စေ့စပ်ပွဲကို အကြီးအကျယ် ကိုယ်မလုပ်ချင်ဘူး"

"ကိုကိုက ဘယ်လုပ်ချင်မလဲ၊ ပိုက်ဆံမှမရှိတာ၊ ဂုဏ်ဘယ်ယူတတ်မလဲ"

"ဟာ ... ဆွိ၊ မင်း ... မင်း ငါ့ကို မနှိမ်နဲ့နော်"

"ဘာနှိမ်လို့လဲ၊ ဟုတ်တာပြောနေတာပဲ ထားစမ်းပါ၊ ကိုကိုနဲ့ စကားအခြေအတင်မဖြစ်ချင်ဘူး"

"ဟား ... မဖြစ်ချင်ဘူး၊ ဆွိ ကိုကို သည်းခံမှန်းသိလို့ ဖိမတက်နဲ့နော်"

ဒေသိရ ရင်ထဲက ဒေါသတွေကို ဘယ်လိုမှ မျိုချလို့မရတော့သည့်အဆုံး ဆွိကို ခပ်ဆတ်ဆတ်ကလေး ပိတ်အော်ပစ်လိုက်သည်။

ဟင်း ... တစ်ဖက်က ဆွိမက ...

ဘယ်လောက် နှာခေါင်းရှုံ့မဲ့ရွဲ့နေလိုက်မလဲ ...။

ပိုက်ဆံမရှိတဲ့ကောင် ဘာဂုဏ်မှမရှိတဲ့ကောင်၊ ငါတို့ကြောင့် အရောင်ပြောင်တဲ့ကောင်ဆိုပြီး သူတို့လက်ခုပ်ထဲကရေလို ကျင့်သုံးနေတာ။

သူကလည်း လူသားပဲ။

ခံချင်စရာမရှိ။

သည်းခံစရာမရှိ။





"ကိုကို မူးနေတာလား"

"ဆွိ မင်း စကားမရှည်စမ်းနဲ့၊ ငါ အရက်သမားမဟုတ်ဘူး"

"ဟင်း ဟင်း ... သိပါတယ်၊ ဂုဏ်အရမ်းကြီးတဲ့ ဒါရိုက်တာဒေသိရကြီးအကြောင်းကို ဆွိ အသိဆုံးပေါ့၊ အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ လောင်းကစားမလုပ်ဘူး၊ မိန်းမအရှုပ်အရှင်းကင်းတယ်၊ အောင်မြင်တဲ့ ဒါရိုက်တာအဖြစ် စွမ်းဆောင်နိုင်တယ်၊ အဲဒီဂုဏ် အဲဒီဒြပ်တွေကြောင့် ဆွိက အရမ်းချစ်ခဲ့ရတာ"

"အင်း ... ချစ်တာလည်းချစ်ပေါ့ကွာ၊ ကိုကို ခေါင်းပြားအောင်တော့ မချုပ်ချယ်ချင်ပါနဲ့"

"ဘယ်မှာ ဆွိ ကိုကို့ကို ချုပ်ချယ်လို့လဲ"

အင်း ...

ဒါရိုက်တာဒေသိရ ဒီတစ်ကြိမ်လည်း ဆွိရဲ့ချုပ်ချယ်ကန့်သတ်မှုအောက်မှာ ကျိုးကျိုးနွံနွံ ပေးဆပ်လိုက်ပြန်ပြီ။

ကိုယ့်အသံကို ကိုယ် ပြန်နားထောင်ကြည့်လိုက်တော့ ဆွိ ဘာပြောပြော ဘာလုပ်လုပ် ခေါင်းငုံ့ခံလိုက်ရသည့်အသံကြီးဖြစ်သွားတာကို ကိုယ့်ကိုယ်ကိုယ် တကယ်ရှက်မိပါသည်။

ရှုံးပြီ။

ရှုံးပြီကွာ ဒေသိရရယ် ...။

မင်း ဒီသားအဖအပေါ် အရှုံးကြီးရှုံးနေခဲ့ရပြီ။

"ကိုကို"

www.burmeseclassic.com



ဖုန်းကလေးကို ခိုက်ကြည့်ရင်း သူ့နှုတ်ခမ်းသား ခပ်ခြောက်ခြောက်တွေကို လျှာသိမ်းအနားသတ်လိုက်သည်။

"ဟင်"

သူမလေးကိုလည်း မလွန်ဆန်နိုင်စွာ ပြန်ထူးလိုက်ရသေးသည်။

"ဆွိ ပျော်တယ်သိလား"

ဩော် ...

သူမလေးဘက်က ကြည့်ပြန်တော့လည်း ဟုတ်ပေသားပဲ။

သုံးနှစ်လုံးလုံးကြီး ချစ်သူတော်ထားခဲ့ရသည့် ချစ်သူတစ်ယောက်ကို လက်ထပ်ရတော့မယ်ဆိုတော့လည်း ...

တကယ်ချစ်ခဲ့ရသည့် ချစ်သူလေးက ကျေနပ်ကြည်နူးတာပေါ့။

ဆွိရယ် ... ကိုယ် မင်းကိုလည်း သနားမိပါတယ်။

ဟား ... ဘာလုပ်ရမလဲ။

ကိုယ့်ဘဝမှာ ကလေးလိုအပြစ်ကင်းစင်တဲ့မိန်းကလေးလည်း ရှိနေခဲ့ပြီ။

ကိုယ် ဘာတွေဆုံးဖြတ်ရတော့မလဲကွယ်။

ကလေး ကိုယ့်အဖြစ်ကို လာကြည့်စမ်းပါဦးကွာ။

ကိုယ့်ဦးနှောက်တစ်ခုလုံး ပြားနေအောင် အလိမ့်ခံနေရပြီ။





"ကိုကို"

ခပ်ချွဲချွဲလေးခေါ်လိုက်သည့် ဆွိလေးအသံကို ကြားရပြန်တော့လည်း လက်ရှိချစ်သူလေးကို သနားကြင်နာသွားရသည်။

"ညီမ ဘာပြောမလို့လဲ"

"ရှေ့လထဲမှာ Sedona မှာ ဒိတ်ယူလိုက်တော့မယ်နော်၊ ဧည့်စပ်မယ့်ကိစ္စကို"

"ဆွိကလည်းကွာ ကလေး ကလေးလို နေစမ်းပါ၊ ဒီကိစ္စမင်း စိမ်ရမှာမဟုတ်ဘူး၊ ကိုကိုနဲ့အန်ကယ် စီမံရမှာ၊ မင်းဆရာ မလုပ်စမ်းနဲ့"

"ကိုကိုနော် ဆွိက စီးပွားရေးကို ဒက်ဒီဦးဆောင်နေလို့ မလုပ်တာ၊ ကိုကိုနဲ့လက်ထပ်ပြီးရင် စီးပွားရေးလုပ်ပြမှာ၊ ကြည့်နေ ... ဆွိကို အထင်မသေးစမ်းပါနဲ့"

"အထင်မသေးပါဘူး၊ အထင်မသေးပါဘူး။ အထင်ကြီးရလွန်းလို့ ခက်နေရတာ"

"ဒါဆို ကိုကို ဘာပြောချင်သေးလဲ"

"ဧည့်စပ်ပွဲအကြီးအကျယ်မလုပ်ဖို့ ကိုကို အန်ကယ်နဲ့ တိုင်ပင်ရမယ်"

"တိုင်ပင်ပေါ့၊ ဆွိ စကားအတိုင်းပဲ ..."

"ဟား ... ဆွိ တော်ပြီကွာ၊ မင်းနဲ့ စကားမပြောဘူး"

"မပြောနေပေါ့၊ လေကုန်သက်သာတယ်"

ကြည့် ...

www.burmeseclassic.com



ဘယ်လောက် အနိုင်ယူဗိုလ်ကျလိုက်တဲ့ဟာမလေး လဲ။

သူ့ကို အနိုင်နဲ့ပိုင်းပြီး ဖုန်းကို အရင်ဆုံးပိတ်လိုက်သည့်ဆွိကို သူ့အနားမှာသာရှိရင် နားထင်စပ်ကလေးကို လက်သီးနဲ့ ဖွဖွထိုးပစ်လိုက်မိပြီဖြစ်သည်။

ဆွိရယ် ... မင်းလည်းပဲ ကိုယ့်ကိုချစ်ရတာ ရင်မောသလို ...

ကိုယ်လည်းပဲ မင်းကိုမချစ်ခဲ့မိတာ ရင်တကယ်မောပါတယ်ကွာ။

❢ ❖ ❢



"ဒါရိုက်တာကြီး"

"ဟင် ... ကလေး၊ ကိုယ့်နောက်လိုက်လာတယ်"

အံ့ဩလွန်းလို့ ဒေသိရ ကိုယ့်မျက်စိတောင်ကိုယ်မယုံနိုင်အောင်ဖြစ်သွားရသည်။

ရွှေဝါရောင်ဖျော့ဖျော့ ပိုးသားဂါဝန်ကလေးနှင့်အပြေးတစ်ပိုင်းရောက်လာသည့် သူ့ရဲ့ချစ်သည်းကျော်ကလေးကို သူလွမ်းဆွတ်တမ်းတစိတ်ဖြင့် ဆွတ်ကျင်ကျင်ကြီး ပြေးပွေ့ဖက်ရင်း မှုံးကိုယ်လုံးလေးကို မွေ့ယမ်းပွေ့ချီကာ လေထဲမှာ လူးလွန့်ကစားလိုက်လေသည်။

"အား ... မှုံးတယ် ဒါရိုက်တာကြီးရဲ့ အရမ်းမမွေ့နဲ့"

"ဟွန်း ... ပျော်လွန်းလွန်းလို့ပါ ကလေးရယ်၊ မင်းတကယ်တော်တယ်"

"မှုံး ဒါရိုက်တာကြီးကို သတိရနေတာ၊ ဒါရိုက်တာကြီးကသာ မှုံးကို Story ပေးသွားခဲ့တာ"

www.burmeseclassic.com



မှုတူတူ မင်တင်တင်ကလေး အိုက်တင်ပေးလာသည့် မှုံးမျက်နှာချောချောလေးကို သူ ရင်ခုန်နွေးဖျစွာ စိုက်ကြည့်ရင်း ရင်ထဲကခံစားချက်တွေ ဘယ်လိုမှ မျိုသိပ်လို့မရအောင် လွတ်သွားရလေတော့သည်။

သူ့ကို လုံးဝ မကျေနပ်သည့်စတိုင်လေးဖြင့် ...

နှုတ်ခမ်းလေးကိုစူပြီး မျက်တောင်ရှည်ကြီးတွေ စင်းချကာ ငြိမ်ငြိမ်လေးရန်တွေ့နေသည့် ချစ်ရသူလေးကို သူ ဘယ်လိုခံစားချက်မျိုးနဲ့မှ မျိုသိပ်ထိန်းချုပ်ဆယ်လို့မရတော့ဘဲ နမ်းရှိုက်ပစ်လိုက်ပါတော့သည်။

ချစ်တယ် ...

သိပ်ချစ်တယ်ကလေးရယ် ...

ကိုယ် မင်းရဲ့အချစ်တွေကို အရမ်းမျှော်လင့်တောင့်တတယ်ကွာ။

မှုံးတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ပစ်ကျသွားတဲ့အချိန်မှာ သူကလည်း မိန့်မိန့်မှုးမှုးကြီး ချစ်အနမ်းတွေ မှုံးမျက်နှာနနကလေးထက်ပေးအပ်ရင်း ရင်ထဲက ချစ်စကားတွေကို အတောမသတ် ခြွေချလိုက်ပါတော့သည်။

"ကလေး ... မင်းကို ကိုယ်သိပ်ချစ်တယ်၊ မင်းကို ကိုယ် လုံးဝမခွဲနိုင်ဘူး၊ မင်းနဲ့သာ ကိုယ်ခွဲရရင် ကိုယ်သေမှာ ရှုံးမှာ၊ ကလေး ကိုယ့်ကို ပစ်မသွားပါနဲ့နော်၊ ကိုယ့်ကို ပြန်ချစ်ပါနော် ... နော်"





"အို ... ဒါရိုက်တာကြီး ကျွန်မကို လွှတ်ပါဦး"

"ဟာအေး ... မလွှတ်ဘူးကွာ၊ ကိုယ် မင်းနဲ့ခွဲရမှာ သိပ်ကြောက်တယ်၊ ခံလည်းမခံစားနိုင်ဘူး၊ ခံလည်းမခံချင်ဘူးကွာ သိလား"

ဒေသိရ ရှုံးနေရပါပြီ။

ရင်ခွင်ထဲက ချစ်သူလေးကို တင်းတင်းကျစ်ကျစ်ကြီး သိမ်းဖက်ရင်းကနေ ပါးစပ်က မနားတမ်း ခွဲရမှာကြောက်ရသည့် အကြောင်းတွေကို တရစပ်ပြောနေခဲ့မိသည်။

ဟုတ်သည်လေ။

ကလေးကို တောင်းပန်ထားနိုင်မှ တန်ရုံကျမည်။

သူက လွှတ်လပ်သူတစ်ယောက်မဟုတ်။

ချစ်သူရှိခဲ့ပြီးသား မကြာခင် စေ့စပ်လက်ထပ်ရတော့မယ့်သူတစ်ယောက်။

သူ့မှာ လက်ရှိ မနှစ်သက်ဘဲ ချစ်သူတော်ထားရသည့် အမြင့်စား ဆွိလေးရှိတယ်ဆိုတာကို ကလေးသာ သိရင် ...

အား ... ငါရှုံးမှာ။

ငါ့ရင်ထဲမှာ မခံစားနိုင်တော့ဘူး။

သေပြီ၊ ဒါရိုက်တာပဲ လုပ်ဖို့ကောင်းတော့သည်။

"အို ... ဒါရိုက်တာကြီး ... ခင်ဗျား ဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲဗျာ၊ ဘာဖြစ်နေတာလဲ၊ ခင်ဗျား ဘာဖြစ်နေတာလဲ ဟင်"

www.burmeseclassic.com



"ငါ ... ငါ မခံစားနိုင်တော့ဘူး ကလေးရယ်"

"အို ... ဒုက္ခပဲ၊ သူက တပြန်ကြီး ဝမ်းနည်းနေရသေးတယ်"

လက်နုနုထွေးထွေးကလေးတစ်စုံက သူ့ပါးပြင်ကြီး

ာ ခပ်ဖွဖွကလေး တို့ထိလာခဲ့တာကြီးကို သူ ရင်ခုန်ယစ်မူးစွာ

ျက်ဝန်းကြီး ခပ်တင်းတင်းမှေးမှိတ်ရင်း ရင်ထဲက ဝမ်းနည်းတံတွေး

ဦပဲ တဂွိဂွိ ကျိတ်မျိုချလိုက်လေသည်။

မဟုတ်ဘူး ကလေး ...

မင်း ဘာမှမသိဘူး ...

ကိုယ်လေ ... ကိုယ် မင်းကို မတွေ့ခဲ့မိရင် သိပ်

ာင်းမှာ ...

အခုတော့ ... အခုတော့ ...

ကိုယ် မင်းကို ရဲရဲဝံ့ဝံ့ချစ်နိုင်ဖို့ မလွယ်ဘူး ကလေးရေ။

အဲဒါ မင်းက ဘာမှမသိဘူးမဟုတ်လား ...။

"ကလေး ကိုယ် မင်းကို သိပ်ချစ်တယ်ဆိုတာ မင်း ယုံသလားဟင်"

ဒေသီရ ရင်ခွင်ထဲက ချစ်သူလေးကို အနမ်းနွေးနွေး

ွပေးရင်း တစ်ကျော့ပြန်တောင်းဆိုလိုက်ပြန်သည်။

ရင်ခွင်ထဲက ချစ်သူလေး အရိုးခံမလေး မှုံးကတော့

ရင်ထဲက ခံစားကြေကွဲဖြစ်ပျက်တွေကို တကယ်မသိခဲ့ဘဲ ...

ရိုးရိုးစင်းစင်း မျက်ဆံနက်ကြည်လေးဖြင့် မော့ကြည့်

ခဲ့တာလေးကို သူ အသည်း ဖျားပြီးရင်း ဖျားခဲ့ရလေတော့သည်။





"ဟင် ... ကလေး ကိုယ် မင်းကို သိပ်ချစ်ခဲ့တာ ယုံတယ်မဟုတ်လားဟင်၊ လက်ခံတယ်မဟုတ်လားဟင်"

"ဒါရိုက်တာကြီးရယ် အဲဒီစကားလုံးကြီးကို ကျွန်မက ပြောရမှာပါ"

"ဟင့်အင်း ... မင်းမပြောနဲ့၊ မင်းပြောရမယ့်စကားမဟုတ်ဘူး၊ ပြောရမှာက ကိုယ် ... ကိုယ်ပါကလေး"

"အို"

နေရောင်ခြည်တွေ နွေးထွေးသလို ...

မင်းလေး ခွင့်ပြုနားလည်ပေးမယ် ဆိုရင် ကိုယ့်တစ်ဘဝလုံး နေပျော်သွားပြီ။

ကိုယ့်ဘဝမှာ မင်းလေးနဲ့သာ ရင်ဆိုင်လက်တွဲခဲ့ရရင် ဘာမှ ခါးသီးမှုဒဏ်ရာဒဏ်ချက်တွေ မရှိတော့ဘူး။

မင်းဟာ ကိုယ့်ဘဝရဲ့ အချိုသာဆုံးလမင်းကလေးပါပဲ ကလေး။

ရင်ခွင်နွေးနွေးလေးကို ပွေ့ဖက်ရင်း ဒေသီရ ကျေကျေနပ်နပ်ကြီး ပြုံးမော်သွားရတော့သည်။

အဲဒီအချိန် ခဏအတွင်း ...

ဖျတ်ခနဲ မျက်လုံးခြည်တန်းထဲက အလင်းတန်းတစ်ခုက သူ့နှလုံးသားကို ပုတ်ခတ် လှုပ်နှိုးပစ်လိုက်သည်။

"အား ... ဘုရားသခင်၊ ငါ အိပ်မက်မက်နေတာပါလား၊ အိပ်မက်ထဲမှာ ကလေးနဲ့ ငါဟာ ..."

www.burmeseclassic.com



ဟား ...

မှုံးကလေး ...

ကိုယ် ပိုပြီးရူးပြီ။

မင်းဆုတောင်းပေးခဲ့သလို ကိုယ် အိပ်မက်လှလှလေး က်ပါတယ်ကွာ။

ဒါပေမဲ့ ကလေး ...

ကိုယ့်ရင်ထဲမှာ မပျော်မိဘူး။





## ၁၁

"ကိုကို ဒီနေ့ ဗီဒီယိုကားသစ်တစ်ကား စရိုက်မှာနော်"

"အင်း"

ချယ်ရာမင်မလေးကို သူ တော်တော်စိတ်ရှုပ်ရပါသည်။

ရိုက်ကွင်းအထိလိုက်ပြီး Producer သမီးပီပီ ဆရာကြီးလုပ်လွန်းလို့ ဒေသိရ တကယ်နားခါးရသည်။

အခုတလော ဒေသိရ စိတ်ထဲမှာ ဘယ်လိုမှ ကြည်လင်ကျေနပ်မှုမရှိ။

အတိုက်အခံစကားလုံးတွေ ဆက်တိုက်ကြားရဖန်များတော့ ဒေသိရ နှလုံးသားသည်လည်း ကြွေမပျက်စီးနေခဲ့ရပါပြီ။

ဒီကြားထဲ ဟိုကောင်မလေးကလည်း သူ ပြန်လာတာ တစ်ပတ်ကျော်ကာလအတွင်းမှာ ဖုန်းကလေးတစ်ချက်တောင်ဆက်လာဖော်မရသဖြင့် သူ တော်တော်စိတ်ညစ်ခံစားခဲ့ရသည်။

www.burmeseclassic.com



အင်း …

ခံစားမှုနွေးနွေးအိပ်မက်ကလေးကတော့ သူ့ရင်ထဲမှာ ရင်တုန်ပန်းတုန် ကတုန်ကယင်ကြီး ခံစားနွေးထွေးရှိန်းမြနေဆဲပင်။

ဟား …

ဒေသိရ ဆိုတဲ့ မျက်နှာလေးကို တိတ်တိတ်ကလေး ခိုးကြည့်ရင်း မလုံမလဲ သက်ပြင်းမောကြီး ချလိုက်မိသည်။

သုံးနှစ်လုံးလုံး တွဲလာခဲ့သည့် ချစ်သူလေးကို သူ သစ္စာမဲ့ရာများကျသွားပြီလား။

အင်း … သစ္စာသုံးရအောင်လည်း …

ဒေသိရ ဆိုတဲ့ကို ရင်ထဲကမေတ္တာသစ္စာတည်ပြီး ချစ်ခဲ့တာမဟုတ်။

ဂုဏ်အရှိန်မြင့်လွန်းသူ ဟိုင်းဘော့စ်ကြီးရဲ့တစ်ဦးတည်းသောသမီးကလေး၊ ငယ်သံယောဇဉ်နှင့် ညီမလေးလို ခင်ခဲ့ရသည့် ကောင်မလေးက သူ့ကို ချစ်နေခဲ့တာသိနေခဲ့တာမို့ သူကလည်း ချစ်တယ် ကြိုက်တယ် ခံစားမှုဖွဲ့နွဲ့မသိကုံးဘဲ သူမလေးနှင့် ချစ်သူဘဝရောက်ခဲ့ရတာ သုံးနှစ်တာကာလသို့ ရောက်ရှိသွားခဲ့ရလေသည်။

အဲဒီပတ်သက်မှုကြီးက …

အခုတော့ …

သူ့မှာ ကြမ်းကျွံ စကားကျွံ ဖြစ်ခဲ့ရလေပြီ။





ဟား … ပူလောင်ပါတယ်။

သိပ်မကြာတဲ့အချိန်တွေမှာ ဘာတွေဖြစ်လာဦးမလဲ ဆိုတာ ကိုယ် ဘာမှ မခံစားရရင် သိပ်ကောင်းမှာပဲ။

"တူ … တူ … တူ"

"ဟင်"

အခုရက်ပိုင်းအတွင်း မြည်လာသည့် ဖုန်းသံတိုင်းကို သူ ရင်ခုန်မျှော်လင့်ကြီးစွာ စောင့်ဆိုင်းခဲ့ရတာမို့ …

ဖုန်းမြည်သံလေးက သူ့ကို အတော်ကလေး ဣန္ဒြေမဲ့သွားခဲ့ရသည်။

"တူ … တူ … တူ"

သူ ဆိုနှင့် ယှဉ်လျှက်ထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်ပြီး ခပ်လှမ်းလှမ်းလျှောက်သွားကာ ဖုန်းဖွင့်နားထောင်လိုက်ပါသည်။

ဟား … ရင်ခုန်လိုက်တာကွာ။

မင်းလေး ကိုယ့်ဆီဖုန်းဆက်လာလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ထားတာ။

"ဟယ်လို"

ထင်ထားသည့်အတိုင်း အသံလေးကိုကြားလိုက်ရသဖြင့် သူ မွှးခနဲဖြစ်သွားရသည်။

"ကလေး … ကလေးလား"

"ဟုတ်တယ်"

www.burmeseclassic.com



"ဟာ ... ဝမ်းသာလိုက်တာကွာ၊ ကိုယ် ... ကိုယ် ကလေး ဖုန်းကိုမျှော်နေတာ"

"ဒါရိုက်တာကြီး အခု ဘာလုပ်နေလဲဟင်"

"ဟေ ... ဟင် ... ဖုန်းပြောနေ ... အာ မဟုတ်ဘူး၊ ရိုက်ကွင်းထဲရောက်နေတယ်၊ ရန်ကုန်မှာပါပဲ"

"ဪ ..."

တစ်ဖက်မှ မှုံးအသံလေးက တိတ်ဆိတ်ငြိမ်ကျသွားသဖြင့် သူ ပျာပျာသလဲ ဖြစ်သွားရသည်။

"ဟယ်လို ... ကလေး ... ကလေး ဖုန်းမချနဲ့ဦးနော်"

"မချပါဘူး"

"ကလေး ကိုယ် အိပ်မက်လုလုမက်တယ်၊ မင်း ဆုတောင်းကောင်းလို့လေ"

သူ ဘယ်လိုမှ မခံစားနိုင်တော့လို့ အိပ်မက်ကြီးကို စမြုံ့ပြန်ရင်း ရင်ဖွင့်လိုက်မိပြီးမှ ရင်ထဲမှာ ကြက်သီးမြမြထသွားတော့သည်။

ဟား ...

ကလေးရယ် ...

မင်းဟာ ကိုယ့်ကို အဆွဲဆောင်ဆုံး ဆွဲဆောင်ထားနိုင်ခဲ့သွားပြီကွာ။

"ကျွန်မလည်း ဒါရိုက်တာကြီးကို မက်တယ်"

"ဟင် ... မင်းက ဘာတွေမက်သလဲ ပြောပါဦး"





"ဒါရိုက်တာကြီးက ရိုက်ကွင်းမှာ ကျွန်မကို သဟောက်သဟလုပ်လို့"

"ဟာကွာ ... အကောင်းမှတ်လို့ နားထောင်နေတာ ... ဟား ဟား"

"အကောင်းပြောတာပဲ"

"ဟား ဟား ... အလည်လေးပဲ"

တစ်ဖက်က ခဗီရှူအသံရီးကလေးကို သူ အသည်းများသွားရကာ သူနှင့်အနီးလေးမှာ သူ့ရဲ့လက်ရှိချစ်သူ မကြာခင် စေ့စပ်ရတော့မယ့်ချစ်သူလေးကို ခေတ္တခဏမေ့ပျောက်လျက် သူ အူလှိုက်သည်းလှိုက်ကြီး ရယ်ချလိုက်ပါတော့သည်။

ဟား ...

ပြောတတ်လိုက်တဲ့ တောသူမလေး။

အသည်းစားလေးကွာ။

"အမယ်လေး ... ကိုကို ကြည့်စမ်းပါဦး၊ ဘယ်သူနဲ့များ စကားပြောနေလို့ ဒီလောက်သဘောကျပျော်တော်ဝင်နေရတာလဲ၊ ဖုန်းပြောတာလည်းကြာလိုက်တာ၊ အဲဒါ ဘယ်သူ့ဖုန်းလဲ"

"ဟင် ... ဘာမှ မဟုတ်ဘူး ရတယ်၊ ရပြီ အိုခေနော်"

"ဟင့်"

ဖျတ်ခနဲဆိုသလို ...

www.burmeseclassic.com



ဒါရိုက်တာကြီး ဖုန်းပိတ်သွားတာကြီးကို မွှံး နှာကျင်အခံရခက်ခက်ကြီးဖြင့် နှုတ်ခမ်းသားလေးစေ့ကိုက်ရင်း ရင်ထဲကိုဘာမှန်းမသိသည့် ခံစားမှုနက်နက်ကြီး တစ်ရှိန်ထိုးစီးဝင်သွားရလေတော့သည်။

အို ... ကိုကိုဆိုတဲ့ အသံတစ်ခုက မွှံး နှလုံးသားအိမ်ထဲမှာ ဂယက်ရိုက်ခတ်နေရပါပြီ။

သြဇာအာဏာကြီးသည့် မိန်းမတစ်ယောက်ရဲ့အသံက ဒါရိုက်တာကြီးကို ဖုန်းစကားပြောနေသည့် တန်းလန်းကနေချက်ချင်းကြီး ဖုန်းပိတ်သွားသည်အထိ အရှိန်ကြီးခဲ့ရတာကြီးက ...

ဘယ်သူရှိဦးမလဲ ...

ဒါရိုက်တာကြီးရဲ့ ...

ချစ်သူပေပဲလား ...

အိုး ...

ဒါရိုက်တာကြီးရယ် ... ကျွန်မရဲ့အဖြူစစ်စစ်နှလုံးသားနုနုလေးကိုတော့ ကြက်ခြေခတ်မခတ်လိုက်ပါနဲ့လို့ တောင်းပန်ပါတယ်ရှင်။

တစ်ဖက်မှ ဒါရိုက်တာကြီး ဖုန်းပိတ်သွားသဖြင့် မွှံး တိတ်တိတ်ကလေး မျက်ရည်ကျခဲ့ရသည့်အဖြစ်ကြီးကို ဘယ်သူမှမသိအောင် မွှံးက စတက်ဆံပင်အိအိကလေးတွေနှင့် အကာအကွယ်ယူလိုက်ရပါတော့သည်။





ဒါရိုက်တာကြီးရယ် မစရသေးဘူး၊ ကျွန်မ မျက်ရည်ကျရမယ့်ဘဝကို မပေးအပ်လိုက်ပါနဲ့လို့။

ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်။

မွှံးရင်ထဲက စကားသံလေးတွေကိုတော့ ဒါရိုက်တာကြီးတစ်ယောက် နားလည်ခံစားနိုင်မည် မဟုတ်ခဲ့ချေ။

❢ ❖ ❢

www.burmeseclassic.com



# အခန်း ၁၂

အခုတလော အလွမ်းနာကျပြီး အမှိုင်နာနေသည့် မှုံးကို ဘွားကတောင် သတိထားမိသွားလေသည်။

"မြေး ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား မျက်နှာ မကောင်းဘူး"

"အင်း ... ကောင်းပါတယ် ဘွားရဲ့၊ နေကပြင်းတော့ ခေါင်းကိုက်တာပဲရှိတယ်၊ အား ... နေကလည်းပြင်းလိုက် တာနော်၊ ဘွား အိမ်ပေါ်မှာတောင် နေလို့မရဘူး"

"အေး ... ဟုတ်တယ်၊ ဒါတောင် တပေါင်းတန်ခူးနေကြီး မဟုတ်သေးဘူး၊ ဘွားတော့ တပေါင်းတန်ခူးကြီးရောက်မှာ သိပ်ကြောက်တာပဲ"

အင်း ...

တော်ပါသေးရဲ့။

ဘွား အာရုံက နေပြင်းတဲ့ဘက်ရောက်သွားလို့ မှုံး သက်မမောလေး ချနိုင်သွားရသည်။





ဒီတစ်ခါတော့ ဘယ်သူ့မှသတိမထားမိအောင် ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင်ကောင်းတစ်ယောက်အဖြစ် အရာရာဟန်ဆောင်နိုင်ဖို့ စိတ်ထဲက ကြိမ်းထားလိုက်မိသည်။

ရွှေမှုံးမံဆိုသည့် မိန်းမချောလေးကို ...

ဒီနယ်တစ်ကြောက မသိသူခပ်ရှားရှားရယ်မို့ မှုံးသည် ဒါရိုက်တာကြီးဒေသိရနှင့် ရင်းနှီးခဲ့တာတွေကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်မပြောခဲ့မိချေ။

ပြောစရာလည်း မလိုဘူး ထင်သည်။

ကိုယ် လျှောက်တဲ့လမ်းကြောင်းကို ဘယ်သူ့ကိုမှ ရင်ခွင့်ဖွင့်အန်ဖို့မလို။

ဒီစကားတွေကို ဘွားကိုတောင် မှုံး ဖွင့်မပြောခဲ့။

ဘွားကလည်း မှုံး ဝါသနာကို အားပေးအားမြှောက်ဆေးသည့် ဘွားမှမဟုတ်တာ။

နှလုံးသားချင်း ထပ်တူခံစားနားလည်မှာလည်း မဟုတ်။

မှုံးတစ်ယောက်တည်း အတွေးလေးတွေနှင့် ခပ်ငြိမ်ငြိမ်ကလေးစဉ်းစားရင်း ဆက်တီထိုင်ခုံနောက်မှီကြီးကို စိတ်လက်ပေါ့ပေါ့မှီချပစ်လိုက်တော့သည်။

"တိ ... တိ ... တိ"

မှုံး မျက်ဝန်းကလေးကို တင်းတင်းလေးမှိတ်ချပြီး ရင်ထဲက အလွမ်းလေးတွေကို လေကလေးဟားထုတ်လိုက်သည့်

www.burmeseclassic.com



အချိန်မှာ အိမ်ရှေ့ဆီမှ ကားဟွန်းသံက မှုံးရဲ့အားခဲနေသည့် နှလုံးသားလေးကို တလှုပ်လှုပ် ရိုက်ခတ်သွားခဲ့ရပါတော့သည်။

အမှတ်မထင် ဖျတ်ခနဲ အိမ်ရှေ့ဆီသို့ မျက်လုံးဖွင့်အကြည့် ...

"အို"

ဒါရိုက်တာကြီး လိုက်လာတယ်။

ဟား ... ဝမ်းသာလိုက်တာ။

မှုံး နှုတ်ခမ်းသားလေးတွေ ကွေးညွတ်ပြုံးမိသွားသလို ကားပေါ်ကနေ မရမ်းစေ့ရောင် ပုဆိုးကွက်စိပ်ကလေးနှင့် ရှပ်အဖြူလက်ရှည်လေးကို လူကြီးလူကောင်းဆန်ဆန် သပ်ရပ်စွာဝတ်ဆင်ထားသည့် ဒါရိုက်တာကြီးကို မှုံး အံ့သြရင်ခုန်သလိုလေး ငေးကြည့်နေလိုက်မိသည်။

ဒါပေမဲ့ မှုံးကတော့ အထာကြီးစွာဖြင့်ပင် ...

ထိုင်နေသည့်နေရာကတော့ တစ်စက်မှမရွေ့မိ။

"ဟဲ့ ... မြေး ... အဲဒါ ဟိုအရင်တစ်ခါလာတဲ့လူလေး မဟုတ်လား"

မှုံး အင်းမလုပ် အဲမလုပ် ဘွားကို မော့ကြည့်လိုက်သည်။

အဲဒီအချိန်မှာ အပေါ်ထပ်လှေကားဆီသို့ တက်လာသည့် ခြေသံတွေကို မှုံး ရင်တလှပ်လှပ် နားစွင့်ထားမိသည်။

အဟင်း ... ချက်ချင်းကြီး ဖုန်းပိတ်သွားပြီးမှ —





ကောက်ခါငင်ခါရောက်လာရတာ ဘာကြီးလဲဟ ဒါရိုက်တာကြီးရ။ ကောက်ခါငင်ခါ ရောက်လာရတာ ဘာကြီး

"ဘွား ကျွန်တော် အလည်တစ်ကျော့ပြန်လာတယ်၊ မှုံးရော"

ဧည့်ခန်းထဲသို့ ဣန္ဒြေရရလှမ်းဝင်လာသည့် ဒေသိရက မှုံးနှင့်ဘွားကို လှမ်းနှုတ်ဆက်ရင်း အပြုံးချွေးချွေးကြီးဖြင့် မှုံးကို စိုက်ကြည့်ပြုံးပြလိုက်ပါသည်။

ပြီးတော့ မှုံးလေး ဘွားအဘေးနားမှာ ခပ်ငြိမ်ငြိမ်ကလေး ထိုင်နေတာလေးကို မြင်မြင်ကြီးနှင့် သူက ဟန်တစ်လုံးပန်းတစ်လုံး "မှုံးရော" လုပ်ပြီး နှုတ်ဆက်လိုက်လေသည်။

အဟွန်း ... တောသူမလေးကလည်း ရိုးသယောင်အသယောင်နဲ့လည်း လည်သေးတယ်။

ပညာသားကလည်းပါပါ့။

သူ့ကိုများ စိတ်ကောက်နေလိုက်တာ။

ဟား ... ရင်တကယ်ဖိန့်တယ် ကလေးရယ်။

"လူလေး ... လာ ထိုင်ကွယ်"

မှုံးရဲ့ဘွားကလည်း မှုံးနည်းတူပင် နပ်ရည်ပါးရည်ရှိလှသည်။

လွန်ခဲ့တဲ့ဆယ်ရက်လောက်ကမှ မြေးမလေးဆီ တစ်ခေါက်ရောက်ထားသေးတာကို သိထားပုံကြီးဖြင့် မျက်မှန်ကြီးပင့်ကာ သူ့ကို မတည်မပြုံးမျက်နှာထားကြီးနှင့် စိုက်ကြည့်ခေါင်းတညိတ်ညိတ်နှင့် ကြိုဆိုသေးလို့ ခံသာသေးသည်။

www.burmeseclassic.com



အပျှန်း ...

ဒါရိုက်တာဒေသီရ ...

ဆွိုတို့သားအဖဆီမှာ သူကောင်းမြောက်စားခံရသလောက် ...

ဒီမြေးအဘွားနဲ့ကျမှ ဒေါက်ပြုတ်ရတဲ့အဖြစ်။

ရင်ထဲမှာတော့ မှုံးရဲ့မှုပုံမင်ပုံလေးကို တကယ်အင့်သွားရသည်။

"ဘွား နေကောင်းတယ်နော်"

"အေး ... ကောင်းပါတယ် လူလေးရယ်"

ပြောပြောဆိုဆို ဘွားက သူ့အတွက် ကော်ဖီထ,ဖျော်မလို့ ပြင်ဆင်နေလေပြီဖြစ်သည်။

"မြေး သောက်ဖို့ ဘွား ကော်ဖီဖျော်လိုက်ဦးမယ်"

"ဟာ ... ရပါတယ် ဘွားရယ်၊ ကျွန်တော် သောက်ခဲ့ပြီးပါပြီ"

"ဘယ်ဟုတ်မလဲ လူလေးရယ်၊ ရန်ကုန်ကလာခဲ့တာ ကော်ဖီလေးတောင်မတိုက်လို့ဖြစ်မလား"

အင်း ...

ဘွား သူ့အတွက်ကော်ဖီကို ကိုယ်တိုင်ကိုယ် ထ,ဖျော်ခဲ့တာကြီးကို သူ ဘာမှမပြောသာတော့ဘဲ မှုံး မျက် လေးကိုပဲ လွမ်းလွန်လွန်းလို့ တစိမ့်စိမ့် စိုက်ကြည့်ပစ်လိုက် သည်။



သူ အဲဒီလိုကြီး မှုံးမျက်နှာလေးကို တစိမ့်စိမ့်စိုက်ကြည့်လိုက်ပေမယ့် ...

မှုံးက ဆယ်ကျော်သက်ပီပီ မတည်မငြိမ်မျက်ဝန်းရိပ်လေးမရှိဘဲ သူ့အကြည့်တွေကို နည်းနည်းမျှရှိုးတိုးရှန့်တန့်မဖြစ်ဘဲ မသိသလိုကလေး ခပ်ငေးငေးလေး ပန်းခြံကိုကျော်ကြည့်နေတာကို သူ ပိုပြီး အသည်းဖိန့်သွားရသည်။

ဟား ...

ကောင်မလေး သူ့ကို ရွှေစိတ်တော်ညိုနေပြီ။

အင်း ... ဆိုကလည်း ဂြိုဟ်ပဲ။

သူ ဖုန်းပြောနေတာကို တောင့်အင့်အင့်ကြီးဝင်ပြောလိုက်တဲ့ ဆွိုစကားတွေကို မှုံးလေး ကောင်းစွာနားလည်မည်ထင်ပါရဲ့။

ဒေသီရ မှုံးမျက်နှာလေးကိုကြည့်ပြီး ရင်ထဲမှာ နွေးထူထူကြီးခံစားလိုက်ရကာ စိတ်မထိန်းနိုင်တော့ဘဲ ...

ဖျတ်ခနဲဆိုသလို မှုံးနှင့် မျက်နှာချင်းဆိုင်ထိုင်နေရာကနေ မှုံးနှင့်အတူတွဲလျက် ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ မှုံးက တစ်ဖက်ကို ပေါင်ကလေးကျုံ့ရွှေ့ရင်း ...

"ဟိုမှာပြန်ထိုင်ပါ"

"မထိုင်ပါဘူး"

ဒေသီရ ခပ်ထန်ထန်ကြီးပြန်ပြောရင်း မှုံး လက်ကလေးကို ဖျတ်ခနဲဆုပ်ကိုင်ထားလိုက်သည်။

www.burmeseclassic.com



"အိုး ... ဘာလုပ်တာလဲ ရဲလိုက်တာ၊ ဒါရိုက်တာဒေသိရ
က မိန်းမချောမိန်းမလှလေးတွေကို ဒီလိုပဲလုပ်တတ်လား"

"ကလေး ... မင်းစကားမရှည်စမ်းနဲ့၊ ဘာဖြစ်နေတာလဲ၊
ကိုယ့်ကို အဲဒီလိုမဆက်ဆံနဲ့ ကိုယ် လုံးဝမကြိုက်ဘူး"

"မကြိုက်သေပေါ့၊ မှူးနဲ့ ခင်ဗျားနဲ့ ဘာဆိုင်သလဲ"

"ကလေး"

"ဟာ ... တိုးတိုးပြောပါ၊ ကျယ်လိုက်တာ"

"မှူး စကားတစ်လုံးမှ ထပ်မပြောတော့နဲ့"

မြင်တွေ့ချင်သူလေးကို မြင်လိုက်ရပြန်တော့လည်း အဆင်မပြေလှသည့် စကားအဖုတွေကြောင့် သူ မှူ့ကို ခပ်ထန်ထန်ကြီး ပေါက်မိသွားရသည်။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းရသည့်အဖြစ်။

"ဟင်း"

ဒေသိရ ပေါက်လိုက်မိပြီးကာမှ မှူးမျက်နှာလေး တည်မှုန်သွားတာလေးကိုကြည့်ပြီး ရင်ထဲနွမ်းသွားရသည်။

"ဘာမှန်းလဲမသိဘူးကွာ၊ ဒီက တွေ့ချင်လွန်းလို့ ချက်ချင်းကြီးအလုပ်မအားတဲ့ကြားက ကောက်လာရတာ၊ ရင်တကယ်
အမောမပြေဘူး"

ခေါင်းကြီးကို သူဘယ်ညာခါယမ်းလိုက်ပြီး မှူးမျက်နှာလေးကို သူ စိတ်အလိုမကျနိုင်စွာ စိုက်ကြည့်လိုက်မိသည်။

ဟား ... ကလေးရယ် ...



ကိုယ့်ရင်ထဲမှာ တကယ်မခံစားနိုင်တော့ဘူး။

တစ်ခုခုတော့ဖြစ်တော့မှာ။

ကိုယ် ကြိုသိနေတယ်။

"ဟယ် ... မြေးက ညည့်သည်ကိုညှော်ခံတာ နားကိုငြီးနေ
တာပဲကွယ်"

"အဟွန်း"

အဘွားက အားနာစကားဆိုတော့ သူ ဘွားကို ပိုပြီး လေးစားသွားရပါသည်။

ဩော် ... ခေတ်မီလွန်းသည့်ဘွားပါလား။

ဘွားအေက ခေတ်မီတော့လည်း မြေးမလေးက "အတိုင်းထက်အလွန်"ပေါ့။

ဒါကြောင့် မင်းသမီးဖြစ်ချင်တာကိုး။

မင်းသမီးဖြစ်ချင်လို့လည်း သူ့ကို ဒီလောက်အထိ ညှော်ထောက်ခံစကားပြောနေတာ။

နင့်မို့ အိမ်ပေါ်ကနေ နှင်များထုတ်မလားပဲ။

"ဒီမှာ လူလေး ... သောက်လိုက်ပါဦး၊ မုန့်လေးလည်းစား၊
ကြက်သားမုန့် စားကောင်းတယ်၊ စား လူလေး၊ ဟဲ့ ...
ဟဲ့ ... မြေးက ဘယ်ကိုသွားမှာလဲ"

ဘွား သူ့ကို ညှော်ခံကောင်းနေတုန်း မှူးက လှစ်ခနဲ ထရပ်ပြီး ညှော်ခန်းထဲကထွက်သွားသဖြင့် ဘွားက တအံ့တဩ ဖြစ်ကျန်ခဲ့တော့သည်။

www.burmeseclassic.com



"ပူတယ် ဘွား၊ မှုံး အောက်မှာပဲ ဆင်းထိုင်နေမယ်"

"အေး ... ခက်တာပဲ၊ ဟုတ်တယ် ပူတယ် လူလေးရယ်၊ မြေးမလေးက သွပ်အပူဒဏ်မခံနိုင်ဘူးကွယ့်၊ စောစောကတင် ပြောနေတာ၊ တပေါင်းတန်ခူးနေဆို ဘယ်လောက်ပြင်းမလဲ လို့၊ လူလေးတို့ ရန်ကုန်မှာရော နေပြင်းတယ်လား"

"ဟုတ်ကဲ့ ဒီလောက်တော့ မပြင်းလှဘူး ဘွားရဲ့"

ဒေသိရ ရင်ထဲမှာ ဘွားနှင့် စကားသာပြောနေခဲ့ရ ပေမယ့် ...

မငြိမ်းချမ်းတော့။

ပန်းခြံထဲကို ဆင်းထိုင်နေပြီဖြစ်သည့် သူ့ကို စိတ် ကောက်စိတ်ဆိုးနေသည့် မှုံးဆီကိုပဲ အာရုံကရောက်နေရတော့သည်။

အင်း ...

မှုံးရယ် ... ကိုယ်တို့တွေ ရှေ့ဖြစ်ကြမယ့်ကံကို ကြိုမမြင်ကြိုမတွေးဘဲ ကိုယ်တို့ရဲ့ တဒင်္ဂစိတ်လေးနဲ့ ကိုယ်တို့ အလွမ်းဖြေလိုက်ကြပါစို့နော်။





## ၁၃

မှုံးက ကိုယ့်ကို စိတ်ကောက်နေတာလား။

ပန်းခြံထဲက ထိုင်ခုံတန်းကလေးမှာ မှုံးနှင့်အတူ ယှဉ်တွဲထိုင်ရင်းမှ မှုံး မျက်နှာမှုန်မှုန်လေးကို ဒေသိရ ကြင်နာမြတ် နိုးစွာ စိုက်ကြည့်ရင်း ပြုံးဖွဖွကြီးမေးလိုက်မိသည်။

သူက အလေးထားပြီး မေးလိုက်ခဲ့ပေမယ့် ...

မှုံးကတော့ဖြင့် ဘာစကားတစ်ခွန်းမှမပြော။

ခပ်တည်တည်မျက်နှာထားလေးနှင့် သူမတို့အိမ် အပေါ်ထပ်ဆီသို့ ပင်မော့ကြည့်ရင်း နှုတ်ခမ်းသားလေးကို တင်းတင်း ဆေးစေ့ထားလေသည်။

ပြောလိုက်ပါတော့ ကလေးရယ်။ မင်းရင်ထဲမှာ ဦယနဲ့ပတ်သက်ပြီး သံသယဖြစ်နေတာတွေကို ရှင်းရှင်းကလေးသာ နှင့်မေးလိုက်ပါတော့။

ဒါရိုက်တာကြီး ဖုန်းဘာလို့ပိတ်သွားတာလဲလို့ မေး လိုက်ပါတော့။

www.burmeseclassic.com



"ကလေး"

သူ မေးစေချင်တာတွေကို ဘာတစ်ခုမှမမေးဘဲ မျက်လွှာလေးစင်းချငြိမ်သက်နေပုံလေးကို သူ အသည်းနိုက်မတတ် ချစ်သည်းယားသွားရကာ ပတ်ဝန်းကျင်ကို သူ လုံးဝဂရုမစိုက်တော့ဘဲ မွှံးလက်ကလေးကိုဆွဲကိုင်ရင်း သူ့ပါးပြင်ကြီးမှာ နွေးနွေးကြီးဖိအပ်ပစ်လိုက်လေတော့သည်။

"ဒါဘာလုပ်တာလဲ ဒါရိုက်တာကြီး၊ ဒါရိုက်တာကြီး အဲဒီလို လက်ရဲဇက်ရဲနိုင်တာကြီးကို ကျွန်မ လုံးဝမကြိုက်ဘူး"

သူ ဆွဲကိုင်လိုက်သည့်လက်ကလေးကို ပြန်ရုန်းယူနေသည့် မွှံးကို သူ ခပ်တည်တည်ကြီး စိုက်ကြည့်ရင်းက ရင်ထဲက ခံစားချက်ဖွေ လွှတ်ထွက်သွားရလေတော့သည်။

ဘာစကားမှဆက်မပြောတော့ဘဲ မွှံးလက်ကလေးကို အတင်းဆွဲကိုင်ထားရာကနေ ကိုယ်လုံးကလေးကို ခပ်တင်းတင်းကြီး ဆွဲဖက်ပစ်လိုက်ပြီး ...

မိုက်မိုက်ကန်းကန်းကြီးကို မျက်စိစုံမှိတ်ပြောချလိုက်တော့သည်။

"ကလေး ... မင်းကို ကိုယ်သိပ်ချစ်တယ်၊ အရူးအမူးပဲကွာ"

ပြောပြောဆိုဆို သူ ရင်မောလွန်းလို့ ကလေးပခုံးလေးပေါ် မျက်နှာကြီးအပ်ချပြီး သက်ပြင်းကြီးတစ်ချက် ရှိုက်ချလိုက်မိပါတော့သည်။

"ဟာင်း"





ခွင့်လွှတ်ပါတော့ ဆို့ရယ်။

ကိုကို့ကို ခွင့်လွှတ်နားလည်ပေးပါတော့။

"ဟင့်အင်း ... ဒါရိုက်တာကြီး ကျွန်မကို မချစ်နဲ့၊ ဒါရိုက်တာကြီးအချစ်ကို ကျွန်မ မယုံဘူး"

ရင်ခွင်ထဲက ချစ်သူလေးက ခေါင်းတယမ်းယမ်းငြင်းဆိုနေတာလေးကို ဒေသိရ ခပ်ဆွေးဆွေး ခပ်ငေးငေးကြီး စိုက်ကြည့်ရင်း ရင်ထဲက အမောတွေက တစ်ကိုယ်လုံးကို ဖိန့်ဖိန့်တုန်သွားခဲ့ရတော့သည်။

ရင်မောတယ်ကွာ။

ကလေးရယ် ...

အိပ်မက်ထဲကလောက် ကိုယ့်ကလေးရဲ့ရင်ခွေ့လေးတွေလို မနွေးထွေး မချိုမြိန်ဘူး။

ဒါပေမဲ့ ကိုယ် မင်းကို ချစ်တယ်။

လုံးဝ မခွဲနိုင်လောက်အောင်ကို ချစ်သွားခဲ့ရပြီ။

လက်ရှိဘဝမှာ ကိုယ့်မှာ ဇွဲစပ်ရမယ့်ချစ်သူရှိနေသေမယ့် ကိုယ့်ရင်ထဲမှာ ကလေးကိုပဲ ... ကလေးကိုပဲကွာ။

"ကလေး ယုံစမ်းပါ၊ ကိုယ့်ကို မင်း ယုံစမ်းပါနော်"

အို ...

မွှံး မျက်ဝန်းလှလှကလေးတွေ နွေးထွေးစွာပိတ်ချောင်ကျသွားရပါသည်။

ညနေ နေဝင်ရီဖျိုအချိန်မှာ ...

www.burmeseclassic.com



ပန်းခြံရဲ့အကွယ်တစ်နေရာက ချစ်သူနှစ်ဦးရဲ့ ရင်ခုန်သံလေးတွေကို လိပ်ပြာလေးနှစ်ကောင်က အားကျရင်ခုန်ပျော်မွေ့သွားသည်ထင်ပါရဲ့။

လိပ်ပြာကလေးနှစ်ကောင်က ချစ်သူနှစ်ဦးရဲ့ရင်ခွင်တည့်တည့်ဆီသို့ ကူးခတ်လူးလွန့်သွားလေသည်။

ရင်ခွင်ကြားမှာ လေတိုးသံသဲ့သဲ့ကလေးရယ် ...

ဒါရိုက်တာကြီးရဲ့ ချိုမြိန်နွေးထွေးသည့် အနမ်းနုနုတွေရယ်ကို ...

မှုံး မလွန်ဆန်နိုင်တော့။

အိုး ... မှုံး ဒါရိုက်တာကြီးနဲ့တွေ့ကာမှ မှုံးရဲ့အဖြူစစ်စစ်နှလုံးသားလေး ပန်းသွေးရောင်ပြောင်းသွားရသည်။

ဒါဟာ လောကသဘာဝတရားကြီးလား။

ဟင့်အင်း ... မှုံးက ဒါရိုက်တာကြီးဒေသီရရဲ့ ရုပ်အင်္ဂါချောချောကြီးထက် ဒါရိုက်တာဆိုတဲ့ဂုဏ်တစ်ခုကို ပိုပြီးချစ်မြတ်နိုး အထင်ကြီး လေးစားခဲ့ရတာ။

ခံစားချက်နွေးနွေးတွေဖြင့် ခံစားကြည်နူးနေသည်။

ချစ်သူနှစ်ဦး အသက်ရှူသံ ပြင်းပြင်းလေးတွေက အချိန်ဘယ်လောက် ကြာသွားသည်မသိ။

ချစ်သူလေး မှုံးက အထိတ်တလန့်သတိရသွားကာ ဒါရိုက်တာကြီးရင်ခွင်ထဲမှ ရုန်းထရင်း ...





"အို ... ဒါရိုက်တာကြီး မိုးချုပ်တော့မယ်၊ ခင်ဗျား ရန်ကုန်ပြန်နိုင်ပါ့မလား"

"ဟော့အေး ... မပြန်တော့ဘူး၊ ဒီက တည်းခိုခန်းမှာပဲ တစ်ညအိပ်လိုက်တော့မယ်၊ ကလေးတို့အိမ်မှာတော့ မတည်းပါဘူးကွာ"

အခုမှ ဒေသီရ ရင်ထဲက ချစ်ခွန်းသံစဉ်တွေကို နွေးထွေးစွာ ဣန္ဒြေဆယ်ရင်း ချစ်သူလေးပါးပြင်ကလေးကို ဖွဖွကလေး လက်ကလေးဖြင့် ဖိပွတ်ပေးရင်း တအီအီရယ်ချလိုက်တော့သည်။

"ကလေးက ကလေးအိမ်မှာ အိပ်မှာစိုးလို့လား"

"အိပ်လို့ရောဖြစ်မလား ဒါရိုက်တာကြီးရဲ့"

"အင် ... ဒါဆို လက်ထပ်ပြီးရင်ရော"

"ဟာ ... ဒါရိုက်တာကြီးနော်"

ဒေသီရ စကားတွေကို အရှက်ကြီးရှက်သွားသည့် ဆယ်ကျော်သက်မဒီပျိုလေးကို သူ ဖွဖွကြီး ပြုံးကြည့်ရင်း နောင်ရင်ဆိုင်ရမယ့်ခွန်အားသစ်တွေကို အားမွေးပစ်လိုက်သည်။

ဘာဖြစ်သလဲကွာ ...

လောကမှာ ကိုယ်မချစ်မနှစ်သက်နိုင်တာကြီးကို ဂုဏ်တွေ သိက္ခာတွေ တည်တံ့ပါစေ ဆိုပြီးတော့တော့ ဖျစ်ညှစ်မယူနိုင်ပေါင်။

www.burmeseclassic.com



ကိုယ်သိပ်ချစ်တဲ့ သူကလေးကိုပဲ လက်ထပ်မှာ၊ ဒါ ဒေသီရရဲ့ရင်တွင်းခံစားချက်ပဲ။

ဒါရိုက်တာဒေသီရရဲ့ ရင်တွင်းခံစားချက်။

"ကိုယ့်ချစ်သူလေးကိုပဲ လက်ထပ်နိုင်မည်"

ဒါပါပဲ။

"ဒါရိုက်တာကြီး"

"ဟင်"

ဒါရိုက်တာကြီးရဲ့ မျက်လုံးရီရီအကြည့်တွေက မှူး နှလုံးသားလေးကို သံသယဖြင့် မရှင်းမရှင်း ရင်နွမ်းသွားရသည်။

မှူး ရင်ထဲမှာ ဒါရိုက်တာကြီးဆီ ဖုန်းဆက်တုန်းက "ကိုကို"ဆိုသည့် အသံကလေးနှင့် ဩဇာပေးနိုင်လွန်းသူလေးကိုလည်း ပြေးသတိရသွားရသည်။

ဒီစကားကြီးမေးရမှာ မှူး နိမ့်ကျလွန်းပါတယ်လေ။

"ဘာပြောမလို့လဲ ... ဟေ့ ကလေး"

"ကျွန်မ ဒါရိုက်တာကြီးကို မယုံချင်ဘူး၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"ဖုန်းဆက်တုန်းက ..."

"ဟော် ... ကလေးက ဖုန်းဆက်တုန်းကကိစ္စကို ကောက်နေတာလား၊ အဲဒါ ကိုယ့်ညီမလေး၊ ရိုက်ကွင်းမှာ သူက အမြဲပါတယ်၊ ပါရှုပ် ချယ်ရာမင်ပေါ့၊ အဲဒါကြောင့် ကိုယ် ဖုန်းပိတ်ပစ်လိုက်တာ"





ချစ်သူကို ညီမလေးတစ်ယောက်လိုပဲ ခံစားမိတာမို့ သူ ရင်ထဲက အသံဖြင့် ပြောလိုက်တာဖြစ်သည်။

"ထားပါ၊ ဒါရိုက်တာကြီး ကျွန်မကို မလှည့်စားဘူးဆိုရင် ကျွန်မ ကျေနပ်ပါပြီ"

"ကိုယ် ကလေးကို ဘယ်တော့မှ မလှည့်စားဘူး၊ အဲဒါ ကိုယ့်နှလုံးသားထဲက သွေးသစ္စာပဲ၊ ကိုယ် ကလေးနှလုံးသားထဲက သွေးသစ္စာဆိုပြီး ချစ်ပါတယ်"

"ကျွန်မလည်း ယုံကြည်ခြင်းနဲ့ ဒါရိုက်တာကြီးကို သိပ်ချစ်ပါတယ်"

"ဝါး ... ကလေး၊ ကိုယ် တစ်သက်လုံး လုံလောက်သွားပြီ"

နွေးမြသည့် စကားလုံးလေးကို အပီပြောချလိုက်သည့် ချစ်သူလေးကို ဒေသီရ ဘယ်လိုချစ်မိသွားမှန်းမသိ ခံစားလိုက်ရသည်။

သို့သော် ဣန္ဒြေသိက္ခာပျက်တဲ့အထိတော့ သူ မချစ်ပါ။

ဂုဏ်အင်္ဂါချစ်ခြင်းတွေနှင့် ချစ်သူလေးပါးပြင်ကလေးကို အနမ်းနွေးနွေးတွေပေးရင်း ပြန်ဖို့သတိရလိုက်သည်။

ဘွားကိုလည်း သူ သိတတ်ရမည်။

"ကလေး ကိုယ်တည်းခိုခန်း ပြန်တော့မယ်၊ ဘွားလည်း ကလေးကို မျှော်ရောပေါ့၊ ကဲ ... ကလေး ကိုယ်သွားပြီ၊ မနက်ဖြန် ခုနစ်နာရီကျ ကိုယ် ရန်ကုန်မပြန်ခင် လာခဲ့မယ်"

www.burmeseclassic.com



"ဟုတ် ... ဒါဆို ပြန်တော့နော် ဒါရိုက်တာကြီး"

"အေး ... သွားပြီ ဝွတ်နိုက် ကလေး"

"ဟုတ် ... ဘိုင့်ဘိုင် ဒါရိုက်တာကြီး"

မှုံးရင်ထဲက နွေးထွေးဆုံးအပြုံးကလေးက ဒါရိုက်တာကြီး ရင်ဘတ်တည့်တည့်ဆီ ပစ်ဝင်သွားခဲ့တော့သည်။

အိုး ...

ဒါရိုက်တာဒေသိရ ...

မြန်မာနိုင်ငံ Top 10ဝင် ရုပ်ရှင်ဗီဒီယို ဒါရိုက်တာ ဒေသိရက ရုပ်ရှင်ဗီဒီယိုမင်းသမီးအဖြစ် ရှုးသွပ်နေသည့် တောသူလုံမေပျိုကလေး ရွှေမှုံးမ်ကို 'နှလုံးသားထဲက သွေးသစ္စာဆိုပြီးချစ်ပါတယ်'တဲ့လေ။

ယုံပါတယ် ဒါရိုက်တာကြီးရယ် ... မှုံးလည်းပဲ ဒါရိုက်တာကြီးကို ...

"နှလုံးသားထဲက သွေးသစ္စာဆိုပြီး ချစ်ပါတယ်"

❢ ❖ ❢





## ၁၄

"ဒါရိုက်တာကြီး တစ်ခါမှမချစ်ခဲ့ဖူးတဲ့ ကျွန်မရဲ့နှလုံးသား အဖြူစစ်စစ်ကလေးကိုတော့ အရောင်ပြောင်းအောင်မလုပ်ချင်ပါနဲ့လို့ ကျွန်မ ကတိတစ်ခုတောင်းချင်ပါတယ်"

ရန်ကုန်ပြန်ခါနီး ချစ်သူလေးကို နောက်ဆုံးနှုတ်ခွန်းဆက်သချိန်မှာ ချစ်သူလေးရဲ့မျက်ဝန်းစိုစိုလေးတွေနှင့် အလွမ်းစကားလေးတွေက သူ့အသည်းနှလုံးကြီးကို စူးခနဲပေါ်ပြွက်သွားရတော့သည်။

ထိလိုက်သည့်စကားလုံးလေး။

"ကလေးရယ်"

လို့ပဲ ဒေသိရ ရင်ထဲက ဆွတ်ကျင်ကျင်ရေရွတ်လိုက်မိတော့သည်။

"ကြားတယ်လား ဒါရိုက်တာကြီး"

www.burmeseclassic.com



"ကြားပါတယ် ကလေးရယ်၊ အဲဒီကတိ တောင်းစရာမလိုလောက်အောင် ကိုယ့်ရင်ထဲမှာ မင်းကို အလေးအနက်ထားပါတယ်"

"အဲဒါနဲ့မဆိုင်ဘူး၊ တကယ်တမ်းလက်တွေ့ကျ ဒါရိုက်တာကြီးရင်ဆိုင်ရမှာ ဒါရိုက်တာကြီး အသိုင်းအဝိုင်း၊ မှူးအသိုင်းအဝိုင်းက ဒါရိုက်တာကြီးမြင်တဲ့အတိုင်းပဲ၊ ရိုးသားတယ်၊ ငွေကြေးပြည့်စုံတယ်၊ ဟန်မဆောင်တတ်ဘူး၊ မကွဲရဲ့တတ်ဘူး၊ တစ်ခု မှူးအဖြစ်ချင်ဆုံးက မှူး မင်းသမီးအရမ်းဖြစ်ချင်တယ်၊ မှူးက ဒါရိုက်တာကြီးချစ်သူပီပီ မင်းသမီးကောင်းတစ်လက်တော့ ဖြစ်လာနိုင်မှာပေါ့နော် ဒါရိုက်တာကြီး"

ရိုးသားပွင့်လင်းသူ တောသူကညာချောကလေးရဲ့စရိုက်အတွင်းမနောလေးကို ဒေသိရ မြတ်နိုးလွန်းလို့ ကျိတ်ပြီးလှလှကြီးပြုံးလိုက်မိသည်။

အင်း … သူ ဖြစ်ချင်တာလေးကို တစ်ခါတည်း မှာတမ်းခြွေ တတ်လွန်းပါရဲ့။ တတ်လည်းတတ်တဲ့ ဆယ့်ခြောက်နှစ်မ။

ဒေသိရ ချစ်သူ ဆယ်ကျော်သက်ကလေး စကားရေးရာကျွမ်းကျင်ပါးနပ်လွန်းသူလေးကို စချင်နောက်ချင်သွားရပါသည်။

ဘာရယ်မဟုတ်ပါ။

"ဒါဆို ကလေးက မင်းသမီးဖြစ်ချင်တဲ့ဆန္ဒတွေကြောင့်ကိုယ့်ကို ချစ်သူတော်လိုက်တာလားဟင်"

"ဒါရိုက်တာကြီး မှူးကို အဲဒီလိုမစွပ်စွဲနဲ့"





ဆတ်ဆတ်ခါသွားသည့် ချစ်သူလေးပခုံးလေးကိုသူ တစ်ချက်တင်းတင်းကြီး ဖျစ်လိုက်ရင်း ပြုံးလိုက်မိသည်။

"အဟတ် … ချစ်လို့စ,တာပါ ကလေးရ"

"မစ,နဲ့ ဒါ စ,စရာစကားလုံးမဟုတ်ဘူး၊ ကျွန်မက တောသူရိုးရိုးသားသားနဲ့ အမြင့်ကိုတက်မှာ၊ ဒါရိုက်တာကြီးတို့လို လူရေလည်ကျယ်ပြန့်တဲ့အသိုင်းအဝိုင်းက ဆင်းသက်လာတာမဟုတ်ဘူး၊ ကျွန်မ ထွက်တဲ့စကားလုံးတိုင်းက ရိုးသားတယ်၊ ဟန်ဆောင်မှုမပါဘူး"

"အေးပါ ဘယ်သူကရော ဟန်ဆောင်တယ်ပြောလို့လဲကွာ၊ ဒါလေးကလည်း စလို့စမှန်းမသိ တကယ်"

ဒေသိရတစ်ယောက် ချစ်စကြင်စချစ်ဦးသူလေးရဲ့အငေါ့တူးတူးစကားလေးကို ချိုမြိန်စွာခံစားရင်း ရင်မှာ အကျေနပ်ဆုံးပီတိတွေဖြင့် မျက်နှာကြီးမှာ ချိုမြနွေးထွေးနေသည်။

ရင်ထဲက အပူသောကတွေက ချစ်သူမျက်နှာလေးကို နွေးနွေးလေးစိုက်ကြည့်နေရရင်း သူ ကျေနပ်သည်။

အဲဒီလောက်အထိ ကိုယ် မင်းကိုချစ်တာ ကလေးရ။

"ကျွန်မက ဘွားနဲ့ ငယ်ငယ်လေးတည်းက ကြီးပြင်းခဲ့ရတဲ့တစ်ကောင်ကြွက်လေ၊ ကျွန်မမိဘတွေက ကျွန်မလေးနှစ်သမီး လူမှန်းမသိတဲ့အရွယ်ကတည်းက စင်ကာပူမှာ အလုပ်သွားလုပ်ကြရင်းနဲ့ နှစ်ယောက်စလုံး အိမ်ထောင်ထပ်ပြုပြီး စင်ကာပူမှာပဲ အပြီးနေလိုက်ကြတယ်"

www.burmeseclassic.com



"ဩော်"

ကလေးရယ် ... မင်းနှလုံးသားနုနုကလေးမှာ မွေးကတည်းက ဒဏ်ရာဒဏ်ချက်တွေနဲ့ပါလားကွာ။

အခု တစ်ပြန် ကိုယ့်ဘဝထဲ ခိုဝင်ရမယ်ဆိုရင်လည်း မင်း ဒဏ်ရာတွေနဲ့ ရူးရဦးမယ်။

ကလေး မင်း အားတင်းထားစမ်းပါကွာ။

ရီဖျော့ဖျော့မျက်လုံးလေးတွေနှင့် သူ့ကို စိုက်ကြည့်ပြီး သူမရဲ့ဘဝလေးကို ဖွင့်ပြောလာသည့် ချစ်သူလေးကို နားလည်စွာ ခေါင်းကလေးကို ဖွဖွလေးအုပ်ကိုင်ရင်း သူ ချော့မော့နှစ်သိမ့်လိုက်သည်။

"အေးပါကွာ၊ ကလေးရင်တွင်းခံစားချက်ကလေးကို ကိုယ်နားလည်ပါတယ်၊ ဒါနဲ့ ဘွားကရော ကလေး မင်းသမီးဖြစ်ချင်တာကို လက်ခံသလားဟင်"

"ဟင့်အင်း ... လက်မခံဘူး"

ငိုမဲ့မဲ့လေးဖြစ်သွားသည့် မျှားမျက်နှာကလေးကို သူ အျှင့်မရဲကြီးစိုက်ကြည့်ရင်း ပါးအိုနီနီလေးကို တစ်ချက်တင်းတင်းဆွဲဖျစ်လိုက်မိသည်။

"အဲဒီအတွက် ဘာမှ စိတ်မကောင်းမဖြစ်နဲ့ကလေး၊ ကလေးဘွားကို ကိုယ် ရအောင်ပြောပေးမယ်၊ ကလေးသာ အရည်အချင်းအပြည့်ဆုံး Actress ဖြစ်အောင်ကြိုးစားရမယ်၊ အချိန်ကိုစောင့်ရမယ်၊ မလောရဘူး၊ စိတ်ကိုထိန်းချုပ်နိုင်



ရမယ်၊ ရုပ်ချောတာတစ်ခုတည်းနဲ့ မလုံလောက်လို့ ကိုယ်ဒီစကားတွေကို ပြောခဲ့ရတာပါ"

"အချိန်ကို စောင့်ရမယ်ဆိုတော့ အချိန်က ဘယ်လောက်အထိတောင်ကြာမှာမို့လို့လဲ"

"အနုပညာအလုပ်ဆိုတာ စန်းနဲ့ကံနဲ့ စပ်လုပ်တာ ကလေး၊ ကလေး အောင်မြင်ချိန်ရောက်ရင် အောင်မြင်မှာပေါ့၊ ဒါကြီးကိုပဲ အကန့်အသတ်နဲ့ထားပြီး တအားမရူးသွပ်ဖို့ ကိုယ်ကပြောတာပါ။ ကလေးနှလုံးသားနုနုလေး ထိမှာစိုးလို့၊ ကိုယ်က တကယ်ပြောမယ်ဆိုရင် ကလေးကို ပြည်သူ့အချစ်တော်မင်းသမီး မဖြစ်စေချင်ဘူး၊ ကိုယ်တစ်ယောက်တည်းပဲ ချစ်ချင်တာ"

"ဒါရိုက်တာကြီးနော် အဲဒီလိုတော့မရဘူးဘဲ၊ မှူးဘဝကိုသတ်တာနဲ့အတူတူပဲ"

"ဟာ ... လာပြန်ပြီဒီစကားကြီး၊ စတာ စလို့စမှန်းမသိကွာ၊ ဘယ်လိုဟာလေးမှန်းမသိဘူး"

သူ ပြောလိုက်တာတွေကို အထအနကောက်ပြီး ခြေထောက်နှစ်ချောင်း ဆောင့်ပေါက်ကာ စိတ်ကောက်နေသည့် ချစ်သူကလေးကို ဒေသိရ ကြည့်ရင်း ချစ်အသည်းယားလွန်းလို့ ကိုယ်လုံးသွယ်လျှလျှလေးကို အနောက်ကနေ ဖွေ့ခနဲပွေ့ဖက်ရင်းကနေ သူမလေး ကျေနပ်လောက်သည့်စကားလုံးတွေနှင့် နှစ်သိမ့်လိုက်ရပါတော့သည်။

www.burmeseclassic.com



"မှုံး ဘာဖြစ်ချင်သလဲ၊ မှုံးဖြစ်ချင်တဲ့ဆန္ဒမှန်သမျှ ကိုယ် အားလုံးဖြည့်ဆည်းပေးမယ်၊ ကိုယ် အခုရိုက်နေတဲ့ ဗီဒီယို ကားထဲမှာ မှုံးဝင်ပါဖို့ ကိုယ် စိတ်ကူးထားတယ်"

"ဟင် ... တကယ်"

"အင်း"

"ဘယ်နေရာလဲဟင်၊ ဇာတ်ဆောင်လားဟင်"

"စဉ်းစားတုန်း၊ ကိုယ် အခု ရန်ကုန်ပြန်သွားပြီး ရန်ကုန် မှာ တစ်ပတ်လောက်ရိုက်ပြီးရင် ရွာကိုပြန်လစ်ချခဲ့မယ်၊ ဒီတစ်ချီတော့ တောကညာလေးကို မင်းသမီးတင်ပွဲဆိုတော့ အဖွဲ့တော်သားတွေမပါမဖြစ်ပါရပြီပေါ့၊ အဲဒီကျ ကလေးက ကိုယ့်အဖွဲ့တော်သားတွေကို ထမင်းကျွေးပေါ့"

"ဟွန် ... ဒါရိုက်တာကြီး အခုစားလည်းရသားပဲ၊ ကိုယ့် ဘာသာ ဟိုတယ်မှာစားပြီးတော့"

"အဟွန်း ... ကဲ ကဲ ... စကားလည်းကောင်းလိုက်တာ၊ ရှစ်နာရီတောင်နီးပြီ၊ ကိုယ်ပြန်မယ် ကလေး၊ ကိုယ် တစ် ပတ်အတွင်း ပြန်လာခဲ့မယ်၊ ဒီကြားထဲ ကလေးဖုန်းဆက်ချင် လည်းဆက်"

"သိပ်တော့မဆက်ချင်ပါဘူး၊ ဘဂ်လားနမ ဟိုကောင်မလေး ကို မုန်းလို့"

"ဟား ဟား ... ကလေး ငရဲကြီးမယ်ကွ၊ အဲဒါ ကိုယ့် ညီမဝမ်းကွဲလေး"





ကဲ ... မှတ်ကရောဗျာ။

ဒါရိုက်တာ ဒေသီရတို့ကတော့ နောက်လထဲမှာ စေ့စပ်ရတော့မယ့်ဆဲဆဲချစ်သူလေးကို နောက်အသစ် ချစ်ဦးသူ ကလေးမသိလေအောင် ပြောင်ပြောင်ကြီးပင် လိမ်လည်မှုသားမြ လိုက်မိပါပြီ။

သြော် ... ဒါကြောင့် မှုံးက သူတို့အသိုင်းအဝိုင်းကို ဟန်ဆောင်ပန်ဆောင် ကောင်းပါသည်တဲ့။

ပြောဆိုလာလေရဲ့။

တကယ်လည်း ...

သူ ဟန်ဆောင်မှုသားသုံးလိုက်မိသွားပြီဖြစ်သည်။

ညာခဲ့မိပြီးကာမှ လိပ်ပြာက မလုံသေး။

ဒေသီရ ချစ်သူမျက်နှာလှလှလေးကို ငေးကြည့်ရင်း ဘယ်လို သနားကြင်နာသွားမှန်းမသိသည့် ခံစားချက်ထူးထူးကြီး ဖြင့် သူ့ကို ကတိမခံနိုင်းပါဘဲနှင့် ကတိပြုလောကွတ်လုပ်လိုက် လေတော့သည်။

ကိုယ် အပြန်လမ်းမှာ ချစ်သူလေး, ခွေးခွေးလေး ကျေနပ်ကြည်နူးစေချင်တဲ့ဆန္ဒသက်သက် စေတနာပါကလေးရယ်။

"ကလေး ကိုယ် အခုပြန်ပြီး တစ်ပတ်အတိအကျ ကိုယ် ရွာကို ရိုက်ကူးရေးအဖွဲ့သားတွေနဲ့ လာခဲ့မယ်၊ ကလေး ရင်ခုန်ရွာနဲ့စောင့်နေပေတော့၊ ကတိပေးတယ်၊ တစ်ပတ် အတိနော် ကလေး"

www.burmeseclassic.com



"ကတိပေးရင် မပျက်ရဘူးနော် ဒါရိုက်တာကြီး၊ ကျွန်မ စိတ်ချယုံကြည်စွာနဲ့ မျှော်လင့်နေမယ်နော်"

အား ...

ပြောတတ်လိုက်တဲ့ အသည်းကျော်လေး။

ဒေသိရမှာ လူကြီးပီပီ ဘာစကားလုံးမှ ပြန်ပြောစရာ ရှိတော့တဲ့ လွလွကြီးပြုံးရင်း ချစ်သူလေးကို လက်ပြနှုတ်ဆက်ရင်း ...

သူ့ရဲ့ Mark II ကားကလေးပေါ် သွက်သွက်ကလေး ၁က်ကာ ကားကို ဖြည်းဖြည်းချင်း မောင်းထွက်လာခဲ့ပါတော့သည်။

အင်း ... တစ်ပတ်အတွင်းတော့ ကိုယ့် မင်းကို ဒွမ်းလိုက်ဦးမယ် ကလေးရယ်။





## ၁၅

တစ်ပတ်အတွင်း ချစ်သူလေးဆီ အရောက်လာချင် ဇောဖြင့် ဒါရိုက်တာ ဒေသိရမှာ ရိုက်လက်စအခန်းတွေကို မနား တမ်း တွန်းထိုးရိုက်ကူးပစ်လိုက်တော့သည်။

ရင်ထဲမှာ ကလေးမျက်နှာလေးကို မြင်ယောင်ကာ သူ့ရဲ့တော်ဝင်မင်းသမီးကလေးအဖြစ် ကြည်နူးရင်း ရင်ခုန်ကျေနပ် ခဲ့ရသည်။

သိပ်လှပလွန်းသည့် မင်းသမီးလေးကို တင်မြှောက် ခွင့်ရသည့် ဒါရိုက်တာ ဒေသိရကြီး ဒီလောကထဲမှာ ဒီထက်နာမည် ကြီး ကျော်ကြားသွားခဲ့လို သူ့ရဲ့မင်းသမီးကလေးသည်လည်း တစ်ရှိန် ထိုးနာမည်ရ အောင်မြင်စေရမည်ဖြစ်သည်။

ကလေး ကိုယ့် မင်းကို မြေတောင်မြှောက်ပေးတော့ မယ်။

မင်း အစွမ်းကုန်သာ ကြိုးစားတော့။

www.burmeseclassic.com



ဒေသီရ ဒီအတွေးကြီးတွေနှင့် ကျေနပ်နေခဲ့မိပေမယ့် မှူးကို သူနှင့်အနီးဆုံးဖြစ်အောင် ရန်ကုန်ကို ခေါ်ရမယ့်ကိစ္စကြီး ကိုဖြင့် နည်းနည်းကြောက်လန့်ခဲ့ရသည်။

တိတ်တိတ်ကလေး သူ့ဘဝထဲသွင်းခေါ်ရမယ့်အဖြစ် ကိုလည်း ကလေးသိက္ခာပိုင်းကိုငဲ့ပြီး အားနာရသေးသည်။

ဒါပေမဲ့ ...

ဒေသီရမှာ လက်ရှိချစ်သူ မသိရရေးအတွက် သူ့ရဲ့ အချစ်ဦးလေးကို ရန်ကုန်ကိုပဲ တိတ်တိတ်ကလေးခေါ်ဆောင်ခဲ့ရ လေတော့မည်ဖြစ်သည်။

အဲဒီအတွက် ကိုယ့်ကို ခွင့်လွှတ်ပါကလေးရယ်။

အင်း ... သိပ်မကြာသည့်အချိန်မှာ သူ ဇာတ်လမ်း ဖြတ်ရတော့မည်။

ဆွိကိုစွန့်လွှတ်ဖို့ မိဘအသိုင်းအဝိုင်း၊ ဆွိ ဒက်ဒီ၊ ဆွိ အားလုံးကို သူ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရမယ့်အချိန်ကို သူ အကြောက် ဆုံးခံစားချက်တွေနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

အကြောက်ဆုံးရင်ဆိုင်ရမယ့်အချိန်တစ်ခုကို ကလေး ဆီမသွားခင်တစ်ရက်အလိုမှာပဲ မထင်မှတ်ဘဲ သူ ရင်ဆိုင်လိုက် ရပါတော့သည်။

ဆွိတို့အိမ်ကို အန်ကယ်ဖိတ်ထားလို့ သူရောက်သွား သည့်အချိန်မှာတော့ ဧည့်ခန်းမှာ အန်ကယ့်ကို မတွေ့ရဘဲ ဆွိ တစ်ယောက်တည်းပဲ တွေ့လိုက်ရသဖြင့် ...





"အန်ကယ်က စကားပြောမလို့ဆို ဆွိ၊ ဘယ်မှာလဲ အန်ကယ်"

"အပြင်ခဏထွက်သွားတယ်၊ ဆွိနဲ့စကားပြောဦးတဲ့၊ ပြီး တော့မှ ဒက်ဒီ လာလိမ့်မယ်"

ပလက်တီနမ်နားဆွဲရှည်ကလေး ယိမ်းခနဲခါသွား အောင် သူနှင့်အနီးဆုံးဆိုဖာကြီးမှာ ပစ်ထိုင်ရင်း သူ့ကိုယ်လုံးကြီးကို သိုင်းဖက်လိုက်သည့် ဆွိကို သူ မောလျလျဝေစွာ ငေးငေးကြီးစိုက် ကြည့်လိုက်မိသည်။

ဆွိရယ် ...

ကိုကိုတော့ မင်းကို သနားလွန်းလို့ မင်း ကိုကို့ကို မချစ်ပါနဲ့လား။

ကိုကို့အချစ်တွေက မနွေးထွေးခဲ့တာကို မင်း နား လည်ပါတော့လား။

"ဘာတွေ ဆွေးနွေးဦးမှာလဲကွာ၊ တကယ်ပဲ ဒီမှာ အလုပ် တွေရှုပ်နေရတဲ့ကြားထဲ ဆွိကတပူပူ"

"အောင်မယ် ... အလုပ်ရှုပ်တာပဲ အဆန်းလုပ်လို့၊ ကိုကို နာမည်ကြီးဒါရိုက်တာမဖြစ်ခင်ကတည်းက ကိုကို ဆွိတို့နဲ့ အမြဲတမ်းဒွန်တွဲပြီး ဒယ်ဒီနိုင်းတဲ့အလုပ်ပဲ လုပ်ခဲ့တာနော်၊ ဆွိ စကားပြောချိန်လေးကိုတော့ နားထောင်ချိန်လေးပေး ဦးမှာပေါ့ ဒါရိုက်တာကြီးရဲ့၊ နာမည်ကြီးသွားပြီဆိုတော့ ဘဝင်မဟပ်စမ်းပါနဲ့"

www.burmeseclassic.com



ဒါရိုက်တာကြီးလို့ခေါ်လိုက်သည့် ဆွိအသံလေးက သူ့နားရွက်ကြီးကို ကားခနဲစွင့်ကျသွားရသည်။

ခက်လိုက်တာ။

လက်ရှိ ဆွိနှင့် စကားပြောနေခဲ့ရပေမယ့် ရင်ထဲမှာ မွှူးဆီကိုပဲ နှလုံးသားက သက်ရောက်နေသည်။

"ဆွိကလည်းကွာ မဆိုင်တာတွေ ထည့်မပြောစမ်းပါနဲ့"

"ဆိုင်တယ်၊ ကိုကို နာမည်ကြီးဒါရိုက်တာတစ်ယောက်ရဲ့ ပညာအရှိန်နဲ့သာ ဘဝင်မြင့်နေတာ၊ စိတ်ဓာတ်ကျ တစ်စက်မှမမြင့်ချင်ဘူး"

"ဟာ ... ဘာဆိုင်လို့လဲ ဆွိ၊ မရမ်းနဲ့ကွာ၊ ကိုယ် ဘယ်မှာစိတ်ဓာတ်နိမ့်ကျဖူးလို့လဲ"

"ကျတာပေါ့၊ အောင်မြင်ကျော်ကြားနေတဲ့ ဒါရိုက်တာတစ်ယောက် တစ်နှစ် သိန်းရာချီပြီး ပိုက်ဆံဝင်နေပေမယ့် ကိုကို့ကြည့်ရတာ ကုပ်ချောင်းကုပ်ချောင်းနဲ့၊ ဆွိက အကြီးအကျယ် စေ့စပ်ပွဲလုပ်ချင်တာတောင် ကိုကို အင်တင်တင်ဖြစ်နေတာ၊ အဲဒါ ကိုကို ဂုဏ်ရှိရှိ-မရပ်တည်ချင်လို့ပေါ့၊ ဘာလဲ ကိုကိုက ပိုက်ဆံကုန်မှာကြောက်လို့လား၊ ငွေရေးကြေးရေးက ဒါ ကိုကို့အပိုင်းမဟုတ်ဘူး၊ ဒါ ဆွိတို့အပိုင်း၊ ကိုကို့မှာ အခုလောလောဆယ် ပိုက်ဆံရှိတယ်ဆိုတာလည်း ဆွိ သိတယ်၊ ကိုကို့ကို ဆွိ နှိမ်ပြီးပြောတဲ့စကားတစ်ခွန်းမှ မပါဘူး"



"အဲဒါက ဆွိကလည်း ကိုယ်ဖြစ်စေချင်တာက ယောကျ်ားလေးတစ်ယောက်က သူ့ချေးမိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် လက်ထပ်နိုင်ဖို့ဆိုတာ ကိုယ့်ဘက်ကလည်း ဆွိနဲ့ ရင်ဘောင်မတန်းနိုင်တောင် သူများတကာလို တင်တောင်းနိုင်မှာ၊ ခု ကိုကို့လက်ထဲမှာ စုမိခဲ့တဲ့ငွေကလည်း ကားပယ်တယ်၊ လိုအပ်တာသုံးတယ်"

"ဟာ ... ငွေရေးကြေးရေးစကားမပြောစမ်းပါနဲ့ ခေါင်းမူးတယ်"

"မဟုတ်ဘူး ဆွိ၊ ကိုကို ဖြစ်စေချင်တာက"

"ဘာလဲ နောင်ဆယ်နှစ် ရှင် ဟိုင်းဘော့စ်ဖြစ်တော့မှ လက်ထပ်ကြမယ်ဆိုတဲ့ စကားကြီးလား"

"ဆွိကကွာ နားကိုမလည်နိုင်ဘူး"

ဒေသိရ ဘာမှပြောစရာမရှိတော့အောင် ရင်ထဲမှာ ခြောက်ကပ်သွားရသည်။

စကားတစ်လုံးမှမရှိတော့။

သူတို့ဖြစ်စေချင်တာ လုပ်စေချင်တာလုပ်ကြတော့။

နောင်ဖြစ်လာမယ့်ဇာတ်က ကိုယ့်ကံပဲ။

တရားသဘောဖြင့် သူ စိတ်ထားကြည်ကြည်ထားလိုက်ရင်း ရင်မောသည့်သက်မမောတွေလည်း တိတ်တခိုးမချမိတော့ဘဲ ...

www.burmeseclassic.com



သူ့ရင်ခွင်ထဲမှာ ခေါင်းကလေးတိုးဝင်ပြီး သူ့ရဲ့နွေးထွေးသည့်အနမ်းတွေကို ငံ့လင့်စောင့်ဆိုင်းနေရှာသူ ချစ်သူဆွိလေးကို သူ ညီမလေးတစ်ယောက်ကိုနမ်းသည့် ဖြူစင်သည့်အနမ်းနုနုကလေးတစ်ခုပေးအပ်ရင်း သူမလေးကျေနပ်အောင် ချော့မော့နှစ်သိမ့်လိုက်ရပါတော့သည်။

"ကိုကိုက ဆွိကို လက်ထပ်ခါနီးမှ အရင်လိုမဟုတ်တော့ဘူး၊ နည်းနည်းစိမ်းလာတယ်"

"ဆွိက ဂျီကျတာကို"

"ဂျီမကျလို့ ကိုကိုလုပ်တာ ပုံစံကျလို့လား"

"အင်း ... အင်း ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

ဒေသိရ ရင်ခွင်ထဲက ချစ်သူလေးကို ပန်းခပ်ဖွဖွဖက်ရင်း လုပ်ခန်း ဧည့်ခန်းထဲဝင်လာသည့် အန်ကယ့်ကို လှမ်းပြုံးပြလိုက်ရင်း ဆွိ ပန်းလေးကို သိုင်းဖက်ထားသည့်လက်ကြီးကို ဖြေချလွှတ်လိုက်တော့သည်။

သို့သော် ဆွိကတော့ဖြင့် သူ့ခါးကြီးကို သိုင်းဖက်ထားသည့် လက်ကလေးတွေကို နည်းနည်းလေးတောင် မြေမချခဲ့ဘဲ သူ့ဒက်ဒီရှေ့မှာ အရှက်အကြောက်ကင်းကင်း ဖက်ထားသေးသည်။

အင်း ...

အန်ကယ်ကတော့ ...

သူ့သမီးဆတ်စလူးမလေးကို နားလည်ခွင့်လွှတ်နိုင်ခဲ့ပေမယ့် သူက ရှက်သည်။





ရှက်ပြုံးကြီးဖြင့် အန်ကယ့်ကို လှစ်ခနဲပြုံးပြလိုက်တော့ အန်ကယ်ကလည်း နားလည်ပြုံးကြီးဖြင့် သူ့ကို ပြုံးပြရင်း သူ့သမီးမိန်းမဆိုးလေးကို ဟောက်သလို ခြောက်သလိုလုပ်လိုက်လေသည်။

"ဟေ့ ... သမီး အေးအေးဆေးဆေးနေစမ်း၊ ဒီမှာ စကားပြောမလို့"

"ဟွန်း ... ဘာဖြစ်လဲ၊ စကားပြောတာပဲ ပြောပေါ့"

အင်း ... ခက်ပြီ။

အန်ကယ့်ကို ကြာကြာစကားပြောခွင့်မရအောင် ဉာဏ်ဆင်နေသည့် ဆွိလုပ်ရပ်ကို သူ ရှက်လွန်းလို့ မျက်နှာကြီး ရဲရဲနီနေရပြီဖြစ်သည်။

"အေး ... အေး မင်းတို့စေ့စပ်ပွဲကိစ္စကို အန်ကယ်အားလုံး စီစဉ်ထားပြီးပြီ၊ စာနယ်ဇင်းသမားတွေကိုလည်း ဖုန်းဆက်အကြောင်းကြားပြီးပြီ၊ အခုတစ်ပတ် သောကြာနေ့ကို Sedona မှာ စေ့စပ်၊ စေ့စပ်ပြီး သုံးပတ်အကြာမှာမှ လက်ထပ်ကြပေါ့ကွာ၊ လက်ထပ်ဒိတ်ကိုလည်း အန်ကယ်ယူပြီးပြီ ဒေသိ"

"ဟုတ်ကဲ့"

ရင်ထဲက အပူမီးတွေကို ကြိတ်မှိတ်မျိုချရင်း "ဟုတ်ကဲ့"ဆိုသည့်အသံကြီးကို တုန်ယင်မသွားအောင် ထိန်းပြောလိုက်ရတော့သည်။

www.burmeseclassic.com



သွားပြီ။

ဘဝကြီး ဘာမှ လွတ်မြောက်ခွင့် မရှိတော့။

အပိုင်အနိုင် တုပ်နှောင်ထားခဲ့သည့် ကြိုးတွေကလည်း ကြီးမားလှပါတကား။

ဩဇာအရှိန်ကြီးလွန်းသည့် အန်ကယ့်စကားတွေကို သူ ဘယ်လိုမှ ငြင်းပယ်လို့မရတော့။

သုံးလအတွင်း လက်ထပ်ရမည်ဆိုပဲ။

အား ... ကလေး ငါ ရှုံးပြီ။

ငါ ရှုံးသွားပြီကွာ။

ဒေသိရ ရင်ထဲမှာ အသည်းကြေပျက်မတတ် ငိုကြွေးနေခဲ့ပေမယ့် အပြင်မှာ အန်ကယ့်စကားတွေကို ခေါင်းတညိတ်ညိတ် တစ်သဝေမတိမ်း လိုက်နာခဲ့ရတော့သည်။

"ဒေသိရော အန်ကယ့်ကို ဘာပြောချင်သေးလဲ"

"အန်ကယ် အကောင်းဆုံးစီစဉ်တာကိုပဲ ဝမ်းသာကျေနပ်ပါတယ် အန်ကယ်"

"အေး ... အေး ... ဒါဆို သမီးနဲ့ စကားပြောတိုင်ပင်ကြဦး၊ အန်ကယ် အလုပ်ကိစ္စရှိလို့ အပြင်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို နှုတ်ဆက်ထွက်သွားသည့် အန်ကယ့်ကျောပြင်ကြီးကို ဒေသိရ ငေးငေးကြီးလိုက်ကြည့်ရင်း မျက်ဝန်းအိမ်ထဲမှာ ဝမ်းနည်းမျက်ရည်များ စို့စွတ်လာခဲ့တော့သည်။

ဖြစ်မှဖြစ်ရလေ ဘဝကြီးရယ်။



သူတို့ကြိုးဆွဲရာအတိုင်းပဲ ကခဲ့ရတာပါလား။

ဒါပေမဲ့ လက်ထပ်ဖို့ သုံးလဆိုတော့။

အင်း ...

ကလေး မင်းနဲ့ ကိုယ် ပေါင်းဆုံ ဆုံစည်းနိုင်ဖို့အရေးကို မင်း ကံစမ်းပဲသာနှိုက်ပေတော့ကွာ။

ကိုယ့်ဘက်ကတော့ ဘာမှ မကျိန်းသေတော့ဘူး။

ကိုယ်နဲ့ကလေး ဖူးစာရေးနတ်ကိုပဲ ကံစမ်းမဲနှိုက်ခိုင်းကြပါစို့ကွာ။

"ကိုကို"

"ဟင်"

တစ်သက်လုံး ကြောက်လာရသူပီပီ ဆွိ ခပ်ညုညုလေး ခေါ်တာလေးကိုလည်း လွမ်းနေသည့်ကြားက ထူးလိုက်ရသေးသည်။

ဆွိလေးတစ်ယောက်ကတော့ သူ့ရင်ထဲက အပူသောကတွေကို ဘာမှမသိဘဲ လိုချင်တာရသွားသည့် သတို့သမီးတစ်ယောက်ရဲ့ အမြူးဆုံး ခံစားချက်ကလေးတွေဖြင့် သူ့ ပါးပြင်နုနုကြီးကို နှုတ်ခမ်းလှလှကလေးဖြင့် နမ်းရှိုက်လာသည့် တဒင်္ဂအတွင်း သူ့အသက်ရှူသံရပ်မတတ် ခံစားရင်း အသက်ကြီး အောင့်ထားလိုက်မိကာ ဆွိရဲ့အနမ်းနွေးနွေးတွေကို ဒုံးပေသားရေ နှာကြီး ငြိမ်ပြီး ခံယူမိန့်မူးလိုက်ရပါတော့သည်။

www.burmeseclassic.com



"ကိုကို ဆွိလေး ကိုကို့ကို လက်ထပ်ရတော့မှာ သိပ်ပျော်တာပဲ၊ ဆွိ ကိုကို့ကို အရမ်းချစ်တယ်သိလား"

"အင်း"

မျက်စိစုံလုံးမှိတ်ပြီး သူ အင်းချလိုက်ရသည်။

ရင်ထဲမှာတော့ ဆွိရဲ့အနမ်းတွေကို ကြောက်မောကြီး ဖြစ်နေရသည်။

"ကိုကို နာမည်ကြီးဒါရိုက်တာဖြစ်ကတည်းက ကိုကို့ကို စိတ်မချဖြစ်ခဲ့ရတာ၊ ကိုကို့ကို ဆွိ အရမ်းသဝန်တိုခဲ့ရတာ၊ ကိုကိုက ဘာမှ ခံစားတတ်ဘူး၊ သုံးနှစ်လုံးလုံး ကိုကို့ကို စောင့်ချစ်ရတာ တစ်နေ့မှ ကိုကို့ကို စိတ်မချခဲ့ဘူး"

"အဲဒါ ဆွိ ကလေးဆန်တာပေါ့"

"ကလေးဆန်တယ်ပဲပြောပြော ဆွိကတော့ ကိုကို့ကို လုံးဝကို စိတ်မချဘူး၊ စေ့စပ်ပြီးလို့ လက်မထပ်ခင်လည်း ကိုကိုနော် ရှုပ်ရှုပ်ယှက်ယှက်ကင်းအောင်နေ၊ မင်းသမီးလေးတွေနဲ့ လုံးဝ နာမည်မကြားရစေနဲ့၊ ဆွိ မကြိုက်ဘူး"

"ကိုယ်က ဒီလိုလူစားလားကွာ"

"ဒီလိုလူစားမဟုတ်လို့ မှာနေရတာပေါ့၊ အခုခေတ်ကောင်မတွေက မင်းသမီးဖြစ်ဖို့ဆိုရင် ဆင်ကန်းတောတိုးပဲ၊ ဒါရိုက်တာကို ဝင်လုံးတော့တာ၊ အဲဒါမျိုးကို ကိုကို တိုးမှာစိုးတာ"

"ဟင်"





ဆင်ကန်းတောတိုး ဒါရိုက်တာကို ဝင်လုံးတာဆိုပဲ။

ဟာ ... ကလေးကတော့ ဒီလိုမဟုတ်ပါဘူး ဆွိရယ်။

ကိုယ်ကသာ ကလေးကို ဆင်ကန်းတောတိုး ဝင်လုံးခဲ့တာပါ။

"ကိုကို့ကို ဆွိ သိပ်ချစ်သလို ကိုကိုကရော ဆွိကို ချစ်ရဲ့လား"

အတွေးလေးတွေနှင့် ငေးမော ငြိမ်သက်သွားသည့် သူ့ရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝင်မေးလိုက်သည့် စေ့စပ်တော့မယ့် ဆဲဆဲ ချစ်သူလေးကို သူ ရင်ထဲက ချစ်ကြင်နာမှုမပါဘဲ ဆွိ ခေါင်းကလေးကို ခပ်ဖွဖွပွေ့ဖက်ရင်း ...

"အင်း ... ချစ်ပါတယ်"

"ဟာ ... ကိုကိုကလည်း အသံကြီးက မလေးနက်လိုက်တာ၊ ပေါ့ရွှတ်ရွှတ်ကြီး၊ ပြန်ပြော လေးလေးနက်နက် တစ်လုံးချင်း ဆွိကို ကိုကို သိပ်ချစ်ပါတယ်လို့ ပြော"

ခက်ရပါပြီ။

ဩဇာပေးနိုင်လွန်းသူလေးကို သူ အခုချိန်မှာတော့ စိတ်တိုင်းကျပြောလိုက်ရပါတော့သည်။

အချိန်တွေရယ် မြန်မြန်ကုန်ပါတော့ဗျာ။

"အင်း ... အင်း ... ဆွိကို ကိုကို သိပ်ချစ်ပါတယ်"

www.burmeseclassic.com



ပြောလိုက်ရသည့် ရင်ထဲကစကားက ဒေသိရအတွက် အရှုံးကြီးကြီး ဖြစ်သွားရလေပြီ။

ဒေသိရ တစ်ယောက် ဆွံ့နှင့်ပတ်သက်ပြီး ဘဝနှင့် ချီပြီး ဆုံးရှုံးခဲ့ရပြီလား ...။

❢ ❖ ❢





## ၁၆

"ကတိပေးရင် မပျက်ရဘူးနော် ဒါရိုက်တာကြီး၊ ကျွန်မ စိတ်ချယုံကြည်စွာနဲ့ မျှော်လင့်နေမယ်နော်"

ဆိုတဲ့ ကလေးရဲ့စကားသံလေးက သူ့နားစည်ထဲမှာ တဝဲလည်လည်ရိုက်ခတ်ပျော်ဝင်ခဲ့ပေမယ့် တကယ်တမ်းရင်ဆိုင်နေရသည့် လက်တွေ့ဘဝကြီးက သူ့ရင်ထဲကခံစားချက်ကို ဘယ်လိုမှ လွတ်မြောက်ခွင့်မရခဲ့။

ကလေးရယ် ... ကိုယ် မင်းကို ချိန်းတဲ့ရက်မရောက်လာနိုင်တော့ဘူး။

ပြီးတော့ ကိုယ် မင်းမသိသေးတဲ့ ကိုယ်ငယ်ငယ် ကတည်းက သံယောဇဉ်နဲ့အတူ ကြီးပြင်းလာတဲ့ ကိုယ့်ရဲ့ချစ်သူ (ဦးနောက်နဲ့ရွေးထားတဲ့ချစ်သူ) ဆွံ့ကို ဒီနေ့ပဲ စေ့စပ်လိုက်ရပြီ။

ကိုယ် မပျော်ဘူး။

ကိုယ် လုံးဝ မပျော်ဘူး။

www.burmeseclassic.com



အနာဂတ်ကို ကိုယ် ဘယ်လိုစွန့်စားရမလဲဆိုတာကို ပဲ ကိုယ့်နှလုံးသားက အမြဲအမိန့်ပေးနေခဲ့တယ်။

Sedonaမှာ အကြီးအကျယ်စေ့စပ်ခဲ့တဲ့ ကိုယ်တို့ရဲ့ စေ့စပ်မင်္ဂလာသတင်းကြီး ကလေး မဖတ်မိပါစေနဲ့လို့လည်း ကိုယ် ဆုမတောင်းချင်ဘူး။

ဖတ်မိပါစေလို့လည်း ဆုမတောင်းရက်ဘူး။

ဖြစ်လာသမျှ ကံစီမံရာ ကိုယ် ဆက်လျှောက်မယ်။

ကိုယ့်အနားမှာ မင်းရှိနေရင် ကိုယ် အရာရာကျေနပ်တယ်။

ဒါပေမဲ့ အခုချိန်မှာ သူ့အနားမှာ သူ သိပ်ချစ်ခဲ့ရသည့် ချစ်သူလေး မှုံးမရှိခဲ့ဘဲ သူ့ကို ချစ်နိုင်လွန်းသူလေး ဆွိက သူ့လက်ကြီးကို ပိုင်ပိုင်နိုင်နိုင်ကြီးတွဲပြီး အပျော်ရွှင်ဆုံး အကျေနပ်ဆုံး ခံစားပြုံးပျော်နေခဲ့တာလေးကို သူ မအီမလည်ကြီး စိုက်ကြည့်ရင်း ရင်ထဲမှာ မောလျှနာကျင်သွားရသည်။

"ဆွိရယ် ... ကိုကို မင်းကို မချစ်နိုင်ခဲ့တာ ခွင့်လွှတ်ပါကွာ"

လို့လည်း ရင်ထဲက ဖွဖွကလေး တောင်းပန်ခဲ့မိသည်။

"ကိုကို"

"ဟင်"

"အခုကစပြီး ကိုကိုနဲ့ဆွိ တရားဝင်ဇနီးမောင်နှံလောင်းတွေ ဖြစ်သွားပြီနော်၊ ကိုကို့ကို ဆွိ ပိုင်သွားပြီ"





အင်း ... ပိုင်ပါ့ကွာ။

ငါတော့ မင်းကို ဘာမှ မပြောလိုတော့ပါဘူး။ ,

အဲဒီအချိန်လေးအတွင်းမှာပဲ မထင်မှတ်ဘဲ သူ့ဘဝထဲကို ဒီထက်ခြောက်သွေ့စရာကြီးတွေ ဖြစ်လာရသည့် ခံစားမှုတွေက ထိစ်ခနဲပြီးတစ်ခု မဖိတ်ခေါ်ရဘဲ ဝင်ရောက်လာခဲ့တော့သည်။

ကံစီမံရာဆိုတာ ဒါပါပဲလား မသိ။

"တူ ... တူ ... တူ"

"ဟင်"

ခါးကြားထဲက Hand Phoneမြည်သံက သူ့နှလုံးသားကို ဒိန်းခနဲမြည်ဟည်းတုန်လှုပ်သွားခဲ့ရသည်။

ဖျတ်ခနဲ ဆွိကို အလန့်တကြားမော့ကြည့်လိုက်မိပြီး သူ ဆိုဖာရှည်ကြီးမှာ ဆွိနှင့် ယှဉ်ထိုင်နေရာမှ ဆတ်ခနဲထအရပ် ...

"ဘာလို့ ထထွက်တာလဲ၊ ဆွိဘေးမှာပဲ ပြောလေ ဘယ်သူ့ဖုန်းမို့ ကိုကို ရှောင်ရတာလဲ၊ ဒီတစ်ခါနဲ့ဆို နှစ်ခါရှိပြီနော် ကိုကို"

ဆွိက သူ့လက်မောင်းကြီးကို ဖမ်းဆွဲထားသဖြင့် သူ ခင်ပူသွားရသည်။

ဆွိကိုလည်း စိတ်ကျဉ်းကျပ်ရှုပ်ထွေးစွာ မျက်မှောင်ကြီးကြုတ်ကြည့်လိုက်မိတော့သည်။

www.burmeseclassic.com



"အလုပ်ကိစ္စပါ ဆွိရယ်၊ ကိုကို့လက်ကိုလွှတ်စမ်းပါကွာ"

"မလွှတ်ဘူး၊ ဒီမှာပဲထိုင်ပြော၊ မပြောရင် ပေး ဆွိကို"

"ဟာ ... ဟေ့ ... ဆွိ"

ဒေသီရ စိတ်ကျဉ်းကျပ်ရှုပ်ထွေးပြီး သတိလက်လွတ်ဖြစ်သွားစဉ် အငိုက်မိသွားရလေသည်။ ❀

ဆွိက သူ့လက်ထဲက တတူတူမြည်နေသည့် ဖုန်းကလေးကိုဆွဲကိုင်ပြီး သွက်သွက်ကလေး ဖွင့်နားထောင်လိုက်လေသည်။

"ဟယ်လို"

ဆွိက အသံပြုရင်း ကိုကို့မျက်နှာကြီးကို မခိုးမခန့်ပြုံးကြည့်လိုက်သည်။

"ဒုက္ခပါကွာ ဆွိ"

"ဒါရိုက်တာကြီးနဲ့ တွေ့ချင်လို့ပါ"

"ဘာ ... ဘာပြောတယ်"

ဆွိ ဆတ်ဆတ်ခါသွားရသလို ခပ်ညုညုအသံပိုင်ရှင်လေးကိုလည်း တွေးတွေးခါးခါး အလိုမရှိသံကြီးနှင့် ပြန်မေးလိုက်မိတော့သည်။

ကြည့်စမ်း ...

ကိုကိုဟာ ရှိးသယောင်အသယောင်နဲ့ ကျိတ်ပုန်းများ ခုတ်နေပြီလား။





ဆွိ လက်ထဲက ဖုန်းကလေးကို အသည်းအသန်ပြန်လိုချင်လွန်းသည့် ကိုကို့မျက်နှာကြီးကို ဆွိ ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်ပြီး ...

"ညည်းက ဘယ်သူလဲ၊ အသံက ဖုန်းထဲမှာတောင် အီလိုက်တာ"

"ဟင် ... ရှင်ကရော ဘယ်သူလဲ၊ မိုက်ရိုင်းလိုက်တာ"

"အောင်မယ် ... ညည်းကများ ဘာကောင်မလဲ"

"အာ ... ညီမ ဒုက္ခပဲ၊ ပေး ... ပေး ဖုန်း ... ဖုန်းပေးစမ်း"

ဖျတ်ခနဲ ကိုကိုက ဆွိ လက်ထဲကဖုန်းကလေးကိုဆွဲယူပြီး တစ်ဖက်ကမိန်းကလေးကို ရိုရိုကျိုးကျိုးတောင်းပန်လိုက်သေးသဖြင့် ဆွိ ကိုကို့ကို ကုတ်ဆွဲပင်ချင်လောက်အောင် အသည်းယားသွားရလေသည်။

"ဟယ်လို ... တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော့်ညီမလေး စကားပြော မပြေပြစ်တာကို တောင်းပန်ပါတယ်၊ နောက်မှ အလုပ်ကိစ္စ ဆက်ဆွေးနွေးကြတာပေါ့ဗျာ နော်"

ပြောလည်းပြော ချက်ချင်းကြီး ဖုန်းပိတ်သွားသည့် ကိုကို့ကို ဆွိ ဒေါသမိုးမွှန်သွားရကာ ကိုကို့ရင်ဘတ်ကြီးကို တအားဆွဲကိုင် ခါယမ်းပစ်လိုက်ပါတော့သည်။

"အဲဒါ ဘယ်ကောင်မလဲ ကိုကို"

www.burmeseclassic.com



"ဟာ ... မိုက်မိုက်ရိုင်းရိုင်းတွေ မသုံးစမ်းပါနဲ့ ဆွိရယ်"

"သုံးတယ် ... သုံးတယ်၊ သူကများ ကိုကို့ကို ဒါရိုက်တာကြီးခေါ်ရအောင် တော်တော်ရင်းနှီးပြီလား ဟင် ... ကိုကိုရဲ့ ပြောပါဦး အဲဒါ ဘယ်သူလဲ၊ ဆွိကို အမှန်အတိုင်းပြော၊ ဆွိကို အမှန်အတိုင်းမပြောရင် ဆွိက အားလုံးပြဿနာတက်သွားအောင်လုပ်ပစ်မှာ၊ ဟင်း ... ကောင်မ အသံက အီလိုက်တာ၊ အမယ်လေး ... နားထဲမှာ တူးခါးနေတာပဲ"

"ဒုက္ခပါပဲ ဆွိရာ"

"ဘာဒုက္ခလဲ ပြော၊ ဖြေရှင်း လိမ်ဖို့ ပတ်ဖို့ စကားလုံးရှာမနေနဲ့"

"ဆွိဟာက မဟုတ်သေးဘူးကွာ"

"ဘာမဟုတ်တာလဲ၊ ကိုကို့ကောင်မက ဆွိကိုတောင် မိုက်ရိုင်းလိုက်တာ ပြောလာရဲရအောင် သူက ဘာကောင်မလဲ၊ ပြော ... အခုပြော"

ဆွိ ရင်ထဲက သဝန်တိုသည့်အလုံးကြီး ပြေးဆောင့်ဝင်ရောက်သွားရပါတော့သည်။

သုံးနှစ်လုံးလုံး အရိပ်တကြည့်ကြည့်ချစ်လာခဲ့ရသည့် ချစ်ရသူကို ဒီတစ်နေ့ လက်ဝယ်ပိုင်ဆိုင်ခွင့်ရအောင် တရားဝင်စေ့စပ်ကြောင်းလမ်းလိုက်ရပြီမို့ အကျေနပ်ဆုံးပျော်ရွှင်ကြည်နူးနေသည့် ဆွိ နှလုံးသားထဲကို ဒါရိုက်တာကြီးဆိုသည့် အသုံးတစ်ခုဖြင့် နှောင့်ယှက်လာခဲ့သည့် ကောင်မကို အမှန့်ချေပစ်ချင်မိသလို





မတုန်မလှုပ် ကျောက်ရုပ်ကြီး ကိုကို့ကိုလည်း ဆွိ ဒေါသဖြင့် မည်းသည်းရိုက်ပုတ်ကုတ်ခြစ်ပစ်လိုက်တော့သည်။

"ပြော ... အခု ပြော၊ အဲဒီကောင်မ ဘယ်သူလဲ"

ဆွိက ကိုကို့ရင်ဘတ်ကြီးကို တအုန်းအုန်း ရိုက်ပုတ်လိုက်လေသည်။

"ဟား ... တကယ့်ပြဿနာပဲကွာ၊ အဲဒါ ကိုကို အခုရိုက်နေတဲ့ ဝတ္ထုကိုရေးတဲ့ စာရေးဆရာမကွ"

"ဩော် ... စာရေးဆရာမက ဒါရိုက်တာဒေသီရကို ကပ်ပြီပေါ့"

"ဟာ ... ဒုက္ခပဲကွာ၊ ရာဇဝင်ရှိသလားကွဲ၊ စာရေးဆရာမ ဒါရိုက်တာကို ကပ်တယ်ဆိုတာ မဟုတ်တာလျှောက်ဖွနေကွာ၊ မင်း သူများဂုဏ်ကို ပွဲအောင်တော့မဖွဲ့စမ်းပါနဲ့ ဆွိရယ်၊ အလုပ်သဘော အလုပ်သဘောလို ဆက်ဆံနေရတာ"

"အမယ်လေး ... အလုပ်သဘော အလုပ်သဘောနဲ့"

"ဆွိ ... မင်း ထပ်မပြောတော့နဲ့နော်"

"ထပ်ပြောတော့ ဘာဖြစ်သလဲ၊ ကိုကိုက ကိုကို့ကောင်မ ထိတော့နာသလား"

"မင်း အမြင်ကျဉ်းပြီး စပါးလုံးစေ့လောက်ရှိတဲ့ မျက်စိနဲ့ မဟုတ်တာကြီးကို လျှောက်သမုတ်ချင်တာကိုးကွ၊ တော်ပြီကွာ၊ မင်းကို မဖြေရှင်းဘူး လေကုန်တယ်"

www.burmeseclassic.com



"သွား ... သွား ဆွိနဲ့ စကားပြောရတာ လေကုန်တယ်၊ အဲဒီကောင်မကို အစစားဝင်ရတာ လေမကုန်ဘူး ဖုန်းဆက်ပြီး ထပ်တောင်းပန်လိုက်ဦး"

ဆွိ အရှေ့ကနေ ချာခနဲလှည့်ထွက်သွားသည့် ကိုကို့ ကျောပြင်ကြီးကို ဆွိ အခဲမကျေသလိုစိုက်ကြည့်ရင်း ရင်ထဲက စကားလုံးတစ်ခုကို မကျေပွဲနွဲ့နေခဲ့မိရလေပြီဖြစ်သည်။

ဘာတဲ့ ...

"ကျွန်တော့်ညီမ စကားပြောမပြေပြစ်တာတွေကို တောင်းပန်ပါတယ်" တဲ့။

အဟင်း ဟင်၊ ... ကိုကို ... ကိုကို။

နောက်သုံးလကြာရင် လက်ထပ်ရတော့မယ့်ဆဲဆဲ ချစ်သူကိုတောင် တစ်ဖက်ကကောင်မ သိအောင် ညီမလို့လိမ်ပြောရဲတာ အံ့သြပါသေးရဲ့။

ပြီးတော့ ရိုက်ကွင်းမှာ အရင်တစ်ခါ ဒီကောင်မနဲ့ပဲ ချိုရွှင်နေအောင် စကားတွေပြောနေခဲ့တာ ဆွိနဲ့ ပက်ပင်းကြီးတိုးပြီးခဲ့ပြီ။

အို ...

ဘုရားသခင် ...

ကိုကို ...

ကိုကို ဆွိကို သစ္စာမဖောက်ပါစေနဲ့ရှင်။



## ၁၇

"ကလေး ... ကိုယ် အခု ပြန်ပြီး တစ်ပတ်အတိအကျ ကိုယ် ရွာကိုရိုက်ကူးရေးအဖွဲ့သားတွေနဲ့လာခဲ့မယ်၊ ကလေး ရင်ခုန်စွာနဲ့စောင့်နေပေတော့၊ ကတိပေးတယ် တစ်ပတ်အတိ နော် ကလေး"

အဟင်း ... ပုံပြောကောင်းလိုက်တာ။

ဒါရိုက်တာကြီးရယ် ... လို့ပဲ မှူးရင်ထဲက လွမ်းလွမ်း ဆလေး ညည်းလိုက်မိပါတော့သည်။

အခုဆိုရင် ချိန်းခဲ့သည့် တစ်ပတ်ဆိုတဲ့ ကာလကို နောက်ထပ်နှစ်ပတ်ကြီးတောင် စွန်းသွားခဲ့ပါပြီ။

ဒါရိုက်တာကြီးကတော့ ပေါ်တော်မူမလာတော့ချေ။

မှူးရဲ့ နှလုံးသားနုနုလေးကို အိပ်မက်တွေပေးသွားခဲ့ *သည့် ဒါရိုက်တာကြီးကို မှူး သတိရလွမ်းလွန်းလို့ ဘွား မရိပ်မိအောင် အခန်းထဲမှာ တိတ်တိတ်ကလေး ကျိတ်ငိုခဲ့ရတာ နှလုံး* သားတွေလည်း နာကျင်လွန်းခဲ့ရပါပြီ။

www.burmeseclassic.com



အို ...

မှုံးဟာ စိတ်ကူးယဉ်ပြီး သိပ်ဘဝင်မြင့်ချင်သည့် မိန်းကလေးများလား။

ကိုယ်နဲ့ လုံးဝမအပ်စပ်သည့် အသိုင်းအဝိုင်းက နာမည်ကြီးဒါရိုက်တာတစ်ယောက်ကို မှုံးဆီ တစ်နေ့လာနိုး လာနိုး နဲ့ မျှော်ကိုးနေခဲ့ရတာ မှုံး ရူးသွပ်ရာကျနေခဲ့ပြီဖြစ်သည်။

ဟုတ်တယ်။

မှုံး ရူးနေပြီ ဒါရိုက်တာကြီးရယ်။

ဒီကြားထဲ လွန်ခဲ့တဲ့ရက်က မှုံး ဒါရိုက်တာကြီးဆီ ဖုန်းဆက်တုန်းက မှုံးကို ကက်ကက်လန်အောင် ဖုန်းထဲကနေ ရန်တွေ့ခဲ့သည့် ကောင်မကရော ဒါရိုက်တာကြီးနဲ့ ဘယ်လိုပတ် သက်သလဲ။

ဒါရိုက်တာကြီးကတော့ ...

ညီမပါတဲ့။

အဟင်း ... အဲဒီနေ့က မှုံးကို ရိရိကျိုးကျိုးတောင် ပန်လာတဲ့ ဒါရိုက်တာကြီးမှာ ရိုးသားမှုမရှိ။

မှုံးသိသည်။

မှုံးမှန်းသိရက်နဲ့ တမင် ကျွန်တော်သုံးပြီး Feint လုပ်တာ မှုံး သိတာပေါ့။

ဘာပဲဖြစ်ဖြစ် မှုံးတစ်ယောက် ဒါရိုက်တာကြီးနဲ့ ဒီရက်အတွင်းမှာ အထူးမျှော်နေခဲ့မိပါတော့သည်။





ပြီးတော့ မှုံးရိုက်ရမယ့် ဇာတ်ကောင်စရိုက်ကလေး တွေကိုလည်း စိတ်ကူးလေးတွေနှင့် ရွေးချယ်ထားလိုက်သည်။

မှုံးက ခပ်စွာစွာ ခပ်မိုက်မိုက် ဇာတ်ကောင်ပေါ့။

မှုံးတစ်ယောက်တည်း အတွေးနယ်ချဲ့ပြီး ပန်းခြံထဲ က ခုံတန်းရှည်လေးမှာ သူနှင့်အတူ ချစ်သူနှစ်ဦးကြည်နူးခဲ့ရသည့် ပုံရိပ်ကလေးကို မြင်ယောင်ရင်း မှုံး ရင်ခုန်သံလေးတွေ နွေးသထက် နွေးလာခဲ့တော့သည်။

စိတ်ရဲ့ခံစားချက်ကလေးတွေဟာ ဆန်းကြယ်လွန်း လှပါတကား။

အတွေးကလေးနှင့် ဒါရိုက်တာကြီးကို လွမ်းတနေ ခိုက် မထင်မှတ်ဘဲ ခြံထဲကို ဝေါခနဲထိုးဝင်လာသည့်ကားသံကြောင့် မှုံး ကတုန်ကယင်ကြီး မတ်တတ်ထရပ်လိုက်မိကာ မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ပန်းခြံထဲကထွက်လာခဲ့မိတော့သည်။

ထင်သည့်အတိုင်းပင်။

အိမ်ရှေ့ကို ဒါရိုက်တာကြီးရဲ့ Mark II ကားလေး ထိုးဆိုက်လိုက်ပြီးတာနှင့် တစ်ပြိုင်နက် ဒါရိုက်တာကြီးတစ်ယောက် တည်း ကားပေါ်က ခပ်သွက်သွက်ဆင်းလာပြီး မှုံးကို ဖျော့တော့ တော့ကြီးပြုံးပြလာခဲ့တာမို့ မှုံး ဒါရိုက်တာကြီးကို ပြန်လည်ပြီး နွေးနွေးလေး ပြုံးပြလိုက်ရပါသည်။

"ရိုက်ကူးရေးအဖွဲ့သားတွေပါမယ်ဆို ဒါရိုက်တာကြီး"

www.burmeseclassic.com



"အေး _ အဲဒါလာတာပဲ၊ လာ အပေါ်တက်စို့၊ အိမ်ပေါ်ကျမှ စကားပြောကြတာပေါ့ ဘွားရှိလား"

"ရှိတယ်"

ဒါရိုက်တာကြီး စကားကြီးက ဘာစကားကြီးပါလိမ့်။

မှုံးကိုများ ဗီဒီရိုရိုက်ဖို့အစီအစဉ်မရှိတော့ဘူးလား။

မှုံးရင်ထဲ စိုးထိတ်သွားရကာ ရင်ခုန်သံတွေတောင်ပူလောင်သွားရပါသည်။

ခပ်ပျက်ပျက်ဖြစ်သွားချင်သည့် မျက်နှာလေးဖြင့် ဒါရိုက်တာကြီး အနောက်မှ ခပ်ကုပ်ကုပ်ကလေး အိမ်ပေါ်တက်လိုက်လာခဲ့မိသည်။

ရင်ထဲမှာတော့ ဒါရိုက်တာကြီးရဲ့အိုက်တင်ကြီးကိုကြည့်ပြီး လေးနေရပါပြီ။

သူ့ဘွားရှေ့ရောက်ရင် ဘာပြောမှာလဲ ဘာပြောလိုက်မလဲဆိုတာကိုပဲ ရင်တထိတ်ထိတ်စောင့်ဆိုင်းနေတုန်းမှာပဲ သူက ဧည့်ခန်းဆက်တီမှာထိုင်နေသည့် ဘွားကို ပြုံးချိုကြည်လင်စွာ နှုတ်ဆက်လိုက်ပါသည်။

"ဘွား နေကောင်းတယ်နော်"

"အေး လူလေး ကောင်းပါတယ်ကွယ်၊ လူလေးလည်း မရောက်တာကြာပြီ အခုမှပဲရောက်တော့တယ်"

"ဟုတ်ကဲ့ အခုလည်း အချိန်မရဘူး ဘွားရဲ့၊ ဘွားကို အကျိုးအကြောင်းပြောစရာလည်းရှိလို့လာခဲ့တာ"





"ဟင်"

မှုံးရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်ကျင်တက်သွားရလေသည်။

ဘုရား ... ဘုရား ... သူများ ဘွားကို မှုံးကိုလက်ထပ်ဖို့အကြောင်း ဖွင့်ပြောလိုက်မှာလား။

ဟင့်အင်း ... မပြောစေရဘူး၊ ဒီကိစ္စ မဖြစ်နိုင်သေးဘူး။

မှုံး နာမည်ကြီးမင်းသမီးတစ်ယောက်ဖြစ်ပြီးမှ ဂုဏ်ရှိရှိ တင့်တင့်တယ်တယ် သူနှင့်လက်ထပ်ချင်သည်။

"ဟာ ... ဒါရိုက်တာကြီးက ဘာ ... ဘာပြောမှာလဲ"

မှုံး ဒါရိုက်တာကြီးကို မပြောစေချင်သည့် မျက်လုံးနွေးနွေးလေးနှင့် တောင်းပန်ဟန့်တားလိုက်သည်။

ဒါကို ဒါရိုက်တာကြီးက တစ်ချက်တွေဝေသွားပြီးမှ သဘောပေါက်သွားသလို နှုတ်ခမ်းနစ်မွှာကို ဖွပြုံးလိုက်ပြ ...

"မှုံးက ပြောပြီးလို့လား ဘွားကို"

"ဟင် ... ဟင့်အင်း ... မပြော ... မပြော"

"ဘာလဲ လူးလေးရဲ့"

ဘွားက သူတို့နှစ်ယောက် မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး စကားဝင်ထောက်လိုက်တော့ သူ ဘွားကို လာရင်းကိစ္စ အကျိုးအကြောင်းရှင်းပြလိုက်ပါတော့သည်။

www.burmeseclassic.com



ပြီးတော့ ဘွား နားလည်နားဝင်အောင် အမျိုးမျိုး ပြောပြီး မှုံးကို ရန်ကုန်ကို သူနှင့်တစ်ပါတည်းခေါ်သွားဖို့ပါ ပြော လိုက်ရလေသည်။

ချက်ချင်းလက်ငင်းကြီးဆိုတော့ ဘွားက အင်တင် တင်ကြီးဖြစ်သွားပြီး မြေးမလေးကို သူနှင့်ထည့်လိုက်ရမှာကို စိုးရိမ်စိတ်မချ ဖြစ်ခဲ့ပေမယ့် ...

နောက်ဆုံးတော့ ...

သူ့သိက္ခာကို ယုံကြည်ပါတယ်ဆိုတဲ့ ဘွားရဲ့ စကား တစ်ခွန်းနှင့်အတူ မှုံးကို သူ ရန်ကုန်ကို မင်းသမီးတင်မြှောက်နိုင်ဖို့ အပါဆွဲခေါ်နိုင်ခဲ့ပါတော့သည်။

သူနှင့်အတူလိုက်ပါရတော့မည့် မှုံးကို ဘွား ပြောခဲ့သည့်ဆုံးမစကားလေးတွေက မှတ်သားလောက်ပါသည်။

"အင်း ... မြေးဘဝမှာ အရှုံးသွပ်ဆုံးခံယူထားတဲ့ မင်းသမီး တစ်ယောက်ဖြစ်ဖို့ မြေးကံကတည့်တည့်တိုးပြီး ဒါရိုက်တာ တည့်တည့်တွေ့ရတော့လည်း ဘွားမြေး ဖြစ်ချင်တဲ့ဆန္ဒတွေ ကို မဖျက်ချင်တော့ပါဘူး၊ ဘယ်သူမဆို ကိုယ့်သွေးသား လေးတွေကို အောင်မြင်တဲ့ နိုင်ငံကျော်အဖြစ် ဘွားလည်း အလိုရှိပါတယ်၊ မြေး လူလေးရဲ့စကားကို နားထောင်ပြီး လိမ်လိမ်မာမာနဲ့ အောင်မြင်အောင်ကြိုးစားပါ၊ ကိုယ်ကျင့် သိက္ခာကို အမြဲတမ်း ခေါင်းပေါ်မှာရွက်ပြီး ထိန်းသိမ်းပါ မြေး"





မြေးကို ဆုံးမစကားခြွေတာ မှတ်သားလောက်သလို သူ့ကို သူမကြီးမြေးမလေးနှင့် စိတ်ချလက်ချ ယုံကြည်ကြောင်း ကိုလည်း ဘွားက ပါးနပ်လည်ဝယ်စွာ ပြောလာခဲ့ပါသည်။

"အင်း ... လူလေးက လူရင်းဖြစ်နေတော့ ဘွားမြေးကို လူလေးနဲ့ စိတ်ချယုံကြည်တယ်၊ လူလေးသိက္ခာကို လူလေး ရဲ့တည်ကြည်တဲ့ရုပ်အနေထားကိုကြည့်တာနဲ့ ဘွား လေးစား တယ်၊ အေး .. တစ်ခုတော့မှာလိုက်ချင်ပါတယ်ကွယ်၊ ဘွား မြေးလေးကို လူလေးတို့အသိုင်းအဝိုင်းမှာ အရာမဝင် မတွင်ကျယ်လို့ အနှိမ်ခံဘဝတော့ မဖြစ်စေရအောင် လူလေး ကူညီပေးစေချင်သလို အကယ်၍များ လူလေးတို့အသိုင်း အဝိုင်းနဲ့ အဆင်မပြေတာများဖြစ်ခဲ့ရင် မြေးလေးကို လူလေး ကိုယ်တိုင် ဘွားဆီကို မြေးမလေးကို ကိုယ်တိုင်ကိုယ်ကျ ပြန်ပို့ပေးပါလို့ ဘွား မှာလိုက်ချင်ပါတယ်"

မှာတမ်းခြွေတတ်လွန်းသည့် ဘွားကို သူ့ရင်ထဲမှာ လေးစားချစ်ခင်ခဲ့ရတာတွေကိုတော့ သူ ဖွင့်မပြောဖြစ်... ဘူချေ။

ချစ်ရသူလေး နယ်မြေသစ် အသိုင်းအဝိုင်းသစ်ဆီ ခေါ်ချခဲ့ရတာတွေအတွက် သူ ရင်မောခဲ့မိပေမယ့် သူ သိပ်ချစ်သည့် ချစ်သူလေးနှင့် နယ်မြေတစ်ခုတည်းမှာရှိနေခဲ့တာတွေက သူ့ဘဝကို လှုံ့ခြွနွေးထွေးစေခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့တော်ဝင်မင်းသမီး လေးကို ဒီသုံးလတာကာလအတွင်းမှာ အချိန်မရွေး လက်ထပ်နိုင်ခွင့်ရှိဖို့ သူ အရာရာ ကြိုတင်ပြင်ဆင်ခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com



မှုံးအဖြစ်ချင်ဆုံးဆန္ဒလေးတွေလည်း ဖြစ်မြောက်သူလည်းပဲ သူ့ရင်ထဲက မဟာစွန့်စားခန်းကြီးကို မျက်စိစုံလုံးမှိတ်ပြီး စွန့်စားခန်းထုတ်ရပြီဖြစ်သည်။

ရင်ထဲမှာ ...

အချစ်ရှိရင် ...

လှုံ့ခြုံနွေးထွေးတယ် ...

အင်အားတွေအလိုလိုပြည့်ပြီး နေ့သစ်တိုင်း နေ့သစ်တိုင်းကို စိတ်ကူးသစ်တွေနဲ့ ပျော်ရွှင်ခဲ့တယ်ဆိုတာ ကိုယ် ယုံကြည်မျှော်လင့်တယ် ကလေး။ ယုံကြည်စိတ်ဖြင့် မျှော်လင့်ခဲ့ရသည့်သူ့ကို ...

ချစ်သူလေးက သူနှင့်အတူမလိုက်ခင် ဘွားအေကြီးကို ရှိရှိကျိုးကျိုးလေး ထိုင်ကန်တော့ပြီး ကြက်တူရွေးလေးလိုမပြတ်အကြိမ်ကြိမ် ကျေးဇူးတင်ကြောင်း ပြောခဲ့ပေမယ့် အခုချိန်မှာတော့ ကားပေါ်မှာ တစ်လမ်းလုံးမျက်စိကလေးစုံမှိတ်ပြီး လိုက်လာခဲ့တာလေးကို သူ သနားကြင်နာစွာ နွေးနွေးကလေး ပါးပြင်ကြီးဖြင့် ဖိကပ်ရင်း ချစ်သူရင်ခွင်ကလေးကို အကျေနပ်ဆုံးခံစားမှုတွေနှင့် ခိုလှုံဝင်ရောက်ခဲ့တော့သည်။

တကယ်တော့ ...

အချစ်ဆိုတာ ...

ကိုယ်ကစချစ်ခဲ့ရသည့်သူတစ်ယောက်ကသာ ...



ကိုယ့်ဘဝကို အလုံလောက်ဆုံး အနွေးထွေးဆုံး လုံခြုံကျေနပ်ခဲ့ရတယ်ဆိုတာကို ဒါရိုက်တာဒေသီရတစ်ယောက် ကောင်းစွာနားလည်ယုံကြည်လိုက်ရပြီဖြစ်သည်။

❢ ❖ ❢

www.burmeseclassic.com



## ၁၈

နယ်မြေဒေသအပြောင်းအလဲနှင့် လူသစ်တွေကြားမှာ မှူး အစိမ်းသက်သက်ဖြစ်ခဲ့ရပေမယ့် ...

ကိုယ်ရောက်ချင်သည့် အသိုင်းအဝိုင်းသစ်ကလေးမို့ မှူး ကျေနပ်ကြည်နူးခဲ့မိသလို ဒါရိုက်တာကြီးရဲ့နွေးထွေးသည့် အကြင်နာချစ်ခြင်းတွေကလည်း မှူးဘဝတစ်ခုလုံးကို လုံခြုံနွေးထွေးစေခဲ့သည်။

တိုက်ခန်းတစ်ခန်းမှာ မှူးတစ်ယောက်တည်းနေရဲအောင်လည်း သတ္တိမွေးဖို့ အားပေးသည့် ဒါရိုက်တာကြီး ရင်ခွင်ထဲမှာ မှူးက နွဲ့နွဲ့လေးမှီရင်း မျက်ဝန်းကလေးကို ခပ်တင်းတင်းလေး ဖိမှိတ်ရင်း ...

"ဒါရိုက်တာကြီး"

လို့ ခပ်တိုးတိုးလေးခေါ်လိုက်သည့် မှူးကိုယ်မှူး သရုပ်ဆောင်နေသလိုတောင် အသက်ဝင်ခံစားမိရသည်။



"ဟေ ... ဘာလဲ ... ကလေး"

ဒါရိုက်တာကြီးက မှူးမျက်နှာလေးကို သူ့ရင်ဘတ်ကြီးဆီဆွဲလှည့်ပြီး သူ့မျက်နှာကြီးနှင့် အတင်းဖိအပ်ပစ်လိုက်သဖြင့် ရုတ်တရက် မှူး ရင်ခုန်ထိတ်လန့်သွားရကာ အသက်ရှူရပ်မတတ် ခံစားလိုက်ရတော့သည်။

အို ...

တိုက်ခန်းထဲမှာ သူနှင့် နှစ်ယောက်တည်းရှိနေတဲ့ အချိန်ကြီးမှာ ဒီလိုခံစားသက်ဝင်မှုတွေ မရှိသင့်။

မှူး ငြင်းရမယ်။

ငြင်းဆန်ရမယ်။

မှူးက မိန်းကလေး။

"ဒါရိုက်တာကြီး အဲဒီလို ... အဲဒီလိုကြီးမနေနဲ့၊ မှူး လုံးဝ မကြိုက်ဘူး"

"ဟာ ... ချစ်သူတွေလေ ကလေးရဲ့"

"ဟင့်အင်း ... ချစ်သူကချစ်သူပဲ၊ မှူး မကြိုက်ဘူး၊ ပြီးတော့ တိုက်ခန်းမှာ မှူးတစ်ယောက်တည်း"

အသံညက်ညက်ကလေးဖြင့် တောင်းပန်းတိုးလျှိုးလာသူ အရိုးခံမလေးကို ဒေသိရ အကြင်နာတိုး ချစ်ကြင်မြတ်နိုးခြင်းမက ရင်ပတ်နှောင်ဖွဲ့သွားရပါတော့သည်။

ခံစားချက်နွေးနွေးတွေနှင့်အတူ ...

www.burmeseclassic.com



မကြာခင်အချိန်ကာလအတွင်းမှာပဲ လက်ထပ်ယူဖို့ ဆုံးဖြတ်ချက်ကြီးဖြင့် အသည်းတဖိန့်ဖိန့်ခံစားလိုက်ရင်းက ချစ်သူကလေးငြင်းဆန်နေပုံကြီးကို ပိုပြီး ချစ်လွမ်းပို အသည်းတုန်သွားရပါတော့သည်။

"အာ ... ဒါရိုက်တာကြီး ပြောလို့မရဘူးလား၊ မှုံး ... မှုံး ငိုလိုက်မှာနော်"

"ငိုပေါ့ ချော့ရတာပေါ့"

ပြောပြောဆိုဆို ဒေသိရ အသည်းပိုလွန်းလှသည့် ချစ်သူလေး နှုတ်ခမ်းသားလေးတွေကို ဖွဖွကြီး ငုံ့နမ်းလိုက်တော့သည်။

"ဒါရိုက်တာကြီး ကျွန်မ မကြိုက်ဘူးနော်"

"ဟာ ... တအားအော်တာပဲကွာ၊ ဘေးတိုက်ခန်းကလူတွေကြားကုန်ရင် အရှက်ကွဲဦးမယ်၊ ဘယ်လိုဟာလေးမှန်းလဲ မသိဘူးကွာ"

ဒေသိရတစ်ယောက် ချစ်သူလေးကို ကြင်နာနွေးထွေးမှုတွေ တဝကြီးပေးအပ်လိုက်ချင်ပေမယ့်လည်း အရွယ်နှင့်မလိုက်အောင် ဂုဏ်သိက္ခာဆယ်နိုင်သူလေးကို အထင်ကြီးလေးစားတန်ဖိုးထားပြီး ချစ်သူလေးရဲ့အလိုကျဖြစ်စေခဲ့ရတော့သည်။

ရင်ခွင်ထဲမှာ မျက်ဝန်းစိုစိုတွေနှင့် ရန်တွေ့လာသည့် ချစ်သူလေးကို ထွေးထွေးနွေးနွေးကြီး ပွေ့ဖက်ရင်းက နှုတ်ခမ်းကြီးမဲ့ပြုံးလိုက်မိကာ ...



"အင်း ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ မသိက္ခာလေးရယ်၊ တကတဲ ကိုယ့်ချစ်သူလေး ကိုယ်နမ်းတာတောင် ဝအောင်မနမ်းရဘူး"

"ဒါရိုက်တာကြီးနော် ပြောပြန်ပြီ"

"ဟာ ... အဲဒီလောက်ရှက်တတ်နေရင် မင်းသမီး ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်ဘူး"

"အေး ... မလုပ်ရင် ကိုယ်က ပိုတောင်ကြိုက်သေး"

"ဒါရိုက်တာကြီးနော်"

"ဟေ ... ဟေ ... ဟေကွာ နားထောင်လို့ကောင်းလိုက်တာ၊ နားဝင်ချိုလိုက်တာ၊ အသံကလေးက ကြည်ပြီး ဖိန့်နေလိုက်တာ၊ ရင်ထဲကို ထိလွန်းလွန်းလိုက်တာ"

"အဲဒါပဲ ခံတွင်းတွေ့ပြီး အလှည့်လုပ်ပြောနေတာ၊ ဒီမှာ အလုပ်သဘောပြောမလို့"

"ပြောပါဗျာ ပြောပါ၊ ကြီးကြီးကျယ်ကျယ်"

အသက်ငယ်ငယ်ကလေးဖြင့် လူကြီးတစ်ယောက်လို ဦးနှောက်ပြေးသည့် ချစ်သူလေးကို သူ ပိုပြီးတန်ဖိုးထားမိသည်။

'ဆွိနဲ့များ ဘာမှမဆိုင်။

ဆိနဲ့ရေလို ကွာခြားလွန်းလှသည်။

www.burmeseclassic.com



ဆွိက သူ့ကို သိပ်ချစ်ပြီး သဝန်တိုဖို့ရယ်၊ အရာရာ ဘာမှ အလေးအနက်မထားဘဲ သူ တစ်ကွက်ကောင်းနိုင်ဖို့ရယ်ကိုပဲ ဦးနှောက်ထဲ ထည့်ထားသူလေးဖြစ်သည်။

သူ့ချစ်သူလေးကတော့ ဒီလိုမဟုတ်။

အရာရာချင့်ချင့်ချိန်ချိန် တွေးတွေးဆဆနှင့်မျှော်တွေးတတ်လွန်းသည်။ ကိုယ်နားမလည် မကျွမ်းကျင်သည့် အသိုင်းအဝိုင်းကိုလည်း ဒီလောက်ကြီးအထိ အရေးတယူကြီးမရှိသလို စကားအပိုမဆိုခဲ့။

အင်း ... အဲဒီလိုလေး မှုနိုင် မင်နိုင်တာလေးကို ကိုယ် အရမ်းချစ်မိပါရဲ့ ကလေးရယ်။

"ဒီ ... ဒီတိုက်ခန်းက ဒါရိုက်တာကြီးတိုက်ခန်းလား"

"အင်း ... ကလေးနဲ့ လက်ထပ်ပြီးရင်နေဖို့ ကိုယ် ဟိုတလောကမှ ဝယ်လိုက်တာ"

"အဲဒါက အကြောင်းမဟုတ်ပါဘူး။ မှုံးမေးတာက မှုံးနေတာ တစ်လပြည့်တာနဲ့ ဒါရိုက်တာကြီးကို တိုက်ခန်းငှားခရှင်းမလို့"

"ဘာ"

"အား ... ဒါရိုက်တာကြီးနော်"

ဒေသိရ ဒေါသဖြစ်လွန်းလို့ မှုံး ခေါင်းကလေးကို လက်သီးဆုပ်ဖြင့် ခပ်နာနာကြီး ဖိထိုးပစ်လိုက်တော့ မှုံးက ငယ်သံပါအောင်အော်ရင်း ခြေဆောင့် စိတ်ကောက်ပါတော့သည်။





"ကျွတ် ... ထပ်ထိုးရရင်ကွာ နာဦးမယ်၊ ဒီမှာ မင်းနား လည်ထားဖို့က မင်း ဒီမှာ အေးအေးဆေးဆေးနေ၊ ကိုယ် လုပ်ဆောင်ရမယ့် အလုပ်ကိစ္စကိုပဲ ခေါင်းထဲထည့်ထား၊ နေစရာ စားစရာ ဖုန်းကိုင်တာ မင်း ဘာတစ်ခုမှ ငွေထုတ် သုံးစရာမလိုဘူး၊ ဘွားချွေးနဲ့စာနဲ့ ရှာထားတာတွေကို မင်း သုံးစရာမလိုဘူး၊ မင်းရှေ့ဘဝရဲ့ အနာဂတ်က ကိုယ် ပဲ၊ အဲဒီတော့ ကိုယ်စီမံရာ မင်း လက်သင့်ခံ၊ မခံရင် ကိုယ်က ဘွားဆီပြန်ပို့မှာ"

အဲဒီလို ခြိမ်းခြောက်လိုက်ပြန်တော့လည်း ဘာစကားမှအတွန့်မတက်တော့ဘဲ မျက်လွှာလေးစင်းချပြီး စဉ်းစားချင့်ချိန်နေသည့် ချစ်သူလေးကို သူ ဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်အောင် ချစ်မြတ်နိုးခဲ့ရပါတော့သည်။

ဩော် ...

ကိုယ်က စတင်ပြီး သဲသဲမဲမဲ ချစ်ခဲ့ရသည့် ချစ်သူလေးမို့လို့လည်း သူ့မှာ စေ့စပ်ပြီးသား (ဦးနှောက်နှင့် ရွေးထားသည့် ချစ်သူလေး)ကို စွန့်ခွာပြီး ...

အသိုင်းအဝိုင်း ...

မိဘဆွေမျိုးတွေရဲ့ ...

လျှစ်လျူပြု အငြိုအငြင်စကားကြီးတွေ ဗေဗေဇီ ရိုက်ခမန်းပုတ်ခမန်း ပြောလာမယ့်စကားတွေကို ခါးစည်းခံဖို့ သူ မြင်မြင်ချင်းချစ်ခဲ့ရသည့် ချစ်သူလေးကို သူ့ရဲ့တော်ဝင်မင်းသမီး

www.burmeseclassic.com



အဖြစ် သူ့ဘဝထဲကို အပိုင်သွပ်သွင်းခေါ်ဆောင်လာခဲ့ပြီးဖြစ်ခဲ့ရသည်။

အင်း ...

ဒီအကြောင်းတွေကို ဆွိသာ သိခွင့်ရသွားခဲ့မည်ဆိုလျှင် အဲဒီအချိန်တစ်ခုကို သူ ရင်ဆိုင်ရမှာအကြောက်ဆုံးဖြစ်ခဲ့ရသည်။

ဒါပေမဲ့ အရာရာကို ရင်ဆိုင်ရပါသည်။

ကလေးကိုသာ လက်ထပ်ရမည်ဆိုလျှင် လကမ္ဘာကို ခြေလှမ်းလျှောက်ပြပါ ဆိုလျှင်လည်း သူ လျှောက်ရဲသည်။

"မဟုတ်ဘူး ဒါရိုက်တာကြီးရယ်၊ မှုံး ပြောတာကလေ မှုံးက ဒီလို ဒီလိုကြီးတွေ ဘာတွေကြေးမှမပါဘဲ အဆင်ပြေနေတော့ ဒါရိုက်တာကြီး မိဘ ညီကိုမောင်နှမတွေက ဘာပြောမလဲ၊ အဲဒါကို မှုံး ကြောက်တာ"

"ဟင်း ..."

အတွေးလေးဖြင့် ငြိမ်သက်နေသည့်အချိန်မှာပဲ မှုံးရဲ့ခပ်ညက်ညက်အသံလေးက သူ့ကို အခုလက်ရှိဘဝထဲသို့ ဆွဲခေါ်သလိုကြီး ခံစားလိုက်ရလေသည်။

"ဘာတွေလဲကွာ၊ ကလေး ဂျီမထိုးနဲ့ကွာ"

"မဟုတ်ဘူး၊ မှုံး ပြောတာက အခုရှုပ်မှာနောင်ရှင်း"

"ဘာမှ မဆိုင်ဘူး၊ ကိုယ့်ကိစ္စကို ကိုယ့်မိဘလည်း သိစရာမလိုဘူး၊ ဒီငွေက ကိုယ့်ရဲ့ချွေးနဲ့စာပါကွာ၊ ကလေး စိတ်





သန့်သန့် လိပ်ပြာလုံလုံထားပြီး သုံးစမ်းပါ၊ ပြီးတော့ ကိုယ်နဲ့ကလေးကလည်း သိပ်မကြာခင် လက်ထပ်ကြရမယ့် ချစ်သူတွေလေ"

"ဟင် ... သိပ်မကြာခင်"

အံ့ဩလွန်းလို့ ဝိုင်းဝိုင်းလည်သွားသည့် ချစ်သူလေးကို ဒေသိရ ရင်မောလူမော စိုက်ကြည့်ရင်း သူမလေးကို စကားဆက်ခွင့်မပေးတော့။

ရှေ့ဆက်ပြီး "မဖြစ်နိုင်သေးပါဘူး ဘာလို့ ချက်ချင်းကြီး လက်ထပ်ရမှာလဲ"ဆိုပြီး ငြင်းဆန်လာနိုင်မယ့် မှုံးနှုတ်ခမ်းကလေးဆီ အနွေးထွေးဆုံး ခံစားချက်တွေဖြင့် ချစ်မြတ်နိုးခံစားလိုက်ရသည်။

ကိုယ် ရင်ခုန်ချစ်ခြင်းတွေနဲ့ ...

ကလေးကို လက်ထပ်ရမယ့်အချိန်တစ်ခုကိုပဲ မျှော်လင့်စောင့်ဆိုင်းနေခဲ့တယ် ကလေး။

ကိုယ် မင်းကိုလက်ထပ်မယ့်အချိန်ကို မင်းလည်း ကိုယ့်ကို လက်ထပ်ရမယ်။

အဲဒါ ...

ကိုယ့်အမိန့်ပဲ ...။

www.burmeseclassic.com



## ၁၉

ဒါရိုက်တာကြီးပေးလာခဲ့သည့် Hand Phoneကလေးကိုလည်း မှုံး ဒါရိုက်တာကြီးပြောသလိုပဲ လိပ်ပြာလုံလုံ သုံးခဲ့သည်။

ဘာဖြစ်သလဲ မှုံးက ပိုက်ဆံမရှိလို့ ပိုက်ဆံရှိတဲ့ယောက်ျားကို လိုက်ကပ်ချူနေတဲ့ အမြှူအဆွယ်မမှ မဟုတ်တာ။

မှုံးလည်း မှုံးဘာသာ ကိုယ်ပိုင်ဖုန်းဝယ်သုံးနိုင်သလိုတိုက်ခန်းနှင့်နေနိုင်ခဲ့တာကို သူမှ လက်မခံတာ။

ဘွား ချွေးနဲ့စာကို မသုံးရဘူးတဲ့။

အဲဒီတော့လည်း ...

မှုံး သူ ဖြည့်ဆည်းပေးတာလေးတွေကို ကြည်ကြည်ဖြူဖြူလက်ခံခဲ့လိုက်ရတော့သည်။

“ကလေး ကိုယ့်ကို ဖုန်းဆက်ရင် နေ့ခင်းဘက်မဆက်နဲ့၊ ညဘက်မှဆက်၊ ညဘက်မှ ကိုယ်ကအားတာ”





ဒါရိုက်တာကြီးက ဖုန်းပေးရင်းနှင့် အမှာခြွေလိုက်တာကို မှုံးက မျက်မှောင်လေးကြုတ် စဉ်းစားလိုက်သည်။

အခုတလော ဒါရိုက်တာကြီးတစ်ယောက် ဘာတွေအလုပ်ရှုပ်နေတယ်မသိ။

မှုံးကို ရိုက်ကွင်းလည်းခေါ်ဖို့ ပါးစပ်မဟ။

ပြီးတော့ အလုပ်ရှုပ်လိုက်တာလည်း ကိုယ်ခွဲထားရမလိုဖြစ်နေသည့် ဒါရိုက်တာကြီးကိုကြည့်ပြီး ဟိုးအရင်လတွေကမှုံးရှိတဲ့ရွာကို အရောက်လာနိုင်အောင်လာခဲ့ပြီး မှုံးကို ရန်ကုန်အပါခေါ်နိုင်အောင် ဘွားကို ဆွဲဆောင်သိမ်းသွင်းပေးခဲ့သည့် ဒါရိုက်တာကြီး ရင်ထဲက တသသလှိုက်လှဲတမ်းတနေခဲ့မိသည်။

ဒါရိုက်တာကြီးရယ် အဲဒီလောက်အထိ ကျွန်မကိုသိပ်ချစ်ခဲ့တာလားဟင်။

ကျွန်မဖြင့် ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်ခဲ့မိဘူး။

အိပ်မက်များ မက်နေတာလားလို့ကွယ်။

ဒါပေမဲ့ ရန်ကုန်ရောက်ပြီး တစ်လလောက်ကြာတဲ့အထိ မှုံး ဗီဒီယိုရိုက်ရမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ပြောဆိုမလာသေးသည့် ဒါရိုက်တာကြီးကို မှုံး ဒီနေ့တော့ ရင်ထဲကမရှင်းမရှင်းစကားလေးတွေကို ပွင့်ပွင့်လင်းလင်းဖွင့်ပေးလိုက်ပါတော့သည်။

www.burmeseclassic.com



"ဒါရိုက်တာကြီး မှုံး ရန်ကုန်ရောက်တာ တစ်လရှိပြီ၊ မှုံးကို ဒါရိုက်တာကြီး ရိုက်ကွင်းလည်း တစ်ခါမှမခေါ်သေးဘူး၊ မှုံးကို ဗီဒီယိုရိုက်ရမယ်ဆိုပြီး အခုထိလည်း မရိုက်နိုင်သေးဘူး၊ ဘာတွေလဲ မသိဘူး"

မှုံး စကားနာထိုးသလိုကလေး ဆိုလိုက်တော့ ဒါရိုက်တာကြီးက စိတ်ကျဉ်းကျပ်သွားသည့် မျက်လုံးတွေနှင့် မှုံးကို တစ်ချက်ရီရီစိုက်ကြည့်ပြီး ဟတ်ခနဲ ရယ်လိုက်လေသည်။

"ဟတ် ... ကလေးကလည်း ကိုယ်ပြောထားသားပဲ၊ ကလေးကို အနုပညာလောကထဲဝင်ရင် အချိန်စောင့်ရတယ်လို့"

"ဘာအချိန်လဲ၊ စောင့်ရတာ တစ်လရှိပြီ ဒါရိုက်တာကြီး ပြောစကား မတည်ဘူး၊ သိပ်မုန်းတယ်"

မှုံးရင်ထဲမှာ ဘယ်လိုကြီးခံစားလိုက်မှန်းမသိဖြစ်သွားရကာ မှုံး အင့်ခနဲရှိုက်ငိုကြွေးလိုက်ပါတော့သည်။

"အာ ... ဟာ ... ဒုက္ခပဲ၊ ကလေး ... ဟော့ တော့သူမ"

"ဘာ ... တော့သူမလဲ"

"သြော် ... ဟုတ်လား၊ ရန်ကုန်သူလေး မငိုနဲ့ကွာ၊ ဒီမှာ ကိုယ် ခေါင်းစားနေရတယ်၊ ကလေးအတွက်ကွ"

ဒေသီရ မှုံးမျက်နှာလေးကို ဆွဲယူပြီး မျက်ရည်လေးတွေကို ဖွဖွကလေးတို့သုတ်ရင်း နွေးအိအိကိုယ်လုံးလေးကို ရင်ခွင်ထဲ ခပ်တင်းတင်းကြီးဆွဲသွင်းပွေ့ဖက်ပြီး ချော့မော့နှစ်သိမ့်လိုက်ရပါတော့သည်။





အင်း ... ချစ်သူလေး ဝမ်းနည်းမယ်ဆိုလည်း ဝမ်းနည်းစရာပါပဲ။

သူ တမင်သက်သက် ရှောင်လွှဲနေတာမဟုတ်။

ချစ်သူရလေးကို လက်မထပ်ခင် သူ့ရဲ့အရှုပ်တော်ပုံကြီးထဲ ထိုးမသွင်းချင်သည့် မေတ္တာသက်သက်ဖြစ်သည်။

အခုဆိုရင် ဆွိကလည်း သူ့ကို မျက်စိဒေါက်ထောက်ကြည့်နေခဲ့ပြီ။

လက်ထပ်ဖို့နှစ်လပဲလိုတော့သည့် သူ့ကို ဆွိ အခုတလော သဲသဲမဲမဲ ချောင်းနေပြီဆိုတာ သူသိထားပြီးလို့ ဖွက်ထားသည့်ချစ်သူလေးကို ရိုက်ကူးရေးဘက်မှာ တရားဝင် ဖွင့်လှစ်မပြရဲခဲ့တာဖြစ်သည်။

ဒါကို ချစ်သူလေးက တစ်မျိုးမြင်ပြီး အထင်တွေလွဲနေပြီဖြစ်သည်။

အင်း ... သူမလေး အထင်လွဲလည်း မတတ်နိုင်တော့။

တစ်လလောက်တော့ ကြိတ်မှိတ်သည်းခံပစ်ရမည်။

"ဒါရိုက်တာကြီး လူပါးဝတာ မှုံးကို ရန်ကုန်ခေါ်လာပြီး ချောင်ထိုးထားတယ်၊ ဒီနေ့တော့မရဘူး၊ မှုံး ရိုက်ကွင်းလိုက်မှာပဲ"

"မဟုတ်ဘူး ကလေးရာ၊ ကိုယ် ဒီလအတွင်း ရုပ်ရှင်ကားကြီးကို အပြီးရိုက်နေရလို့ ဘယ်လိုမှ ကလေးကို ရိုက်ကွင်း

www.burmeseclassic.com



မခေါ်နိုင်ဘူးကွာ၊ တောင်းပန်ပါတယ်၊ ပလိစ် ကလေး ကိုယ့်ကိုချစ်ရင် မဆိုးစမ်းပါနဲ့ကွာ"

"မချစ်ဘူး၊ မချစ်ဘူး ခင်ဗျားကို မချစ်ဘူး"

"ခုက္ကပါပဲ မှုံးရာ၊ ကိုယ့်ခေါင်းတွေတော့ ပြားနေပြီကွာ၊ ကိုယ့်ကို နားလည်စမ်းပါ၊ နားလည်ပေးစမ်းပါ ကလေး ရယ်"

"ဘာကို နားလည်ပေးရမှာလဲ၊ ဒါရိုက်တာကြီး ဘာဖြစ်နေတာလဲ၊ ဒါရိုက်တာကြီး ကျွန်မကို ဘာတွေပွင့်ပွင့်လင်းလင်းပြောထားလို့ ကျွန်မက ဒါရိုက်တာကြီးကို နားလည်ပေးရမှာလဲ"

ဟုတ်ပါတယ် ကလေးရယ်။

ကိုယ် မင်းကို ကိုယ့်ဘဝအကြောင်းကို ဘာတစ်ခုမှ ပွင့်ပွင့်လင်းလင်းမပြောထားခဲ့ပါဘူး။

ကလေးကို မခံစားစေချင်လို့။

ကလေးနဲ့ ဆွိနဲ့ ကြားမှာ ပြဿနာတွေ မိုးထိတက်မြင့်သွားမှာ ကိုယ် အရမ်းစိုးရိမ်တယ်။

ကလေးကို ကိုယ် နောက်တစ်လကြာရင် လက်ထပ်ဖို့ ကိုယ် ဆုံးဖြတ်လိုက်ပြီ။ လက်ထပ်ပြီးမှ မင်းကို ကိုယ့်ရဲ့ပင်တိုင်မင်းသမီးအဖြစ် ကိုယ် တင်မြှောက်ချင်ပါတယ်ကွာ။

ပြီးတော့လေ အခု ကိုယ်ရိုက်နေတဲ့ ကုမ္ပဏီက ကလေးကို မင်းသမီးအသစ်တင်မြှောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။





ဆွိ သိသွားရင် မိုးမီးလောင်မှာ။

အခုတောင်မှ ဆွိက သူ့ခြေလှမ်းတွေကို အကွက်စိပ်စိပ်လိုက်ချောင်းနေခဲ့သလို ဖုန်းထဲကနေလည်း ခြိမ်းခြောက်တတ်သေးသည်။

"ကိုကို အခု ဘယ်သူနဲ့ အတူရှိနေသလဲ၊ ဆွိကို မလိမ်နဲ့နော်"

လို့ ဟိုတစ်နေ့ကမှ အသားလွှတ်ကြီး ရန်စလာသည့် ဆွိကို သူ စိတ်ရှည်သည်းခံခဲ့ရသည်။

အလွန်ဆုံး သူမ ပူနိုင်လှိုနိုင် တစ်လပေါ့။

ဒီတစ်လပြည့်ပြီးရင်တော့ သူ့အတွက်ကတော့ လွတ်မြောက်ခွင့်ရသွားပြီဖြစ်သည်။

ဒါပေမဲ့ ဆွိအတွက် သူ အတော်ကလေးစိတ်မကောင်းဖြစ်ခဲ့ရသည်။

"အခုတလော ကိုကို ဘာဖြစ်နေတာလဲ၊ မျက်နှာကြီးနဲ့ စိတ်နဲ့က မကပ်သလိုကြီး၊ ကိုကို ဘာဖြစ်နေလဲ၊ ကိုကို ဆေးတွေ ဘာတွေများ သုံးနေပြီလားဟင်"

ဆိုပြီး သူ့ရင်တွင်းခံစားချက်တွေကိုမသိဘဲ သူ့အတွက် စိုးရိမ်ပိုပေးနေသည့် ဆွိလေးကို သနားကြင်နာပိုခဲ့မိသည်။

ဩော် ... ဆွိရယ် ကိုကို 'အချစ်'ဆေးကြီးမိသွားရှုပြီကွာ။

ညီမကို ကိုကို စွန့်မပစ်ရက်ပေမယ့် စွန့်ပစ်ရတော့မယ်။

www.burmeseclassic.com



အဲဒီအတွက် ကိုကို စိတ်မကောင်းပါဘူး ဆွိရယ်။

ကိုကို့ကို ခွင့်မလွှတ်ပါနဲ့ကွာ။

ဒေသီရ ရင်ထဲက အပူတွေက မျက်နှာချောချောကြီးမှာ ဂယက်ရိုက်သွားရသလို နုံးခွေခွေကြီး ဖြစ်သွားတာကို ချစ်သူလေးက အကဲခတ်ရင်း နှုတ်ခမ်းကလေးနှစ်မွှာ စေ့ကြိတ်သွားတာလေးကို မြင်တော့မှ ...

သူ လက်ရှိချစ်သူလေးကို ရင်ခွင်ထဲမှာ ထွေးပွေ့နှစ်သိမ့်လိုက်ရတော့သည်။

ချစ်သူလေးရဲ့ ပျော့ပျော့အိအိ ဆံပင်စင်းစင်းကလေးတွေကို ပါးစပ်ကြီးဖြင့် ဖွဖွငုံရင်း ...

"ကလေး နောက်တစ်လလောက်ပဲ စောင့်သိလား၊ ဒီကားကြီးပြီးရင် ကိုယ် ကလေးနဲ့ ဗီဒီယိုတစ်ကားရိုက်မယ်၊ ဇာတ်ဆောင်တော့မဟုတ်သေးဘူး၊ ညွှန့်သည်သရုပ်ဆောင်နေရာမှာ နှစ်ခန်းပါရမယ်"

"အဲဒါဘယ်တော့လဲ၊ နေရာကောင်းကောင်း ရိုက်ရမှာမဟုတ်ဘဲနဲ့ မှုံးက အချိန်ကုန်ခံပြီး ဒါရိုက်တာကြီးကို ဒီအတိုင်းထိုင်စောင့်နေရမှာလား၊ မစောင့်ဘူး၊ မှုံး ဒီလိုနေရာမျိုးလည်း ဝင်မရိုက်ဘူး၊ ဇာတ်ကောင်းပဲရိုက်မယ်၊ မှုံးက Second Actress တောင် ဝင်မရိုက်ဘူး နားလည်လား၊ ဟွန်း ... အလကား လိမ့်လုံးပတ်လုံးသုံးနေတာ၊ ဒီလိုမှန်းသိရင် မှုံး မော်ဒယ်သင်တန်းပဲ တက်မှာပေါ့ ဒါရိုက်တာကြီးရဲ့"



"ဟင်"

သူ့စေတနာကို နားမလည်နိုင်စွာ ကက်ကက်လန်ရန်တွေ့လာသူလေးကို သူ အံ့သြလွန်းလို့ ဘာစကားမှ မပြောနိုင်တော့။

"ဘာပြုံးကြည့်နေတာလဲ၊ ပြောစရာစကားလုံးရှာမရတော့ဘူးမဟုတ်လား၊ ကွက်တိမှန်သွားပြီမဟုတ်လား၊ အားကိုးပြီး လိုက်လာပါတယ်၊ ဘာလဲ ဒါရိုက်တာကြီးက မှုံးကို ဒါရိုက်တာကြီးတစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တာ ချစ်ချင်တာလား"

"မှုံး ... ကလေး ... မင်း ... မင်း ငါ့စေတနာကို မစော်ကားနဲ့နော်"

"အစော်ကားမခံချင်ရင် ကတိပေးထားတာတည်ပေါ့"

"ဟား ... နားမလည်လိုက်တာကွာ၊ ဒီအလုပ်က အခုလုပ် အခုရတဲ့အလုပ်မဟုတ်ဘူး မှုံးရဲ့"

"ရရ မရရ မှုံးအတွက် နေရာကောင်းကောင်းရိုက်ရမယ့် အခန်းမျိုးကို ဒါရိုက်တာကြီး စဉ်းစားသာထားပေတော့"

ကိုယ့်ထက်ဆယ်နှစ်တိတိငယ်သူလေးက ကိုယ့်ကို ပြင်းပြင်းထန်ထန်ကြီး အမိန့်ပေးလာတာကြီးကို သူချစ်လွန်းလို့သာ ခွင့်လွှတ်သည်းခံလိုက်ရတာဖြစ်သည်။

အား ... ရင်ထဲမှာ မွန်းလို့။

ရေနစ်နေသူ အမှိုက်တစ်စရှာနေခဲ့ရပြီ။

www.burmeseclassic.com



အခုမှပဲ ဒါရိုက်တာဒေသိရ သေပြီဒါရိုက်တာ ဖြစ်တော့သည်။

ဘာပဲဖြစ်ဖြစ် သူမလေးဘက်က ကြည့်ပြန်တော့လည်း အပြည့်အဝမှန်ကန်နေခဲ့တာမို့ သူ ဘာမှမပြောသာတော့ဘဲ မွှန်းကျပ်သည့်ခံစားမှုတွေကို မှုံးလေး ခံစားတွေ့မြင်မသွားအောင် ဟန်ဆောင်ထိန်းချုပ်လျက် ...

ခြောက်သွေ့နေသည့် နှုတ်ခမ်းသားကြီးကို လျှာဖြင့် တစ်ချက်သိမ်းလိုက်ရင်း ခေါင်းကြီးပစ်ငုံ့ချလိုက်ကာ ကလေးစိတ်ချမ်းသာစေရေးအတွက် ရှေ့ဘာပဲဖြစ်ဖြစ် ခံယူပြီး သူ ကတိပေးလိုက်ပါတော့သည်။

"အေးပါကွာ၊ ကလေးစိတ်ချမ်းသာမယ်ဆိုရင် ကိုယ်ဘယ်အရာမဆို ဖြည့်ဆည်းပေးပါ့မယ်၊ တစ်ပတ်အတွင်း ကလေးကားစရိုက်ရမယ်၊ ဒါပေမဲ့ ကားရိုက်တုန်းဖြစ်မယ့်ကံကိုတော့ ကလေးနဲ့ကိုယ် သစ္စာရှိရှိလက်တွဲပြီး မျက်စိစုံလုံးမှိတ် ခံနိုင်ရမယ် ... ဟင် ကလေး"

"ဘာတွေမှန်းလဲ မသိဘူးကွာ"

"အဲဒီကျတော့ သိရမှာပေါ့ ကလေးရယ်"

ဒေသိရ ဒီစကားလုံးပဲ မှုံးကို ရှေ့ပြေးနိမိတ်ပေးလိုက်တော့သည်။

❢❖❢





၂၀

"အဟင်း ဟင်း ... ရယ်ရတယ်၊ ဒါရိုက်တာကြီးက ပြောတော့ ရွှေမန်းတင်မောင် က,တော့ ချိုမိုင်မိုင်"

အဟား ... တတ်လည်းတတ်နိုင်တဲ့ ချစ်သူတော့သူမလေး။

ရိုက်ကွင်းမှာ နှစ်ယောက်တည်း အနီးကပ်ရှိနေသည့် အချိန်မှာ အခုလို ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ပြောလာလို့တော်သေးသည်။

ကိုယ့်လုပ်ဖော်ကိုင်ဖက် မင်းသားမင်းသမီးတွေနှင့် အတူနေတဲ့အချိန်သာပြောခဲ့ရင် ဟား ... ဒေသိရ အရှက်ကွဲပြီ။

အင်း ... ဒါလေးကို အဖက်လုပ်ပြီး ဖြေရှင်းနေရင်လည်း အချိန်ကုန်မည်။

သူ့မှာ ဆွဲလစ်သည့်ရက်ကို ကမန်းကတန်း မှုံးကို ညှိသည့်သရုပ်ဆောင်နှစ်ခန်း ဝင်ရိုက်ဖို့ ရိုက်ကွင်းခေါ်လာခဲ့ရတာ။

www.burmeseclassic.com



ရိုက်ကွင်းရောက်တော့ ရိုက်ကွင်းမှာ အရင်ရောက်နှင့်နေသည့် နာမည်ရစ မင်းသားသစ်ကလေးနှင့် မှူးကို မိတ်ဆက်ပေးတော့ မှူး အသွက်မလေးက မင်းသားသစ်ကလေးကို အနွေးထွေးဆုံး လိုက်လိုက်လှဲလှဲ ပြန်နှုတ်ဆက်ခဲ့လို့ သူ့ရင်ထဲမှာ အင်တင်တင်ကြီးဖြစ်ခဲ့ရသေးသည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်၊ မှူးက ကိုနေလေး ကားတွေကို အရမ်းကြိုက်တယ်၊ ကိုနေလေးက အရမ်းစတိုင်မိတာကို"

"ဟုတ်လား ... ကျွန်တော့်ကားတွေက နယ်တွေမှာအကြိုက်များသလား"

"ဟုတ်ကဲ့ ... နေ့တိုင်းလိုလိုပါပဲ၊ ကိုနေလေး ကားတွေကို ပရိသတ်က မရိုးဘူး ကြည့်ကြတာ၊ ကိုနေလေးက အရမ်းချောတာကိုး၊ ပြီးတော့ စတိုင်ကလည်း အပြည့်မိတာ"

"အဟား ... ကိုဒေသီ မင်းသမီးသစ်ကလေးကတော့ဗျာ ရုပ်ချောသလောက် အပြောအရမ်းကောင်းတာ၊ မှူးလည်း အရမ်းချောတယ်၊ စတိုင်မိုက်တယ်၊ မှူးလည်း နာမည်ကြီးမင်းသမီးဖြစ်မှာ သေချာတယ်၊ ကျွန်တော် ယုံကြည်တယ်"

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ်၊ ကျေးဇူး သိလား"

မင်းသားသစ်ကလေးနှင့် မှူး မြင်မြင်ချင်း စကားလက်ဆုံကျနေသည့်အဖြစ်ကို ဒေသီ ရင်ထဲမှာ အတော်လေးကို ကလိ ကလိ ဖြစ်ကာ အူတိုနေရပြီဖြစ်သည်။





ဘယ်နှနယ် အခုမှ ရိုက်ကွင်းစရောက်တယ် ...

နှစ်နှစ် သုံးနှစ်လောက်က ကျွမ်းကျင်စွာ သိထားပြီး လည်ဝယ်သူလို ပြောတတ် ဆိုတတ် ချက်ချာလွန်းသည့် မှူးကို သူ့ မင်းသားသစ်ကလေးနှင့် ချက်ချင်းကြီး ရင်းနှီးကျွမ်းဝင်သွားမှာကို အစိုးရိမ်ဆုံး ဖြစ်သွားရသည်။

အူပုပ်တယ်ပဲပြောပြော မှူးနေအောင်လုသည့် သူ့ရဲ့ မင်းသမီးလေး မှူးကို သူ သဝန်တိုပါသည်။

မှူးနှင့် မင်းသားသစ်ကလေး စကားပြောနေတာကို သူက မှင်သေသေနှင့် စိုက်ကြည့်နေတာကို မှူးက အခုမှ သူ့မျက်နှာကြီးကြည့်ပြီး သတိထားမိသွားပုံဖြင့် မင်းသားသစ်ကလေးကို စကားဖြတ်ကာ သူ့လက်မောင်းကြီးကို ဟီးလေးခိုတွဲသလို လုပ်လိုက်သဖြင့် သူ ကမန်းကတန်း မှူးလက်တွေကို ဆွဲဖြုတ်လိုက်ရင်းက နေလေးကိုလည်း မလုံမလဲ တစ်ချက် ရယ်ပြလိုက်မိသည်။

အင်း ...

ဒုက္ခမှ မဟာဒုက္ခ။

ဒါလေးကို ရိုက်ကွင်းခေါ်ပြီး ပွဲထုတ်မိတာ သူ့မဟာအမှားကြီးမှားပြီ ထင်ပါသည်။

ဒေသီရဟာ လွတ်လပ်သူ ယောကျ်ားတစ်ယောက်မဟုတ်ဘူးဆိုတာ အသိုင်းအဝိုင်းက သိပြီးသား။

တော်သေးရဲ့။

www.burmeseclassic.com



နေလေးက သူ့သိက္ခာကို ယုံကြည်ပြီး မှုံးနှင့်သူ့ကို ဘယ်လိုမှမထင်ဘဲ ကြည်ကြည်လေးပြုံးပြီး ကျောခိုင်းသွားလို့ သူ သက်မအောကြီး ချလိုက်မိပါတော့သည်။

အမယ်လေး ... ဒီကိစ္စကြီးကို ဆွိသာသိသွားရင် ...

အတွေးတွေနဲ့တောင် ဒေသိရ ရှူးချင်သွားရသည်။

နှလုံးသား "ပျားပန်းခတ်"သွားရသည်။

သူ့ရဲ့ချစ်သူလေးကို အရိုးခံမလေးကတော့ ဘာမှမသိ။

မှုန်ကုပ်ကုပ်ကြီးဖြင့် မျက်နှာတည် မျက်နှာထားနှင့် ကြည့်လိုက်သည့်သူ့ကို နားမလည်သည့် မျက်ဝန်းဝိုင်းနက်နက်ကြီးတွေနှင့် မော့ကြည့်လာရင်း ...

"ဘာဖြစ်တာလဲ ဒါရိုက်တာကြီးရဲ့"

ရိုက်ကွင်းစကတည်းကမှာမို့ မိတ်ကပ်ပြင်ထားသည့် မှုံးမျက်နှာလေးက Top 3 မင်းသမီးစာရင်းဝင်နှင့် တက်ယှဉ်နိုင်သလို အိုက်တင်ကလည်း တကယ်ပါသဖြင့် သူ ရင်မောရသလို ကျေလည်းကျေနပ်သည်။

အိုက်တင်ပါလွန်းသည့် မှုံးမျက်နှာချောချောလေးကိုလည်း လက်ဖဝါးနုနုကြီးဖြင့် ချစ်မဝနိုင် ခပ်ဖွဖွ ဖိပွတ်ရင်းက သူ ခေါင်းကြီးငုံ့ချကာ တိုးတိုးကလေး ရင်ထဲက စကားတစ်ခွန်းကို ပြင့်အံလိုက်တော့သည်။

"နေလေးနဲ့ အရောမဝင်နဲ့၊ ကိုယ် မကြိုက်ဘူး"





"ဟင် ... အရောဝင်တာ ဘာရှိလို့လဲ"

"ပြန်မမေးနဲ့၊ ငါပြောတာကို လက်ခံ"

ဒေသိရ ချစ်သူလေးကို သဝန်တိုစိတ်ဖြင့် ခပ်ဆတ်ဆတ်ကလေး ပိတ်ဟောက်လိုက်တော့ မှုံးက နှုတ်ခမ်းကလေးကို ခဲကိုက်ပြီး ဘာစကားမှ မပြောတော့ဘဲ ငြိမ်ကုပ်သွားတော့သည်။

အလုပ်ကိစ္စနှင့် အဆူခံရတာ မဟုတ်ဘဲ မင်းသားသစ်ကလေးနှင့် အရောမဝင်ဖို့ပြောရင်းနှင့် အဆူခံလိုက်ရသဖြင့် သူမလေး ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းသွားပုံ ရလေသည်။

သူ့ကို ရိုက်ကွင်းစသည့် အချိန်အထိ ဘာစကားမှ ထပ်မပြောတော့သလို သူ ပြောသလို အခန်းကဏ္ဍလေးမှာ ဘာမှလစ်ဟာသည့်အကွက် မရှိအောင် ပီပီရိရိ သရုပ်ဆောင်သွားနိုင်သူလေးကို သူ ညှိသည်သရုပ်ဆောင်အဖြစ် ဝင်ပါစေခဲ့ရတာ အားလည်းနာရသေးသည်။

ဒါပေမဲ့ ...

ဒီနေရာလေးကပဲ သူမလေးကို အလျှင်အမြန် ရိုက်ကွက်သိမ်းရမှာမို့ သူမလေးကို လက်မထပ်ခင်စပ်ကြား ဒီလောက်ကလေးနဲ့ပဲ နှစ်သိမ့်လိုက်ရတာဖြစ်သည်။

အကောင်းဆုံးနေရာ တစ်နေရာဆိုတာ ဆွိတို့ကုမ္ပဏီနဲ့လည်း ဘယ်လိုမှ မဖြစ်နိုင်လို့ သူ ဒီကိစ္စကြီးကို ခေါင်းထဲထည့်မထားသေးတာဖြစ်သည်။

www.burmeseclassic.com



သူ့ရင်ထဲက သောကအပူတွေကို ချစ်သူလေးက ဘာမှမသိထားခဲ့ဘဲ သူမရုပ်ရည်ကလေးနှင့် မာန်ဝင့်ကာ ညှော်သည် သရုပ်ဆောင် လုပ်ရတာလေးကို အခဲမကျေပြီး စကားနာထိုးသေးသည်။

"ဒါရိုက်တာကြီးက ပြောတော့ ရွှေမှန်းတင်မောင်၊ က,တော့ ချိုမိုင်မိုင်"

ဆိုပြီး စကားနာထိုးလာသေးသည်။

သူမကို ဇာတ်ဆောင်နေရာမှာ ဝင်ပါခွင့်မရလို့ ရိသည့်စကား။ ဒါကို သူက နားလည်စွာဖြင့် သူမလေးစကားတွေကို မကြားယောင်ပြုလိုက်ရသည်။

အဲဒါ မင်းအတွက်ပါ ကလေးရယ်။

မင်းက ကိုယ့်ဘဝအကြောင်း ဘာမှမသိဘဲ တပူပူ တဂျီဂျီလုပ်တာ ကိုယ်လည်း စိတ်မချမ်းသာဘူး။

တကယ်ဆို မင်းကို ကိုယ် ဒီလိုလုပ်ခွင့်တွေ ပေးလိုက်တာ ပြဿနာကို ဖိတ်ခေါ်သလို ဖြစ်နေတာ။

ကိုယ် ဘယ်အချိန် ဆွဲနဲ့ ပြဿနာတက်မလဲဆိုတာကို ရင်ဆိုင်စောင့်ဆိုင်းနေရတာ မင်းက ဘာမှနားမလည်ဘူး။

မင်းဘက်က ကြည့်တော့လည်း ဟုတ်ပါတယ်။

တောကနေ ဘကူးတကကြီး တက်လာပြီး ရန်ကုန်မှာ ဒါရိုက်တာဒေသိရ ချစ်သူအဖြစ် ဖြစ်ခွင့်ရပြီး ရိုက်ကွင်းကို တစ်ခေါက်မှ မရောက်ဘူးတော့လည်း ကိုယ့်ကိုပြောမှာဆိုမှာပဲ။





ကိုယ်နားလည်ပါတယ်။

ကိုယ်နားမလည်နိုင်တာက ကိုယ့်လုပ်ရပ်တွေ မှားသွားပြီဆိုတာပဲ ကလေး။

မင်းကို ကိုယ် ရိုက်ကွင်းခေါ်ပြီး သရုပ်ဆောင်စေခဲ့တာ ကိုယ်မှားသွားပြီကွာ။

"ကလေး အခုလို သရုပ်ဆောင်နေရတာ ပျော်သလားဟင်၊ ကိုယ်တော့ ကလေးစိတ်ချမ်းသာရေးအတွက် မဖြစ်မနေ ဖန်တီးပေးလိုက်ရတာ၊ တကယ်ဆို ဒီလုပ်ရပ်က နေ့စပ်ပြီးသား ကိုယ့်အတွက် ပြဿနာကြီးကြီးကို လက်ယပ်ဖိတ်ခေါ်လိုက်တာပဲ၊ ရှေ့ဖြစ်မဲ့ ကံကြမ္မာကို ကိုယ်စိန်ခေါ်လိုက်ပြီ၊ အဲဒီအတွက် ကလေးရဲ့နှလုံးသားနုနုလေး ထိခိုက်တော့မယ်၊ ကိုယ့်အတွက်နဲ့ ကလေး ခံစားရတော့မယ်၊ ကိုယ် ကလေးကို တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် ကလေးရယ်"

ဒေသိရ ချစ်သူလေးရဲ့ မျက်နှာနုနုလေးကို ငေးငေးကြီး စိုက်ကြည့်ရင်း ရင်ထဲက တိုးကျိတ်ကျိတ်ကြီး တောင်းပန်နေလိုက်တော့သည်။

ဒါပေမဲ့ ချစ်သူလေးက သူ့ရင်ထဲက တောင်းပန်တိုးလျှိုးသံတွေကို ဘာမှမသိဘဲ အခုလက်ရှိလုပ်ခဲ့ရသည့် သရုပ်ဆောင်ခဲ့ရတာတွေကို အခဲမကျေဖြစ်ရင်း မျက်နှာမှု မျက်နှာမောင်ကာ ဒါရိုက်တာကိုလည်း ဂရုမစိုက်သည့်စတိုင် ခင်နေတာကြီးကို သူက နားလည်စွာဖြင့် ပြုံးမိသေးသည်။

www.burmeseclassic.com



ဩော် ... ချစ်သူလေးကလည်း ...

ရုပ်ရည်မာန်အပြည့်ရှိနေတာပဲ။

ဒီအသိုင်းအဝိုင်းထဲမှာ သူ့ရဲ့ချစ်သူ နာမည်ကြီး ဒါရိုက်တာဒေသိရဟာ ဘယ်သူ့ကိုမှီခိုပြီး ဘယ်လိုနာမည်တစ်လုံး ရလာခဲ့ရတယ် ဆိုတာကို သူမလေး မသိ။

စိတ်လည်း မဝင်စား။

သူမ စိတ်ဝင်စားတာက ဇာတ်ဆောင်တန်းတင်ပေးဖို့ပါတဲ့။

ဘယ်လိုဇာပ် ဖြစ်နိုင်မလဲ။

မင်းသမီး အသစ်တစ်လက် တင်တယ်ဆိုတာ လွယ်တာမှတ်လို့။

ငွေလုံးငွေရင်း စိုက်ထုတ်ရတာ။

ဒီလို နှစ်ခန်း သုံးခန်း ဝင်ရိုက်ရင်း Second Actress လုပ်ရင်း သူမလေး စန်းတောင်းလို့ နာမည်ကြီးသွားရင်လည်း သူမကံပေါ့။

သူမကတော့ အနုပညာသဘောတရားကို ဘာတစ်ခုမှ သိမြင်ခံစားလို့ မရသေးဘဲ သူမကို သူမရုပ်ရည်နှင့်မတန်တာ ခိုင်းတယ်ဆိုပြီး သူ့ကို စိတ်အကောက်ကြီးကောက်ခဲ့လို့ ရိုက်ကွင်းမှာ သူ ဦးနှောက်ခြောက်ခဲ့ရသေးသည်၊

ဒါပေမဲ့ ...





ရိုက်ကွင်းနားလို့ ထမင်းစားချိန်ရောက်တော့ သူ့ကို စိတ်ကောက်နေသည့် ချစ်သူလေးကို ချော့ကြည့်ဖို့ သူ ကြိုးစားလိုက်သည်။

"ဒီရိုက်ကွင်းပြီးရင် ကိုယ်တို့ ဇိုင်းရင်းသားကျေးရွာမှာ သွားရိုက်ရမယ် သိလား၊ ဇိုင်းရင်းသားကျေးရွာကို ကလေး ရောက်ဖူးလား"

"ရောက်ဖူးမလားဗျ၊ အခုမှ ဒါရိုက်တာဒေသိရ ခေါ်လို့ ရန်ကုန်ကို အထင်ကြီးအားကျပြီး လိုက်လာခဲ့ရတာ ရောမ အသိုင်းအဝိုင်းကြီးထဲ ဝင်ဖူးတာ"

ပြောရင်းနှင့် ငေါ့တဲ့စကားက ပါလာပြီ။

သူလား အထင်ကြီး အားကျမှာ။

တတ်လိုက်တာ။ ဗလွတ် ဗလွတ်နေအောင် တတ်နေပြီး တစ်သက်လုံး လုပ်စားလာသူလို အကွက်မြင်နေတာ သူ့မသိဘဲ နေမလား။

"အဟား ... ဟုတ်သား"

ဒေသိရ ဘာစကားမှ ထပ်မပြောတော့ဘဲ နေ့လယ်စာစားဖို့ စီစဉ်လိုက်သည်။

အင်း ... ရင်တမမပါပဲ ကလေးရယ်။

ဒီကနေ့ ဆွဲ ပွဲတော်ကောင်းပြီး သူ့ဆီဖုန်းမဆက်ပါစေနဲ့။

"ထမင်းစားကြစို့နော် ကလေး"

www.burmeseclassic.com



ဒေသိရ မနက်ကထည့်လာသည့် ထမင်းချိုင့် လေးဆင့်ချိုင့်ကြီးကို စားပွဲပေါ် တင်ချလိုက်ပြီး မွှဲ မျက်နှာလေးကို နွေးနွေးလေး စိုက်ကြည့်လိုက်သည်။

ကလေးကတော့ စိတ်မကြည်တာ ထမင်းစားဖို့တောင် စိတ်မဝင်စား။

သူကတော့ စိတ်ညစ်ညစ်နှင့် ထမင်းဆာနေရပြီဖြစ်သည်။

အင်း ... အဖွဲ့တော်သားတွေကတော့ သူ့ထမင်းချိုင့်သူဆွဲရင်း ထမင်းစားဖို့ အသီးသီး ပြင်ဆင်နေကြသလို စားပွဲတစ်လုံးမှာ ခပ်တည်တည် ခပ်တင်းတင်း မျက်နှာထားလေးနှင့် နမ့်နေအောင် ချောမောလွန်းသည့် မင်းသမီးသစ်ကလေးကို တိုးတိုးလေး ချော့နေသည့် သူ့ကို ကွက်ကြည့် ကွက်ကြည့်လုပ်လျက် လက်တို့အတင်းအုပ်နေကြပြီဖြစ်သည်။

သူကတော့ သူတို့ကို ဂရုမစိုက်မိတော့ဘဲ ကလေးကျေနပ်ဖို့ကိုပဲ ဂရုထားလိုက်မိတော့သည်။

❢ ❖ ❢



## ၂၁

"ဆွိ ... ကိုဒေသိကို လက်ထပ်ခါနီးဆဲဆဲဆိုပြီး လွှတ်ထားတာလား၊ အခု ရိုက်ကွင်းမှာ ဒါရိုက်တာ ကြွေလောက်တဲ့ မင်းသမီးသစ်ကလေး ပါတယ်နော်၊ ဒါရိုက်တာကလည်း ကြွေတယ်ထင်တယ်၊ ကောင်မလေးက အသစ်ဆိုပေမဲ့ တော်တော်ချောပြီး ပွင့်တယ်"

ဓာတ်ရုံအစ်မက ကိုကို့အကြောင်းကို ဖောက်သည်ချလာတော့ ကိုယ့်နားကိုယ် မယုံနိုင်အောင် ခံစားလိုက်ရသလို ဆွိ ချက်ချင်းပင် ကိုကိုရှိတဲ့ရိုက်ကွင်းကို လိုက်ဖို့ဆုံးဖြတ်လိုက်မိတော့သည်။

ရင်ထဲမှာ မယုံချင်။

ဓာတ်ရုံအစ်မ ပြောစကားတွေကို ဟုတ်မှဟုတ်ပါ့မလားဆိုသည့် အတွေးကလေးတွေက ဆွိကို ဖြေသိမ့်စရာ ရခဲ့သေးသည်။

www.burmeseclassic.com



ပြီးတော့ ကိုကိုဟာ ဒီလိုလူစားမျိုးလည်း မဟုတ်။

လက်ထပ်ခါနီးဆဲဆဲမှ ကိုကိုနဲ့ ဆွိကို ရန်တိုက်ပေးခဲ့တာများလား။

အို ... ဘာပဲဖြစ်ဖြစ် ရိုက်ကွင်းရောက်ရင်တော့ ဆွိရင်ထဲက အပူတွေ ငြိမ်းချမ်းလိမ့်မည် ထင်ပါသည်။

အခုရက်အတွင်း ကိုကို မူမမှန်ဖြစ်နေတာကို ဆွိသိသိကြီးနှင့် ဆွိ ကိုကို့အနောက်ကို အရင်ကလို တကောက်ကောက် မလိုက်နိုင်ခဲ့တာဟာ ကိုကို့အတွက် လွတ်သွားရပြီလား။

ဟင့်အင်း ... မယုံဘူး။

ကိုကိုဟာ ဒီလိုလူစားမဟုတ်။

ဆွိ တစ်ယောက် ကားပေါ်ကနေ ကြိတ်မနိုင်ခဲမရဖြစ်ကာ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်လိုက်ရသည်။

ကိုကို့သိက္ခာကို ဆွိ ယုံကြည်သည်။

ဆွိကို သိပ်ချစ်တာလည်း သိသည်။

လက်ထပ်ခါနီးဆဲဆဲမှ အရှိန်ပြင်းပြင်း ပေါက်ကွဲသဝန်တိုမိမှာစိုးလို့ ကိုကို့အနောက်ကို မလိုက်ဘဲ နေခဲ့မိကာမှ အခုတော့ ...။

"အား ... ငါ ကိုကို့ကို သဝန်တိုလွန်းလို့ မိုင်ကုန်ပေါက်ကွဲမိတော့မှာပဲ၊ ဟုတ်လို့ကတော့ ကိုကို့ကိုကပ်တဲ့ကောင်မပါးကို ကျွတ်ကျွတ်ကျိုးသွားအောင် လူရှေ့သူရှေ့မှာကို ရိုက်ပြမယ် ... ဟင်း"





အသံထွက် ကြိမ်းဝါးရင်း ကိုကိုရှိတဲ့ တိုင်းရင်းသားကျေးရွာကို လိုက်လာခဲ့တော့သည်။

တိုင်းရင်းသားကျေးရွာမှာ ရိုက်ကွင်းရှိတယ်လို့အတိအကျ သတင်းပေးလာသည့် ဇာတ်ရုံအစ်မ စကားကို ယုံကြည်ကိုးစားပြီး ဆွိ ရင်ထဲက ပူလောင်ခြင်းတွေက ကိုကိုနှင့် မရင်မဆိုင်ခင်ခဏအတွင်းမှာပဲ ကြေကွဲခံစားပေးဆပ်နေခဲ့ရသလို ကိုကို့ကိုအနီးကပ် ကပ်ချူနေသည့် ကောင်မကလည်း ချောတယ်ဆိုတော့ဆွိ အသည်းတွေ ကြွပ်ကြွပ်ညပ်နေရပြီဖြစ်သည်။

ဟင်း ... ကောင်မက ဘယ်လောက်ချောလို့ ကိုကိုက ကျရတာလဲ။ တွေ့ကြသေးတာပေါ့။ ဆွိကို ကိုကို ဘယ်တော့မှ ကျောလို့မရ။

တစ်ဖက်မှ ဆွိ တစ်ယောက် သူမရဲ့ကိုကိုရှိတဲ့ တိုင်းရင်းသားကျေးရွာ ရိုက်ကွင်းနေရာကို မရောက်ခင် သွေးဆူပေါက်ကွဲ ခံစားနေခဲ့ရပေမဲ့ ...

ဆွိနှင့် မကြာခင် လက်ထပ်ရမှာကို ကိုယ်အစီအစဉ်နှင့်ကိုယ် တစ်ဖက်သတ် ဖျက်ပြီးသားဖြစ်သည့် သူမအသည်းခွဲချစ်ခဲ့ရသည့် ဒါရိုက်တာဒေသိရနှင့် ဒေသိရရဲ့အသည်းစွဲချစ်သူလေးကတော့ ...

ရိုက်ကွင်းမစခင် ရိုက်ညွှန်းတွေ ရှင်းပေးလာသည့်ချစ်သူဒါရိုက်တာစကားကို လက်မခံချင် ခံချင်နှင့် ကြိတ်မှိတ်နားခံရသလို မျက်မှောင်လေးတွန့်ရှုံ့ထားခဲ့လေသည်။

www.burmeseclassic.com



"ဒီတစ်ကတ်ပြီးရင် ပြီးပါပြီ။ ကလေးက ဘာမှအထွေအထူး သိပ်သင်စရာတောင် မလိုဘူး၊ လိမ္မာပါးနပ်လိုက်တာ၊ တကယ်တော်တယ်"

"ပါရမီက ပေးလာတဲ့ အသိပဲ"

"အောင်မယ် ... ကြီးကြီးကျယ်ကျယ်၊ ဒါပေမဲ့ ဧည့်သည့်သရုပ်ဆောင်မို့လို့ ကိုယ်လည်း အားပြင်းပြင်းမစိုက်တာ၊ နောက်ပိုင်း ကလေး Second Actress နေရာမှာဆို ကိုယ်ကလေးကို မောင်းရတော့မှာပဲ"

"Second Actress တင်ပဲလား"

"ဘယ်ဟုတ်မလဲကွ၊ တစ်ဆင့်ပြီးတစ်ဆင့် တက်မှာ၊ ကလေးမျက်နှာလေး ဒီလောက်ချောနေတာ First ပဲဖြစ်ရမှာပေါ့၊ အဲဒီလိုဖြစ်ရအောင် ကြိုးစားရဦးမယ်၊ အရည်အချင်းရှိဖို့လိုတယ်၊ မာန်မတက်ရဘူး၊ ကိုယ်တစ်ယောက်တည်းနဲ့ပြီးတဲ့အလုပ်မဟုတ်တဲ့အတွက် ကိုယ့်မှာရှိသမျှမာန်ကို ချိုးနှိမ်နှိမ့်ချထားရမယ်"

"စကားများလိုက်တာ"

ဒေသိရ ပြောလက်စ စကားကြီး ကွဲခနဲပိတ်ကျသွားရပါသည်။

ကြည့်ပါဦး၊ သူ့ကို ဒါရိုက်တာတစ်ယောက်ရယ်လို့ ရှိသေလေးစားပုံလည်းမရသည့် ချစ်သူလေး မကြည်နေပုံကြီးကို ကြည့်ပြီး အောင့်သည်းအောင့်သက်ကြီး ခံစားလိုက်ရသည်။





ဟင်း ... နားမလည်လိုက်တဲ့ ဟာမလေး။

ချစ်သူမို့လို့ ဒီလောက် အခွင့်အရေးရတာကို နားမလည်။

အလုပ်သဘောကို ရှင်းပြနေတာကို အရေးမစိုက်တာ သူ အတော်အခံရခက်ခက်ကြီး ဖြစ်သွားရသလို ...

မှုံး မျက်နှာလေးကိုလည်း ခပ်တည်တည်ကြီး စိုက်ကြည့်ပစ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါ အလုပ်သဘောကို နားလည်အောင်ရှင်းပြနေတာ"

"နားလည်ပြီးသား၊ မရှင်းနဲ့ နားငြီးတယ်"

"ဟာကွာ၊ မင်းက ဆရာလား၊ ငါက ဆရာလား မှုံး"

ဒေသိရ အခံရခက်လွန်းလို့ ဒီစကားလုံးကြီးနှင့် ကိုင်ပေါက်လိုက်တော့ မှုံးက ဆတ်ဆတ်ခါသွားကာ သူ့ကိုမျက်လုံးစိမ်းလေးတွေနှင့် စိုက်ကြည့်လာခဲ့သည်။

"ဒါရိုက်တာကြီးနော်၊ ကျွန်မ ဆက်မရိုက်ဘဲ နေပစ်လိုက်မှာ၊ ကျွန်မကို အဲဒီစကားလုံးနဲ့ ကိုင်ပေါက်စရာမလိုဘူး"

"မင်းက အလိုက်မှ မသိတတ်တာ"

ဒေသိရ ဒါပဲပြောပြီး ဘာစကားမှ ဆက်မပြောတော့။

မနက်ကတည်းက ချစ်သူလေး ဧည့်သည်သရုပ်ဆောင် နှစ်ခန်းဝင်ပါခဲ့ရတာကြီးကို မကြည်ဖြစ်နေတာမို့ သူလည်း

www.burmeseclassic.com



သူမလေးကို နားလည်ပေးလိုက်ပြီး ချော့မော့နှစ်သိမ့်ဖို့ ကြိုးစားလိုက်ရပြန်သည်။

နေ့လယ်က စိတ်ခုပြီး ထမင်းဖြစ်ဖြစ်မြောက်မြောက် မစားခဲ့သည့် ချစ်သူလေးကို နေ့လယ်က ဝယ်ထားသည့် ခေါက်ဆွဲကြော်လေးကို ချော့ချော့မော့မော့လေး ကျွေးလိုက်မိပါတော့သည်။

"မှုံး ... ခေါက်ဆွဲကြော်လေး အဆာပြေ စားလိုက်ဦး၊ နေ့ခင်းက မှုံးက ထမင်းစားတာလည်း မဟုတ်တော့ ဒါလေးတော့ စားလိုက်နော် ကလေး၊ ဒီတစ်ကတ်မရိုက်ခင်လေး စားလိုက်နော် ကလေး ... ကလေး ဆာနေမှာ ကိုယ်သိတယ်"

ဒေသီရ မနက်ကတည်းက ညှော်သည်သရုပ်ဆောင်ခန်းပဲ ရိုက်ရလို့ စိတ်အကောက်ကြီးကောက်ပြီး ဘာမှမစားမသောက်သည့် ချစ်သူလေးကို သနားလည်းသနား အကြင်နာတွေလည်းပိုပြီး ခေါက်ဆွဲကြော်ကို ပန်းကန်ထဲထည့်ပြီး ချော့ချော့မော့မော့လေး ပြောလိုက်သည်။

ဒါကို ချစ်သူလေးက သဘောကျသွားသလို ပခုံးလေးတွန့်ပြီး လျှာလေးထုတ်ပြလာသဖြင့် သူ အသည်းယားသွားကာ မှုံးရဲ့ပါးပြင်လေးကို ခပ်တင်းတင်းလေး ဆွဲလိမ်ရင်း ပတ်ဝန်းကျင်ကိုလည်း မလုံမလဲ အကဲခတ်လိုက်မိသည်။

အင်း ... တော်ပါသေးရဲ့။

ဘယ်သူမှ မမြင်လို့။





မမြင်ဆိုလည်း သူကလည်း အဖွဲ့တော်သားတွေနှင့် နည်းနည်းလှမ်းပြီး ချောင်ကျကျ သစ်ပင်အရိပ်ကလေးအောက်မှာ အေးအေးဆေးဆေး မှုံးနှင့် ဆွေးနွေးခန်း ဖွင့်နေခဲ့တာကိုး။

"ကဲ ... မှုမနေနဲ့၊ ခေါက်ဆွဲကြော်တော့စား၊ ဒီမှာ ဒီပန်းကန်ထဲက ခေါက်ဆွဲလေးတော့ ကုန်အောင်စားလိုက်နော် ကလေး၊ ထမင်းဆာနေတာ မဟုတ်လား"

"မဆာပါဘူး၊ ဒေါသထွက်လွန်းလို့"

"ဟာကွာ ... ကလေးကလည်း"

"နောက်တစ်ခါ မှုံးက ဒီလိုပါသေးပါမွှားဆို လုံးဝမရိုက်ဘူး"

"အင်း ... အင်း ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ဒေသီရ သူ့အပေါ် အနိုင်ယူ ဗိုလ်ကျဆိုးနွဲ့နေသည့် ချစ်သူလေးကို ခွင့်လွှတ်နားလည်ပြုံးကြီးဖြင့် စိုက်ကြည့်ရင်းက တူကလေးကို ပိတ်ဆွဲယူလိုက်ရင်း ချစ်သူလေးကို ချစ်စနိုးကြီး မျက်စကလေး ပစ်ပြလိုက်သည်။

"ကလေး တူနဲ့စားတတ်ရဲ့လား၊ မစားတတ်ရင် ဇွန်းနဲ့ခက်ရင်း ယူပေးမယ်"

"ရှူး ... ဒါရိုက်တာကြီး ... အရှူး"

"ဟမ် ... ဘာ့ ... ဘာဖြစ်တယ်"

"ချဉ်ရာမယ် ဒါရိုက်တာကြီး"

"ဟာ ... ကလေး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

www.burmeseclassic.com



ဒေသိရ မှုံးစကားလေးကို ခပ်ကြောင်ကြောင် ဖြစ်သွားသည့် အချိန်မှာပဲ မှုံးက သူ့လက်ထဲက တူနှစ်ချောင်းကိုဆွဲယူပြီး ခေါက်ဆွဲကြော်တွေကို ကျင်လည်စွာ ယူစားလိုက်တာမို့ သူ သဘောပေါက်သွားရကာ မျက်နှာကြီး နီတက်သွားသည်အထိ ရယ်လိုက်မိတော့သည်။

"ဟား ဟား ... ဩော် ... ဒါးကိုး"

"မှတ်ထား၊ နေရာတကာ ချယ်ရာမင် မလုပ်နဲ့၊ ပျင်းတယ်"

"အေးပါ ... အေးပါ၊ မင်းမသိတာ မတတ်တာ တစ်ခုမှ မရှိဘူး"

"ဒါပေါ့၊ ဗဟုသုတနဲ့လူသားပဲ"

"မှတ်သားလောက်ပါပေတယ် ... မှတ်သားလောက်ပါပေတယ်"

ဒေသိရ ကလေးလေးကို ချစ်သူလုပ်ပြီး ကလေးစကားပြော ပြောနေရပါသည်။

စကားတတ်လွန်းသည့် ချစ်သူလေးကို သူကလည်း နဘေကာရံကလေးသီပြီး ခပ်ရွှန်းရွှန်းကလေး ဖောက်လိုက်တော့ မှုံးက ပခုံးကလေးကျုံ့ပြီး တအိအိ ရယ်ချလိုက်တာလေးကို သူ အသည်းယားလွန်းလို့ အသက်မရှူမိဘဲ သူမ ရယ်နေတာလေးကို ခပ်စိမ်းစိမ်းကြီး စိုက်ကြည့်ပစ်လိုက်တော့သည်။

အား ...





လွတ်လပ်တဲ့နေရာဆို ကိုယ် မင်းကို အသည်းခိုက်မတတ် နမ်းပြီးပြီ။

အခုတော့ ...

"ဟား ... ကလေး မရယ်နဲ့ကွာ"

"ဟင် ... ရယ်တာဘာဖြစ်လဲ၊ ရယ်တာပဲ ကန့်သတ်နေတယ်၊ ဆရာ မလုပ်စမ်းပါနဲ့ ဒါရိုက်တာကြီးရယ် ..."

"အဟိ ... ဟိ ... ရယ်လို့ကောင်းလိုက်တာ"

"ထပ်မရယ်တော့နဲ့နော်၊ ကိုယ် လူရှေ့သူရှေ့ ရှောင်မှာမဟုတ်ဘူး ပိတ်နမ်းပစ်မှာ"

"ဟာ ... သေပြီဒါရိုက်တာပဲ"

"ဘာ သေပြီဒါရိုက်တာလဲ"

"မဟုတ်ဘူး၊ နှာရှုံ့ဆေးဘူး ကြိုက်လွန်းတဲ့ ဒါရိုက်တာ"

"လေး အေးအေးဆေးဆေး နေစမ်း မင်းကို ကိုယ်ကြည့်နေတာ၊ နေဦး ... ခဏ ခဏဟ ကလေး"

ဒေသိရ မှုံးမျက်နှာလေး ငေးကြည့်ရင်း ရင်ထဲမှာ တုန်တုန်ယင်ယင်ကြီး ခံစားလိုက်ရတာမို့ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ တုန်ယင်နေသည့် လက်အစုံဖြင့် ကြက်သားဖတ်ကလေးကို တူနှင့်ကောက်ညှပ်ရင်း မှုံး ပါးစပ်ကလေးဆီသို့ ဆေးခွံ့ကျွေးလိုက်ပါတော့သည်။

"ဟာ ... ဘာဟာလဲ ဒါရိုက်တာကြီးရ"

www.burmeseclassic.com



"ကလေး စကားမရှည်စမ်းနဲ့ကွာ၊ ဒီမှာ ကိုယ် ရင်ခုန်လွန်းလို့ သေတော့မယ်"

"ဟင် … ရင်ခုန်ရလွန်းလို့ ရူးမှာပဲ့ပဲ ကြားဖူးပါတယ်၊ သေတော့ မသေပါဘူး"

"ဟာကွာ … ကျွတ်"

ဒေသိရ စိတ်ပေါက်ပေါက်နှင့် မှုံးပါးစပ်အနား တေ့ထားသည့် ကြက်သားဖတ်ကလေးကို မှုံးပါးစပ်ကလေးဆီ အတင်းဖိပေးလိုက်တော့မှ မှုံးက အလိုက်သင့်ကလေးဟပြီး မြုံ့မြုံ့ကလေး ဝါးနေတာလေးကို သူ ချစ်မဝနိုင် ငေးစိုက်ကြည့်နေသည့် အချိန်မှာပဲ မထင်မှတ်ဘဲ ကြားလိုက်ရသည့်အသံက သူ့အတွက် ကမ္ဘာပျက်သွားရတော့သည်။

"အောင်မယ်လေးလေး … ကြည့်နေလိုက်ကြတာ၊ ကိုကို … ရှင် … ရှင်က ဘယ်လို ချောင်ကြိချောင်ကြားက ကောင်မကို စင်တော်မြှောက်ပြီး ပီတိအဟုန် ယူရတာလဲ၊ ပြောပါဦး … ပြောပါဦး"

"ဟင်"

အခုမှ အကြည်တော်ဆိုက်နေကြသည့် ကိုကိုနှင့် တောက ကောင်မက ဆွိကို အလွန်အံ့သြသွားသည့် မျက်လုံးတွေနှင့် စိုက်ကြည့်လာကြသလို၊ ကိုကို့မျက်လုံးတွေက အရာရာကို ဘာမှဂရုမစိုက်သည့် မျက်လုံးကြီးဖြင့် သူ့ကောင်မရှေ့ကနေ ကွယ်ရပ်လိုက်တာမို့ ဆွိ အသည်းဆတ်ဆတ်ခါ နာသွားရတော့သည်။





အား …

ဖြစ်နိုင်ရင် ကိုကို့အရှေ့က တောကြိုတောင်ကြားက ကောင်မကို ပါးရိုက်ပစ်ချင်တာ။ ပါးကျွတ်ကျွတ်ကျိုးသွားအောင် ရိုက်ချင်တာ။

ပွဲက မစရသေးခင် ပြတ်သွားမှာစိုးလို့။

ဆွိ ရင်ထဲက ကိုကိုနဲ့ပတ်သက်ပြီး ပြောရမဲ့ အနိုင်စကားလုံးတွေကို ဒီကောင်မကို ပေးကျွေးပြီးမှ ဆွိ ဒီကောင်မကို ပါးကျွတ်ကျွတ်ကျိုးအောင်ရိုက်မှာ။

တောက် … ရာရာစစ။

ကောင်မက ကိုကိုခွံ့ကျွေးတာကို စားရသေး။

အခုလို လက်ထပ်ခါနီး အချိန်ရောက်ကာမှ ဆွိအပေါ် သစ္စာဖောက်ရက်သည့် ကိုကို့ကိုလည်း စိမ်းနေအောင်စိုက်ကြည့်လိုက်ရင်းက ဆွိ ဒေါသထွက်လွန်းလို့ ဘာစကားမှမပြောနိုင်ဘဲ ရင်အုံတစ်ခုလုံး "မြောက်ချီ … မြောက်ချီ"ဖောင်းတက်လာခဲ့ရသည်။

တစ်လမ်းလုံး ခတ်ရံအစ်မ ပြောခဲ့တာတွေကို မယုံကြည်ဘဲ စိတ်လက်ပေါ့ပါးဟန်ဆောင်လာခဲ့သမျှ ဒီရောက်တော့ အဲဒီအစ်မကပဲ ကိုကို့ရဲ့အကြောင်းကို ဖောက်သည်ချပြီး အခု ကိုကိုတင်မြှောက်သည့် ကောင်မက ဘာမဟုတ်သည့် တောက ကောင်မဖြစ်ကြောင်းနှင့် ကိုကိုဟာ ဒီကောင်မကို ဘယ်လောက်အထိ အောက်ကျနောက်ကျ ချစ်ကြောင်းနှင့် ဖုန်းကအစ တိုက်

www.burmeseclassic.com



ခန်းကအစ ဝယ်ပေးထားခဲ့တာတွေကို သိခွင့်ရလိုက်သည့် တစ်ခဏ အတွင်းမှာ ဆွိ သတ်လစ်မတတ် အသည်းကြွေ သေဆုံးခံစား လိုက်ရသည့်အဖြစ်ကို ကိုကို လျစ်လျူပြု ကျောခိုင်းနိုင်တာ ဆွိ ရင်အနာဆုံး ခံစားလိုက်ရပါတော့သည်။

အိုး ...

ကြည့်စမ်းပါဦး။

ကိုကိုဟာ ဆွိ အကြောင်း ကောင်းကောင်းနားလည် ထားလို့ သူ့ကောင်မရှေ့ကနေ ကာကွယ်ထားလိုက်တာ။

ကာကွယ်ထားစမ်းပါ ကိုကို။

ရှင့်ဟာမကို ရှင်ကာကွယ်ထားတဲ့ ကြားကကို ဆွိ လှလှပပကြီးကို ပါးရိုက်ပြမယ်၊ ကြည့်နေ။

"ဆွိ ... နောက်မှ ကိုယ်တို့အတွင်းရေး ဖြေရှင်းကြစို့ကွာ၊ ကိုယ် ရိုက်ကွင်းထဲ ရောက်နေတယ်"

"ရိုက်ကွင်း ? ... ဘာရိုက်ကွင်းလဲ၊ ရိုက်ကွင်းမှာ ကိုကို တော်သလင်းဇာတ်ခင်းနေတာကို ဆွိက ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"ဟင်"

ဆွိ ရင်ထဲမှာ မူးပြာသွားမတတ် ခံစားခဲ့ရသည့် ခံစားမှုတွေကို ဆွိအသိနှင့် ထိန်းချုပ်ရင်း ကိုကိုဟာ ဆွိနှင့်မကြာခင် လက်ထပ်ရမည့် ဆွိရဲ့ခင်ပွန်းလောင်းဆိုသည့် ပိုင်ဆိုင်မှု ခံစားမှုတွေက ဆွိရင်ကို အရှိန်ပြင်းပြင်း တောက်လောင်စေခဲ့သည်။





ဆွိ ပေါက်ကွဲခံစားမှုတွေက ဒီထက်ပြင်းထန်လိမ့်မယ်လို့ ခံယူထားခဲ့တာ။

အခု ဆွိဟာ ကိုကို့ရှေ့မှာ ကိုကို ကာကွယ်ရပ်တည်ပေးထားသည့် နုနုမှုန်နေအောင် ချောလွန်းသည့် ကောင်မလေးကို ကြည့်ရင်း ရင်ထဲက ဝမ်းနည်းအားငယ်စိတ်တွေက အလိုလိုလှိုက်ဆို့တက်သွားရကာ မျက်လုံးတွေ ပြာဝေမှုန်မိုက်သွားခဲ့သည်။

ဘုရား ... ဘုရား၊ ဒီလိုရုပ်ရည်ချောမောလွန်းတဲ့ ကောင်မရဲ့လက်ထဲသာ ကိုကိုပါသွားရင်ဆိုသည့် အတွေးတစ်ချက်က ဆွိနှလုံးသားကို အရှူးအမူး လှိုင်းပုတ်ရိုက်ခတ်သွားတော့သည်။

"ကိုကို ... ရှင် အရှေ့ကဖယ်လိုက်စမ်း၊ ဒီကောင်မရှေ့က ရှင် ကာကွယ်ရပ်တည်ပေးထားရအောင် ဒီကောင်မဆီက ရှင် ဘာတွေ အလကားရထားပြီးလို့လဲ၊ ပြောပါဦး၊ ပြောပါဦး ကိုကိုရဲ့"

"ဟာ ... ဆွိ၊ ရိုက်ကွင်းမှာနော်၊ မင်း မတော်တရော်စကားတွေ လျှောက်မပြောနဲ့"

"ပြောတယ် ... ပြောတယ်၊ ပြောရုံတင်မကဘူး တောင်ပေါ်သီမကို ပါးရိုက်ဦးမယ်၊ တောင်ပေါ်သီမက လူပါးဝပြီး သူများနဲ့ လက်ထပ်ခါနီး ယောကျ်ားကို ချူချင်တာ ပိုင်းချင်တာ၊ ပိုင်းလုံးမ ... တောင်ပေါ်သီမ"

"ဖြန်း"

www.burmeseclassic.com



"ဟာ ... ဆွိ ... မင်း ... မင်း ... ကလေး ... ဟား ကိုယ့်ကြောင့် အစော်ကားခံရပြီ"

"ဘာ ... ဘာ ... ကလေး ဟုတ်လား၊ ကိုကို ရှင် ... ရှင် ကျွန်မကို သစ္စာဖောက်တာ၊ ရှင် ... ရှင် ... မုတ်ထား ... ဖြန်း"

"ဟာ ... ဆွိ"

"ဖြန်း"ခနဲ "ဖြန်း"ခနဲ အသံတွေ ဆက်ကယ် ဆက်ကယ် မြည်တာကြီးကို မှုံ ကြားသိလိုက်ရပြီး မှုံးရဲ့ပါးပြင်ကလေး ပူလောင်သွားတာကြီးကိုပဲ သိလိုက်ရသလို မှုံးတို့ဆီကို အပြေးရောက်လာကြသည့် လူသားတွေ၊ ပြီးတော့ မှုံးကို လူတစ်ယောက်က ဆွဲခေါ်သွားတာတွေကိုပဲ သိရှိခံစားလိုက်ရပြီး မှုံး ဘာကိုမှ ခံစားလို့မရတော့သလို အသက်မဲ့ တိတ်ဆိတ်သွားတော့သည်။

အိုး ... မှုံး အလိမ်ခံလိုက်ရပြီ။

အညာခံလိုက်ရပြီ။

မှုံး ဘဝတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သွားပြီ။

မှုံးဘဝတစ်ခုလုံးကို သူတို့ ဝါးမျိုချေဖျက်သွားခဲ့ပြီ။

"မုတ်ထား၊ ဆွိကို ဘယ်တော့မှ ကြောလို့မရဘူး၊ ကိုကို ... ဆွိဟာ ဘယ်သူလဲဆိုတာ ကိုကို သိတယ်နော်၊ ဒီကောင်မကို ဆွိတို့ကုမ္ပဏီမှာ လုံးဝ လုံးဝ ရိုက်စရာမလိုဘူး၊ ရုပ်ကလေး ချောတာကို ဘမ်းပြပြီး နာမည်ကြီးဒါရိုက်တာ ဒေသိရကို အလကားပေးထားတဲ့မိန်းမ ...





"ဒီမှာ ... ညည်း ဒါရိုက်တာဒေသိရက ဖုန်းတို့ တိုက်ခန်းတို့ ပေးထားလို့ အဟုတ်ကြီးထင်ပြီး မက်မနေနဲ့၊ အဲဒီ ဒါရိုက်တာဒေသိရက ငါတို့တင်မြှောက်ထားလို့ နာမည်တစ်လုံး ရလာတဲ့သူ၊ ငါတို့လက်ခုပ်ထဲကရေ၊ ညည်းလို တောကြို့တောင်ကြားက ကောင်မကို ခြေတော်သာတင်သွားမှာ၊ ဘယ်တော့မှ အတည်ရလိမ့်မယ် မထင်နဲ့၊ ညည်းကိုယ့်ဘဝကိုယ်သိပြီး ပြန်ငုံ့ကြည့်"

အား ...

ဒီမိန်းမကို ကိုက်ဆွဲပစ်ချင်တယ်။

ဒီမိန်းမကို ပါးရိုက်ပစ်ချင်တယ်။

ဒီမိန်းက ဘယ်ရောက်သွားပြီလဲ။

ဘုရားရေ ...

ငါဟာ ဒီဘဝကြီးထဲမှာ အညံ့ဆုံးမိန်းမတစ်ယောက် ဖြစ်သွားပြီ။

ပြီးတော့ ငါ အားကိုးမျှော်မှန်းထားတဲ့ ဘဝကြီး၊ ငါ စိတ်ကူးနဲ့ရှူးသွပ်ပြီး ချစ်ခဲ့ရသည့် ငါ့ရဲ့ဒါရိုက်တာကြီးက လက်ထပ်ခါနီး ယောကျ်ားတစ်ယောက်။

ငါ့ကို အယုံသွင်းပြီး ညာခဲ့တဲ့ ယောကျ်ားတစ်ယောက်။

သွားပြီ။

www.burmeseclassic.com



မှုံး နှလုံးသားနနုကလေး သွေးစိမ်းရှင်ရှင် ဖြာကျသွားရပါပြီ။

ရှုံးရပါပြီ ဒါရိုက်တာကြီးရယ်။

ကျွန်မအပေါ် ကြဲစည်ရက်တယ်။

"မှုံး ... မှုံး ... သတိထားပါဦး။ သတိထားပါဦးဗျာ"

ဆိုတဲ့ အသံရှင်ဟာ ကိုနေလေး ဆိုတာကို နောက်ဆုံး သိလိုက်ရတော့သည်။

မှုံးမျက်လုံးထဲမှာ ကြယ်တာရာတွေ မှိတ်တုတ် မှိတ်တုတ် လင်းလက်သွားရလေပြီ။

❖





## ၂၂

ခေါင်းကြီးငိုက်စိုက်ချပြီး အရာရာအားလုံးကို ဝန်ခံလာတော့မည့် ကိုကို့ကို ဆွိ မယုံနိုင်သည့် ခံစားချက်မဲ့သည့် မျက်လုံးတွေဖြင့် စိုက်ကြည့်ရင်းက ဆွိရင်ထဲက ခံစားခဲ့ရသည့် ခံစားချက်တွေ လွတ်ထွက်ပေါက်ကွဲသွားရပါတော့သည်။

အရာရာကို ရှုံးနိမ့်ပြီလို့ ခံယူထားသည့် ကိုကို့ရင်ဘတ်ကြီးကို ဆွိ ဆွဲကိုင်ခါယမ်းရင်း ကြေကွဲဆို့နင်သံကြီးဖြင့် ...

"ကိုကို ... ဆွိ မျက်နှာကို သေချာကြည့်ပါဦး၊ ဆွိကိုကြောင့်ပါဦး၊ ကိုကို သုံးနှစ်လုံးလုံး သိပ်ချစ်ခဲ့တဲ့ ချစ်သူလေး၊ ကိုကို့ချစ်သူလေ ကိုကိုရဲ့"

ဆွိ နှလုံးသားတစ်ခုလုံး ကြေကျမြေခရပါပြီ။

ကိုကိုဟာ ဆွိ့စကားတွေကို နည်းနည်းမှ နားမဝင်ဘဲ ခေါင်းကြီးငိုက်စိုက်ချထားရာကနေ ဆွိကို နည်းနည်းမှ မော့ကြည့်မလာခဲ့သလို ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်

www.burmeseclassic.com



တော့မဲ့ ကိုကို့မှုပိုင် စတိုင်ကြီးက ဆွိရင်ကို ဓားနဲ့ခွဲချလိုက်သလို နက်နက်နဲနဲ ကြေအက်သွားရပါတော့သည်။

ကိုကို ... ဆွိကို အဲဒီလို မနှိပ်စက်ပါနဲ့။

ဆွိ ... ဆွိ ... ကိုကို့ရဲ့လျစ်လျူရှု ကျောခိုင်းမှုကြီးကို ဒဏ်မခံနိုင်ဘူး။

ဆွိ ရှုံးပြီ၊ ရှုံးရပြီ ကိုကိုရဲ့။

ဆွိလေ အခုလို ကိုကို ဆွိ အပေါ် သစ္စာဖောက်သွားခဲ့လိမ့်မယ်လို့ ဆွိ စိတ်ကူးလေးနဲ့တောင် ထင်မထားခဲ့ပါဘူး။

ကိုကို့နှလုံးသားကို အရှည်ပျော်အောင် ဖျော်နိုင်ခဲ့သည့် ဟိုတောဂေါ်လီမကိုလည်း ဆွိ အမုန်းဆုံး မုန်းတီးခဲ့မိသည်။

ဘယ်အချိန်က ဘယ်လို သူတို့တွေ တွေ့ခဲ့ကြတာပါလိမ့်။

အား ... မဖြစ်နိုင်ဘူး။

ကိုကိုဟာ ဒီလိုဖောက်ပြန်တတ်တဲ့ အညှာလွယ်တဲ့ ယောကျ်ား မဟုတ်ဘူး။

ကိုကိုဟာ တည်ကြည်မြင့်မြတ်တဲ့ ဆွိ လေးစားအားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်။

တစ်ခုခုကြောင့် ကိုကို အခုလို ဆွိ့အပေါ်ကို ပုံစံပြောင်းသွားခဲ့ရတာ။

မဟုတ်မှလွဲရော ...





ဟိုဇော်ဂေါ်လီမ ကိုကို့ကို အောက်လမ်းနဲ့တိုက်ပြီး ရယူခဲ့တာပဲ ဆိုတာကို ဆွိနှလုံးသားက လက်ခံယုံကြည်လိုက်မိပါတော့သည်။

အခုထိ ဆွိစကားတွေကို နားမဝင်နိုင်သလို ဆွိမျက်နှာကိုလည်း တစ်ချက်မှ မော့ကြည့်လာဖော်မရခဲ့သည့် ကိုကို့ရင်ခွင်ထဲကို ဆွိ ခေါင်းကလေးတိုးဝင်ပြီး မျက်ရည်တောက်တောက်ကျ အရှုံးပေးခဲ့ရသည့် မိန်းမတစ်ယောက် ဖြစ်ခဲ့ရလေတော့သည်။

"ကိုကို ... အို ... ကိုကို ရှူးသွားပြီလား"

ဆွိ ကိုကို့ကိုယ်လုံးကြီးကို ခပ်တင်းတင်းကြီးဆွဲဖက်ပြီး ကိုကို့ရင်ခွင်ထဲမှာ အသည်းအူပြတ်မတတ် ငိုကြွေးလိုက်မိပါတော့သည်။

ဆွိ ငိုရှိုက်သံတွေက ဆွိနှလုံးသားလေးကို ထိမိနာကျင်ကြေကွဲ လောင်မြိုက်ခဲ့ပေမဲ့ ကိုကို့အတွက်တော့ ဆည်းလည်းသံလို ထင်နေသလားမသိ။

နဂိုမူလအတိုင်း မတုန်မလှုပ် အနေအထားကြီးက မပြောင်းလဲခဲ့သည့် ကျောက်ဆစ်ရုပ် အသည်းနှလုံးပိုင်ရှင် ကိုကို့ကို ဆွိ လက်လွှတ်ဆုံးရှုံးခဲ့ရပါလျှင် ...

အိုး ...

အတွေးတွေနဲ့တောင် ဆွိ ရှုံးရပါပြီ ကိုကို။

"ကိုကို"

"... ... ..."

www.burmeseclassic.com



"ကိုကို့"

အို ... သွားပြီ။

ဆွိအတွက် မျှော်လင့်ခြင်း ကင်းမဲ့သွားရပါပြီ။

"ဆွိ ... ဆွိ နှလုံးသားတည့်တည့်ကို ဓားနဲ့သာ ထိုးသတ်လိုက်ပါတော့"

ဆွိ ဘာစကားမှ ထပ်မပြောနိုင်တော့။

ရင်ထဲ အသည်းထဲက နာကျင်ခြင်းတွေက နှလုံးသားမှာ တလပိန်းကြီး မျက်ရည်တွေ အပြည့်ဖုံးလွှမ်းသွားရပြီ။

အဖြူရောင်နှလုံးသားသည် ပန်းသွေးရောင် ပြေးသွားခဲ့ပါပြီ။

ဒါပေမဲ့ ကိုကို၊ ရှင်ဟာ ကျွန်မကလွဲပြီး ဘယ်သူ့ကိုမှ လက်ထပ်ခွင့် မရှိခဲ့ပါဘူး။

ရှင်တစ်ယောက်တည်း ဆုံးဖြတ်ရတဲ့အရာ မဟုတ်ဘူးဆိုတာ ရှင် နားလည်ထားလိုက်စမ်းပါ။

ဆွိဟာ ရှင် စွန့်ပစ်ချင်တိုင်း စွန့်ပစ်လို့ရတဲ့ သာမန် ညောင်ညမိန်းမမှ မဟုတ်တာ။

အသိုင်းအဝိုင်းဂုဏ်ကို ရှင် စောင့်ထိန်းရဦးမယ်လေ။

"ဆွိ ... ကိုကိုပြောတဲ့ စကားတွေကို စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်ပေးပါနော်"

အို ... ကိုကိုက ဆွိကို တောင်းပန်လာပြီပေါ့။





အဲဒါ ဘယ်သူ့အတွက်ကြောင့်လဲ၊ ဘယ်သူ့အတွက်ကြောင့်လဲ ကိုကို။

ဆွိ ရင်ထဲက ခံစားရသမျှ ကြုံးအော်ပေါက်ကွဲပစ်ချင်ပါသည်။

ဖြစ်နိုင်ရင် ဆွိ မျက်လုံးတွေကို တောင်းပန်တိုးလျှိုးစွာဖြင့် ကြည့်လာသည့် ကိုကို့ကို ပါးတွေ အကြိမ်တစ်ရာ ထပ်ရိုက်ပစ်ချင်သည်။

ဒါပေမဲ့ ချစ်လို့ကိုကို၊ ရှင့်ကို ကျွန်မချစ်လို့ မရိုက်ရက်ပါဘူး။

"ပြောပါ ကိုကို၊ ဆွိ ရဲရဲဝံ့ဝံ့ နှလုံးသားတည်ပြီး နားထောင်နေပါတယ်"

အရင်တုန်းက ဆွိကို မျက်စိအောက်က အပျောက် မခံနိုင်အောင် ကြည့်ခဲ့သည့် ကိုကို့မျက်လုံးတွေက ဣန္ဒြေဖြင့် တည်တံ့နေတာကြီးကို ဆွိက ခပ်မဲ့မဲ့လေး စိုက်ကြည့်ရင်း ဒဏ်ရာရနှလုံးသားပိုင်ရှင် မဲ့ပြုံးကလေး ပြုံးလိုက်မိပါသည်။

မျက်ရည်တော့ မကျတော့ပါ။

ရင်ထဲမှာ ငိုရလွန်းလို့ မျက်ရည်တံတိုင်းကြီး ပေါက်ထွက်သွားရပြီဖြစ်သည်။

"ကိုကို ဆွိကို သစ္စာဖောက်မိသွားခဲ့ပြီ၊ အဲဒီအတွက် ဆွိ ကိုကို့ကို ကြိုက်တဲ့အပြစ်ဒဏ်ပေးပါ၊ ကိုကို ခံယူဖို့အသင့်ပါပဲ"

www.burmeseclassic.com



ပြောရက်လိုက်တာ ကိုကိုရယ်။

ဟိုကောင်မအတွက်နဲ့ ဒီလောက်အထိ သတ္တိတွေ အားကောင်းခဲ့တာ။

ကိုကို ...

ကိုကို normal မဟုတ်တော့ဘူး။

ကိုကို ဆေးမိသွားပြီ။

ဟိုကောင်မရဲ့ဆေး မိသွားပြီ။

"ကိုကို ဒီစကားတွေ မပြောပါနဲ့၊ ဆွိ ... ဆွိ မကြားရက်ဘူး၊ ရင်နာတယ်၊ သိပ်ရင်နာတယ်၊ ဆွိနဲ့ ကိုကိုနဲ့ဟာ သိပ်မကြာခင် လက်ထပ်ရမဲ့ ချစ်သူတွေလေ ကိုကိုရဲ့၊ ကိုကို ဘာဖြစ်သွားတာလဲ ဆိုတာ ဆွိ စဉ်းစားမိပြီ"

"ဟင်"

ဆွိကို မျက်ဝန်းတစ်ချက် လှန်ကြည့်လာသည့် ကိုကို့ပါးပြင် အေးစက်စက်ကြီးကို ဆွိက ခပ်နွေးနွေးကလေး နမ်းရှိုက်ရင်း မျက်ရည်များဖြင့် အသက်အောင့်ကာ ပြုံးလိုက်မိပါသည်။

အံ့ဩသွားသလား ကိုကို။

ကျွန်မအပေါ် သစ္စာဖောက်ရက်တဲ့ ယောက်ျားကို ကျွန်မ လက်လွှတ်ဆုံးရှုံးမခံနိုင်အောင် သိပ်ချစ်တယ်၊ သိပ်ချစ်ခဲ့ရလို့ အခုလို အောက်ကျခဲ့ရတာပါ ကိုကို။





ဆွိ ရင်ထဲက ခံစားချက်အနမ်းတွေကို ကိုကိုက ခေါင်းကြီးငုံ့ခံယူရင်း နှုတ်ခမ်းကြီး စေ့ကြိတ်ထားတာကြီးကို ဆွိ အသည်းနာစွာ ပြုံးကြည့်လိုက်မိသေးသည်။

ပြီးတော့ ရင်ထဲက စကားတွေကိုလည်း တစ်လုံးချင်း ပြောချလိုက်မိပါတော့သည်။

ကိုကို ဝန်ခံလာမဲ့စကားကို ကျွန်မ မကြားရက်ဘူး ကိုကို။

"ကိုကို ဘာမှ ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေနဲ့၊ ကိုကို ဆွိအပေါ် သစ္စာဖောက်ချင်လို့ ဖောက်တာမှ မဟုတ်တာ၊ ကိုကို့ကို ဟိုကောင်မက အောက်လမ်းနဲ့ ကိုကို သူ့ကို အရူးအမူးဖြစ်အောင် တိုက်ထားတာ၊ အဲဒီတော့ အဲဒီကောင်မကို မခွဲတော့အောင် ကိုကို့ကို တတ်ကျွမ်းတဲ့ အထက်လမ်းဆရာကြီးတွေဆီ ခေါ်ပြရမယ်၊ လက်မထပ်ခင် ကိုကို့ရောဂါကို အပီကုရမယ်၊ ကျန်တာ ကိုကို ဘာမှ မစဉ်းစားတော့နဲ့"

ဆွိ ဘာစကားမှ ဆက်မပြောတော့ဘဲ ကိုကို့ရှေ့မှ ကျောခိုင်းလိုက်ပါသည်။

အရာအားလုံးသော ခံစားမှုတိုင်းကို ဆွိ ဖန်တီးယူ သို့ရသည်လို့ပဲ ဆွိ ခံယူယုံကြည်ရင်း စိတ်လက်ပေါ့ပါးသွားတော့ သည်။

www.burmeseclassic.com



အနောက်ဘက်ဆီက ကိုကို့အသံသည်လည်း တိတ်ဆိတ်သွားရလေပြီ။

ဆွိ ပြောတာတွေကို ကိုကို လက်ခံယုံကြည်သွားပြီပေါ့။

ဒါပေါ့ ကိုကို၊ ကိုကိုက ဆွိနဲ့သုံးနှစ်လုံးလုံးကြီး ချစ်ခဲ့ပြီး ဆွိကို အလိုလိုက် အကြိုက်ဆောင်ပေးခဲ့သည့် ဆွိအချစ်ဆုံး ချစ်ခဲ့ရသည့် ချစ်သူပဲဟာ။



## ၂၃

ဗလာကျင်းသော ရင်ဖြင့် ဒေသိရ ကလေးရှိတဲ့ တိုက်ခန်းကို ရောက်လာခဲ့ပါသည်။

တိုက်ခန်းတံခါးဝမှာ ပစ်မိချပြီးသည်နှင့် တစ်ပြိုင်နက် သူ့ရင်ထဲက ကလေးအပေါ် မှားခဲ့မိသည့် နှလုံးသားခံစားချက်တွေကို အကြိမ်ကြိမ် တောင်းပန်ရင်း တိုက်ခန်းတံခါးကို ဖွင့်ခိုင်းလိုက်ပါတော့သည်။

"ကလေး ... ကိုယ် ကလေးဆီကို လာတယ်၊ ကိုယ် ကလေးကို မှားခဲ့တဲ့ အမှားတွေကို ဒူးထောက်တောင်းပန်ဖို့ ရောက်လာပြီ၊ ကိုယ့်ကို တံခါးဖွင့်ပေးပါနော်၊ တံခါးဖွင့်ပေးပါကွာ နော် ... ကိုယ် ... ကိုယ်"

ဒေသိရ နှလုံးသားတွေ ကြွပ်ကြွပ်မွ ကြေပျက်သွင်းခဲ့ရပါပြီ။

ဒီထက်ဆက်ပြီး ဘာစကားမှ မဆိုနိုင်တော့သလို ရင်ထဲမှာ အရှူးအမူးကို ခံစားနေရပါသည်။

www.burmeseclassic.com



သူ့ကိုယ်သူ ပေးခံစားခဲ့ရတာမဟုတ်။

သူ့ကြောင့် ကလေး ခံစားခဲ့ရတာတွေအတွက် သူ ခံစားကြေကွဲခဲ့တာဖြစ်သည်။

ကလေးရယ် ... မင်းနှလုံးသားနုနုလေး ကိုယ့်ကြောင့် အဆမတန် ကြေအက်လောင်မြိုက်ခဲ့ရပြီ။

ကိုယ့်ကြောင့် မင်းလေး အခုလို ခံစားခဲ့ရတာ ကိုယ်မခံစားနိုင်တော့ဘူးကွာ။ မခံစားနိုင်တော့ဘူး။

ဒီအချိန်မှာ ဒီလိုခံစားချက်မျိုးတွေနဲ့ ကလေးနဲ့ကိုယ် ခံစားပေးဆပ်ရမဲ့ အဖြစ်ကို ကြိုမတွေးချင်ခဲ့ပေမဲ့ အခုကံကြမ္မာဆိုး ကြီးက ကိုယ်တို့ချစ်သူနှစ်ယောက်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် မွေနှောက်ထိုးနှက်ခဲ့ပြီ။

အဲဒီအတွက် ကလေး ခံနိုင်ရည်ရှိရမယ်။

တစ်ပတ်ဆိုတဲ့ ကာလအတွင်းမှာ ကိုယ် မင်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်ထပ်ယူတော့မယ် ကလေး။

ကိုယ့်ရင်ထဲက စကားတွေကို မင်း နားလည်စမ်းပါ ကွာ။

ရင်ထဲက ပျားပန်းခတ် တုန်ယင်နေသည့် ခံစားချက် တစ်လုံးကြီးဖြင့် တိုက်ခန်းတံခါးပေါင်ကြီးကို အထိန်းမဲ့မှီရင်း သူ မျက်ရည်များ စီးကျလာတဲ့အထိ ခံစားရှုံးပျခဲ့ရတာ ဆို မြင်ရင် ရင်ကျိုးမည်ဖြစ်သည်။





ဒါပေမဲ့ အခုချိန်မှာ ဆိုကို လုံးဝဂရုမစိုက်နိုင်တော့ သလို လုံးဝမသက်ဆိုင်သူလို သူ့ဦးနှောက်ထဲက အထင်အရှား ဖယ်ပစ်ခဲ့ရပြီဖြစ်သည်။

သူ ဂရုစိုက်ရမှာ၊ အလေးထားရမှာ သူ့ချစ်သူလေး စိတ်သောကတွေ မရောက်ဖို့၊ သူ့ကိုစိတ်မနာဖို့၊ အထင်မမှားဖို့၊ သူ တကယ်တမ်း နှလုံးသားထဲက သစ္စာဆိုပြီးချစ်ခဲ့တာ ကလေး ဆိုတာ ကလေးသိဖို့ပဲ သူ့အတွက် အလိုအပ်ဆုံးသောအရာ ဖြစ် သည်။

"ကလေး"

ရင်ထဲက တုန်ယင်လှိုက်မောသံကြီးဖြင့် သူ ခပ်ကျယ် ကျယ်ကြီး ခေါ်လိုက်ပေမဲ့ တိုက်ခန်းထဲက ကလေးကတော့ နှလုံးသားအသေလေးဖြင့် ဘာစကားတစ်ခွန်းမှ တုံ့ပြန်လာသံ မကြားခဲ့ရတော့ပါ။

အား ...

ကလေးများ ခံစားလွန်းလို့ အိပ်ဆေးတွေ ဘာတွေ သောက်ခဲ့ရင်ဖြင့် ...

ဟား ...

"ကလေး တံခါးဖွင့်စမ်း၊ မင်း အခန်းထဲမှာ ရှိတယ်မဟုတ် လား"

ဒေသိရ တံခါးပေါင်ကြီးကို ပစ်မှီထားရာမှ ကိုယ် ခန္ဓာကြီးကို ဆောင်မတ်ပြီး တံခါးကို တဒုန်းဒုန်း ထုပစ်လိုက်သည်။

www.burmeseclassic.com



"ဒုန်း ... ဒုန်း ... ကလေး"

ဒေသိရ အကျယ်ကြီး အော်ခေါ်ပစ်လိုက်တော့သည်။

ဘေးအနားက တိုက်ခန်းက လူတွေတောင် သူ့ကို ထွက်ကြည့်ကုန်ကြပါပြီ။

သူ့ရင်ထဲမှာ တကယ့်အရူးအမူး စိုးရိမ်နေခဲ့ရပြီဖြစ်သည်။

"ဦးဒေသိရ အရူးအမူး ဟန်ဆောင်မနေပါနဲ့၊ ဘေးပတ်ဝန်းကျင် ကြားမကောင်းပါဘူး၊ ကျွန်မ ဘာမှမဖြစ်ပါဘူး။ ခင်ဗျား အေးအေးဆေးဆေးသာပြန်"

"ဟင်"

အခုမှပဲ သူ့ရင်ထဲက စိုးရိမ်လွန်းသည့် အလုံးကြီး ဖြုန်းခနဲ ပြုတ်ကျသွားတော့သည်။

အမယ်လေး ... တော်ပါသေးရဲ့။

ဟား ... သူ့ရဲ့အသည်းဖျားလေးသာ အရှက်ကြီး ရှက်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ရင်ဖြင့် ...

အား ... အတွေးတစ်ချက်ကြောင့် ရူးရပြီ။

"ကိုယ် မင်းကို သိပ်ချစ်တယ်၊ သိပ်ချစ်တယ် ကလေး"

ရင်ထဲက စကားလုံးတွေ ပွင့်အံထွက်သွားခဲ့တာကြီးကို သူ ခေါင်းကြီးမော့တင်း ခံစားရင်း မျက်လုံးကြီးကို မှိတ်ချပစ်လိုက်တော့သည်။





"လူကြားကောင်း တရားမနာစမ်းပါနဲ့ ဦးဒေသိရရယ်၊ *ခင်ဗျား ပြန်တော့၊ ပြန်တော့ဆိုရင် ပြန်တော့"*

"မပြန်ဘူးကွာ၊ မင်း ကိုယ့်ကို အထင်မှားခဲ့တာတွေကို ဒူးထောက်တောင်းပန်ပြီးမှပြန်မယ်၊ ပြီးတော့ 'ကိုယ်တို့ ... ကိုယ်တို့ လက်ထပ်မဲ့ကိစ္စကို ကလေးနဲ့ ဆွေးနွေးမယ်"

"အား ... ဟား ဟား ဟား ... ဒါရိုက်တာ ဒေသိရ ... ရူးပြီ"

မှုံး မျက်ရည်တွေဖြင့် ဟားတိုက်ရယ်မောပစ်လိုက်သည်။

အဟင်း ဟင်း ... ရယ်စရာ ကောင်းလိုက်တာ။

မကြာခင်လက်ထပ်ရတော့မဲ့ ယောကျ်ားတစ်ယောက်က သိပ်မကြာခင် လ,အပိုင်းအခြားလောက်ကမှ တွေ့ထားခဲ့သည့် မှုံးကို လက်ထပ်ဖို့ ဆွေးနွေးမတဲ့။

ဟား ဟား ... ရှင့်ဟာမပြောသလို ခြေတော်တင်နှ ကြဦးမလား ဦးဒေသိရရဲ့။

"အေး ... ကိုယ် တောင်းဆိုတာ ကလေး ဖွင့်မပေးရင် ကိုယ် ဒီအခန်းဝမှာပဲ တစ်ညလုံးနေမှာ"

နေစမ်း ...

တစ်ညလုံး နေရုံမကလို့ တစ်သက်လုံး ထိုင်ဆောင့် ဆောင့်။

www.burmeseclassic.com



ခင်ဗျားကို လုံးဝလက်မထပ်ဘူး ဦးဒေသိရ။

မှုံးရင်ထဲမှာ ဒါရိုက်တာကြီးနဲ့ လက်ထပ်မဲ့ မိန်းမရဲ့ ဂုဏ်မောက်မောက် စကားတွေက အသည်းစွဲ ကွဲထိနာကျင်ခဲ့ရပြီးပါပြီ။

မိနစ်ပိုင်းအတွင်း အရှုံးတစ်ပိုင်း ဖြစ်ခဲ့ပြီးပြီ။

နာရီပိုင်းအတွင်း အရှုံးမကြီး ဖြစ်ခဲ့ပြီးပြီ။

ဒါရိုက်တာဒေသိရရဲ့ဂုဏ်အရှိန်ကို လေးစားအထင်ကြီးပြီး အားကိုးချစ်ခဲ့မိသည့် ဆယ့်ခြောက်နှစ်မရဲ့နှလုံးသားတွေ မီးလောင်တိုက်ထဲ အသွင်းခံပြီးခဲ့ရပါပြီ။

"ဒီမှာ ... ညည်းကို ဒါရိုက်တာဒေသိရက ဖုန်းတို့ တိုက်ခန်းတို့ ပေးထားလို့ အဟုတ်ကြီးထင်ပြီး မက်မနေနဲ့၊ အဲဒီ ဒါရိုက်တာဒေသိရက ငါတို့တင်မြှောက်ထားလို့နာမည်
[illegible]
တောကြိုတောင်ကြားက ကောင်မကို ခြေတော်သာ တင်သွားမှာ ဘယ်တော့မှ အတည်ရလိမ့်မယ် မထင်နဲ့၊ ညည်းကိုယ့်ဘဝ ကိုယ်သိပြီး ပြန်ငုံ့ကြည့်"

ပြင်းထန်လွန်းသည့် ဒါရိုက်တာကြီး လက်ထပ်မဲ့ မိန်းမရဲ့စကားတွေက သူမရိုက်လိုက်သည့် ရိုက်ချက်တွေထက်တောင် မှုံးနှလုံးသားလေးကို အရှိန်ပြင်းပြင်း ထိမှန်သွားရဲလေတော့သည်။





အခုလို မှုံးဘဝကို အနာကျင်ဆုံး ခံစားချက်တွေ ခန့်တီးပေးပို့ခဲ့သည့် ဒါရိုက်တာကြီးကိုလည်း မှုံး အနာကြည်းဆုံး ခန့်တီးသွားခဲ့ရပြီဖြစ်သည်။

မှုံးရင်ထဲက အနာကြည်းဆုံး မုန်းတီးခဲ့ရသည့် ခံစားချက်ပြင်းတွေက ဒါရိုက်တာကြီးကို အငြိုးအတေးတွေအဖြစ် တေးမှတ်ပစ်လိုက်မိသည်အထိ မှုံး နာကျင်ရှုံးသွပ်သွားပါတော့သည်။

ဒါရိုက်တာကြီးရယ် ကျွန်မရင်ထဲက အမုန်းတွေကို ရှင် ပြန်ပြီးပေးဆပ်ရမယ်ဆိုတာ ရှင် နားလည်ထားလိုက်စမ်းပါ။

ကျွန်မကို အရှုံးလုပ်ထားတဲ့ ရှင့်ကိုလည်း ကျွန်မ ပြန်ပြီး အရှုံးဖြစ်အောင် လုပ်ပြမယ်။

❣ ❖ ❣

www.burmeseclassic.com



## ၂၄

ဒါရိုက်တာကြီးရဲ့အားနည်းချက်ကို သိထားသည့် မှုံးကလည်း ရင်ထဲက မာန်မာနတွေကို ရင်းတင်ပြီး ...

တောကိုပြန်ဖို့ ဘယ်တော့မှ မဆုံးဖြတ်တော့ဘဲ ကိုယ်မကျွမ်းကျင်သည့် ဒီအသိုင်းအဝိုင်းထဲကို မျက်လုံးစုံမှိတ် ပစ်ဝင်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

မှုံးတို့ ဖြစ်ပျက်သမျှတွေကို ဂရုတစိုက် ဖုန်းဆက်သတင်းမေးလာသည့် ကိုနေလေးရဲ့ရင်းနှီးကျွမ်းဝင်လိုမှုတွေကိုလည်း မှုံးက အလွယ်တကူ လက်ခံလိုက်မိပြီဖြစ်သည်။

ဟဲ ... ရှင် ဘာတတ်နိုင်သေးလဲ၊ ကျွန်မလို သိပ်ချော သိပ်လှလွန်းတဲ့ မိန်းမတစ်ယောက်ကို ရုပ်ရှင်အသိုင်းအဝိုင်းထဲ လက်တွဲခေါ်မဲ့သူတွေ အများကြီးပါပဲ။

ရှင်တစ်ယောက်တည်း ရှိလိမ့်မယ် မထင်နဲ့။





မှုံးက ရုပ်ရည်ချောမောလွန်းသည့် မာန်မာနကလေးဖြင့် ဒါရိုက်တာကြီး အသည်းဆတ်ဆတ်ခါရမဲ့ နည်းသစ်လေးကို စွမ်းဆောင်လိုက်ပြီဖြစ်သည်။

မကြာမီ မိန်းမတစ်ယောက်နှင့် လက်ထပ်တော့မဲ့ လူတစ်ယောက်က တောသူအရိုးအ,အကလေးဆိုပြီး လိမ်ညာလှည့်စားကာ မှုံးနှလုံးသားနုနုလေးကို ကြက်ခြေခတ်ခဲ့တာ မှုံးအလူးအလိမ့် ကျရှုံးခဲ့ရပေမဲ့ ...

ရင်ထဲက မခံချင်စိတ်တွေက မှုံးကို အိပ်ရာထဲပစ်လဲတဲ့အထိ မလွှမ်းစေခဲ့ရဘဲ ကိုနေလေးရှိတဲ့ ရိုက်ကွင်းနေရာကို အရွှင်မြူးဆုံး ခံစားချက်ကင်းသည့် မျက်နှာလေးဖြင့် လိုက်လေ့လာနိုင်ခဲ့ပါသည်။

ရိုက်ကွင်းမှာ ကိုနေလေး ခဏနားသည့်အချိန်မှာသည်း မှုံးနှင့် အအေးအတူတူသောက်ရင်း ရင်းနှီးမှုတိုးခဲ့ရတော့သည်။

“မှုံးနဲ့ ကိုဒေသိက ချစ်သူတွေလားဟင်”

မထင်မှတ်ဘဲ အမေးခံလိုက်ရသည့် စကားက မှုံးနှလုံးသားလေးကို ကြေအက်ပိန်းမှောင်သွားခဲ့ရပေမဲ့ မှုံးသည် သန်ဆောင်ကောင်းစွာဖြင့်ပင် ပြုံးပြုံးကလေး ခေါင်းခါပစ်လိုက်နိုင်ခဲ့သည်။

“ဟင့်အင်း ... ဒါရိုက်တာကြီးက အစ်ကိုလို ခင်ရတာ”

ကဲ ... မှတ်ထား။

www.burmeseclassic.com



သူတို့မှ မျက်နှာပြောင်တိုက်ပြီး မုသာဝါဒီသုံးတတ်တာမဟုတ်။ ဆယ့်ခြောက်နှစ်မ တောသူအရိုးခံလေးလည်း မုသာဝါဒီ သုံးတတ်ပါတယ်။

ချစ်သူစင်စစ်ကနေ အစ်ကိုလို ခင်ရတာပါလို့ ပြောင်ပြောင်ညာပစ်ခဲ့သည့် မှုံးနှလုံးသားတစ်ခုလုံး အကာအကွယ်မဲ့ ဗလာအတိ ပိန်းမှောင်တိတ်ကျသွားရလေတော့သည်။

ဒါရိုက်တာကြီးရယ် ... ကျွန်မ ရင်ထဲမှာ ရှင်လိမ်ခဲ့တဲ့ အလိမ်အညာတွေကို ယုံတောင်မယုံမိဘူး။

ဒါရိုက်တာကြီးကို သိပ်လေးစား အားကိုးပြီး ချစ်ခဲ့မိတဲ့ ကျွန်မနှလုံးသားထဲမှာလေ ဒါရိုက်တာကြီးကို ဘယ်တော့မှ မေ့လို့မရတော့ပါဘူး။

ကျွန်မ ရှင့်ကို ချစ်ပါတယ်။

ဘယ်တော့မှ မမေ့တော့ပါဘူးရှင်။

ဒီအတွေးလေးက ရင်ထဲမှာ အလွမ်းကလေးတွေနှင့် ခံစားကြေကွဲသွားရကာ မျက်ဝန်းကလေးတွေ ရီတီတီဖြစ်သွားရသည်။

ကိုနေလေးကိုလည်း ဘာစကားမှ မပြောမိတော့ဘဲ အဝေးတစ်နေရာကို ခပ်ငေးငေး စိုက်ကြည့်ရင်း ဘွားကိုလွမ်းသလိုလည်း ခံစားလိုက်ရသည်။

ဘွားကတော့ ...

သူ့ကို ယုံကြည်ကိုးစားပြီးထည့်လိုက်တာ။





အခုတော့ မှုံးကတော့ ...

ချစ်သူနှင့် အဝေးဆုံးတစ်နေရာကို ရောက်သွားရပြီဖြစ်သည်။

လက်ထပ်ခါနီးဆဲဆဲ ယောကျာ်းတစ်ယောက်ကို အထင်ကြီး လေးစားစိတ်ဖြင့် ယုံကြည်ပြီး အရူးအမူးချစ်ခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတီးခဲ့မိသည်။

မှုံး ကိုနေလေးကို ဘာစကားမှ မပြောတော့ဘဲ အတွေးဆွေးလေးတွေနှင့် ငေးငိုင်တိတ်ဆိတ် ခံစားလိုက်ရသည့် အချိန်မှာ ...

မထင်မှတ်ဘဲ အဖြစ်အပျက်တစ်ခုက မြန်ဆန်သွားခဲ့ရလေသည်။

မှုံး လက်မောင်းသားလေးကို ပြုတ်ထွက်မတတ် ဖျစ်ညှစ်ဆုပ်ကိုင်ခြင်း ခံလိုက်ရသလို ဒေါသမျက်လုံးစိမ်းတွေနှင့် မှုံးအရှေ့ကို ရောက်လာသည့် ဒါရိုက်တာကြီးကို မှုံး အံ့သြသည့် မျက်လုံးဝိုင်းတွေနှင့် မော့ကြည့်ရင်း သူ့လက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားလိုက်မိတော့သည်။

"ဒါ ဘာလုပ်တာလဲ ဦးဒေသီရ၊ ရှင် ကျွန်မလက်ကို အခု လွှတ်၊ လွှတ်စမ်း"

မှုံး ကိုနေလေးရှေ့မှာ ပေါက်ပေါက်ကွဲကွဲ သောင်းကျန်းပစ်လိုက်တော့သည်။

မှုံး ရှက်လည်း မရှက်နိုင်တော့။

www.burmeseclassic.com



ရင်ထဲက ကျင်နာခဲ့ ဒေါသတွေက ဒါရိုက်တာကြီး မျက်နှာကို မြင်တွေ့လိုက်ရသည့် ခဏအတွင်း အစော်ကားခံရတာ သူ့ကြောင့်ဆိုတာကြီးကိုပဲ ပြေးမြင်ခံစားခဲ့ရသည်။

"မှုံး … မင်း လူလည် လူတတ် သိပ်မလုပ်နဲ့၊ လာ … အခုလာ ငါနဲ့လိုက်ခဲ့"

"မလိုက်ဘူး၊ မလိုက်ဘူး၊ ရှင်မှတတ်တယ် လည်တယ် ထင်မနေနဲ့၊ ကျွန်မလည်း တတ်တယ်၊ လည်တယ်၊ အတတ် အတတ်ချင်း၊ အလည် အလည်ချင်းပဲ၊ နားလည်လား၊ ဆရာလာလုပ်လို့ မရဘူး မှတ်ထား"

"ဟာ … မှုံး၊ မင်း … မင်း … အေးအေးဆေးဆေးလိုက်ခဲ့စမ်း"

ပွဲက ထင်ထားတာထက် ပိုကြမ်းသွားရလေပြီ။

ဒေသီရ ရင်ထဲက ချုပ်ထိန်းခဲ့ရသည့် ဒေါသတွေ း:ကုန်ယမ်းကုန်"ပေါက်ကွဲသွားရပါတော့သည်။

ရိုက်ကွင်းမှာသော ဘာသော နားမလည်ဘဲ မှုံးကို က်နှစ်ဖက်ချုပ်ပြီး နေလေးရှေ့ကနေ ဒရွတ်တိုက်ဆွဲခေါ်လာခဲ့ ဘာ့သည်။

ရိုက်ကူးရေးအဖွဲ့တော်သားတွေနှင့် နေလေးကတော့ ကို အံ့ဩလွန်းလို့ မျက်လုံးကြီးတွေ အပြူးသားဖြင့် ကျန်ခဲ့ ့သည်။

ဒေသီရကတော့ ဘာမှမမြင်တော့။



အချစ်စိတ် မွန်နေရပြီဖြစ်သည်။

ကိုယ်နဲ့ အမြဲတစေ ကားတွဲရိုက်နေသည့် နေလေးကိုလည်း လုံးဝဂရုမစိုက်မိတော့ဘဲ ချစ်သူလေးကို ဒရွတ်တိုက်ဆွဲခေါ်လာရာမှ ကားထဲကို ဝုန်းခနဲ ပစ်သွင်းလိုက်ပြီး ကားတံခါးကို လော့ခ်ချကာ ကားကို တစ်ရှိန်ထိုး မောင်းထွက်လာခဲ့မိတော့သည်။

"ဟား"

ရင်ထဲမှာ နေလေးနှင့် သဝန်တိုလွန်းလို့ မီးခဲမျိုချထားရသည့် ခံစားချက်ကြီးကို လေပူကြီးဟားထုတ်ရင်း သူ့ကို တစ်လမ်းလုံး ပခုံးတွေကိုက်မတတ် ထုရိုက်အနိုင်ယူလာသည့် ချစ်သူလေးကို သူ လျစ်လျူရှုရင်း တိုက်ခန်းရောက်အောင်ပဲ ကားကို ဂရုတစိုက် မောင်းခဲ့ရတော့သည်။

ဒီအချိန်မှာ ချစ်သူလေး ဘာလုပ်လုပ် သူ သည်းခံစိတ်ကြီး မွေးလိုက်ရတော့သည်။ တကယ်တော့ သူ့ရင်ထဲမှာ ချစ်သူလေးကို မင်းသားသစ်ကလေး နေလေးနှင့် သဝန်တိုစိတ်ပြင်းခဲ့ရတာ မီးလောင်ပြာကျနေတာကို ချစ်သူလေးက မသိ။

"မဖြစ်တော့ဘူး၊ ကိုယ် မင်းကို ဒီနေ့ပဲ လက်ထပ်ဖို့စီစဉ်တော့မယ် ကလေး"

သူ့ရင်ထဲက ချစ်ခွန်းသံစဉ်တွေကိုလည်း ချစ်သူလေးက နားမလည်ခဲ့သလို သူ့ကို အစိမ်းကားဆုံး စိမ်းကားပြနေခဲ့ပြီ ဖြစ်လေသည်။

www.burmeseclassic.com



## ၂၅

"ဒီမှာ ဦးဒေသီရရဲ့၊ ရှင်က ကျွန်မကို အမျိုးမျိုး အရုက်ကွဲအောင် လိုက်ဖန်တီးနေတာ၊ အခု ရှင်ဖန်တီးခဲ့လို့ ကျွန်မ မိန်းမတစ်ယောက်ရဲ့ ပါးရိုက်စော်ကားခြင်းကို ခံလိုက်ရပြီ။ နောက် ရှင်တို့ ဘာတွေ စော်ကားဦးမလဲ၊ ကျွန်မဘဝကို ရှင်က ခြေတော်တင်ဦးမလို့လား ... ဟင်"

"ဘာ ... မှုံး မင်းတော်စမ်း"

"မတော်ဘူး၊ မတော်ဘူး၊ ရှင်ဟာ ကျွန်မလို တောသူအရိုးခံလေးကို ဖြားယောင်းပြီး ကျွန်မကို ... ကျွန်မကို မစော်ကားဘူးလို့ ပြောလို့မရဘူး၊ ကျွန်မ သိက္ခာကို ကျွန်မ ကာကွယ်ရမှာပဲ"

"ဖြန်း"

"အား"



အရှိန်ပြင်းပြင်း ရိုက်ချလိုက်သည့် သူ့ရဲ့ရိုက်ချက်တွေက မှုံးရဲ့ပါးပြင်နုနုကလေးကို လက်ချောင်းရာကြီးတွေ အစင်းလိုက်ကြီး ထင်ကျသွားတာကြီးကို သူ မယုံနိုင်သလိုကြီး အံ့ဩငေးကြောင်စွာ စိုက်ကြည့်နေမိရင်းမှ တဒင်္ဂအတွင်း တိတ်ကျသွားသည့် ခံစားမှုတွေကို လွတ်ကျွတ်ခံစားလိုက်ရပါတော့သည်။

"ကလေး ... ကိုယ်မှားသွားပြီ၊ ကိုယ် မှားသွားပြီ"

သူ ဆောက်တည်ရာမရ ခံစားကြေကွဲသွားရလေပြီ။

ရှုးရှုးမိုက်မိုက် စော်ကားလွန်းတဲ့ ချစ်သူလေးကို အချစ်ကြီး ချစ်ခဲ့ရသည့် ခံစားချက်တွေက အစော်ကားခံရသည့် စကားလုံးအောက်မှာ ပျော်ဝင်ပေးဆပ်လိုက်ရပြီဖြစ်သည်။

မရိုက်ရက်ပါ၊ ဘယ်သောအခါမှ မရိုက်ရက်ဘူးလို့ စိတ်ကူးယဉ်ခဲ့တဲ့ ကလေးရဲ့ပါးပြင်နုနုချောချောလေးကို သူ ရက်ရက်စက်စက်ကြီး ရိုက်လိုက်မိတာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းမုန်းတီးသွားပါတော့သည်။

အား ... ကလေးကို ရိုက်ခဲ့တဲ့ ငါ့လက်တွေကို ငါ သိပ်မုန်းတယ်၊ သိပ်နာကြည်းတယ်။

"သွားစမ်း ... သွားစမ်း"

"ခွမ်း ... ချွလွမ်း"

"ခွမ်း"

"ခွမ်း"

www.burmeseclassic.com



"အား ... ဒါရိုက်တာကြီး တော်ပါတော့၊ ကျွန်မ သိပ်ခံစားရလွန်းလို့ ရူးတော့မှာပဲ"

စားပွဲပေါ်က အလှပန်းအိုးကို ဆတ်ခနဲ ဆွဲယူပြီး မှုံး ပါးပြင်ကလေးကို ရက်ရက်စက်စက် ရိုက်ခဲ့သည့် ညာလက်ကြီးကို တခွမ်းခွမ်း ရိုက်နှက်နေခဲ့တာ လက်ခုံတစ်ခုလုံး ရောင်ကိုင်းပြီး သွေးပြေသီးမည့်ရောင် လွှမ်းလာခဲ့တာကြီးကို မှုံး ဒီအတိုင်း မကြည့်ရက်တော့ဘဲ ဒါရိုက်တာကြီးကို ပြေးဖက်ပြီး တားဆီးလိုက်ရတော့သည်။

"မဟုတ်ဘူး၊ ကလေးပါးနုနုကလေးကို ရက်ရက်စက်စက် ရိုက်တဲ့ ကိုယ့်လက်မရှိမှ အေးမှာကွာ"

"ဒါရိုက်တာကြီး ... ကျွန်မ မခံစားနိုင်တော့ဘူး၊ ကျွန်မ ... ကျွန်မကိုယ်ကျွန်မ သတ်သေပစ်ရတော့မှာလားဟင်၊ အဲဒီ ခံစားမှုအထိ ဒါရိုက်တာကြီးက လိုအပ်တာလား"

"ကလေး ... ကိုယ်သေအောင် မင်း မပြောစမ်းနဲ့၊ မင်းသေရင် ကိုယ်လည်းသေမယ်၊ ကိုယ်သေရင် မင်းလည်းသေရမယ်"

"အို"

မှုံး ကိုယ်လုံးလေးကို ရင်ခွင်ကြီးထဲ ပစ်သွင်းပွေ့ဖက်ပြီး အရူးအမူး အနမ်းတွေ ပေးလာသည့် ဒါရိုက်တာကြီး အနမ်းမူးမူးတွေအောက်မှာ မှုံး ကျရှုံးပေးဆပ်လိုက်ရပါတော့သည်။





အို ... မှုံးဆိုတဲ့ မိန်းမဟာ ခပ်ညံ့ညံ့ မိန်းမတစ်ယောက်။

ချစ်သူကို သိပ်ချစ်ပြီး ချစ်သူစိတ်ဆင်းရဲသောကကြီးစွာ ခံစားခဲ့ရတာတွေကို ချက်ချင်းကြီး ခွင့်လွှတ် ကျေအေးပေးခဲ့သည့် အညံ့ဆုံးမိန်းမတစ်ယောက် ဖြစ်ခဲ့ရတော့သည်။

ရင်နှင့်မရျိ လွမ်းခဲ့ရ နာခဲ့ရသည်။

ခံစားချက်ရောင်ခြည်တွေကလည်း ချစ်သူနှစ်ဦးကို လွှမ်းမောတမ်းတခဲ့ရသည့် ရက်တွေအတွက် အလွမ်းပြေတေးတစ်ပုဒ် ရသွားတော့သည်။

"ချစ်တယ် ... သိပ်ချစ်တယ် ကလေးရယ်၊ မင်းကို ကိုယ် အရူးအမူးပဲ"

ဒေသီရ လက်က နာကျင်လွန်းသည့် ခံစားမှုတွေကိုလည်း သတိမရနိုင်တော့ဘဲ ချစ်သူပါးပြင်နီကလေးကိုသာ မွှေးမွှေးကြူရင်း ချော့အနမ်းတွေ မနားတမ်း ခြွေချရင်းဖြင့် ရင်ထဲက ရင်ခုန်သံစဉ်ရိုင်းကလေးတွေကို မိန့်မူးသာယာ ရူးသွပ်သွားရပါတော့သည်။

ကလေး ... ကိုယ် ဒီနေ့ပဲ မင်းကို လက်ထပ်တော့မယ်။ ကိုယ် ဒီည မင်းရင်ခွင်မှာ အိပ်စက်ပါရစေ။

ကိုယ် ရက်ရက်စက်စက် ရိုက်ခဲ့မိလို့ အနီရောင်သမ်းနေတဲ့ မင်းပါးပြင်နုနုကလေးကို ပိုင်ဆိုင်မှု ခံစားချက်တွေနဲ့ နမ်းရှိုက်ပါရစေ။

www.burmeseclassic.com



ကိုယ့်ကို အထင်မှားပြီး ကက်ကက်လန် ရန်တွေ့လွန်းတဲ့ မင်းရဲ့နှုတ်ခမ်းအိအိကလေးကို ကိုယ် တစ်ဘဝလုံး ထာဝရ နမ်းရှိုက်ပါရစေ။

"ဒါရိုက်တာကြီး ... ကျွန်မ ရှုံးပြီ ... ရှုံးပြီ"

မျက်ရည်လေးတွေနှင့် သူ့အနမ်းတွေကို ခေါင်းကလေးယမ်း ငြင်းဆန်လာခဲ့သည့် ချစ်သူလေးကို သူ ကြင်နာစွာ ထွေးပွေ့ရင်း မွတ်မွတ်သိပ်သိပ်ကြီး ချစ်ကြင်မြတ်နိုးသွားရပြန်သည်။

မရှုံးပါဘူး ကလေးရယ်။

မင်းဟာ ကိုယ့်တစ်ဘဝလုံးအတွက် ထာဝရ တော်ဝင်မင်းသမီးလေးပါကွာ။

"ကျွန်မ သိပ်ရှုံးနိမ့်သွားပြီ ဒါရိုက်တာကြီးရယ်"

ကလေးရဲ့ တိုးတိုးအက်အက် အသံကလေးက သူ့ကို ဖျားသွားစေခဲ့သည်။

"ကလေးရယ် ... ချစ်ခြင်းမေတ္တာတရားမှာ အရှုံးအနိုင်တွေ မရှိခဲ့ပါဘူး"

"ဟင့်အင်း ... မဟုတ်ဘူး၊ ကျွန်မ ဒါရိုက်တာကြီးကို ခပ်မိုက်မိုက် ချစ်ခဲ့မိတာကိုက ရှုံးသွားခဲ့တာပါ"

"ကလေးရယ်"

ဒေသီရ အတွေ့အထူး ဘာစကားမှ မဆိုနိုင်တော့အောင် ရင်ထဲ လှိုင်းလုံးကြီး ထိသွားရတော့သည်။





ကလေးရဲ့ "အချစ်လှိုင်းလုံးကြီး" ရယ်ပါ။

ပြောတတ်လွန်းလိုက်တဲ့ ကိုယ့်ရဲ့ချစ်သူလေးရယ်။

မင်းလို ဇနီးမျိုးကို ပိုင်ဆိုင်ရတာ ကိုယ့်တစ်ဘဝလုံး အရမ်းကျေနပ်ပါတယ်ကွာ။

မင်းက ကိုယ့်ကို ခပ်မိုက်မိုက် ချစ်ခဲ့မိသလို ...

ကိုယ်ကလည်း နှစ်ဖက်မိဘတွေနဲ့ အကြီးအကျယ်ကြီး တရားဝင် စေ့စပ်ထားတဲ့ ကိုယ့် ညီမလေးတစ်ယောက်လို ခင်ရတဲ့ ဆွိကို လျစ်လျူရှုကျော်ခိုင်းပြီး ...

ကလေးကို ခပ်မိုက်မိုက် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

အဲဒီလောက်အထိ ကိုယ်လည်း မင်းကို ခပ်မိုက်မိုက် ချစ်ခဲ့တာပါ ကလေးရယ်။

www.burmeseclassic.com



"ကလေး ... ထမင်းမစားရသေးဘူး မဟုတ်လား၊ ဘာ ဟင်းတွေရှိလဲ၊ ကိုယ် ခူးလိုက်မယ်"

မှုံးကို မေးကလေးဆတ်ပြီး ချော့လာသည့် ဒါရိုက်တာကြီးကို မှုံး ဘာစကားမှ မပြောချင်သလို မျက်ဝန်းလေးကို တင်းတင်းမှိတ်ထားလိုက်သည်။

အသေးစိတ် မှုံးကို အလိုလိုက် အကြိုက်ဆောင်ပေး ခဲ့သည့် ဒါရိုက်တာကြီးရဲ့ အကြင်နာတွေက မှုံးရင်ထဲက ခွင့်မ လွှတ်နိုင်ခဲ့သည့် ခံစားမှုတွေကို အလိုလို ခွင့်လွှတ်ကြည်ဖြူနေ လည်ခဲ့ရသလို ငြိမ်ချမ်းအေးမြခဲ့တာ အံ့သြစရာလည်း ကောင်းပါ သည်။

ဒါရိုက်တာကြီးရယ်၊ မှုံး ရှင့်ကို သိပ်ချစ်လွန်းလို့ ရှင်ပြောသမျှကို မျက်စိမှိတ်ပြီး ဖွတ်ယုံကြည်လိုက်မိပြီ။

ကျွန်မကိုတော့ ဒုတိယအကြိမ် မလှည့်စားလိုက်ပါ နဲ့နော်။

"ကလေး ... ကိုယ် ခူးလိုက်မယ်နော်"



"ဟင့်အင်း ... မှုံး ထမင်းမစားချင်ဘူး"

မှုံးရင်ထဲမှာ ခံစားရလွန်းလို့ ထမင်းမစားဘဲ နေလာ ခဲ့တာ တစ်ပတ်လောက်ရှိပါပြီ။

ဗိုက်ဆာလွန်းတယ်ရယ်လို့လည်း မရှိ။

ဒီရက်တွေမှာ မှုံး ဗိုက်ထဲမှာ ပြည့်နေရသည်။

လွမ်းနေရသည်။

မောနေရသည်။

"ဒါဆို ဘာစားမလဲ၊ မုန့်ချည်းစားလို့ မှုံး အားရှိမှာ မဟုတ်ဘူး။ ကလေးကလည်းကွာ စိတ်ကို အဲဒီလောက် အထိ Suffer တဲအား မပေးရဘူးလေ၊ ကလေးအားရှိအောင် ကိုယ် ကြက်သားစွပ်ပြုတ် လုပ်ကျွေးမယ်၊ ကလေး ကြက် သားပြုတ်ထားတာ ကိုယ်တွေ့တယ်၊ ကိုယ် ကြက်သားစွပ် ပြုတ်လုပ်လိုက်မယ်နော်၊ ဒါမှ ကလေး အားရှိမှာ၊ နာရီ ဝက်ပဲ စောင့်နော်"

ပြောပြောဆိုဆို ဒါရိုက်တာကြီးက မှုံး အရှေ့ကနေ ခပ်သွက်သွက်ကြီး ထထွက်သွားတော့မှ မှုံး သက်မမောကြီးချနိုင် သွားတော့သည်။

ဟင်း ... မောလိုက်တာ။

ရေစပ်ပြီးသား ယောကျ်ားတစ်ယောက်ရဲ့ချစ်သူဖြစ် ရတာ တကယ်မောပါတယ်။

ရင်ထဲမှာ တအုံနွေးနွေးကြီး။

www.burmeseclassic.com



အသိုင်းအဝိုင်းနှစ်ဖက်က မကြည်ဖြူသည့်ကြားက မှုံးကို ဖွတ်လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့် ဒါရိုက်တာကြီးရဲ့စကားတွေကိုပဲ ယုံကြည်လိုက်ရမလား။

ဒါမှမဟုတ် ...

သူ့မိဘတွေကို မလွန်ဆန်ဝံ့လို့ ဒါရိုက်တာကြီးရဲ့ စေ့စပ်ချစ်သူ ပြောခဲ့တဲ့စကားလို မှုံးကို ခြေတော်တင်သွားရင်ဖြင့် ...

အား ...

ငါ ဘာဆုံးဖြတ်ရမလဲ။

ဘယ်လိုဆုံးဖြတ်ရပါ့မလဲ။

ဒါရိုက်တာကြီးကတော့ မနက်ဖြန် ရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးမယ် ဆိုလာခဲ့လေသည်။

ဒီညတော့ ဒါရိုက်တာကြီး သူ့အိမ်ကို ပြန်အိပ်မှာ မဟုတ်။

"ဟား ... အတွေးတွေများလို့ ခေါင်းဖြူတော့မှာပဲ၊ ငါ ... ငါ ... ဘယ်လိုဆုံးဖြတ်ရပါ့မလဲ"

မှုံး အတွေးလေးတွေနှင့် ခေါင်းတစ်ခုလုံး ကျင်ခဲလာရကာ ခေါင်းကလေးကို တဘုတ်ဘုတ် ရိုက်ထုလိုက်သည်။

အင်း ... တဖြည်းဖြည်းနှင့် မိုးကချုပ်လာရပြီ။

အား ... ဒုက္ခ၊ အခုမှ မဟာဒုက္ခ။

ဒါရိုက်တာကြီးလည်း ပြန်မဲ့အခြေမရှိ။





အတွေးကလေးတွေနှင့် တစ်ယောက်တည်း ယောင်အအကလေး ဖြစ်နေသည့် အချိန်မှာပဲ မှုံး အနားသို့ ကပ်ထိုင်လိုက်သည့် ဒါရိုက်တာကြီးကို မှုံး ရင်ခုန်ထိတ်လန့်စွာ မော့ကြည့်လိုက်မိသည်။

"ဟင် ... ပြီးပြီလား၊ မြန်လိုက်တာ"

"မမြန်ပါဘူးကွာ၊ နာရီဝက်တောင် သုံးမိနစ်စွန်းသေး"

"အင် ... ကြက်သားစွပ်ပြုတ်က ကောင်းလားဟင်"

"ကောင်းတာပေါ့ ကလေးရဲ့၊ ကလေး မသောက်ဘူးလို့လား"

"သောက်ဖူးပါတယ်၊ ဒါရိုက်တာကြီး စွပ်ပြုတ်ကိုပြောတာ"

"ဩော် ... ဒါတော့ ... ဟဲ ... ဟဲ ... နည်းနည်းမြည်းကြည့် ကလေး"

ဒေသိရ ချစ်သူလေး စူတူမှုတူ စိတ်ကောက်နေသာလေးကို အသည်းယားစွာဖြင့် ချစ်ပြုံးကြီး လှပ်ခနဲပြုံးရင်း ချစ်သူလေးကို ချော့ချော့မော့မော့လေး စိုက်ကြည့်လိုက်သည်။

တစ်ပတ်အတွင်း စိတ်ဆင်းရဲသောကတွေနှင့် ချောင်အောင်ဖြစ်သွားသည့် ကလေးမျက်နှာလေးကို သူ ကြင်နာဓွေးထွေးစွာ ငေးစိုက်ကြည့်ရင်း ရင်ထဲမှာ ဘယ်လိုကြည်နူးရင်ဖိုမှန်းမသိအောင် ရင်တွေ တဒိတ်ဒိတ် ခုန်လာရသည်။

ချစ်သူလေးကိုလည်း ဇနီးကလေးအဖြစ် အမြန်ပိုင်နိုင်ချင်ပြီဖြစ်သည်။

www.burmeseclassic.com



"ကလေး ... ပူတယ်၊ ကိုယ်မှုတ်ပေးမယ်၊ ခဏစောင့်"

"ရတယ်၊ မှုံးဘာသာ သောက်မယ်"

"နေစမ်းကွာ"

ဒေသိရ ချစ်သူလေးသောက်ဖို့ ကြက်သားစွပ်ပြုတ်ကလေးကို ဇွန်းကလေးနှင့်မွှေရင်း တရှုးရှုး မှုတ်လိုက်သည်။

"ရော ... ကလေး၊ မြည်းကြည့်"

"အင်း"

"ကောင်းလား"

"ကောင်းပါတယ်"

"ဟာကွာ၊ အသံကြီးက အီလေးဆွဲလိုက်တာ ဘာဖြစ်နေတာလဲ"

မှုံး ရင်တွေ တဒိတ်ဒိတ်ခုန်ကာ မျက်ဝန်းကလေးကို ဖျတ်ခနဲ မိတ်ပစ်လိုက်တော့သည်။

အား ... ငါ တစ်ခုခုတော့ ပြောမှ။

ဒါရိုက်တာကြီး ဒီည ဒီမှာမအိပ်ဖို့ကို တောင်းဆိုရမယ်။

"ဒါရိုက်တာကြီး"

"ဟောကွာ"

"ဟိုလေ ... ဒါရိုက်တာကြီး မိုးချုပ်နေပြီ၊ ခုနစ်နာရီထိုးပြီ၊ ပြန်တော့နော်၊ မနက်ဖြန့်စောစောလာခဲ့ပေါ့၊ မနက်ဖြန်မှ လက်မှတ်ထိုးမှာဆိုတော့"





"ဟာ ... ကလေး၊ ကိုယ် ဒီည ဒီမှာအိပ်မှာ"

"ဟာ ... မဖြစ်ဘူး ဒါရိုက်တာကြီးရယ်"

"ကလေး ... မင်း တောင်တောင်အီအီတွေ လျှောက်စဉ်းစားမနေနဲ့၊ စား ... ကြက်သားဖတ်တွေပါစား"

စကားလွှဲလိုက်ပြီဖြစ်တဲ့ ဒါရိုက်တာကြီးကို မှုံးသိပ်ပြီး စိတ်ညစ်အောင် မလုပ်ချင်တော့တာမို့ မှုံး ရင်မောစွာဖြင့်ပင် ဒါရိုက်တာကြီးကိုယ်တိုင် ချက်ကျွေးလာသည့် ကြက်သားစွပ်ပြုတ်ကို တစ်ပန်းကန်လုံးကုန်အောင် သောက်လိုက်ပါတော့သည်။

ဒါရိုက်တာကြီးရဲ့ အကြင်နာတွေက ကြက်သားစွပ်ပြုတ်ထဲမှာ များပြားစွာ ပါဝင်ပျော်ဝင်ပေးအပ်ခဲ့ပြီးပြီမို့ မှုံးရင်ထဲမှာ နွေးငြိမ့်ငြိမ့်လေး ခံစားကြည်နူးခဲ့ရတာတေဝကို ဒါရိုက်တာကြီးကို ရင်မဖွင့်ချင်တော့။

သူ့ ပျော်ရွှင်အောင် မှုံး ဘယ်တော့မှ မပေးအပ်နိုင်တော့။

မှုံးဘဝကို အမျိုးမျိုး ပြောင်းလဲစေအောင် ဖန်တီးပေးပို့ခဲ့သည့် ဒါရိုက်တာကြီးကို မှုံး ရင်ထဲက မကျေသောအခုန်းတွေက ရှိနေပါသေးသည်။

ပြီးတော့ အခုလို သူစီစဉ်လိုက်သည့် အစီအစဉ်တွေကိုလည်း မှုံး ကျေနပ်လက်ခံလို့မရ။

ညဦးနက်သည့် အချိန်တစ်ခုမှာ ဒါရိုက်တာကြီးသိရစေမည်။

www.burmeseclassic.com



ဘွားပြောခဲ့သည့် စကားတွေကလည်း မှူးကိုအသက်နဲ့ထပ်တူ တန်ဖိုးထားရမည်။

ဒါရိုက်တာကြီးကို ကိုယ့်ချစ်သူဆိုပြီး ယုံကြည်ကိုးစားလို့မရ။

ညဉ့်နက်လာသည့်အချိန်ကို တစ်စ တစ်စ ရောက်လာခဲ့ရပြီမို့ မှူး ရင်တွေခုန်ကာ တစ်ကိုယ်လုံး ချွေးစေးတွေပြန်လာရတော့သည်။

"မှူး ဘာဖြစ်နေတာလဲ၊ အိပ်ချင်ပြီလား"

မှူး အဖြေစကားကို မစောင့်ဘဲ ဆတ်ခနဲ မှူးကိုယ်လုံးလေးကို ပွေ့ချီပြီး အခန်းဆီသို့ လှမ်းဝင်သွားသည့် ဒါရိုက်တာကြီးကို မှူး ဘာစကားမှ မဆိုမိတော့ဘဲ ရင်ခုန်သံကြမ်းကြမ်းတွေကို နှုတ်ခမ်းကလေးကိုက် ထိန်းချုပ်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ရင်မောစွာဖြင့် ချလိုက်ရပါတော့သည်။

အင်း ...

ဒါရိုက်တာကြီးကတော့ မှူးကို လက်လွှတ်ဆုံးရှုံးပေးမှာ မဟုတ်။

ဒုက္ခ ... ဒုက္ခ။

ဒီဒုက္ခကလွတ်အောင် ဘယ်လိုဖြေရှင်းရပါ့။

မှူး မျက်နှာကလေး တစ်ခုလုံး ရှက်လွန်းလို့ နွေးနွေး ရှိန်းမြမြကြီး ခံစားနေရသည်။





အဲ့ဒီအချိန်မှာ မှူး ခုတင်ပေါ်မှာ အိပ်စက်လိုက်တာကြီးကို ခံစားသိရှိလိုက်ရပြီးနောက် မှူး မျက်ဝန်းလှလှကလေးတွေ မှိတ်မေးထားရာမှ ဖျတ်ခနဲ ဒါရိုက်တာကြီးကို မော့အကြည့် ...

အရည်တောက်တောက် မျက်ဝန်းအစုံဖြင့် မှူးမျက်လုံးတွေကို နွေးနွေးကြီး ချစ်ရည်ရွှန်းစွာ စိုက်ကြည့်လာသည့် ဒါရိုက်တာကြီး မျက်ဝန်းတွေကို မှူး တောင်းပန်တိုးလျှိုးစွာ မော့ကြည့်ရင်း ရင်ထဲက ဆန္ဒတွေကို မျက်စိမှိတ် ပြောချလိုက်ရတော့သည်။

ဒီစကားကြီး မပြောချင်ပါဘူး။

အိုး ... ရှက်လွန်းလို့ သေတော့မှာပဲ။

ဟား ...

ဒါပေမဲ့ မဖြစ်မနေ ပြောခဲ့ရပြီဖြစ်သည်။

"ဒါရိုက်တာကြီး ... ကျွန်မ ... ကျွန်မ ဒါရိုက်တာကြီးနဲ့ အတူမအိပ်ဘူးနော်"

"ဟာ ... ကလေးကလည်း၊ မဟုတ်တာ၊ မနက်ဖြန်လက်မှတ်ထိုးရုံပဲဟာ"

"ဟင့်အင်း ... ဒါ ကျွန်မ မိန်းကလေးတစ်ယောက်စောင့်ထိန်းရမဲ့ အကျင့်သိက္ခာ ရင်းတည်ပြီး ပြောတာ၊ ဒါရိုက်တာကြီးနဲ့ လက်ထပ်ပြီးတဲ့နေ့ကတစ်မျိုး၊ ပြီးတော့ ဒါရိုက်တာကြီးကို လက်ထပ်ဖို့ဆိုတာ ဒါရိုက်တာကြီးမိဘတွေက မှူးကို ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး ...

www.burmeseclassic.com



"မှူးဘဝကို အညွန့်ကျိုးအောင်တော့ မနှိပ်စက်ပါနဲ့ ဒါရိုက်တာကြီးရယ်၊ မှူးလေ ဒါရိုက်တာကြီးကို ဒါရိုက်တာကြီး မှူးတို့အသိုင်းအဝိုင်းထဲမှာ လက်ထပ်နိုင်မှ လက်ထပ်မယ်၊ ဒါမှ ဘွားကလည်း ယုံကြည်စိတ်ချမှာ"

"မဆိုင်လိုက်တာ မှူးရယ်၊ ခက်လိုက်တာ မှူးရယ်"

"ဟင့်အင်း ... မှူးရဲ့ဆုံးဖြတ်ချက်ပဲ၊ ဒါရိုက်တာကြီး မှူးဘဝကို နားလည်ပါ၊ မှူးသိက္ခာကိုလည်း နားလည်ပေးပါ၊ မှူးကိုလည်း မနှိပ်စက်ပါနဲ့လို့ တောင်းပန်ပါတယ်"

"မင်းကို သိပ်ချစ်ခဲ့ရတာတွေကို မင်းက နှိပ်စက်အနိုင်ယူနေတယ်လို့ ထင်တာလား ကလေး"

"မထင်ချင်ပါဘူး၊ ဒါပေမဲ့ ထင်အောင်လုပ်ရင်တော့ မှူးဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ မှူးဟာ ဒါရိုက်တာကြီးကို အသိမ်ငယ်ခံ အောက်ကျို့ခံပြီး ချစ်မဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး"

"ကလေး ... မင်း တော်ပြီ"

"ဒါရိုက်တာကြီးလည်း တော်တော့"

"ဟားကွာ ... နားမလည်တတ်လိုက်တာ"

ဒေသိရ ချစ်သူလေးရဲ့မျက်နှာလေးကို တစ်ချက်လှပ်ခနဲ စိုက်ကြည့်ပြီး တိုးယိုးပေါက် နှလုံးသားအစုံဖြင့် ချစ်သူလေးကို ကျောခိုင်းလိုက်ရပါတော့သည်။





ရင်ထဲမှာတော့ တတ်လွန်းသည့် ချစ်သူလေးကို နည်းနည်းမှ ကျေနပ်လို့မရခဲ့သလို ဝမ်းလည်း ဝမ်းနည်းသွားခဲ့ရပါသည်။

❖

www.burmeseclassic.com



## ၂၆

ရင်ဆိုင်ကြုံတွေ့လိုက်ရသည့် ကံကြမ္မာက မနက်မိုး လင်းလင်းချင်း မင်္ဂလာကင်းမဲ့သွားရတော့သည်။

မင်္ဂလာယူမယ့်နေ့မှ ဖြစ်ခဲ့ရသည့် ကံကြမ္မာကြီးကို သူနှင့် မှူး ခါးစည်းခံလိုက်ရပါသည်။

မိုးလင်းလင်းချင်း တိုက်ခန်းကို ဖေဖေ ရောက်လာ ပြီး ပြဿနာတွေ ဖြစ်ခဲ့ရတာဖြစ်သည်။

ဖေဖေက အပြစ်မဲ့သည့် မှူး မျက်နှာလေးကို ခပ် စိမ်းစိမ်းကြီး စိုက်ကြည့်ပြီး မညှာမတာပြောခဲ့တဲ့ စကားတွေအတွက် သူ့အသည်းနှလုံးတွေ တိုးလျှိုပေါက် လွင့်ထွက်သွားရတော့သည်။

အား ... ဒီကမ္ဘာမြေကြီးကနေ ...

ဒေသီရ မြူမှုန်တစ်စဖြစ်ပြီး ပျောက်ကွယ်သွားရင် ဘယ်လောက်ကောင်းမလဲ။

အခုတော့ ...





အခုတော့ ...

သူ့ကြောင့် သူ့ချစ်သူလေး အညွန့်ချိုးခံ အစော် ကားခံခဲ့ရတာ။

"ဒီမှာ ... ဟေ့ မိန်းကလေး၊ မင်းကို ရှည်ရှည်ဝေးဝေး ဘာမှမပြောဘူး၊ မင်းနဲ့ ငါ့သား ဒေသီရ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ငါ လုံးဝဂရုမစိုက်ဘူး၊ ငါ့သားကလည်း ဂရုမစိုက်ဘူး၊ ငါ့သားမှာ လက်ထပ်ရမယ့်ချစ်သူ ရှိနေတာ သိသိကြီးနဲ့ မင်းကိုယ်မင်း အနစ်နာခံတာ မင်းအပိုင်း၊ ငါတို့နဲ့မဆိုင် ဘူး၊ အဲဒီတော့ မင်းနာမည် ဒီထက်မပျက်ချင်ရင်တော့ မင်း လာရာလမ်းအတိုင်း ပြန်ပေတော့၊ မင်း ဒေသီရတော့ မရဘူး၊ နာမည်ပျက်ကြီးပဲရမယ် မိန်းကလေး"

အဲဒီလို မှူးကို မပြောပါနဲ့ ...

မပြောပါနဲ့ ဖေဖေ။

မှူးဟာ နှလုံးသားနုနုကလေးနဲ့ အရိုးသားဆုံး အဖြူ စင်ဆုံး နေလာခဲ့တဲ့ အသန့်ထည်ကလေး။

မှူး ... ကိုယ် ... ကိုယ် မှူးကို ဒုက္ခရောက်အောင် လုပ်မိခဲ့မိပြီ။

ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့။

ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ကလေးရယ်။

ဒီစကားလုံးတွေကို ရင်ထဲကပဲ တောင်းပန်ခွင့်ရှိပြီး အပြင်မှာ ပြန်ဖြေရှင်းလို့မရအောင် သူ့ကို ဖေဖေနဲ့ ဦးလေးက

www.burmeseclassic.com



ခပ်ကြမ်းကြမ်း ဆွဲကိုင်ချုပ်နှောင်ပြီး တိုက်ခန်းထဲက ဆွဲထုတ်ခေါ်လာခဲ့တာကို ခံစားချက်ပြင်းစွာ လိုက်ပါခဲ့ရပေမဲ့ ...

ကလေးကို မျက်ဝန်း အကြည့်ဆွေးကြီးတွေနှင့် တောင်းပန်တိုးလျှိုးခဲ့ရတာတွေကို ကလေးက မျက်လုံးသေကလေးတွေနှင့် ခပ်စူးစူးကြီး ပြန်စိုက်ကြည့်ရင်း နှုတ်ခမ်းသားလေးတွေ ပြတ်ထွက်မတတ် ကိုက်ထားပုံကလေးက သူ့အသည်းထိ စွဲမြဲမှတ်သားရသွားတော့သည်။

"ကလေး ... ကိုယ် မင်းဆီကို အရောက်လာခဲ့မှာပါ၊ မင်း အေးအေးဆေးဆေး ဘွားဆီကို ပြန်ပါ"

လို့ မျက်ဝန်းအကြည့်ကြီးတွေဖြင့် သူ နှုတ်ဆက်ရင်း ကလေးကို ကျောခိုင်းခဲ့ရတော့သည်။

သံသရာကြီးရယ် ...

တစ်ခဏတာ တွေ့ကြုံလိုက်ရတဲ့ ခဏအချိန်လေးထဲမှာ ...

ဘာဖြစ်လို့များ ဒေသိရနဲ့ ဒေသိရချစ်သူလေးကို စိတ်ချမ်းသာခြင်းတွေ ကင်းဝေးအောင် သယ်ဆောင်နေရတာလဲ ဗျာ။

ကလေး ...

ကိုယ့်ကြောင့် မင်း အခုလို အစော်ကားခံရတာ

ကိုယ်ရှုံးပြီ။

ရှုံးပြီ။





"ဟား ဟား ... ဒေသိရ ... အရှုံး၊ ဒီလောက် မင်းစိတ်ဓာတ်အောက်တန်းကျမှန်း ငါ အခုမှ လက်တွေ့သိလိုက်ရပြီကွာ၊ အေး ... ငါတို့မျက်နှာကို အသိုင်းအဝိုင်းထဲမှာ မပြရဲအောင် မင်းလုပ်လို့ကတော့ မင်းကို ငါလောကမှာ အရှင်မထားဘူး၊ အေး ... ဆွဲနဲ့ လက်ထပ်ဖို့ကိစ္စကို ဒီအကြောင်းတွေ သွားပြောပြလို့ ပြဿနာတက်မယ်ဆိုရင် မင်းနဲ့ မင်းဟာမလေးကို နှစ်လောင်းပြိုင် သတ်ပစ်မယ်"

အသောခံရဲတယ် ဖေဖေ။

ဆွဲကိုတော့ ကျွန်တော့်တစ်သက် ဘယ်တော့မှလက်ဆော်ဘူး။

ဖေဖေတို့ အသည်းအသန် ဖြစ်နေသည့် ဆွဲကိုလက်ဆော်ဖို့ စိတ်ထဲက အကြိမ်ကြိမ် ငြင်းဆန်ပြီ ဆွဲနဲ့လက်ထပ်ပွဲပျက်ကို ဘယ်လိုနည်းဗျူဟာနဲ့ ဖျက်ရမလဲဆိုတာကြီးကို ဦးနှောက်အောင် တွေးခဲ့ရကာ ညပေါင်းများစွာ ကလေးကို လွမ်းဆွတ်တာခဲ့ရတာတွေက သူ့အတွက် အိပ်မက်ကြီး ဖြစ်ခဲ့သည်။

ခံစားလို့မရ။

ရုန်းထွက်လို့မရ။

အခုလောက်ဆိုရင် ကလေး ရွာကအဘွားဆီကိုပြန်ပြီး မျက်ရည်တွေနှင့် သူ့ကိုနေ့တိုင်းလိုလို မျှော်နေသလို ဘောင်သည့် နှလုံးသားလေးကလည်း ဗရပွ ကြေအက်နေခဲ့ရပြီ သည်။

www.burmeseclassic.com



ကိုယ် မင်းဆီကို သိပ်မကြာတဲ့အချိန်မှာ အရောက် လာခဲ့မှာပါ ကလေးရယ်။

ဒေသီရ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက် ပါတော့သည်။

ဘဝအတွက် ခိုင်မာတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်တာ ကျွန်တော် ဘယ်သူ့ဂုဏ်မှ ထောက်စရာ မလိုတော့ဘူး။

လောကမှာ အရာရာ "အချစ်"ကသာ ...
ဂုဏ်တစ်ခုပဲ။

အချစ်ရှိရင် ကျွန်တော် ကျေနပ်တယ်၊ နေရဲတယ်၊ ပျော်တယ်၊ ဘာပဲလုပ်ရ လုပ်ရ မတုန်လှုပ်ပါဘူး။

ဒေသီရဟာ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ တစ်ဦးတည်းသော သမီးလေး ဆွိကို မယူလို့ ဒါရိုက်တာဒေသီရကို ဘယ်ဂ မှ မသုံးလို့ နာမည်မရ ဒါရိုက်တာ ဖြစ်ရင်ဖြစ်ပါစေ။

ကျွန်တော့်ဘဝကို ကလေးနဲ့ တည်ဆောက်မယ်ဆို ရင် ကျွန်တော် ကျေနပ်ပါတယ်။

ဒီခံစားမှုတွေက ဒေသီရရဲ့သတ္တိတွေကို အားအင် အဖြစ် ထွန်းထောက်စေခဲ့ကာ ဒေသီရ ဆွိတို့သားအဖနှင့် ရင်ဆိုင် ဖို့အတွက် ဆွိတို့နေတဲ့ သံလွင်လမ်းက အိမ်ကြီးဆီသို့ ရောက် လာခဲ့တော့သည်။

သူရောက်သွားတဲ့အချိန်မှာ ဆွိက အပေါ်ထပ်လှေ ကားကနေ တဒုန်းဒုန်း ပြေးဆင်းလာပြီး သူ့လက်မောင်းကြီး





ဟီးလေးနိုတွဲလာတာကြီးကို သူ မသက်မသာ စိုက်ကြည့်ရင်း ခံစားချက်မဲ့သွားရပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူက လာရင်းကိစ္စအတွက် ဘာမှ အွန့်ဆုတ်မနေတော့ဘဲ အန်ကယ် ဧည့်ခန်းမှာရှိနေတုန်း အချိန် မှာပဲ ဗွတ်မိုတ်ပြောချလိုက်ပါတော့သည်။

မပြောရက်ပါဘူး ဆွိရယ် ...

ဒါပေမဲ့ ကိုယ့်ဘဝနဲ့ရင်းလောက်တဲ့ အထိတော့ မင်းကို မချစ်နိုင်ဘူး။

"အန်ကယ် ... ကျွန်တော် အန်ကယ့်ကို မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး စကားလေး ပြောချင်ပါတယ်"

"အင်း ... ပြောလေ၊ မင်း ဘာပြောချင်သလဲ"

အန်ကယ်ကလည်း သူနှင့်ဆွိတို့ ပြဿနာရေးကို သိထားပြီးဖြစ်၍ သူ့ကို အစာမကျေသည့်လေသံ ခပ်မင့်မင့်မှုဟန် ကြီးဖြင့် မေးဆတ်မေးလာခဲ့သည်။

ဟုတ်တာပေါ့။

သမီးရှင် အဖေတစ်ယောက် ဆိုတော့လည်း အခံရ ခက်မှာပေါ့။

အန်ကယ်ရယ် ... ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ဗျာ။

"ပြောလေ ဒေသီရ"

ဘယ်တုန်းကမှ ဒေသီရလို့ မခေါ်ခဲ့သည့် အန်ကယ် အခုတော့ သုံးခဲ့ပြီ။

www.burmeseclassic.com



ဆွိကတော့ ရင်လေးတမမ ဖြစ်နေသည့် မျက်နှာ ညှိုးညှိုးလေးဖြင့် ပါးစပ်ကလေး မပွင့်တပွင့်ဟကာ သူ့ကို ငေး ရီရီလေး စိုက်ကြည့်နေခဲ့သည်။

အရင်တုန်းက သူ့အပေါ် အရမ်းသဝန်တိုပြီး ချုပ် ချယ်ခဲ့သည် ဆွိမဟုတ်တော့။

သူ့ရဲ့လျစ်လျူရှု ကျော်ခိုင်းမှုအောက်မှာ ဆွိလေး လည်း အသားကျခဲ့သည့် စက်ရုပ်နှလုံးသားပိုင်ရှင် ဖြစ်ခဲ့ရသည်။

ကိုကို့ကို ခွင့်မလွှတ်ပါနဲ့ ဆွိရယ်။

"ကျွန်တော် ဆွိနဲ့ လက်ထပ်မင်္ဂလာပွဲကို ဖျက်ပါတယ် အန်ကယ်"

"ဘာကွ ..."

"ဖောင်း"

"ခွပ်"

"ခွပ်"

"အား ... ဒက်ဒီ၊ မလုပ်ပါနဲ့၊ ကိုကို ... ကိုကိုဘာတွေ လျှောက်ပြောနေတာလဲ၊ လက်ထပ်ဖို့ နှစ်ပတ်ပဲလိုတော့တာ လေ၊ ကိုကို့စိတ်ကို တည်ငြိမ်အောင်ထားမှပေါ့၊ ဒက်ဒီ ... ကိုကို ဆေး ... ဆေးကြောင် ..."

"ဘာ ... ဘာဆေးကြောင်တာလဲ၊ သမီး ... နင် ဖယ်စမ်း နင် ဒီကောင့်ရှေ့က ဖယ်လိုက်စမ်း"





ဒေသိရ မျက်နှာကြီး ချာလည် လည်ထွက်သွားသလို ချက်ချင်း ဖူးရောင်သွားသည့် နှုတ်ခမ်းတွေက နာကျင်သည့်ခံစား မှုတွေကို သူ ဘာမှဂရုမစိုက်နိုင်တော့ဘဲ ...

ရင်ထဲက အပြောချင်ဆုံး စကားတွေကိုပဲ အဆုံးသတ် အောင် ပြောချလိုက်ပါတော့သည်။

"ဆွိကို ကိုယ်ဝန်ခံပါရစေ၊ ကိုယ် ... ကိုယ် လွန်ခဲ့တဲ့ တစ်ပတ်က ကိုယ့်ချစ်သူနဲ့ လက်ထပ်ပြီးခဲ့ပြီ၊ ကိုယ်တို့ လက်ထပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

"ကိုကို မဟုတ်တာတွေ မပြောနဲ့၊ ဒက်ဒီ ... ကိုကို ... ကိုကို တစ်ခုခု ဖြစ်နေပြီ၊ ကိုကို့ကို တစ်ယောက်ယောက် တိုက်ထားပြီ"

"ဆွိ ... နင် ငါ့ရှေ့ကဖယ်စမ်း၊ ဒီကောင့်ကို ငါသတ်မယ်၊ ငါ့သမီးကို ကြောတဲ့ကောင်ကို ငါသတ်မယ်၊ အလကား ကောင်၊ ကျိုးကန်းသူကောင်းမြှောက် ချေးခြောက်ကောက် စားတဲ့ကောင်၊ ဘယ်မှာလဲ ဆွိ ဖား၊ ဒီကောင့်ကို ငါသတ် မယ်၊ သတ်မယ်"

"ဒက်ဒီ ... ဒက်ဒီ"

ဆွိ တအားအော်ရင်း ဒေါသကြီးပြီး သတိလစ်မေ့ မြောသွားသည့် ဒက်ဒီ့ကိုယ်လုံးကြီးကို ပွေ့ရင်းက ကိုကို့ မျက်နှာကြီးကို မျက်လုံးစိမ်းတွေနှင့် အစိမ်းဆုံး စိုက်ကြည့်ရင်း ရင်ထဲက ကြိတ်မှိတ်သည်းခံခဲ့သမျှ ပေါက်ကွဲသွားရပါတော့သည်။

www.burmeseclassic.com



"ကိုကို ... ရှင် ... ရှင် ထွက်သွားစမ်း၊ ရှင် ထွက်သွားပါတော့၊ ဆွိတို့သားအဖကို ဒုက္ခရောက်အောင် ရှင် မနှိပ်စက်ပါနဲ့၊ မင်္ဂလာကိစ္စကို ဆွိ လုံးဝဖျက်မပေးဘူး၊ လုံးဝဖျက်မပေးနိုင်ဘူး၊ ဆွိသာ ကိုကို့ရဲ့တရားဝင်ဇနီးဖြစ်စေရမယ်၊ ကိုကိုဟာ ဆွိယောကျ်ားပဲ ဖြစ်ရမယ်"

ဆိုတဲ့ ဆွိရဲ့နောက်ဆုံးစကားတွေကို သူ အသည်းနာနာဖြင့် ကျောခိုင်းခဲ့ရတော့သည်။

"ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ဆွိရယ်"

လို့တော့ သူ တာဝန်ကျေ တောင်းပန်ခဲ့ပါသည်။

သို့သော် ဆွိကတော့ အတ္တကြီး အချစ်ကြီးစွာဖြင့်ပင် သူ့ကို မင်္ဂလာပွဲ ဖျက်မပေးနိုင်ခဲ့ပါတဲ့။

ဘာပဲဖြစ်ဖြစ် သူ ဆွိကို အတိုက်အခံလုပ်ပြီး ဆွိနှလုံးသားလေးကိုလည်း မဖွဲခြွေရက်တော့။

သူစီမံခဲ့သည့်ကံကို ဆွိခံရမှာပဲလေ။

ကိုယ် မင်းကို တကယ်သနားပါတယ် ဆွိရယ်။

❖





## ၂၇

မှုံး ရွာကိုပြန်ရောက်ရောက်ချင်း မှုံး ရင်ထဲက ခံစားချက်အမှောင်တွေကို ဘွားကို မချွင်းမချန် ရင်ဖွင့်လိုက်ပါတော့သည်။

မှုံး ရင်ဖွင့်တယ်လို့ ပြောခဲ့ပေမဲ့ ...

တကယ်တမ်းမှာ မှုံး ရင်ပွင့်သွားခဲ့တာဖြစ်သည်။

ဘွားရင်ခွင်ကြီးထဲ တိုးဝင်ပြီး ရင်ထဲက နာကျင်ခံစားခဲ့ရသည့် ခံစားချက်တွေကို တစ်လုံးမကျန် ဖွင့်အန်ရင်း မှုံးအသည်းအပြတ်မတတ် ငိုကြွေးလိုက်ပါတော့သည်။

ဘွားက မှုံး ဝမ်းနည်းတကြီး ငိုကြွေးနေတာကို ရင်ဘတ်ကြီးဖိ မျက်လုံးပြူးလျက် ဝမ်းနည်းတုန်ယင်သည့် အသံတိုက်လိုက်ကြီးဖြင့် ...

"အမယ်လေး ... စော်ကားလိုက်တာ၊ စော်ကားလိုက်ကြတာ၊ ငါ သည်းသည်းဖျား ဆည်းဆည်းဖူးဖူး ထားတဲ့ ငါ့

www.burmeseclassic.com



ရဲ့ချစ်မြေး အလိမ္မာတုံးလေးကိုများ စော်ကားလိုက်ကြတာ။ ငါ့မြေး ဒီလိုမိန်းမစားမျိုး မဟုတ်ဘဲနဲ့ ဒီလိုအပြောခံရတာ ဘွား ရင်နာလိုက်တာ၊ ရင်နာလိုက်တာ မြေးရယ်"

ဘွားက ပြောရင်းနှင့် မှုံးကို သူ့ရင်ဘတ်ကြီးဆီ မျက်နှာလေး ပင့်မော့ရင်း မျက်ရည်များ စီးကျလာတော့သည်။

အို ...

ဘွား မှုံးကြောင့် စိတ်ဆင်းရဲပြီး မျက်ရည်ကျခဲ့ရပြီ ဖြစ်သည်။

မှုံး ဘွားကို မျက်ရည်ကျ အရှက်ရအောင် လုပ်ဆောင်ခဲ့မိပြီ။

ဟင့်အင်း ...

ဘွား မငိုပါနဲ့၊ ဘွား မငိုပါနဲ့၊ ဘွား ငိုတာ မှုံး ... မှုံး မကြည့်ရက်ဘူး။

မှုံး ရင်ထဲက နာကျင်ကြေကွဲသည့် ခံစားမှု အပူလုံးတွေကို ဘွားရင်ထဲကို တစ်သက်တာလုံး ဝင်ရောက်နိုအောင် မသွားရအောင် မှုံး ဟန်ဆောင်မျိုသိပ်နိုင်ရမည်ဖြစ်သည်။

မှုံး ဖြစ်ခဲ့သမျှ အရာတိုင်းကို ဘာမှမခံစားရသည့် မျက်နှာကလေးဖြင့် ပြန်ပြီးအသက်သွင်းရမည်။

အို ...

ငါ့နှလုံးသားတွေ ဘယ်လောက်ကြေမွပြီး ပျက်စီး သေဆုံးခဲ့ပါစေ။





လူ့ဘဝသက်တမ်းမှာ ဆယ်နှစ်ကျော်ကျော်လောက်ပဲ နေခွင့်ရတော့မည့် ဘွားရဲ့နှလုံးသားထဲမှာ မြေးမလေးကြောင့် ခံစား အမှတ်ရသွားမှာတွေကို မြေး ခံစားမပေးစေချင်ခဲ့ဘူးဘွားရယ်။

မှုံး တစ်ယောက် ...

ဘွားရင်ခွင်ထဲကနေ နှလုံးကြေပျက်မတတ် အသည်းတလှိုက်လှိုက် ငိုကြွေးနေခဲ့ရာမှ ခေါင်းကလေးမော့ကာ ဘွားကို သနားကြင်နာစွာ နွေးနွေးလေး စိုက်ကြည့်လိုက်ရင်း တည်ငြိမ်အေးဆေးသည့် အသံကလေးဖြင့် ...

"ဘွား"

"ဟင် ... မြေး၊ ပြောပါဦး ဘွားဘဝမှာ ... ဘွားဘဝမှာ ဒီနေ့လောက် ရင်နာရတာ မရှိတော့ဘူး၊ ငါ့သမီးနဲ့ ငါ့သမက် နောက်အိမ်ထောင် အသီးသီးပြုသွားတာတောင် ဘွား ဒီလောက်အထိ မခံစားရဘူး၊ အခုတော့ ... အခုတော့ ... ငါ့မြေးနုနုထွတ်ထွတ်ကလေး သူ့ရွှေတကာ့သူ့ရွှေ တန်ဖိုးထားတဲ့ ငါ့မြေးကလေးကို သူတို့က ဒီလို ချိုးချိုးဖဲ့ဖဲ့ ပြောရတာ၊ အဲဒါ ဟိုကောင် ဒါရိုက်တာမကောင်းလို့၊ သူ ရှုပ်ခဲ့တဲ့ ဓာတ်လမ်း၊ အဲဒီကောင် ဒီတစ်ခါ လိုက်လာလို့ကတော့ ဘွား နှစ်ပြားမတန်အောင် ပြောလွှတ်လိုက်မယ်"

မှုံး ဘွားစကားတွေကို ရင်နာစွာပင် ပြုံးလိုက်မိပါသည်။

www.burmeseclassic.com



မွှံးဟာ ခေတ်လူငယ် မိန်းကလေးပီပီ ဘာမှမခံစားရသည့် ခံစားချက်နည်းသည့် မိန်းကလေးအဖြစ် ဘွား ယုံစေအောင် အယုံသွင်းရမည်။

ဒါရိုက်တာဒေသိရရဲ့ အရှုပ်တော်ပုံကြားမှာ မွှံးမားစာခံဖြစ်ခဲ့ရတာ၊ မွှံးကိုယ်မွှံး ဖြေမဆယ်နိုင် ခံစားကြေကွဲခဲ့ရပေမဲ့ မွှံးသည် ဒီခံစားကြေကွဲခဲ့သမျှကို တနုံ့နုံ့ ခံစားရှုးသွပ်မည့် ခပ်ညံ့ညံ့မိန်းမ မဟုတ်ကြောင်းကိုတော့ ဘွား စိတ်ဖြောင့်အောင် ဝန်ခံရမည်။

ပြီးတော့ ...

ဘွား ထင်ထားသလို ဒါရိုက်တာ ဒေသိရဟာလည်း မွှံးဆီကို ဘယ်တော့မှ လိုက်လာမှာ မဟုတ်တော့ဘူး ဆိုတာကို မွှံး နှလုံးသားက ခံစားနားလည် သိထားပြီးဖြစ်သည်။

သူ့အဖေ ဆွဲခေါ်ရာအနောက်သို့ ဆွဲပါသွားခဲ့သည့် ဒါရိုက်တာကြီးရဲ့ နောက်ဆုံးနှုတ်ဆက်မျက်ဝန်းတွေကို မွှံးတစ်သက်တာလုံး ထာဝရ သိမ်းမှတ်နာကျင်ခဲ့ရတော့မည်ဖြစ်သည်။

ပူလောင်လွန်းသည့် ခံစားချက်တွေကို မျိုသိပ်ရင်းဖြင့် ...

မွှံးက ရင်ထဲက အလိပ်လိုက် ဆို့တက်လာခဲ့သည့် ခံစားမှု ခါးခါးတွေကို နှုတ်ခမ်းသားကလေး ဖိကိုက်ရင်း ရစ်ဝိုင်းတက်လာသည့် မျက်ရည်စတွေကို အသက်အောင့်ကာ မျက်တောင်ရှည်ကြီးများနှင့် ပုတ်ထုတ်ပင့်တင်ပစ်လိုက်သည်။





အဲဒီအချိန် ခဏအတွင်းမှာ ဒါရိုက်တာကြီးရဲ့နှုတ်ခမ်းကိုက်ပြီး ရယ်မြူးဟန်တချို့က မွှံး နှလုံးသားထဲကို ပုံရိပ်အသစ်အဖြစ် ရိုက်ခတ်ဝင်ရောက်လာခဲ့ပြန်သည်။

သွားစမ်း ...

မုန်းတယ် ... သိပ်မုန်းတယ်။

ခင်ဗျားကြောင့် ကျွန်မနှလုံးသားနုနုကလေး ဆန်ခါဆါက် ဖြစ်ရတာ၊ ခင်ဗျားကို တစ်သက်လုံး ခွင့်မလွှတ်ဘူး။

"ဟင် ... မြေး၊ ပြောပါဦး၊ ပြောပါဦး၊ မြေးလေး အရမ်းခံစားနေရတာ ဘွား မကြည့်ရက်ဘူး၊ သင်းတို့ကို မုန်းတယ်၊ ငါ့မြေးလေးကို ပက်ပက်စက်စက် ပြောခဲ့တဲ့ ဒါရိုက်တာအဖေကို မုန်းတယ်၊ မြေး ... မြေး ဘွားယုံတယ်၊ မြေးလေးဟာ စိတ်ထားမြင့်တဲ့ ငါ့မြေးလေးပါ၊ သူတို့စိတ်ထားယုတ်တာ၊ သူတို့စေတနာ သူတို့အကျိုးပေးလိမ့်မယ်၊ စေတနာနဲ့တူတဲ့အကျိုးကို ခံစားကြရလိမ့်မယ်၊ ငါ့မြေးလေးဟာ စိတ်ရင်းစေတနာကောင်းမြတ်တဲ့အတွက် အခု တစ်ခဏတာလေး စိတ်ဆင်းရဲခဲ့ရပေမဲ့ တစ်ဘဝစာ...ပုး မြေးလေး စိတ်ချမ်းသာဦးမှာ၊ ဘွား ယုံတယ် မြေးရယ်"

ဘွားရဲ့နှစ်သိမ့်စကားတွေက မွှံးရင်ထဲက အပူတွေကို ငြိမ်းအေးစေခဲ့သည်။

တစ်ဘဝစာလုံး စိတ်မချမ်းသာနိုင်တော့ပါဘူး ဘွားရယ်၊

www.burmeseclassic.com



မှုံးဘဝမှာ ဒါရိုက်တာကြီး မရှိတော့ရင် မှုံးတစ်ဘဝ လုံး သေဆုံးသွားသလို ခံစားလိုက်ရပါပြီ။

ဒါပေမဲ့ မှုံးလေး ဘွားစိတ်ချမ်းသာအောင်တော့ ဘွားရှေ့မှာ ပြုံးပြုံးကလေး ဟန်ဆောင်ပေးနေခဲ့ရမှာပါ။

ရက်တွေ တစ်ရက်ပြီးတစ်ရက် ဖြတ်သန်းသွားခဲ့တာ တွေကို မှုံးက ဘွားရှေ့မှာ အပြုံးမပျက် အစားမပျက် နေတတ် ခဲ့သည်။

ဘွားကလည်း မှုံးရဲ့စိတ်ဒဏ်ရာတွေကို ပြန်ပြီးအသစ် မလုပ်တော့။

အလိုက်သိတတ်စွာဖြင့်ပင် မှုံး ရှူးသွပ်ခဲ့သည့် မင်း သမီးဆိုတဲ့ စကားကို ယောင်လို့တောင် မဟခဲ့သလို ...

တီဗီ ဗီဒီယိုတောင် မကြည့်ခဲ့တော့။

မှုံးလည်း မကြည့်ဖြစ်တော့။

ရက်တွေကနေ လ,တစ်လ ကူးသွားသည့်အချိန်အထိ မှုံး ထင်ထားသလို ဒါရိုက်တာဒေသိရဲ့ မင်္ဂလာသတင်း မကြား ခဲ့ရ။

သူတို့ အကျဉ်းချုံး လက်ထပ်လိုက်တာပဲလို့ မှုံး ယုံသည်။

ဒါရိုက်တာကြီးဟာ သူ့မိဘ၊ သူ့ကျေးဇူးရှင်တွေရဲ့ စကားကို ပယ်ရှားနိုင်သူ မဟုတ်။





မှုံးကတော့ တစ်နေ့ တစ်နေ့ ဒါရိုက်တာကြီးကို အပြင်းအထန် သတိရလာခဲ့ရလျှင် အိမ်မှာ အလှူလုပ်သလို ဟင်းစုံတွေ ချက်စားပစ်လိုက်သည်။

မှုံး ကိုယ်တိုင် ဝင်ချက်ပြီး အဲဒီတစ်နေ့တာကို ဟီး ဟီး ဟား ဟားဖြင့် ကလေးရှူးကြီး လုပ်ခဲ့သည်။

ပြီးတော့ ...

ဖိုးဆေးနဲ့ စိတ်လွတ်ကိုယ်လွတ် ခြင်းခတ်ပစ်လိုက် သည်။

“အဲဒါ ဒါရိုက်တာကြီးကို လွမ်းလို့ သိလား၊ ကျွန်မ စိတ် လွတ် ကိုယ်လွတ် လျှောက်လုပ်ပစ်တာ”

ရင်ထဲမှာ အကြိမ်တစ်ရာ ပြောခဲ့သည့် မှုံးခံစားချက် တွေကို ဒါရိုက်တာကြီးကတော့ ခံစားနားလည်မှာမဟုတ်။

အခုလောက်ဆိုရင် ကြင်စဦးဇနီးအသစ်ကလေးနှင့် ဟန်နီးမွန်းများ ထွက်နေပြီလား။

ဟန်ဆောင်ကောင်းလွန်းသည့် ဒါရိုက်တာဒေသိရကို မှုံး အနာကြည်းဆုံး ခံစားချက်တွေနှင့် မုန်းမေ့ပစ်ဖို့ ကြိုးစားခဲ့ ပေမဲ့ ဘယ်လိုမှ မေ့လို့မရနိုင်သေးချေ။

အသစ်ခံစားခဲ့ရသည့် နှလုံးသားထဲမှာ အမြဲတမ်း ငိုကြွေးခဲ့ရလေသည်။

“ကျွန်မရင်ထဲမှာ အမြဲငိုနေရတယ် ဒါရိုက်တာကြီး၊ ဒါရိုက် တာကြီးပေးတဲ့ ဒဏ်ရာတွေက ကျွန်မနှလုံးသားကို ရာစု

www.burmeseclassic.com



သစ်တစ်ခု ပြောင်းသွားတောင် ပြောင်းလဲနိုင်မှာ မဟုတ်တော့ပါဘူး”

မိုးကောင်းကင်မှာ လမင်းက သာဆဲပါပဲ။

ကြယ်တာရာတွေကလည်း မှိတ်တုတ် မှိတ်တုတ် လင်းလက်ဆဲပါပဲ။

နေမင်းကြီးကလည်း ကောင်းကင်ကြီးကနေ ထိန်ထိန်လင်းနေဆဲပါပဲ။

ဒါပေမဲ့ ...

ကျွန်မရင်ထဲက အဖြူထည်နှလုံးသားလေးကတော့...

အဖြူဆွတ်ဆွတ် မရနိုင်တော့တဲ့ ဒါရိုက်တာကြီးပေးခဲ့တဲ့ ဒဏ်ရာတွေကြောင့် ပန်းရောင်ပြောင်းသွားခဲ့ရပြီ။

“အို ... လမင်းကြီးရယ်၊ ကျွန်မ ရင်ထဲကို ထွင်းဖောက်ပြီးသာ ပေးလိုက်စမ်းပါ”

မှူးတစ်ယောက်တည်း လပြည့်ညရဲ့ ထစ်ညတာလေးမှာ ပန်းခြံထဲက မှောင်ရိပ်ကျကျ ခုံတန်းကလေးမှာ မှီထိုင်ရင်းမိုးကောင်းကင်က လမင်းကြီးကိုမော့ပြီး တိုင်တည်လိုက်သည်။

အဲဒီအချိန်မှာ မှူးပါးပြင်က မျက်ရည်စတွေ တလိမ့်လိမ့် စီးကျလာတာတွေကို လမင်းကြီးက သရော်လှောင်ပြောင်ရယ်မောနေမလား။

ကြယ်တာရာလေးတွေ မှိတ်တုတ် မှိတ်တုတ် ငြိမ်းချမ်းစွာ လင်းလက်နေတာကိုတော့ အားကျမိပါသည်။





ကြယ်ကလေးတွေဟာ မပြောင်းမလဲ နိစ္စဓူဝ လင်းလက်နေတာပဲ။

“မင်းတို့ကို အားကျပါတယ် ကြယ်ကလေးတွေရယ်၊ မင်းတို့မှာ ဘာအပူအပင်မှ မရှိဘူး၊ ဘာအပူအပင်မှမရှိဆို မင်းတို့က မှိတ်တုတ် မှိတ်တုတ် လင်းလက်နေရတဲ့ဘဝတစ်ခုကို ကျေနပ်နေကြတာကိုး၊ ဒီဘဝမှာပဲ ဒီတာဝန်ကို နိစ္စဓူဝ ထမ်းဆောင်တော့ ငြိမ်းငြိမ်းချမ်းချမ်း ရှိတာပေါ့၊ ပြောင်းလဲမှုဆိုတာ မရှိဘူးပေါ့ ...

“မင်းတို့ လမင်းကြီးကို အားကျရင် မင်းတို့လည်း ပူပင်သောကရောက်မှာပဲနော်၊ ငါဟာ လမင်းကြီးလို မလင်းလက်နိုင်ပါလားဆိုပြီး ပူပင်သောကတွေ ရောက်နေမှာပေါ့၊ ဒီအတိုင်းပါပဲ၊ ကိုယ့်ရင်ထဲမှာလည်း တမ်းတခဲ့မိတဲ့ဘဝကမြင့်လွန်းတော့ ပူပင်လုံးတွေ ရိုက်နေရတယ် ...

“ကိုယ်လည်း ကြယ်ကလေးတွေကို အားကျပါတယ်၊ ကြယ်ကလေးတွေလိုပဲ မှိတ်တုတ် မှိတ်တုတ် ဘဝတစ်ခုမှာပဲ ကျေနပ်ရောင့်ရဲပါတော့မယ်၊ ကတိပေးမယ်နော်”

မှူး မိုးကောင်းကင်ထက်က ကြယ်ကလေးတွေကိုမော့ကြည့်ရင်း ရင်ထဲက စကားတွေကို တိုင်တည်လိုက်သည်။

ကြယ်ကလေးတွေကလည်း မှူးစကားတွေကို လက်ခံဆုံးကြည်လိုက်သည်လားမသိ။

www.burmeseclassic.com



တစ်ပွင့်တည်းသော ကြယ်ကလေးက ပိုပြီးလင်းလက်သွားသယောင်ကလေး။

ကျေးဇူးပါပဲကွယ်။

မှုံးရင်ထဲမှာ အပူသောကတွေ ပျောက်ပြယ်လွင့်စင်သွားသလို ငြိမ်းချမ်းသွားပါသည်။

"မှုံး ... ကလေး"

ရင်ထဲက ငြိမ်းချမ်းသည့် ခံစားမှုတွေနှင့် ကြယ်ကလေးတွေကို မော့ကြည့်ကြည်နူးနေသည့် အချိန်မှာပဲ မထင်မှတ်ဘဲ လှိုင်းထစွာ ခေါ်လိုက်သည့် အသံတစ်ခုက မှုံးအတွက် အိမ်မက်ဖြစ်သွားရသည်။ မှုံး နောက်ဘက်ဆီသို့ မျက်ဝန်းတွေကိုအရွေ့ ...

မှုံး မျက်နှာလေးကို နွေးနွေးကြီး စိုက်ကြည့်ကာ အလိုက်လှဲဆုံး ပြုံးပြလာသည့် ဒါရိုက်တာကြီးကို လက်တွေ့မြင်လိုက်ရသည့် ခဏအတွင်း မှုံး နေရာမှာတင် သတိလစ်မတတ် နှလုံးသားအစုံ ရပ်တန့်သွားရတော့သည်။

မျက်ဝန်းအစုံကို ခပ်တင်းတင်း ဖိမှိတ်ရင်းက အထိန်းအကွပ်မဲ့ ယိမ်းယိုင်သွားရတော့သည်။

"ကလေး ... ကလေးရယ်"

"... ... ..."

ဒေသီရ။ သူ့အရှေ့ကို ပျော့ညွတ်ကျလာသည့် ချစ်သူလေး ကိုယ်လုံးကို ခပ်တင်းတင်းကြီး ပွေ့ဖက်ရင်း ဆွတ်ကျင်ကျင်ကြီး ဆိုညည်းလိုက်ပါတော့သည်။





မထင်မှတ်ထားသည့် အချိန်မှာ သူ့ကို ရုတ်တရက်ကြီး တွေ့လိုက်ရလို့ ခံစားချက် ပြင်းသွားသည့် ချစ်သူလေးကို သူ သနားကြင်နာစွာ ခပ်တင်းတင်းကြီး ပွေ့ဖက်ထားရင်းက ရင်ထဲက အလွမ်းဝေဒနာကို ဆေးကြောလိုက်ပါတော့သည်။

တစ်လကျော်ကျော်ကြီး ဝေးကွာခဲ့ရသည့် ရင်ထဲက တစ်ဘဝစာလုံး စကားတွေကို ကလေး ကျေနပ်နားလည်ပေးပါစေလို့ ဆုတောင်းရင်း ကလေး ခံစားချက်ကလေးကို ကိုယ်ချင်းစာနားလည် သနားသွားရပါသည်။

ဒါပေမဲ့ ...

ကလေးသာ ကိုယ့်ကို ပိုင်ဆိုင်ခွင့် ရတာပါကွာ။

"ကလေး အရာအားလုံးအတွက် ကိုယ့်ကို ခွင့်လွှတ်နားလည်ပေးပါလို့ တောင်းပန်ပါတယ်"

"ဟင့်အင်း ... ဒါရိုက်တာကြီးကို ကျွန်မ မယုံဘူး"

သူ့ရင်ခွင်ထဲကနေ တိုးတိတ်စွာ ထွက်လာသည့် ချစ်သူလေးစကားကို သူ ခံစားရလွန်းလို့ ကောင်းကင်ကြီးဆီမော့ရင်း "ဟား"ခနဲ လေပူကြီး ဟားထုတ်ပစ်လိုက်သည်။

ပြီးတော့ ချစ်သူလေး ကိုယ်လုံးလေးကိုလည်း လွတ်ထွက်မည့်အလား ခပ်တင်းတင်းကြီး ပွေ့ဖက်ထားရင်းက ချစ်သူလေးကို ရင်ချင်းဆွဲအပ်ပစ်လိုက်ကာ ချစ်သူမျက်နှာမှုံးမှုံးလေးကို ချော့မော့နှစ်သိမ့် ပင့်မော့ပစ်လိုက်ရင်းက ...

"ကလေး အရမ်းမခံစားစမ်းနဲ့"

www.burmeseclassic.com



သူ ကြေကွဲသံ အက်အက်ကြီးဖြင့် ဗိတ်ပင်လိုက်သည်။

ဒါပေမဲ့ ချစ်သူလေးကဖြင့် သူ့ရင်ခွင်ထဲမှာ မျက်နှာကလေး မှောင်ရင်းကနေ တအိအိကြီး ငိုချလိုက်ပါတော့သည်။

"ကလေးရယ် ... ကိုယ် ကလေးဆီကို အပြေးလိုက်လာခဲ့တာ၊ ကိုယ် ... ကိုယ် အရမ်းခံစားရအောင် မငိုစမ်းပါနဲ့ကွာ ... ဟင်း ဟင်း"

"ဒါရိုက်တာကြီး နှလုံးသားရဲ့ခံစားချက်ဆိုတာ အတုလုပ်ယူလို့ ရပါသလား၊ မွှုံးကတော့ နှလုံးသားခံစားချက်ကို အတုလုပ်ယူ ခံစားလို့ မရဘူးလို့ ယုံကြည်တယ်၊ ရင်ထဲက စစ်မှန်တဲ့ ခံစားချက်တွေနဲ့ပဲ ခံစားတတ်တယ်၊ မွှုံးရင်ထဲက တကယ်စစ်မှန်တဲ့ ခံစားချက်တွေက မွှုံးနှလုံးသားကို အမြဲတမ်း နှိပ်စက်အနိုင်ယူနေတယ်၊ မွှုံး ဒီလိုခံစားနေရတာတွေကို ဒါရိုက်တာကြီးတို့တွေ ဝမ်းသာကျေနပ်နေကြတယ် မဟုတ်လား"

"ကလေး ... မင်း ကိုယ့်ကို သက်သက်အထင်မှားနေတာ ကလေးပြောခဲ့တဲ့ ခံစားမှုတွေကို ကိုယ်က ခံစားပြီးခဲ့ပါပြီကွာ၊ ကလေးရယ် ... မင်းနှလုံးသား နုနုလေးမှာ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အခုလို ခံစားကြေကွဲရတာတွေနဲ့ အနာရွတ် စွဲထင်မကျန်ရစ်စေချင်ဘူး၊ ကိုယ် စိတ်မကောင်း





အဖြစ်ရဆုံးကတော့ ကလေး ကိုယ့်အပေါ် မယုံကြည်တဲ့ ခံစားချက်တွေ ဖြစ်နေခဲ့တာကိုပဲ"

ကလေး၊ စကားလုံးလေးတွေက သူ့ရင်ကို ထိခနဲ မိခနဲ အက်ရှသွားရပြီမို့ သူ ပိုပြီးမခံစားနိုင်တော့သလို ကလေးကိုလည်း ခံစားချက် စကားလုံးလေးတွေ ဆက်ခွင့်မပေးနိုင်တော့။

ဒီအချိန်မှာ ချစ်သူနှစ်ဦး ကြည်နူးရင်ခုန်စွာဖြင့် ...

အနာဂတ်ဘဝတစ်ခုကို လှလှပပကြီး တည်ဆောက်ဖို့ ကလေးကို အကျေနပ်ဆုံး စကားလုံးတွေနှင့် ချော့မော့နှစ်သိမ့်ရေသည်ဖြစ်သည်။

"ဘဝမှာ အချစ်ဆိုတာကို ကလေး ဘယ်လိုယုံကြည်သလဲ၊ ကိုယ်ကတော့ အချစ်ဆိုတာ ကိုယ်က ချစ်ရတဲ့သူ တစ်ဦးတည်းသော ကိုယ့်ရဲ့တော်ဝင်မင်းသမီးလေးကို နှလုံးသားအကြေအကျခံပြီး ဖွန့်တားခြင်း၊ ရှုံးသွပ်ခြင်းတွေနဲ့ ခံစားခဲ့တာပဲလို့ ယုံကြည်တယ်"

အင်အားတွေဖြင့် လေးနက်လွန်းသည့် ရင်ထဲကချစ်ခြင်းသံစဉ်တွေကို ယုံကြည်လေးစားစွာဖြင့် မော့ကြည့်လာခဲ့သည့် ကလေးမျက်ဝန်း လှလှလေးတွေနှင့် ...

သူ့ရဲ့အချစ်မျက်ဝန်းညိုညိုကြီးတွေ ကြာရှည်စွာ ဆုံဆည်းသွားရသည့် အချိန်အတွင်းမှာ သူ အသက်ရှူမှားမတတ်ရှူသွပ်ခံစားလိုက်ရသည်။

www.burmeseclassic.com



ကလေးရယ် ... မင်းကို သိပ်ချစ်ရလွန်းလို့ ...

ကိုယ် အရာအားလုံးကို စွန့်လွှတ် ကျောခိုင်းခဲ့ရပါပြီ။

"ကျွန်မကတော့ ချစ်တဲ့ဒါရိုက်တာကြီးကို ချစ်တဲ့အချစ်တွေက နှလုံးသားတစ်ခုလုံး ဆန်ခါပေါက်ဖြစ်သလို ခံစားရပါတယ်"

"ဟား ... ကလေးရယ်၊ အရာရာတိုင်းမှာ မင်းရှိရင် ကိုယ့်တစ်ဘဝလုံး လုံလောက်သွားပါပြီကွာ"

သူ့ရင်ထဲက အလုံးလိုက် အခဲလိုက် ကြင်နာနွေးထွေး ချစ်ခြင်းတွေက ကလေးဘဝတစ်ခုလုံး လုံခြုံနွေးထွေးစွာ အပြီးတိုင် လုံလောက်သွားပြီမို့ ကလေးရဲ့နှုတ်ခမ်းလှလှကလေးတစ်စုံက ကွေးညွှတ်ပြုံးမြသွားတော့သည်။

သူကတော့ ကလေးရဲ့အပြုံးကလေးတစ်ခုကိုပဲ မိန့်မိန့်မူးမူးကြီး ရင်ခုန်ရင်း အရာအားလုံးကို မေ့ပစ်လိုက်တော့သည်။

"ဘဝမှာ 'အချစ်' တစ်ခုတည်း ရှိရုံနဲ့တင် ... အရာအားလုံးပြည့်စုံပါတယ်"

ဒါဟာ ...

ဒါရိုက်တာ ဒေသိရ ရင်ထဲက (ရင်တွင်းခံစားချက်) ပါပဲ။

**ဝရိသတ်အတွက် အမြဲတမ်း**

**ရှင်မိုထယ်**